
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်မ

## တမာဝိုင်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉) ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၈၁၀၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၉၁၆၀၈၁၀

အကြိမ် - ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၁၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
တမာဝိုင်/ သျှင်မ၊ — ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၀။
၂၉၂ - စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) တမာဝိုင်



## အခန်း (၁)

"ကဲ·· နှစ်ယောက်စလုံးရဲ့မွေးနေ့ဆိုတော့ မွေးနေ့လက်ဆောင်တွေပေးမယ်၊ ဘာလိုချင်လဲ ပြော"

ကေသာနဲ့မျက်ဝန်းတို့နှစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ ပြီးတော့ ကျွန်းဆက်တိုကြီးတွေပေါ်မှာ မျက်နှာစုံညီစွာရှိနေကြသည့်သူကြီးတွေဆီ အကြည့်တွေ ပြန်ရောက်ကြ၏။

ဖေဖေရယ်၊ မေမေရယ် တွဲလျက်ရှိနေကာ ဘွားဘွားက ထိပ်ဆုံးကတစ်ယောက်ထိုင်ဆိုဖာမှာ ခန့်ညားစွာထိုင်နေ၏။ အန်တီနှင်း ကတော့ မရှိပါ။

ဟိုတုန်းကဆို ရောက်လာတာနှင့် တို့မနှစ်ယောက်ကို လက်ပေါ်ကမချအောင်ချစ်တဲ့သူလို့ ဘွားဘွားက ပြောဖူးသည်။ ဒါပေမယ့် ကေသာတို့မွေးနေ့တွေရောက်တိုင်းတော့ အန်တီနှင်း မရှိတတ်ခဲ့ပါ။

"မြေးတို့ရဲ့အန်တီနှင်းကလဲ လူကြုံတွေ စာတွေနဲ့တော့ မှာရှာပါတယ်၊ ရေနှစ်ဆန်းပိုင်းလောက်ကျမှ သူ ပြန်လာနိုင်မှာတဲ့၊ မွေးနေ့လက်ဆောင်အတွက် ပို့ပေးလိုက်မယ်တဲ့"

အန်တီနှင်းအကြောင်းတွေးနေတုန်း ဘွားဘွားက ပြောတော့ ကေသာတို့နှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်·· သမီးတို့ကလဲ ပထမဆုံး မကျန်းမာတဲ့မေမေ့ကိုပဲ မေမေ ကျန်းမာပါစေလို့ အရင်ဆုတောင်းပေးမယ်''

''သာဓုပါရှင်·· သာဓု·· သာဓု''

ဖြူဖြူနွဲ့နွဲ့လေးထိုင်နေသည့် မေမေ ဒေဝီခင်သည် ဖေဖေ့ မျက်နှာကို ကြည်နူးသည့်မျက်ဝန်းများနှင့်မော့ကြည့်လိုက်ပြီးမှ ပြန်လှည့်ပြီး သာဓုခေါ်သည်။

စကားသွက်သည့် မျက်ဝန်း ကပဲ မေမေနဲ့ဖေဖေ့ကိုကြည့်၍···

''ဖေဖေရဲ့ ဟိုတုန်းကဓာတ်ပုံကိုကြည့်ပြီးတော့လေ သမီးတို့မွေးနေ့ကျရင် အခု ဖေဖေ့ရဲ့နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ မရှိတော့တဲ့ မျက်နှာချောချောနဲ့ ခန့်ခန့်ညားညားမြင်ခွင့်ရပါစေလို့လဲ သမီးတို့က ဆုတောင်းတယ်''

BURMESE CLASSIC .com

ဖေဖေ ကင်းမောင်မောင်၏မျက်နှာက ပြုံးလိုက်ရုံလေး လှုပ်ခတ်သွားပေမယ့် မပီပြင်ပါ။ အမြဲတမ်းမြင်နေကျအတိုင်း ဖေဖေက တည်တည်၊ မေမေ့မျက်နှာမှာ နုညံ့သည့်အပြုံးနှင့်။ သည်မိဘနှစ်ပါးအသွင်က မျက်ဝန်း တို့နှစ်ယောက်အမြင်မှာ ထူးတော့ထူးဆန်းခဲ့ဖူးပါ၏။

လွန်ခဲ့သောကာလများကဆို ဒီထက်ဆိုးသည်ဟုပင် ပြောလို့ရသည်။

ဖေဖေ့မျက်နှာမှာ ဘယ်သောအခါမှ အပြုံးအရယ်မမြင်ခဲ့ရဘဲ ဖေဖေ ဒီလိုနေတာကို မေမေကလည်း စိတ်မဆိုး၊ ဘွားဘွားကလည်း ကျေနပ်နေ ခဲ့၏။

''ဘွားဘွား၊ ဖေဖေက သူများအဖေတွေလို သမီးတို့ကို မချစ်လို့လားဟင်''

ကေသာ က မေးခဲ့ဖူး၏။ မျက်ဝန်း က စကားသွက်ပေမယ့် ပြောသင့်တာ မပြောသင့်တာကို စဉ်းစားတာမျိုးရှိသည်။

ကေသာ က စကားများတာလည်းမဟုတ်၊ နည်းတာလည်း





ဟုတ်ဘဲ ပြောချင်ပြီဆို ဘယ်သူ့မျက်နှာ ဘာဖြစ်ဖြစ်···၊

''မေမေ့ကို ပြောဆိုနေတာလဲ အရမ်းစိမ်းတာပဲ''

''မြေးရယ်··· ဖေဖေက ဒီတိုင်းပဲ နေတတ်တာပါ၊ အဲဒါကြောင့်သူ့ အကြောင်းနားလည်လို့ မြေးတို့မေမေက သည်းခံနိုင်တာပေါ့၊ သားသမီးကိုမချစ်တဲ့ မိဘမရှိပါဘူးကွယ်၊ နောက်ဆိုရင် မြေးတို့ ပိုသိလာဦးမယ်၊ မြေးတို့ဖေဖေက မြေးတို့ကို သိပ်ချစ်တာ'' တဲ့။

ဘာပြောပြော မျက်ဝန်း က ယုံကြည်သည်။ ကေသာက ဟိုတွေးဒီတွေး···၊ အမြဲညီအစ်မပေမယ့် ကေသာက အကြီးပီသစွာ နိုက်နိုက်ချွတ်ချွတ် တွေးတတ်တာလည်းရှိကာ···

''ဖေဖေ့ပုံစံက ရုပ်ရှင်တွေထဲက အသည်းကွဲသမားကြီးလိုပဲနော် မျက်ဝန်း၊ တစ်ခါတလေ မေမေ့စကားတွေ ငါ နားစွင့်နားဖျားကြားဖူးတယ်ဟ၊ 'ဒေဝီက ချစ်ရတဲ့သူပါ' တဲ့··၊ ငါတော့ ဖေဖေ့မှာ ရည်းစားဟောင်းရှိခဲ့ဖူးတယ်လို့ထင်တယ်'' ဟု ဝေဖန်သည်။

သိချင်စိတ်ဖြစ်လာတာနှင့် အဘွားဖြစ်သူကိုမေးလိုက်တာလည်း ကောက်ခနဲ··၊ ထိုအခါ ဘွားဘွား မျက်စိမျက်နှာပျက်လျက်···

''ဒီစကားမျိုးတွေ မပြောရဘူး မြေးရဲ့··၊ မြေးတို့က ကလေးတွေပဲရှိသေးတာ၊ ပြီးတော့ ဒါက မိဘရဲ့ကိုယ်ရေးကိုယ်တာ···''

ဒီစကားကိုလည်း ကေသွယ် က ပြစ်ချက်ရှာ၏။

''တွေ့လား မျက်ဝန်း၊ ဘွားဘွားက မဟုတ်ဘူးလို့မပြောဘူး၊ ဒါ သုံးဝ ဖြစ်နိုင်တယ်၊ မေမေ့ကို စိတ်ဆင်းရဲစေတဲ့ အဲဒီတစ်ယောက်ကို ငါ သိရလို့ကတော့ မလွယ်ဘူး''

ဟု လက်သီးဆုပ်ကြိမ်းဝါးသည်။ ထို့ပြင် မေမေ ဘယ်သောအခါမှ မာမာချာချာမရှိခဲ့တာ ထိုကိစ္စကြောင့်ဟု ခေါင်းစဉ်တပ်သေး၏။

''မေမေ့ကို ဖေဖေက မချစ်ဘူးလားဟင်'' လို့ ကေသာ မေးတော့



www.burmeseclassic.com

အနားမှာ မျက်ဝန်းလည်း ရှိနေခဲ့သည်။ မေမေက ပေါ့ပါးသည့် ချစ်စနိုး အပြုံးနှင့်ပါ။

"ချစ်လို့ လက်ထပ်ကြတာပေါ့ သမီးရယ်၊ သမီးတို့ဖေဖေက ဖိုး ကုန်းကတည်းက အဲဒီလို မျက်နှာတည်တည်ကြီးနဲ့ပဲနေတာ" တဲ့။

ညီအစ်မနှစ်ယောက် စိတ်ထဲမှာ ကိုယ်စီအတွေးဘွေတူညီသွား ကာ ဖေဖေ့ကိုငေးနေရင်း ရုတ်တရက် စကားသံတိတ်သွားကြ၏။

ထို့နောက် ကေသာက ဆံပင်လေးတစ်ချက်သပ်၍ပြုံးရယ် ကာ…

"ဘယ်လိုလဲ ဖေဖေ၊ သမီးတို့မွေးနေ့ကျရင် နှုတ်ခမ်းမွေးတွေ ရိတ်ပစ်မယ်မဟုတ်လားဟင်"

တည့်တည့်မေးလိုက်ကာမှ ကင်းမောင်မောင် က ပြုံး၍…

"အဲဒါ မွေးနေ့လက်ဆောင်လား"

"ဟင်… ဘယ်ဟုတ်မလဲ ဖေဖေကလဲ…၊ မွေးနေ့လက်ဆောင် က သပ်သပ်"

ကင်းမောင်မောင် ပြောလာမှာကိုသိလိုက်သည်မို့ ဒေါ်ခင်သူဇာ က ကြားဝင်၍…

"ဘွားဆိုးရဲ့ ဒေဝီတို့ ပြောတာတောင် ဒါကိုတော့ ဂရုမစိုက်ခဲ့ဘူး မြေးရေ…၊ ဒီမှာ ဒီဘက်ကိုလှည့်ပြီး ဘွားဆီမှာတောင်း၊ မွေးနေ့လက် ဆောင် ဘာလိုချင်သလဲ"

မွေးနေ့လက်ဆောင်ကိစ္စက ခုကျမှ အစက ပြန်ရောက်လာလျက်…

"အင်း… ဒါဆိုလဲ မပြောတော့ပါဘူး၊ မျက်စန်း နင် စိတ်ကူးထား ပြီးပြီလား"

"အင်း…၊ ဒါပေမယ့် နင်က အကြီးပဲ၊ နင် အရင်ပြောလိုက်ပါ"

မျက်ဝန်းက ငယ်တဲ့သူဖြစ်ပေမယ့် ကေသာ့ကို အမြဲတမ်းဦးစား ပေးသည်။ ကေသာ ကလည်း အနိုင်ရနေတာကို ကျေနပ်နေတဲ့သူ…၊





ဒီတစ်ခါ သူမရင်ထဲမှာ ဘာရှိမှန်းမသိသော်လည်း ရုတ်တရက် မပြောသေးဘဲ ဖအေကို မရဲတရဲ ကြည့်လိုက်သေးသည်။ ပြီးမှ…

"ဒါဆို သမီး ပြောမယ်နော်၊ ဘွားဘွား တာကာယ်ပေးရမှာ"

"အင်းပါ… ပြော"

လမ်းဖွင့်ပေးပြီးပြီပေမယ့် ကေသာ့ပုံစံကိုကြည့်၍ ဒေါ်ခင်သူဇာ ခပ်လန့်လန့်ဖြစ်သွား၏။ ကေသာသည် သူများနှင့်အနည်းငယ်ကွာ သော အကျင့်ဆိုးလေးတစ်ခုရှိတတ်ကာ ထိုအကျင့်ကြောင့် မိသားစု ထဲမှာ ဆူပူမှုတွေဖြစ်ရတာ အကြိမ်ကြိမ်။

ဒါက ဘာလဲဆိုလျှင် မကြာခဏ ပြဿနာရှာတတ်ကာ ဘယ်သူနဲ့ ဘာဖြစ်ဖြစ် ဘာငြင်းငြင်း သူမ အနိုင်မရမချင်း လှည့်ပတ်ဆွဲယူပြောနေ တာမပြီးနိုင်။ ပြောပြီဆို အကြောက်အလန့်မရှိတော့သလို ဝုန်းဒိုင်းကြဲ ၏။ တစ်အိမ်လုံးမှာ သူမ ကြောက်တာဆိုလို့ ကင်းမောင်မောင် တစ် ယောက်ပဲရှိသည်။

ခုလည်း ကင်းမောင်မောင်ကို တစ်ချက်ဝေ့ကြည့်ပြီးမှ…

"ဟိုလေ… မွေးနေ့ပြီးတဲ့နောက်နေ့ ကျောင်းက သူငယ်ချင်းတွေ စုပြီး မြို့ထဲ လျှောက်လည်ကြမလို့"

"ဟင်…"

ဒေါ်ခင်သူဇာ ကင်းမောင်မောင်ကို ဖျတ်ခနဲငုံ့ကြည့်၏။

"ကားက သဇင်လွင်တို့ကားနဲ့ပဲ ဘွားဘွားရဲ့…၊ ပဲခူးဘုရားတွေပါ သွားဖူးကြမှာ၊ အပြန် နေမညိုခင် ပြန်လာမှာလေ၊ ဘွား ခေါင်းခါလို့မရ ဘူးနော်၊ လိုချင်တာတောင်းလို့ ပြောပြီးသား"

ကေသာ က ဖွင့်ပြီးပိတ်ပြီးပြောသည်။ သို့သော်…

"မြေးရယ်… မွေးနေ့ဆိုတာ ရတနာပဲစွည်းဖြစ်ဖြစ်၊ တိုက် ကား၊ ခြံမြေ တန်ဖိုးသတ်မှတ်နိုင်တာ တစ်ခုခုပဲ တောင်းရတာလေ၊ မြေးကျမှ…"

www.burmeseclassic.com



"ဟာ‥ ကေသာ ပြောပြီးသားဥစ္စာ‥ ဘယ်လောက်ကြီးကြီး ကိုယ်လိုအပ်တာမှမဟုတ်တာ၊ ဘာလုပ်ဖို့လဲ၊ တစ်နေ့တစ်နေ့ ကျောင်းနဲ့ ကျူရှင်နဲ့အိမ် ဒါပဲ၊ အရမ်းစိတ်ပျက်ဖို့ကောင်းတာ၊ သူများတွေဆိုရင် တစ်ပတ် တစ်ရက်ဖြစ်ဖြစ် ရုပ်ရှင်ကြည့်ရ၊ ထွက်လည်ရနဲ့ မျှမျှတတ"

"ဒီမှာ မမျှတဘူးလို့ သမီးက ပြောချင်တာလား"

ကင်းမောင်မောင် အသံထွက်လာတော့ ကေသာ နှုတ်ခမ်းလေးစူ သွားပြီး မျက်နှာငံ့၏။

"သမီးတို့ ခုမှ အလယ်တန်းကျောင်းသူပဲ ရှိသေးတယ်၊ ဒီအရွယ်မှာ သမီး ဒီလိုတောင်းဆိုချက်တွေ ရင်ထဲမှာ ဖြစ်နေပြီ၊ ဒါပေမယ့် သမီး လိုချင် တဲ့တောင်းဆိုချက်က မွေးနေ့လက်ဆောင်နဲ့မဆိုင်ဘူး၊ ဒီအိမ်မှာ အတည့် ပြုထားတဲ့စည်းကမ်းချိုးဖောက်ဖို့…"

"မဟုတ်ပါဘူး ဖေဖေ၊ ဘွားဘွားက အစကတည်းက ဘယ်လိုဟာမျိုး မတောင်းဆိုရဘူးလို့ ထည့်မပြောလို့ပါ"

ပြောလိုက်ပုံကြောင့် ဘွားအေကပဲ မျက်နှာပူစွာ ခေါင်းငုံ့ရတော့ မလိုလို…၊

"အေး‥ အခု ဖေဖေ ပြောပြီးပြီ၊ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီး လျှော့ဖို့တင်းဖို့ မတောင်းဆိုနဲ့၊ ဖေဖေ မလိုက်လျောနိုင်ဘူး"

"ကဲ‥ နေပါဦး သားရယ်၊ မွေးလိုချင်တာ ပြောလို့ မေမေကပဲ ခွင့်ပြုလိုက်တာပါ၊ ဒီလိုလုပ်ပါလား မွေးရယ်၊ ဟို‥ မွေး အပြင်ထွက် ချင်ရင် မိသားစု သွားကြတာပေါ့၊ ဖေဖေရယ်၊ မေမေရယ် ဘွားဘွားတို့ အားလုံးလေ‥၊ အဲဒီလို လူငယ်တွေချည်းပဲသွားတာ အန္တရာယ်များတယ်"

"ဟင့်အင်း‥ ဘယ်သူနဲ့မှ မသွားတော့ဘူး၊ နေပါစေတော့"

ကေသာ ခေါင်းခါပြီး မျက်လွှာလေးချ၍ ထ,ထွက်သွားလျှင် ဒေါ်ခင်သူဇာ လိုက်ဆွဲတော့မတတ်ဖြစ်သွားသောကြောင့် ချက်လောက်





ထိရှည်သော ရင်ဘတ်ကရွှေဆွဲကြိုးပြားကြီး၏အောက်ဖျားက တဖျပ် ဖျပ်ရိုက်ခတ်သွား၏။

"မေမေ‥"

ဒေဝီ က ဒေါ်ခင်သူဇာ့လက်ကို ဆွဲထားလိုက်ပြီး ကင်းမောင်မောင် ဘက်ကိုလှည့်ကာ…

"မောင်ကလဲ မေမေ့စကားကို ရှေ့ကနေ အတင်းအကျပ်ပိတ်ပြော လိုက်တာကိုး‥၊ သမီးလေးက အကျိုးအကြောင်းပြောရင် နားလည်ပါ တယ်၊ မွေးနေ့မှာ စိတ်ညစ်သွားရင် မကောင်းပါဘူး"

"ဟုတ်ပါတယ် သားရယ်၊ ကလေးတွေ မျက်နှာညှိုးသွားတာ မေမေ မကြည့်ချင်ဘူးကွယ်"

"မွေးနေ့မှာ မွေးနေ့နဲ့ပတ်သက်တာတွေပဲပြောနေကြရင် ဘယ်သူ မှ စိတ်မညစ်ရဘူး မေမေ၊ မေမေ့မွေး တောင်းဆိုတာတွေကို ပြန်ကြည့် ပါဦး၊ ဒါ ကလေးတဲ့လား…"

"အင်း‥ ဒီအရွယ်လေးတွေ ဆိုတာလဲ…"

"အဲဒါ ပြောတာပဲ၊ ဒီအရွယ်တွေမှာ မျက်စိဒေါက်ထောက်ကြည့်ဖို့ အသင့်ဆုံးပဲ၊ ပြောဆိုဆုံးမရတာလဲ ဟိုမရောက်ဒီမရောက်အရွယ်တွေ ဆိုတော့ ခက်တယ်၊ နောက်ပြီး ဒီကောင်မလေးက အပြင်ရောက်ပြီဆို ဒရိုင်ဘာကိုလဲ လူမထင်ဘူး၊ ညီမဆိုတာကိုလဲ လိုအပ်သလို ချောင်ထိုး တာပဲ၊ တစ်ရက်တည်းဆိုတဲ့ အဲဒီအချိန်မှာ အများကြီး ပျက်စီးပြောင်းလဲ သွားလို့ရတာယ်"

နောက်ထပ် ဘာမှမပြောသာအောင် ကင်းမောင်မောင်က နေရာမှ ထ,ရပ်လိုက်သည်။

"သမီးငယ် မေမေ့ကို ပူဆာဖို့ရှိရင် တကြည့်ခန်းမှာ လာပြော"

မျက်ဝန်း ဆီကိုတော့ နူးညံ့သည့်အကြည့်တစ်ချက် ဝေသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့သည်။

"ခက်တော့တာပဲ၊ ဒီအဖေနဲ့ ဒီသမီးကတော့..."

ညည်းညူရင်း သမိုင်းပေးတာဝန်အရ မြေးကိုချော့ဖို့ ဒေါ်ခင်သူဇာ ထလိုက်သွားလေသည်။ ဒေဝီ တစ်ယောက်ပဲ ကျန်ရစ်ခဲ့ပြီး မျက်ဝန်း ဘေးကို ပြောင်းထိုင်လိုက်ကာ...

"သမီးငယ်..."

မျက်ဝန်း က ဒေဝီ့ ရင်ခွင်ထဲမှာ အလိုက်သင့်မှီ၏။ ဒီသမီးငယ်လေးဟာ မိသားစုအပေါ်မှာ ဒုက္ခ၊ ပြဿနာ ဘာတစ်ခုမှ မပေးခဲ့ဖူးပါ။

ဖအေကိုယ်တိုင်က မျက်ဝန်းကို 'သမီးငယ်'လို့ပဲခေါ်တတ်ကာ ဂေဇာ့ ကိုတော့ စိတ်အလိုမကျတတ်သလောက် ကေသာ လို့ပဲ ခေါ်တာ များခဲ့၏။ မချစ်လို့လည်းမဟုတ်။

"ချစ်ရင် များများရက်စက်ရတယ် ဒေဝီရဲ့"လို့ ပြောဖူးတာ တကယ်လား၊ ရယ်စရာပြောတာလား။ မြင်ရသမျှမှာတော့ ဆူနေတာ လည်းမဟုတ်ဘဲ တင်းနေသည့်မျက်နှာကြီးကို တစ်ပတ်မှမလျှော့တာ ဘဲ ဖြစ်သည်။

"သမီးငယ် စိတ်ညစ်သွားပြီလား၊ သမီးရဲ့ဘွားဘွားက သားနဲ့မြေး ကြားမှာ ဒီလိုပဲလေ၊ ကဲပြော.. သမီးကရော ဘာလိုချင်လဲ၊ ဖေဖေ့ကို ပူဆာချင်တာလား၊ မေမေ့ဆီကလား..."

"မေမေ"

"ဟင်.. ပြောလေ"

"မျက်ဝန်း ကလဲ မွေးနေ့နဲ့မဆိုင်တာတစ်ခုကိုပဲ လိုချင်နေတာ၊ ပြောရမှာလားဟင်"

ဒီသမီးငယ်ရဲ့ပါးစပ်ကနေ သူများ စိတ်ညစ်စရာစကားမပြောဘူး ဆိုတာကို ယုံကြည်တော့ ဒေဝီ ပြုံးလိုက်ပြီး ချက်ချင်းခေါင်းညိတ်၏။





"မေမေ နားထောင်ပေးမယ်၊ ပေးလဲပေးမယ်.. ပြော"

ဒေဝီ က ခွင့်ပြုနေပေမယ့် မျက်ဝန်း က တောင်းပန်သည့်မျက်နှာလေးနှင့် ကြည့်လျက်...

"သမီးတို့ရဲ့မွေးနေ့မှာလေ..."

"အင်း"

"မေပျို့ကို လှလှပပလေးဝတ်ပေးပြီး ညစ်ခံပွဲထဲကို လာပါစေလေနော်၊ မေပျို့က မလာချင်ဘူးဆိုရင် မေမေက ခေါ်လာပေးလေ"

ဒေဝီ မျက်နှာလေးပျက်သွားလေသည်။ မှောင်ရိပ်များသောခြံထဲဆီမှ မီးရောင်ခပ်မှိန်မှိန်ရှိနေသည့်တိုက်ခန်းငယ်လေးဆီ အပေါ်စီးကနေ ဖျတ်ခနဲ လှမ်းကြည့်မိ၏။

မေပျို့ ဆိုသည့် မိန်းမတစ်ယောက် ထိုတိုက်လုံးလေးထဲမှာရှိနေသည်။ ခုလောက်ဆိုလျှင် သူမဟာ အပေါ်ထပ် သိုးမွေးအင်္ကျီလေးတွေ ထိုးနေသည်လား၊ ဒါမှမဟုတ် အပ်ချုပ်စက်ခုံမှာ ထိုင်နေတုန်းပဲလား...။

နှစ်ပေါင်းများစွာ တစ်ယောက်တည်း အထီးကျန်ဆန်စွာရှိနေခဲ့ပေမယ့် ကြည့်လိုက်တိုင်း သူမ မျက်နှာလေးမှာ ညိုးလျော်နေတာ မရှိ။

လင်နဲ့မယား၊ သမီးနဲ့မြေး စသော မိသားစုအသိုက်အမြုံတစ်ခုထဲမှာရှိနေသည့် ကိုယ့်မှာသာ ရလျက်နှင့်မပိုင်၊ မပိုင်လို့ဆွေးရတာတွေ ပြည့်နှက်လျက် နှလုံးစိတ်ဝမ်းငြိမ်းချမ်းရသည်မရှိခဲ့သော်လည်း နေ့နေ့ညည တစ်ယောက်တည်းနေခဲ့ရသည့် သူမကတော့ အားလုံး ပြည့်စုံနေသည့် လူတစ်ယောက်၏သွင်ပြင်ကဲ့သို့ အေးချမ်းမှုတွေအတိနှင့်...

'မေပျို့'ရေလို့ တံခါးဝကနေ လှမ်းခေါ်လိုက်သည်နှင့် 'ရှင်'ဆိုသည့် ထူးသံထက် နောက်မကျတတ်စွာ အနားကို ရောက်လာတတ်သည့် မိန်းကလေး...၊

သူမသည် ကေသာနှင့် မျက်ဝန်း တို့၏ မွေးသမိခင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့သည်ရှိသော်…

"မေမေ"

"ဟင်"

မျက်ဝန်း ၏ နောက်ထပ်ခေါ်သံတိုးတိုးလေးကို ဒေဝီ တုန်ခနဲဖြစ်သွားသည်။

"မေမေ စိတ်ညစ်သွားတယ်ဆိုရင် သမီးပြောတာကို ခေါင်းထဲမထည့်နဲ့တော့နော်၊ တကယ်တော့ တစ်ခြံဝင်းထဲမှာ အတူတူနေကြတာပဲဟာ၊ သိပ်အရေးမကြီးပါဘူး"

သမီးရယ်…၊ ဒေဝီ ပျာပျာသလဲခေါင်းခါပေမယ့် 'မဟုတ်ပါဘူးရပါတယ်' လို့မပြောနိုင်၊ တကယ်လည်း ခေါင်းညိတ်ချင်ပါသည်။

ကျန်ခဲ့သည့်အဖြစ်တွေထဲမှာ ကလေးအမြွှာနှစ်ယောက်ကို မေပျို့က မွေးခဲ့တာမဟုတ်ခဲ့ဘူးဆိုလျှင် ဒါမှမဟုတ် ဒီအကြောင်းတွေကို သူမတို့လူကြီးတွေအပြင် ကလေးတွေနဲ့ပတ်ဝန်းကျင် ဘယ်သူမှမသိခဲ့ကြတာမဟုတ်ခဲ့လျှင်…၊

"နော်… မေမေ… မျက်ဝန်း ဘာမှမပြောဘူးလို့ပဲ မှတ်လိုက်ပါ"

"ဟိုလေ… အဟွန်း…"

တစ်ချိန့်ချိန်မှာ ဒီလို သွေးစကားပြောလာမလားဆိုပြီး တွေးပူခဲ့ရတာ ဒီနေ့ ရင်ဆိုင်ရတော့မည်လား၊ တကယ်ပါ… သူတို့အမေမှန်းမသိခဲ့ကြပေမယ့် ကေသာနဲ့မျက်ဝန်းတို့က မေပျို့ကို သံယောဇဉ်ကြီးကြသည်။

နောက်ဖေးကတိုက်လေးထဲမှာ ခွဲနေတာကိုတောင် ဒါကိုပဲ သတိရတိုင်း မေးနေကြသည်။ တိုက်ကြီးပေါ်မှာ အတူတူလာနေဖို့ တဖွဖွခေါ်၏။

အတိတ်ကအကြောင်းတွေကို ဖုံးဖိကာကွယ်ရင်း သမီးလေးတွေကို ကိုယ့်သမီးအရင်းလေးတွေလို မွေးမြူခဲ့ရသော်လည်း သူမမှာ ရောဂါရှိနေသဖြင့် မေပျို့ ထိန်းရသလောက်လည်း ကလေးတွေကို မထိန်းကျောင်းနိုင်ခဲ့ပေ။





မေပျို့ ကတော့ ကလေးထိန်းအမည်ခံခဲ့ရပေမယ့် ကလေးတွေက ဒီအရွယ်ထိ သူမလက်ထဲမှာပဲ ကြီးပြင်းခဲ့ကြတာဖြစ်သည်။ ဒါကြောင့် သံယောဇဉ်ကြီးနေကြတာပဲလို့ ဖြေသိမ့်ရင်း ခံစားချက်ဒဏ်တွေလည်း ရင်ထဲမှာ ကျောက်သားတွေလို အစိုင်အခဲဖြစ်ကုန်ပြီထင်သည်။

တွေးကြည့်တော့လည်း သွေးကသွေး၊ သူစိမ်းက သူစိမ်းပါပဲ။

ဒေါ်ခင်သူဇာ အခန်းရဲ့အပြင်ကွယ်ရပ်လေးကနေ မြေးက ပြောသမျှကိုလည်းကြားသည်၊ ဒေဝီ ခံစားဖြစ်ပျက်သွားသမျှ မျက်နှာလေးကိုလည်း မြင်နေရ၏။

သားငယ်အပေါ်မှာ ချစ်ပဲချစ်နိုင်လွန်းတဲ့ မိန်းကလေး…၊

တဏှာသိုလ်မှာကတည်းက သူတို့ချင်း ရင်းနှီးခဲ့ကြတာဖြစ်ကာ နောစ်လက်ထပ်ဖို့တွေဖြစ်လာခဲ့တဲ့အထိ ရင်းနှီးခဲ့ကြတာက ဒေဝီ့ဘက်က တစ်ဖက်သတ်ပုံစံနဲ့ဖြစ်၏။

"ရင်းနှီးပါတယ်၊ ဒါပေမယ့် မောင်မောင်က ဘာသိဘာသာပါ၊ နှင်း တို့ကပဲ ခင်ရတာ"ဟု ဒေဝီကိုယ်တိုင် ပြောပြဝန်ခံခဲ့သည်။ မေပျို့ဆိုတာ ကတော့…

သူမ ဖါဝင်ပတ်သက်ခဲ့သော အတိတ်လွင်ပြင်ဆီကို ပြန်ကြည့်လို့မရတော့ပေမယ့် စိတ်တွေက တစ်ပတ်ပြန်ပြေးသွားခဲ့၏။

ထိုဆီမှာတော့ မင်းသားနဲ့ညားရပေမယ့် မင်းသမီးမဟုတ်ခဲ့သော ဒေဝီသည်…..



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"နာမည်က ပင်ပို့ မဟုတ်လား"

"ဟုတ်ကဲ့"

"အတန်းပညာရော ဘယ်လောက်ထိ တက်လဲ"

"ရှစ်တန်းအောင်ပြီးပါပြီ"

ဟွန့်ခနဲမဲ့လိုက်သည့်အသံကြောင့် ပင်ပို့ မျက်ဝန်းလေး သေားကိုဝေ့သွားမိသည်။ ဒါပေမယ့် နောက်မေးခွန်းတစ်ခု ထပ်ရောက်လာတော့ မျက်ဝန်းတွေ လမ်းတစ်ဝက်မှာပဲ နောက်ပြန်လှည့်ခဲ့သည်။

"ခု အသက်ဘယ်လောက်ရှိပြီလဲ သမီးရယ်၊ ပညာတွေမသင်ခဲ့ရတာ နှမြောစရာ"

"ကျွန်မအသက် ဆယ့်ခုနစ်နှစ်ပါ"

"ဩော်.. ဆယ်တန်းလေးအောင်ထားခဲ့ရင် ဘယ်လောက်ကောင်းမလဲ"

မေးနေတဲ့လူက တစ်ယောက်၊ ပင်ပို့ မျက်ဝန်းလေးတွေကတော့ သေားကတစ်ယောက်ထံကိုပဲ မေးခွန်းတစ်ခုဖြေပြီးတိုင်း မျက်လုံးရောက်မိသည်။





ခုနကလေးတင်သိခဲ့ရတာက ကိုယ်လုံးပြည့်ပြည့်၊ လေးထောင့်ဆန်ဆန်သည့်မျက်နှာနှင့်သူမက အန်တီဒေါ်ခင်သူဇာ၏သမီးကြီး နှင်းမမ…၊

သူမ အောက်မှာ မောင်တစ်ယောက်ရှိသေးသည်။ မောင်နှမ နှစ်ယောက်စလုံး ဆရာဝန်တွေဖြစ်ကြောင်း…၊

"ပြောပါဦး သမီးရဲ့..၊ အခု သမီးဖေဖေရော…"

"ဖေဖေလဲဆုံးသွားပါပြီ၊ မေမေ ဆုံးသွားတုန်းက ဒီကို သွားဖို့ စာရေးပေးခဲ့ပါတယ်၊ လွှတ်လိုက်ဖို့လဲ ဖေဖေ့ကို မှာခဲ့ပါတယ်၊ ဖေဖေက အဖေတစ်ယောက်လုံးရှိသေးရဲ့သားနဲ့ ကိုယ့်သားသမီးကို သူများလက်ထဲ မပို့နိုင်ဘူးတဲ့၊ ကျွန်မလဲ အဖေ့ကို တစ်ယောက်တည်း မထားခဲ့နိုင်ဘူးနဲ့…"

"အင်း.. ဟုတ်ပါပြီ၊ ချီ ရေးခဲ့တဲ့စာလေးတောင် အတော်ဟောင်းနေပြီဥစ္စာ…"

ဒေါ်ခင်သူဇာ က ကိုင်ထားဆဲရှိသည့်စာရွက်လေးကို ပြန်ငုံ့ကြည့်၍ စိတ်မကောင်းသံနှင့်ဆို၏။

"သမီးမေမေက ဘာရောဂါနဲ့ဆုံးသွားတာလဲဟင်…"

"ရောဂါမဟုတ်ပါဘူး အန်တီ၊ ရွာတွေဘက်ကို ဈေးရောင်းသွားရင်း သံစူးလာပြီး မေးခိုင်ပိုးဝင်သွားတာပါ"

ပြောနေရင်း မျက်တောင်လေးတွေခတ်၍ ငုံ့ကျသွားတော့ ငိုချင်ရှာပြီဟုတွက်ကာ ဒေါ်ခင်သူဇာ က ဆက်မမေးတော့ပေမယ့်…

"မိန်းမနဲ့ကလေးနဲ့ ရှိနေတဲ့ဟာ.. ညည်းအဖေက အရက်သောက်တာအပြင် ဘာမှမလုပ်တတ်တော့ဘူးလား"

တိုက်ရိုက်မေးခွန်းတစ်ခု ထွက်လာသဖြင့် ပင်ပို့မျက်ဝန်းတွေ နှင်းမမထံ မရဲတရဲ ရောက်သွားကာ…

"မဟုတ်ပါဘူး မမရယ်၊ ဖေဖေက အလုပ်လုပ်ပါတယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်…"

"ဟုတ်တယ်၊ အဲဒါတွေ မေမေ သိတယ်"

ဟု ဒေါ်ခင်သူဇာ က ဝင်ပြောလိုက်ပြီး အတိတ်ကိုသတိရသွား သလို စာကို တစ်ချက်ငုံ့ကြည့်၏။

"ချိုနဲ့ကျော်စွာတို့အဖြစ်က ဆိုးလှတယ်ပဲပြောရမလား၊ ကံကို ပုံချ သင့်သလား၊ ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး"

တက္ကသိုလ်ဒုတိယနှစ်တက်စမှာပဲ ပညာတစ်ပိုင်းတစ်စနှင့် နိုးရာ လိုက်ပြေးကြသည်။ မြို့ကြီးပြကြီးတွေပေါ်က သူဌေးတွေမဟုတ်ကြ မယ့် သူတို့နှစ်ယောက်စလုံး၏မိဘတွေက ပြည့်စုံပြေလည်ကြပါသည်။

ဒါပေမယ့် နှစ်ဖက်စလုံးမှာ မွေးချင်းမောင်နှမတွေများတော့ ကိုယ့် အိုး ကိုယ့်အိမ်ထူထောင်လိုက်တဲ့လူ အပြင်ရောက်သွားတာနှင့် မိဘ အရိပ်အောက်ကို ပြန်နိုဝင်ဖို့ မလွယ်ကူတော့တာမျိုး…၊

ပညာတစ်ပိုင်းတစ်စနှင့်မိုက်မဲကြသူနှစ်ယောက်အဖြစ် မိဘတွေ ဝေးဝေးမှာ ကိုယ့်ဒူးကိုယ်ချွန်ဖို့ ကြိုးစားခဲ့ကြ၏။ ကျန်ခဲ့သည့် ခင်သူဇာ တို့ သူငယ်ချင်းတွေလည်း ချိုတို့ဆီကို မကြာခဏ ရောက်ကြသည်။

ရောက်သွားတိုင်း စီးပွားရေးအဆင်မပြေတာကို ညည်းသံမကြား ဘဲ ဒီယောကျ်ား မွေ့လို့ ရှုပ်လို့…၊ ပြီးတော့ ဘာညာ…။

"ကျွန်တော် မဟုတ်ပါဘူးဗျာ၊ မခင်သူဇာတို့ပဲ စဉ်းစားကြည့်ပါဦး အလုပ်က အတည်တကျရှိတာမဟုတ်ဘူး၊ အိမ်ပြန် ပိုက်ဆံမပါတော့ ခင်ဗျားတို့သူငယ်ချင်း ဘာဖြစ်သလဲမေး၊ အလုပ်စုံလုပ်ရတော့ လူစုံ ပေါင်းရတယ်ဆိုတာ ဘယ်လိုပြောပြလို့မှ နားမလည်ဘူး၊ တကယ် နားပူတာ တစ်မျိုး၊ ကျောပူတာတစ်မျိုး၊ ကျွန်တော် ဘာလုပ်ရမှန်းကိုမသိ တော့ဘူး"

"လူတွေလာမှ ဆရာကြီးသံနဲ့ မပြောပါနဲ့၊ ကျပ်နှမ်းလုပ်နေရတဲ့သူက





သွက်သွားလိုက်ရင် မင်းသားရှုံးအောင် ပြင်သွားရသလား၊ ပေါင်းသမျှ မိတ်ဆွေတွေမှာရော ယောကျ်ားတွေနဲ့ပဲ ပေါင်းလို့မရဘူးလား၊ ဟွန်း… အမြဲတမ်း မိန်းကလေးတွေနဲ့ သူ့မှာ…"

"ငါ လမ်းပေါ်မှာပဲ တွဲသွားနေတာမဟုတ်ဘူးနော် ချို၊ အိမ်ပေါ်ထိ ခေါ်လာပြပြီးပြီ၊ အဲဒါ ငါ့ဘက်က ရိုးသားမှု"

လင်မယားနှစ်ယောက် ချစ်ကြည်နူးနေကြတဲ့အခါ မမြင်ဖူးသလောက် ပါပဲ၊ ထို့ကြောင့် ချိုကိုမေးကြည့်ဖူးသည်။

"နင်တို့အိမ်ထောင်ရေး လွယ်ပါ့မလား ချိုရယ်၊ ကိုယ့်ယောကျ်ား ကို ယုံကြည်စိတ်လေး နည်းနည်းထားပြီး စဉ်းရှုံးကြည့်ပါလား၊ ဘာပဲ ဖြစ်ဖြစ် သူက နင့်ကို တင့်တင့်တယ်တယ်ထားနိုင်တဲ့ယောကျ်ားပါဟာ"

"ပါးစပ်ထဲ ထမင်းခွံ့ပေးရင်း အသားလိုးယူနေရင် အဲဒီထမင်း ကောင်းလိုက်တာလို့ နင်ပြောမလား၊ ငါကိုက လှတာမက်လို့ ညစာ ချော မနက်စာရော ငတ်တာ"

လို့ ပြောပြောပြီး ငိုသေးသည်။

တကယ်တော့ ဘာမှမငတ်ပါဘဲ စိတ်တိုင်းမကျနေတာက သူမပဲ ဖြစ်သည်။

ဒီလိုနဲ့ ပထမကိုယ်ဝန်ရတဲ့အထိ ခင်သူဇာတို့တွေ သူမဆီကို မကြာ ခဏ ရောက်ဖြစ်ကြသေးသည်။

ရဲကျော်စွာ က ထိုစဉ်ကတည်းက အရက်တွေသောက်နေပြီ ဖြစ် ၏။ ချို ကတော့ တောကိုပြောင်းတော့မှာလို့ ပြောသေးသည်။

"ငါကတော့ လူဆင်းရဲပါစေ စိတ်ဆင်းရဲတာကိုမခံနိုင်ဘူး၊ တောမှာ ဈေးရောင်းကြတဲ့လူတွေ အဆင်ကိုပြေလို့…၊ ငါ သွားရောင်းမယ်၊ ဒီ မှာနေရတာကိုဇန်းပြပြီး ရှုပ်ချင်သလိုရှုပ်နေတာ လုံးဝမခံနိုင်ဘူး"

"နင်က ဈေးရောင်းကျွေးမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူကျွေးတာက သံပုသံခဲတွေ၊ ငါ မျိုးမကျဘူး" ဟု ပြော သံတွေကြားပြီး သိပ်မကြာမီ ချိုတို့ပြောင်းသွားခဲ့ကြတာဖြစ်သည်။

စိတ်ထဲမှာပေါ်လာသမျှကို ပြန်တွေးရင်း မျက်စိရှေ့ရောက်နေ သည့် ပင်ပျို ဆိုသည့်မိန်းကလေးကို ကရုဏာသက်စွာကြည့်မိပြန်၏။

"ဒါဆို သမီးအထက်မှာ တစ်ယောက်ရှိသေးတာပေါ့"

"ဟုတ်ကဲ့ရှင်၊ ယောကျ်ားလေးလို့ပြောပါတယ်၊ ဒါပေမယ့် လသား လေးအရွယ်မှာပဲ ဆုံးသွားတယ်လို့ မေမေ ပြောတယ်"

"သြော်... ဖြစ်ရလေ ချိုရယ်"

"မာနကတော့ သေးသေးကွေးကွေးမဟုတ်ဘူး မေမေ၊ အဖေ့ အမေရော မရှိတော့မှ ရောက်လာတာ"

နှင်းမမ က မဲ့ချင်သည့်မျက်နှာနှင့် ပြောသည်။

"ဒါကတော့ အမေမရှိတော့ အဖေတစ်ခု သမီးတစ်ခုဖြစ်သွားတာ ကိုး သမီးရဲ့...၊ ဖအေကိုထားခဲ့ပြီး ဘယ်လာနိုင်မလဲ"

"ခုလဲ သူ့အဘိုးအဘွားတွေ ရှိကြမှာပေါ့ မေမေ၊ မေမေ လိုက်အပ် ပေးလိုက်ပါလား၊ ဟဲ့... ညည်းမိဘတွေက ဘယ်မှာ ဆွေမျိုးသားချင်း တယ်ဆိုတာကျတော့ ပြမပေးခဲ့ဘူးလား"

"ရှင်..."

'ဟင့်အင်း' လို့ငြင်းရမှာကို ပင်ပျို ခေါင်းမခါရဲဘဲဖြစ်သွား၏။ တော ကြိုအဲကြားမှာပဲ ကြီးပြင်းခဲ့ရသူပီပီ ဒီလိုခြံဝင်းတိုက်တာမျိုး၊ အိမ်ထဲမှ ဒီလို ကြီးကျယ်ခမ်းနားတာမျိုး ပင်ပျို အပြင်မှာ ဒီတစ်ခါပဲမြင်ဖူးပါသည်။

စီဒီယိုဖန်သားပြင်သေးသေးလေးပေါ်မှာ မြင်ဖူးခဲ့သောတိုက်ကြီးမျိုး ကို ကိုယ်တိုင်ရောက်လာခဲ့တော့ ရင်တွေခုန်နေတာ တအံ့တသြကြီးဖြင့်

ထို့ပြင် စိန့်တွေရွှေတွေ ညှပ်နေအောင်ဝတ်ထားသည့် သားအမိ ရှေ့မှာ သူမဟာ ပုရွက်ဆိတ်တစ်ကောင်လောက်ပင် ပမာဏရှိသေး





သားမသိ။

သိမ်ငယ်ကြောက်ရွံ့ခြင်းသည် ဒေါ်ခင်သူဇာနှင့်စကားပြောရင်း နှင်းမမအသံဝင်လာတိုင်း လူက ဓာတ်လိုက်သလို တုန်သွားတတ်၏။

အာခေါင်တွေခြောက်လာတာကြောင့် ရေသောက်ချင်တာလည်း အိမ်တစ်ပတ် ဘယ်လိုဝေ့ကြည့်ကြည့် ရေအိုးနဲ့တူတာတောင်မတွေ့။

"နှင်း ကတော့ အိမ်မှာ လူစိမ်းဝင်တာ မကြိုက်ဘူး မေမေ၊ သူ့ကိုခေါ်ထားဖို့ မေမေ စဉ်းစားနော်၊ ဖေဖေကလဲ သန်သန်မာမာ မဟုတ်ဘူး"

ထိုစကားကို ပင်ပျို့ရှေ့မှာပဲ အပြတ်ပြော၏။ ဒေါ်ခင်သူဇာကတော့ အဖာထေးထေးပါ။

"လူမမာကိုပြုစုဖို့ လူတစ်ယောက်လိုတာပေါ့ သမီးရယ်၊ ချို က သူ့ဆွေမျိုးတွေထက်စိတ်ချလို့ မေမေ့ဆီပို့လိုက်တာ... မေမေ ခေါင်းခါ လို့ဖြစ်မလား၊ သူ့ကို လက်မှုပညာတစ်ခုခုသင်ပေးမယ်၊ အိမ်မှာပိုင်းကူပေါ့"

"သင်မပေးပါနဲ့ အန်တီ၊ ကျွန်မ ဒီမှာ အားလုံး ပိုင်းကူလုပ်ပါ့မယ်၊ မေမေ စိတ်ချတဲ့နေရာမှာ နေခွင့်ပြုတဲ့အတွက် ဘယ်အလုပ်ပဲ လုပ်ရ လုပ်ရပါ"

"ဒီလိုတော့မဟုတ်ပါဘူးကွယ်၊ ချို့ သမီးလေးကို စောင့်ရှောက်ဖို့ အန်တီမှာလဲ တာဝန်ရှိပါတယ်"

"အေး... 'မိန်းကလေးဆိုတော့ အနေအထိုင်တတ်မှဖြစ်မယ်"

'အိမ်မှာက လူပျိုလူရွယ်နဲ့' လို့ ထည့်မပြောဖြစ်ပေမယ့် မေမေ့စိတ် ကူးတွေကို နှင်းမမ နားလည်ပေးလို့မရဘဲ ဖြစ်နေမိ၏။ ပြီးတော့ ကောင်မလေးက ရုပ်လေးက သနားကမား...၊

ဒီလိုဓာတ်လမ်းမျိုးတွေ မေမေ မကြားဘူးလို့လား...၊

တစ်ခုတော့ဖြေသာသေးသည်၊ မောင်လေးက နေရာတကာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချထားလို့မရနိုင်လောက်တဲ့ လှငယ်တစ်ယောက်တော့မဟုတ်ပေ။

နှင်းမမနဲ့ ကင်းမောင်မောင်က အသက်ငါးနှစ်ကွာသည်။ သူမ ဆရာဝန်မကြီးဖြစ်နေကာမှ ကင်းမောင်မောင် က ကျောင်းတက်နေတုန်း…၊

ယောက်ျားလေးတွေထဲမှာ ဘယ်သူနဲ့မှမတူအောင် ချော့လွန်းလို့ မေမေ ပေးခဲ့တဲ့နာမည်ကိုက ကင်းမောင်မောင်…၊

ဒီနေ့ထိ ကင်းမောင်မောင်ဟာ ချောတဲ့ တည်တဲ့နေရာမှာ ပြိုင်ဘက်ကင်းနေဆဲ…၊

ငါ့မောင်လေး ဒီ့ထက်ပိုတင်းပါစေ၊ ပိုတည်ပါစေ…..။





## အခန်း (၃)

မီးဖိုချောင်ထဲဝင်လိုက်စတုန်းက မီးဖိုကို မီးဖိုမှန်းမသိ၊ ဘောစင်ကို ထက်ခေးလို့ရမှန်းမသိ၊ ခုတော့လည်း အဆင်ပြေသွားပါပြီ။

ထမင်းချက်သည့် အဝင်း ဆိုသူက ပင်ဖျိုထက် သုံးနှစ်လောက်ကြီးသည်။ ဒါပေမယ့် အသက်အများကြီးကွာသလို လူကြီးဂိုက်ဆိုက်နှင့်ဆို တာတွေကိုရှင်းပြသည်။ မတတ်တာတွေကို သေချာသင်ပေး၏။ သူမမှာလည်း ဝမ်းသာလို့ပါ။

"ငါ နှင့်ကိုမြင်ကတည်းက ခင်နေတာ ဖျိုရဲ့…၊ တကယ်ပြောတာ၊ ငါ မမကြီးကို သံပရာရည်လာပို့တုန်း နှင် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တော့ အရှမ်းကို ကိုယ်ချင်းစာတာပဲ၊ ငါရောက်စတုန်းကလဲ ဒီတိုင်းပဲ၊ မမကြီးကို မေမေကြီးထက် ပိုကြောက်ရတယ်၊ အဲ… ဒါပေမယ့် နှင်ကတော့ ငါ့လို မဟုတ်ဘူးပေါ့နော်"

"အတူတူပါပဲ မမဝင်းရယ်၊ အနံ့တိကက မေမေ့သူငယ်ချင်းဆိုပေမယ့် ကျွန်မက ကိုယ့်ကိုယ်ကိုယ် အလုပ်သမားလို သဘောထားပြီးသားပါ"

"အို… မဟုတ်တာ"

လို့ပြောပြီး အဝင်းက ပင်ဖျိုတစ်ကိုယ်လုံးကို သေချာကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းဆို မီးဖိုချောင်ထဲမှာ အလွတ်လပ်ဆုံးမို့ နှစ်ယောက်သား အလုပ်လုပ်ရင်း ပါးစပ်နဲ့လက်နဲ့ တစ်ချက်မှမနားကြပေ။ အဝင်းက မုန့်လာဘ နိတွေလှီးနေရင်း ပင်ဖို့ကိုပဲကြည့်၍...

"နင့်ပုံစံက အိမ်ဖော်နဲ့များ လုံးဝမတူပါဘူး ငါညီမရယ်၊ နင် အဲဒီလို မာနမကြီးတတ်ဘူးဆိုတာလဲ နင့်မျက်လုံးလေးကိုမြင်လိုက် ကတည်းက ငါ တွက်မိတယ်၊ ဖြူဖြူနဲ့နဲ့ နုနုနယ်နယ်လေးနဲ့ ဆံပင်တွေ ကလဲရှည်လိုက်တာ ဒူးခေါက်ခွက်နား ရောက်နေပြီ၊ သူများတွေ ဆံပင် အဲဒီလောက်ရှည်ရင် အဖျားမှာ ပါးသွားကြတယ်နော်၊ နင့်ကျတော့ ကျစ်ဆံမြီးကျစ်ထားတာ အဖျားထိ တုတ်ခဲနေတာပဲ"

ပင်ဖို့ က ကျစ်ဆံမြီးရှည်ကြီးတန္တန္တနှင့် ဟင်းသီးဟင်းရွက်အတိုအစ တွေကို စုသိမ်းရှင်းနေရင်း ချစ်စဖွယ်လေးပြုံးကာ...

"အဲဒါ အကောင်းမဟုတ်ဘူး မမဝင်းရဲ့..၊ ဆံပင်တွေကို ခဏခဏ ဖြတ်ရောင်းလွန်းလို့ အရမ်းသန်နေတာ"

"ဟင်.. ဆံပင်ကိုဖြတ်ရောင်းတယ်၊ ဘယ်လောက်တောင်ရလို့လဲ ဖို့ရယ်၊ ငါက နင့်ဆံပင်တွေ အရမ်းလှတာကိုကြည့်ပြီး ဆံပင်ကို တော် တော်မြတ်နိုးမှာပဲလို့ထင်တာ"

"သြော်... မြတ်နိုးလွန်းလို့လဲ ဒုက္ခခံပြီးထားတာပေါ့ မမဝင်းရယ်၊ ဒါပေမယ့် ဖေဖေက အရက်သောက်ပြီး ကိုယ်တစ်ခြမ်း လေဖြန်းသွား တယ်လေ"

"သြော်..."

"အဲဒါ ကျွန်မ ဆေးလိပ်ခုံကဝင်တဲ့ ပိုက်ဆံလေးနဲ့ စားဖို့အပြင် ဆေးဖိုးကျတော့ ဘယ်လိုလုပ် တတ်နိုင်တော့မှာလဲ"

"ဒါလဲဟုတ်တာပဲ၊ နင်က ဆေးလိပ်လိပ်တတ်တာလား"

"အင်း.. သနပ်ဖက်ဆေးလိပ်တွေ လိပ်ရတာလေ၊ ရွာမှာ အဲဒီ





အလုပ်တွေရှိလို့ မိန်းကလေးတွေ ပညာမတတ်ကြပေမယ့် ဝမ်းရေးရ စားသောက်နိုင်ကြတာပေါ့"

"အင်း.. ပြောပါဦး၊ ဆံပင်က ဘယ်လောက်လောက်ရလို့လဲ"

"တစ်ခါရောင်းရင် တစ်သောင်းကျော်ကျော်ရအောင်ဖြတ်ပစ်ရတာ ပေါ့၊ ဆံပင်ကသန်တော့ သိပ်မကြာဘူး ပြန်ရှည်လာတာပဲ၊ ကျွန်မက တော့ ဘုရားလှူရတယ်လို့ပဲ သဘောထားပါတယ်၊ မိဘဆေးဖိုးအတွက် ပဲလေ"

"ဟုတ်တာပေါ့၊ ကုသိုလ်ရပါတယ်ဟယ်၊ ရုတ်တရက် ငါက တလွဲ ထင်သွားမိတာ၊ အဲဒါကြောင့်လဲ နင့်ဆံပင်ကြီးက အရမ်းသန်နေတာဖြစ် မှာ၊ နက်မှောင်ပြီး ပြောင်နေတာပဲ၊ ခုခေတ်မှာ အဲဒီလိုလှအောင် ပိုက်ဆံ တွေ မနည်းအကုန်ခံရတာ ဖို့ရဲ့..၊ နောက်ပြီး နင်က သိပ်မလှပေမယ့် ပါးချိုင့်လေးနှစ်ဖက်က ထင်းနေတာပဲ၊ ပြုံးလိုက်ရင် မချစ်ဘဲကိုမနေနိုင် ဘူး၊ ဟဲ့.. ဒါပေမယ့်လေ..."

ပြောနေရင်း အဝင်းက ဘာကိုသတိရသွားသည်မသိဘဲ အသံနိမ့် လိုက်ပြီး ဟိုကြည့်ဒီကြည့်ဖြစ်ကာ...

"နင့်ကို မမကြီးကတော့ ချစ်မှာမဟုတ်ဘူး သိလား၊ အဲဒါ သေချာ တယ်"

"ကျွန်မ သိပါတယ်၊ မမကြီးက မာနကြီးတယ်၊ ကျွန်မကတော့ မမကြီးကို ချစ်ပါတယ်"

"အေး.. ချစ်မှဖြစ်မယ်၊ သူက အပေါင်းအသင်းမိတ်ဆွေထားတာ တောင် ဆင်းရဲတဲ့လူကို အဖက်မလုပ်ဘူးတဲ့ သိလား၊ ဆင်းရဲတဲ့လူတွေ ဆီက မင်္ဂလာမရှိတဲ့စကားတွေ အမြဲတမ်း ကြားရတယ်တဲ့၊ သူ့ကြောင့် ကိုယ့်မှာပါ ကျက်သရေယုတ်သတဲ့"

ပင်ဖို့ လှုပ်ရှားမှုတွေ နှေးကွေးသွားခဲ့၏။ ဟုတ်မှာပါ၊ သူမ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့နေ့က အန်တီမေးတာတွေကိုပြောပြတိုင်း ဘေးမှာ ခြေချင်းချိတ်ထိုင်နေတဲ့ မမကြီးမျက်နှာဟာ စိတ်ပျက်ခြင်းများနှင့် ရှုံ့မဲ့နေတာတွေ အစက အဆုံးထိ…၊

"ဒီမှာ အရေးကြီးဆုံးက ကိုကိုလေးကို မျက်လုံးလေးနဲ့တောင် လှန်မကြည့်မိစေနဲ့"

"ဟင့်… ဘာဖြစ်လို့လဲ"

"အဲဒါက တကယ့်မီးစ…၊ မမကြီး ဒေါသကြီးတတ်လာတာလဲ ကိုကိုလေးကြောင့် ပါတယ်၊ ကိုကိုလေးကို ဘယ်မိန်းကလေးနဲ့မှ တန်အောင်ထင်တာမဟုတ်ဘူး၊ နင်ရောက်လာတဲ့နေ့က မိုးလေဝသကြေညာသံ ငါကြားတယ် သိလား"

"ဘယ်လို…"

အဝင်း ဘယ်သူတွေကို ဘယ်လိုရည်ရွယ်ပြီးပြောနေမှန်း ပင်ပျိုကတော့ နားမလည်သေးပါ။

ဒါပေမယ့် ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်နေမှန်းတော့ တွေးမိခဲ့၏။

"မေမေကြီးနဲ့မမကြီး ပြောနေကြတာလေ၊ နင်ရောက်လာတာကို မကျေနပ်တဲ့ အဓိကပေါ့ဟာ၊ နင်က ရုပ်ရည်လေးနဲ့ လှတပတလေးရယ်၊ အိမ်မှာ အတူတူနေမှာဆိုတော့…"

"ဟော့… အထဲမှာ တစ်ယောက်မှမရှိဘူးလား"

"အယ်… ကိုကိုလေး…"

ပြောလက်စနှင့် အဝင်း ပါးစပ်လေးဟလျက်သားနှင့် မျက်လုံးပါ ပြူးသွားသည်။ ထမင်းစားခန်းဆီ လက်ညှိုးထိုးပြကာ…

"အပြင်မှာ ကိုကိုလေး"

"ကိုကိုလေး"

တစ်ခါမှမမြင်ဖူးခဲ့ဘဲ ရင်ထဲမှာ ဒိန်းခနဲမြည်သွားတာ ပင်ပျို ဖျတ်ခနဲ





ထရပ်မိသည်။ ပြီးတော့ ဆတ်ခနဲ ပြန်ထိုင်မိကာ ဟိုဟာကိုင်၊ ဒီဟာကိုင်နှင့် ဒီတိုင်း ပြန်ထမိပြန်၏။

"မမဝင်း ကျွန်မ… ကျွန်မ ဘာလုပ်နေရမှာလဲဟင်"

"ထိုင်နေ… ထိုင်နေ၊ ဘာမှမလုပ်နဲ့"

"ကိုကိုလေးက ဒီထဲဝင်လာမှာလားဟင်"

"ဘယ်တော့မှမဝင်ဘူး၊ ဝင်လာလဲ မဆိုင်တာကို မစပ်စုတတ်ပါဘူး"

"ဒါဆို မမဝင်း သွားလေ၊ အပြင်မှာ ဘယ်သူမှမရှိဘူး"

"အေး… ဒီနေ့ ကိုကိုလေးပြန်လာမယ်ဆိုတာ ဧါ လုံးဝ သတိမရဘူး၊ အခု စီစဉ်ထားတာလဲ ကိုကိုလေးအတွက် ဘာမှမပါဘူး၊ သေစမ်း… သေစမ်း… ငါ သေသင့်တယ်"

သူ့ခေါင်းသူ ထုနက်ရင်း အဝင်း အပြင်ထွက်သွားရှာသည်။ ဝင်ပျို ခြေဖျားလက်ဖျားတွေအေးနေဆဲမှာ အဝင်း ခပ်သုတ်သုတ်ပြန်ဝင်လာကာ…

"ကိုကိုလေး အပေါ်ထပ် တက်သွားတယ်ထင်တယ်၊ လုပ်လုပ်… ရေခဲသေတ္တာထဲမှာ ပုစွန်တုပ်ရှိတယ်၊ အဲဒါ အဆီမပေါက်အောင်အခွံခွာပြီး ငါသင်ထားတဲ့အတိုင်း သေချာဖုတ်နော်"

"ဟုတ်"

"ပြီးရင် အချိုပါးပါးလေးသုပ်၊ သံပရာရည်ဆေးဆမ်းပြီး ကြက်သွန်နီနဲ့ ငရုတ်သီးစိမ်းကို အစပ်သိပ်မပေါ်အောင် သေချာလုပ် သိလား"

ပျာယီးပျာယာမှာပြီး အပြင်စားပွဲကို အပြေးအလွှားသွားရှင်းသည်။

"မောင်နှမနှစ်ယောက်မှာ တစ်ယောက်က လူရွှေးတယ်၊ တစ်ယောက်က အသန့်ကြိုက်တယ်၊ ကိုကိုလေး အိမ်မှာရှိနေရင် မစ္စည်းအားလုံး မှန်ရောင်ထနေမှ…"

ပြေးဝင်လာပြီး သင်လိုက်၊ ပြန်ထွက်သွားလိုက်နှင့် အလုပ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲ…

"အဝင်း.."

"ရှင် မေမေကြီး"

"သားငယ် ရောက်နေသလား၊ အပြင်မှာ ကားတွေ့လို့"

"ဟုတ်ကဲ့ မေမေကြီး၊ အပေါ်တက်သွားလားမသိဘူး"

အဝင်း က ဖြေရင်း မေမေကြီးနောက်မှာ မမကြီး ပါလာသလားလို့ မသိမသာကြည့်သည်။

"အေး.. သားငယ်အတွက် စားဖို့သောက်ဖို့ အဆင်သင့်ရှိရဲ့လား၊ အဆောင်မှာစားဖို့တော့ ငါပြန်လာမှ စီစဉ်ပေးလိုက်မယ်၊ ဟိုမှာ သူ့အစ်မကလဲ မင်္ဂလာကိစ္စတစ်ဖက်နဲ့ဖြစ်နေတော့…"

"ရှိ.. ရှိပါတယ် မေမေကြီး၊ မမကြီး ဒီမနက်စာ ပြန်စားမှာလား ဟင်"

"ဘယ်ကလာ ပြန်လာနိုင်မှာလဲ၊ မင်္ဂလာကိစ္စ ဆွေးနွေးပြီးတော့လဲ အခမ်းအနားအတွက်ကို နင့်မမကြီးက ကြေးထူနေတယ်လေ၊ ရွေးလို့ ဖယ်လို့ကို မပြီးနိုင်ဘူး၊ လာ နင် ခဏအပြင်လိုက်ခဲ့"

"ရှင်.."

"အထဲမှာ ဖိုး ရှိတယ်မဟုတ်လား၊ ခဏ ထားခဲ့လိုက်"

"ဟုတ်"

မဝင်း ပါသွားသည့်ကား ကြာ လိုက်ရပြီး မကြာမီမှာ အသံတွေ တိတ်ကျသွားခြင်းနှင့် တစ်ထပ်တည်း…

"ဟား.. ခုထိ တစ်ယောက်မှမတွေ့သေးဘူး၊ အဝင်း.. ဟိတ်.. အထဲမှာ မရှိဘူးလား"

"ရှိပါတယ်ရှင်.. အဲ.. မရှိဘူးရှင့်"

အသံပေးလိုက်တာပေမယ့် ဘာတွေပြောထွက်ကုန်မှန်းမသိ။





ထိုစဉ် မီးဖိုခန်းနဲ့ ထမင်းစားခန်းကို ခြားနားထားသည့် အစိမ်းရောင် ခန်းဆီးစလေး ရုပ်ခနဲမြောက်သွားကာ ယောကျ်ားတစ်ယောက်၏ ခမ်းနားသောပုံရိပ်တစ်ခု ထင်လာ၏။

"မင်းက မေမေ့သူငယ်ချင်းရဲ့သမီး ဆိုတာလား"

"ရှင်.. ဟုတ်.. ဟုတ်ကဲ့"

"ထွက်လာခဲ့"

"ရှင်.."

ပင်ပျို့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ခန်းဆီးစက ပြန်၍ ပြုတ်ကျကာသူ လှည့်ထွက်သွားသည့်အရိပ်ကို အထဲကနေ လှမ်းမြင်နေရသည်။

သူ့နောက်ကနေ ထွက်လိုက်ရမှာဖြစ်ပေမယ့် ခြေဖျားလက်ဖျားတွေ အေးစက်ကာ အထုံအကျဉ်စွဲနေသလားမသိ၊ နေရာမှရွေ့လျားဖို့ကို တစ်ကိုယ်လုံး လှုပ်မရဖြစ်နေ၏။

"ဟိတ်.. ဘာလုပ်နေတာလဲ"

"ရှင် လာပါပြီ"

ထိုကိုလေး ရှေ့ကိုရောက်သွားစဉ်မှာ ကိုယ့်ကိုယ်ကိုယ် အသက်ရှူဖို့ မေ့နေခဲ့၏။

"ငါ့ကို မော့ကြည့်စမ်း"

"ဟုတ်"

ကြည့် ဆိုတော့ ကြည့်မိသည်။ တင့်တယ်ချောမောသည့်ရုပ်သွင် တစ်ခုဟာ သူ့မျက်လုံးထဲမှာတော့ ငယ်ငယ်က အလွန်အရိုက်ကြမ်းသည့် ကျောင်းအုပ်ဆရာကြီးနှင့် တူနေ၏။

မျက်ခုံးထူထူနှစ်ဖက်က တွန့်ချိုးနေလျက် နှုတ်ခမ်းတွေကို တင်းတင်းစေ့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံပြိုးပြက်လက်နေသည့် လက်စွပ်ရှိသော လက်တစ်ဖက်ကို တစ်ဖက်နဲ့ပြန်ဆုပ်၍ စားပွဲပေါ်မှာ ခပ်လျော့လျော့တင်ထားသည်။

လက်ဖျံနှင့် လက်ခုံဆောင်းတို့မှာ စိမ်းညို့သောမွေးညင်းတို့ သိသာစွာ ဖုံးလွှမ်းနေကာ ဖြူနုသည့်အသားရောင်က လက်ချောင်းတွေမှာပဲ ထင်းနေအောင်ပေါ်၏။

ပါးမြိုင်းမွေးရာတွေ စိမ်းနေသလို နှုတ်ခမ်းမွေးနေရာမှာလည်း စိမ်းနေတာပဲဖြစ်သည်။ ကြည့်စမ်းဟုပြောလိုက်တာနှင့် တကယ်မော့ကြည့်နေသည့် ပင်ဖျို့မျက်ဝန်းလေးတွေကို ကင်းမောင်မောင်ကလည်း စိုက်ကြည့်နေ၏။

ကာတွန်းကယင် ထွက်လာသည့်ပုံက လူ့အုပ်ထဲရောက်လာသည့် ယုန်တစ်ကောင်နှင့်တူသည်ဟု ပြောလိုက်ချင်သည်။

ဒါပေမယ့် ယုန်တွေက အကြောက်ကြီးတတ်သလို ကြောက်ပြီဆို အယ်ကိုမှမပြေးကြတော့ပေ။ ဒီကောင်မလေးကတော့ မေးလျှင် ဖြေသည်။ ဖြေသံက သွားရိုက်သံနှင့် တဂတ်ဂတ်မြည်တော့မတတ်။

"မင်းနာမည် ဘာတဲ့လဲ"

"ပင်ဖျို့ပါ"

"နာမည်ပဲပြော၊ ပင်ဖျို့ လား‥ ပင်ဖျို့ပါ လား"

"ပင်ဖျို့‥ ပင်ဖျို့ ပါ"

"ဘာအဓိပ္ပာယ်လဲ"

"ရှင်‥"

ဖျတ်ခနဲ မော့ကြည့်ပြီးမှ ပြန်ငုံ့သွားသည်။

"မသိပါဘူးရှင်၊ မေမေ ပေးခဲ့တာပါ"

ကင်းမောင်မောင် က ဘဝင်မကျသလို မျက်မှောင်ကြုတ်သွား၏။ ဒါပေမယ့် နောက်ထပ်မမေးတော့ဘဲ ခေါင်းညိတ်လိုက်ကာ‥





"ဗိုက်ဆာတယ်၊ အခင်း ဘာလုပ်ထားလဲမသိဘူး၊ သွားယူခဲ့"

"မမဝင်း မေမေကြီးနဲ့လိုက်သွားတယ် ကိုကိုလေး၊ ကိုကိုလေး အခု စားတော့မှာလားဟင်"

"အင်း"

"ကျွန်မ အမြန်ဆုံး လုပ်ခဲ့ပါ့မယ်"

ထိုယောက်ျားရှေ့မှထွက်ခဲ့ရခြင်းကို လွတ်မြောက်ခြင်းဟုထင်ကာ မီးဖိုချောင်ထဲမှာ လုပ်ကိုင်နေသမျှ ခြေသွက်လက်သွက်ဖြစ်နေခဲ့ပြီး အပြင်ကိုထုတ်လာချိန်မှာ အအေးမိလူနာဖြစ်ရပြန်သည်။

စားသောက်ဖွယ်တွေ တစ်ခုပြီးတစ်ခု ချပေးနေတိုင်း စူးစိုက်လိုက်ကြည့်နေသဖြင့် တတ်နိုင်လျှင် ခြေချောင်းလက်ချောင်းတွေကို လက်သီးဆုပ်လေး လုံးထားချင်၏။

သို့သော် သူ့မစိတ်ကူးတွေ မအောင်မြင်ပါ။

"ဟိတ်‥ မင်း ဒီဘက်ကို လာခဲ့စမ်း"

"ရှင်‥"

"မင်း လက်တွေ ဖြန့်လိုက်"

သွားပြီ၊ ပင်ဖျို့ ရင်တွေ တအားခေါင့်ခုန်ကာ ပါးစပ်ကို အတင်းဖိပိတ်ထားရ၏။ သူ့မျက်နှာရှေ့မှာဖြန့်ထားရသည့် လက်ချောင်းတွေကို ရှုံ့မဲ့ကြည့်လိုက်ပြီး မျက်ဝန်းတွေ သူ့မဆီ ရောက်လာ၏။

"မင်း ဒီလက်သည်းတွေဖြတ်ဖို့ အခင်း မပြောဘူးလား"

"ရှင်‥‥"

ပြောပါသည်၊ ဒါပေမယ့် လက်သည်းကို အသားရင်းကနေ ကတ်ဖြတ်လျှင် လက်ထိပ်တွေသွေးခြည်ဥပြီး ဘာမှကိုင်တွယ်လို့မရအောင် နာတတ်သောကြောင့် နည်းနည်းတော့ချန်ထားခဲ့မိ၏။

ဒါကို လက်သည်းတွေရှိနေသည်ဟုပြောလာတော့ ပင်ဖျို့ ဘာ



www.burmeseclassic.com

လုပ်ရမှန်းမသိတော့ပေ။

"ဒါတွေ မင်းလုပ်လာတာပေါ့.. ဟုတ်လား"

"ရှင်.."

"တရှင်ရှင်နဲ့ ဘာလဲ.. မေးရင်ဖြေစမ်း၊ မင်းကို ဘာတွေလုပ်နေလို့ ဒူးတုန်အောင် ကြောက်နေရတာလဲ"

ငိုကိုငိုချင်နေတာပါ ကိုကိုလေးရယ်လို့ပြောပြီး ကျကျနန ထိုင်ငိုလိုက်ရလျှင် မျက်ရည်တွေ ဖလုံတစ်လုံးလောက် ထွက်လာနိုင်၏။

"မီးဖိုချောင်ထဲမှာ ဝင်တဲ့သူက တစ်ကိုယ်ရေသန့်ရှင်းမှုမရှိဘဲ ဒီပုံစံနဲ့ စားစရာတွေကို ကိုင်တွယ်နေရင် မင်း ချက်ပြုတ်တာကို စားတဲ့သူတွေ အကုန်လုံး ရောဂါရကုန်မှာပေါ့၊ အဲဒီလို ညစ်ပတ်တာ ငါ လုံးဝမကြိုက်ဘူး"

"ဟုတ်.. ဟုတ်ကဲ့ရှင်"

"ဒါတွေ ပြန်သိမ်းသွား"

"ရှင်.."

ကင်းမောင်မောင်က နောက်ထပ် ဘာမှထပ်မပြောတော့ဘဲ တစ်ခါမှ မဝင်ဖူးဘူးဆိုသည့်မီးဖိုခန်းထဲကိုဝင်လာသည်။ သူ့ဘာသာ ကော်ဖီမှုန့်တွေ၊ သကြားတွေယူချပြီး ကော်ဖီတစ်ခွက် ဖျော်သောက်၏။

ပင်ပျို အနားမှာပဲ နေရမလား၊ ဝေးဝေးဆုတ်နေရမှာလား၊ ဘာလုပ်ရမှန်းမသိဘဲ ကင်းမောင်မောင် သွားသည့်ရှေ့မှာ ပိတ်ရပ်မိသလိုဖြစ်လိုက်၊ နောက်က လိုက်နေသလိုကြီးဖြစ်သွားလိုက်နှင့် တစ်ယောက်တည်း ခလုတ်တိုက်မိလိုမိ...၊

ကင်းမောင်မောင်က သူ့ဘေးမှာ လူတစ်ယောက်ရှိနေသည်လို့ပင် မှတ်ပုံမရပေ။ ထူးခြားသည်မှာ မီးဖိုခန်းထဲမှာပဲ ကော်ဖီသောက်ကာ အချို့ ပန်းကန်လုံးကို သူ့ဘာသာ ဘေစင်မှာ သွားဆေးသည်။

'ကျွန်မ ဆေးပေးပါ့မယ် ကိုကိုလေးရဲ့' လို့ စိတ်ထဲမှာပြောရင်း





ကိုအပြေးတစ်ပိုင်း ကပ်သွားပေမယ့် သူမ ပြောလည်းမပြောရဲ၊ လေး လက်ထဲက ပန်းကန်ကိုလည်း လုမယူရဲခဲ့ပေ။

ကိုကိုလေး သူ့လက်ကို ဆပ်ပြာနဲ့ သေချာဆေးပြီးထွက်သွားမှ ရင်ဘတ်ကို ပြန်ဖိရင်း သက်ပြင်းချရသည်။

ကိုကိုလေး စားဖို့မပြောနဲ့ စားပြီးသားပန်းကန်ဆေးဖို့တောင် နင့် မတန်သေးဘူး ပင်ပျို..၊ ကြိုးစားလိုက်ဦး...။

နောက်ထပ် ဒီလို ပြောစရာတွေဖြစ်တာမျိုး မကြုံရပါစေနဲ့...၊ တိတ်တိတ်လေး ဆုတောင်းနေမိသည်။ ပြီးတော့ လက်တွေကို ကြည့်မိ၏။

ဖြတ်ပစ်မယ်၊ လက်ထိပ်နာရုံမကလို့ အရင်းကနေပဲ ဖြတ်သွား ...

www.burmeseclassic.com



## အခန်း (၄)

"ဘယ်ကလာ နောက်မှစားရမလဲ၊ ဒီမှာ အတူလာစား၊ ထွက်ခဲ့ လာ"

ထမင်းဝိုင်းမှာ လူစုံတက်စုံ ကိုယ်တစ်ဝိုင်းမသန့်သည့် ဦးမောင်မောင် လွင် ကိုယ်တိုင် ဗိုးလ်ချုံနှင့် ထိပ်ဆုံးမှာ ရှိနေ၏။

တစ်ခါတစ်ရံ နေထိုင်မကောင်းရင်သာ အခန်းထဲကိုပို့ပေးရတာဖြစ် ကာ ကျန်းမာရေးကောင်းနေချိန်ဆို မိသားစု ဒီတိုင်းပဲ စုညီစွာ စားသောက် ကြသည်တဲ့..။

နောက်မှာ ဓမဝင်းက ရှင်းပြနေတုန်း မေမေကြီးက ခေါ်ထုတ်လ သဖြင့် ပင်ပျို ကြောက်ဒူးတုန်ရပြန်သည်။

"လာ သမီး.. အဲဒီခုံမှာ ထိုင်"

ပင်ပျို ထွက်လာတော့ မမကြီးရဲ့မျက်လုံးတွေက နေရောင်ခံထိုး သည့် မှန်ရောင်ကဲ့သို့ ပင်ပျို မျက်လုံးထဲမှာ ကျိန်းသွားသည်။

"ရော့ စား၊ အဲဒီမှာလဲ ကြိုက်တာထည့်စား၊ သမီးကို အစေခံသဘော လို ထားတာမဟုတ်ဘူးလေ၊ ဝိုင်းကူနေတာက ကူတာပေါ့၊ ဒါပေမယ့် မိသားစုလို သဘောထား"





ထမင်းဝိုင်းမှာ မေမေကြီးကပဲ ဟင်းတွေခပ်ထည့်ပေး၊ စားနိုင်းနှင့် ထို့ ပန်းကန်ထဲမှာ ဟင်းတွေပြည့်နေပါပြီ။

ဖွန်းခက်ရင်းနဲ့စားတာ သိပ်မခဲယဉ်းပါဘူးလို့ထင်မိတာတွေလည်း ထိုးခွက်လန်မှားလေသည်။ ဟင်းကို မယူတတ်၊ မဖဲ့တတ်တိုင်း ဆင်း တွေချည်း မျိုချနေမိတော့ ဟင်းတွေက ပန်းကန်ထဲမှာ အပုံလိုက်။

မမကြီး တစ်ချက်စောင်းကြည့်တိုင်း ဟင်းတုံးတွေကို ကယောင် ထမ်း ဟိုကဖဲ့ ဒီကဖဲ့၊ ဘာမှလည်း မယ်မယ်ရရမအောင်မြင်ဘဲ ပန်းကန် ထဲမှာ ကြည့်မကောင်း၊ ရှုမကောင်းဖြစ်ကုန်တာသာ အဖတ်တင်သည်။ ကြားထဲ...

"ထမင်းစားတာ ဘယ်လိုစားနေတာလဲ"

"ဖွန်းသံ ပန်းကန်သံထွက်အောင်စားရလား"

စသည် ပြောသံထွက်လာပြီလားဆို မမကြီးအသံက နားရင်းကို ဆက်ပြန် အုန်းခနဲရိုက်ပစ်လိုက်သလို ကျယ်လောင်နာကျင်သွားသည်အထိ။

ကင်းမောင်မောင် ကတော့ တစ်ချက်တစ်ချက်သာလှမ်းကြည့်တတ် ပြီး နှုတ်ဆိတ်စွာ စားနေခဲ့သည်။

ပင်ပျို ဆုတောင်းမိပါသည်။ 'ယခုဘဝမှ ဘဝဆက်တိုင်း ဤမိသား နှင့် ထမင်းလက်ဆုံစားရသောဒုက္ခမှ အမြန်ဆုံးလွတ်ကင်းရပါစေ'.. ဆု...။

နောက်ထပ် ဤသို့မစားဖြစ်ရအောင် မေမေကြီးကို ရှိခိုးတောင်းပန် ပါစေ၊ အစွမ်းကုန်တောင်းပန်ဖို့လည်း ဆုံးဖြတ်ချက်ထဲမှာပါသည်။

ဒီလူတွေထဲမှာ မမကြီးကို ပင်ပျို အကြောက်ဆုံး...၊

"ဒီရက်ပိုင်းတွေမှာ သမီးမမရဲ့မင်္ဂလာကိစ္စနဲ့ အန်တီတို့က အလုပ်ရှု တာမှာ၊ ဘာဘာကို သမီး ဂရုစိုက်လိုက်ဦးနော်"

"ဟုတ်ကဲ့ မေမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေရင်း ဒေါ်ခင်သူဇာ တုံ့ခနဲတစ်ချက်ဖြစ်၏။ မမေကြီး လို့ခေါ်ဖို့ ဘယ်သူသင်လိုက်တာလဲဆိုသည့်မျက်လုံးက ကိုယ့်သမီးကို ငွေ့ခနဲရောက်သွားသည်။

ထိုအခါ လက်ကလေးတွေတုန်အောင်ကြောက်နေသည့် မိန်းကလေး ရဲ့အဖြစ်ကိုပါ နားလည်သွားခဲ့၏။ ဦးမောင်မောင်လွင်ကတော့ ဘယ်သူ့ကို မှ ဂရုစိုက်မိပုံမရှိပါ။

ပင်ပျို ရောက်စကတည်းက 'နေတတ်ရဲ့လား သမီး''နောက်တော့ အဆင်ပြေသွားမှာပါ'စသဖြင့် စကားအနည်းအကျဉ်းပဲပြောဖြစ်ခဲ့၏။

ထမင်းဝိုင်းမှာ စကားတစ်ခွန်းမှမပြောကြတာ ကင်းမောင်းမောင်နဲ့ ဦးမောင်မောင်လွင်တို့ပဲဖြစ်သည်။

"သမီးဘာဘာက ထမင်းစားချိန်ရယ်၊ ဆေးလိမ်းချိန်ရယ် လုံးဝလွဲလို့ မရဘူး၊ အဝင်းကို ကူတာလဲကူတာပေါ့၊ ဘာဘာကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ မမေကြီး... စိတ်ချပါ"

ဒေါ်ခင်သူဇာ ပြောနေတုန်း နှင်းမမက ကိုင်ထားသည့် ဇွန်းခက်ရင်း ကိုချလိုက်ကာ ပါးစပ်သုတ်၏။ အမိကက သူမ ပြောစရာရှိကြောင်းကို အားလုံး ဂရုစိုက်မိအောင်ပြတာပဲဖြစ်သည်။

"မမေလဲ သမီးကိစ္စရဲ့ အချိန်ပြည့်လုပ်မနေနဲ့နော်၊ သမီးက သူချစ် ကိုယ်ချစ် မိဘချစ်ကိုရှာထားတာ၊ ဘာမှ ပူပင်စရာမရှိတော့ဘူး၊ မမေ သားငယ်ကိုလဲ ဂရုစိုက်ဦး"

"သားငယ်က ဘာဖြစ်နေလို့လဲ သမီး"

"ဖြစ်မှာစိုးလို့လေ၊ မမေပဲ ဒေဝီခင်နဲ့စေ့စပ်ပေးချင်တယ်ဆို... ဒေဝီ က မောင်မောင့်ကိုအရမ်းခင်တာ၊ သမီးလဲ အဲဒီကောင်မလေးကို သဘော ကျတယ်"

"အင်းလေ...၊ မမေတို့ချင်းလဲပြောဆိုထားတာပဲဟာ၊ မမေ့သားရဲ့





သမီးအတွက် ဘာမှပူပင်စရာရှိလို့ တစ်ယောက်ပြီးရင် တစ်ယောက် အေးဆေးစီစဉ်သွားဖို့ အဆင်သင့်ပြင်ထားပြီးသား၊ သမီးက ဘာတွေပူနေ တာလဲ"

"မဟုတ်ပါဘူး၊ မောင်မောင့်ကိစ္စကို မမေ အေးဆေးနေမှာစိုးလို့ သတိပေးတာ၊ သမီးကတော့ ဖြစ်နိုင်ရင် မောင်မောင့်ကို အရင်လက်ထပ် ပေးစေချင်တာ"

"ဘယ်လို..."

"ဘာဖြစ်လို့မှန်းမသိဘူး၊ ရင်ထဲမှာ ပူလောင်နေတယ်"

သားအမိ အဓိပ္ပာယ်တွေ ဘယ်လိုသယ်ဆောင်ပို့ယူနေကြသလဲ ပင်ပျို ကတော့ မသိပေ။ သူမသိနေတာက လည်ချောင်းထဲမှာ ငါးရိုးစူး နေခြင်းပင်။

ဖွဲ့လို့မရတဲ့အသားတွေကိုထားပြီး ဖွဲ့လို့ပါလာသည့်ငါးကို ဝမ်းသာ အားရမျိုချလိုက်တာ ငါးရိုးစူးနေလေသည်။

ရေချိုင့်ဆိုတာကိုမြင်နေလျက်နှင့် လှမ်းမကိုင်ရဲ။ မမကြီးနဲ့မမေကြီး စကားပြောနေတာကို ကိုယ့်ဆီ အာရုံရောက်လာမှာစိုးပြီး တုတ်တုတ် မလှုပ်ဘဲနေလေ ငါးရိုးကြီးက ရင်ခုန်သံအလိုက် ကြီးထွားလေဖြစ်လာ သလား...၊

နာစမ်း... သေအောင်နာ...၊ မျက်နှာကိုလည်း မဲ့ရဲ...၊ ငရဲကြီးရှစ်ထပ် ၏ ကိုးထပ်မြောက်မှာ ငါးရိုးစူးခြင်းငရဲနှင့် ပင်ပျို အလူးအလိမ့်....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဘဘ ဆေးလိမ်းရအောင်နော်"

"ဆေးဘူးထားခဲ့ သမီး၊ ဘဘ တစ်အောင့်ကြာမှပဲလိမ်းလိုက်မယ်"

"မဟုတ်တာ ဘဘရယ်၊ ကိုယ့်ဘာသာလိမ်းတော့ ဘယ်နှမလဲ ပြီးတော့ ကိုယ့်အလုပ်နဲ့ကိုယ်ပင်ပန်းပြီး စိတ်မရှည်ဖြစ်မှာပေါ့၊ ကျွန်မ လိမ်းပေးပါ့မယ်"

"အင်း‥ ဟုတ်တော့ဟုတ်ပါတယ်"

"ဟုတ်ပါတယ် ဘဘရဲ့‥၊ ကျွန်မကို အားနာလို့လား၊ လိမ်းပေးတာကို မကြိုက်လို့လားဟင်‥"

"ဩော် မဟုတ်ပါဘူး"

"မမဝင်း လိမ်းပေးသလို အဆင်မပြေလို့လား၊ ဒါဆိုရင် ဘဘ ပြောလေ"

ဝင်လာကတည်းက ဆေးဘူးကို လက်ကမချဘဲ လိမ်းပေးပြီးမှ ပြန် ထွက်တတ်တဲ့ မိန်းကလေး‥‥၊

အဝင်း ဆိုရင်တောင် 'ဒီနေ့ ငါဘာသာလိမ်းမယ်၊ ထားခဲ့တော့' လို့ ပြောလိုက်တာနှင့် 'ဟုတ်ကဲ့' ဆိုတဲ့အသံက နောက်မှာကျန်ခဲ့လိမ့်မည်။





ဘာပဲဖြစ်ဖြစ် တစ်အိမ်လုံး သူ့တာဝန်နဲ့သူ အလုပ်ရှုပ်နေကြတာ ပင်။ အိမ်မှာ အလုပ်သမားကလည်း နည်းသည်။

အမြဲတမ်း သူ့ကိုပြုစုဖို့ကိစ္စအဝဝကို ဇနီးသည် ဒေါ်ခင်သူဇာကပဲ ယူခဲ့တာဖြစ်ကာ စားသောက်ဖို့၊ သန့်ရှင်းဖို့၊ ဆေးစား၊ ဆေးလိမ်း လုံး သူမတစ်ယောက်တည်းပဲ ဒိုင်ခံတာဝန်ကျ၏။

ခုကျတော့ သားကိစ္စ၊ သမီးကိစ္စနှင့် ခံမျာလည်း မနားရရှာပါ။

အလုပ်သမားမိန်းကလေးတွေနဲ့ ဒီလိုလက်ပွန်းတတီးပြုစုခံနေရတာ ဦးမောင်မောင်လွင် မနှစ်မြို့ပေ။ အထူးသဖြင့် ဒီမိန်းကလေးကျတော့ သားစုနဲ့ ပို၍စိမ်းသက်နေသေးသည်။

ထို့ပြင် ဆေးလိမ်းပေးပြီဆို သေချာနှိပ်နေတာက ရုပါပြီပြောလည်း

"ဘဘ"

"ဟင်"

သူ တွေးနေတုန်းမှာ ပင်ပျို က ခြေချထားသည့် သူ့ခြေထောက်ရှေ့ ကျုံ့ကျုံ့လေးထိုင်ချလိုက်ပြီး‥‥

"ကျွန်မက ဘဘတို့နဲ့ မရင်းနှီးတဲ့မိန်းကလေးတစ်ယောက်ဆိုပြီး ဘဘ တစ်မျိုးကြီးခံစားနေရတာမို့လား၊ ဟို‥ အားနာသလိုလို၊ အကိုင် ခံချင်သလိုလိုနဲ့လေ‥‥"

ဦးမောင်မောင်လွင် ပြုံးတော့မလို၊ မဲ့တော့မလိုနှင့် မဟုတ်ပါဘူးလို့ ည်း မပြောဖြစ်။

ပင်ပျို ဆိုသည့် မိန်းကလေးသည် ကျစ်ဆံမြီးရှည်ကြီးနှစ်ဖက်ကို ဘတ်ပေါ်မှာတင်ထားလျက် စံပယ်ပန်းကုံးလေးကို ဘယ်ဘက်နားနား ခေါက်တုတ်လေး ညှပ်ပန်ထား၏။

သူမခေါင်းမှာ ပန်းတစ်မျိုးမျိုးတော့ အမြဲရှိနေတတ်သည်ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို လူဝင်လာပြီဆိုတာနှင့် ပန်းနုလေးသင်းနေတတ်တာ
သတိထားမိနေပါပြီ။

ဆရာဝန်ကြီးတစ်ဦးအနေဖြင့် အစကတည်းက စည်းကမ်း
နေခဲ့တဲ့အကျင့်ကြောင့် ကိုယ့်ဘက်က သီးသန့်ဆန်ချင်နေသလော
သူမ တ စဝင်လာတဲ့နေ့ကတည်းက တရင်းတနှီးပါ။

ပြီးတော့ အိမ်မှာရှိသမျှလူအားလုံးကို ဒုက္ခပေးနေရသလိုကြီးခံ
မိနေသဖြင့် ရေပတ်တိုက်တာ၊ ဆေးလိမ်းတာတွေကျတော့ နေ့စဉ်ညအ
ကြီးခံနေရတာကို စိတ်မရှည်ချင်။

ပင်ပို့ ကတော့ လူမမာရဲ့မျက်နှာမှာ ဘာတွေခံစားမိနေတာ
ဖတ် ရှုနားလည်နေသည့်မျက်ဝန်းလေးတွေနှင့် မော့ကြည့်လျက်…

"ကျွန်မကို သစ္စာရှိကျွန်ယုံတစ်ယောက်လိုသဘောထားပါ၊ ဒ
မဟုတ် ဘဘရဲ့သားသမီးလို ရင်းနှီးခွင့်ပြုပါနော်၊ ဖေဖေ မဆုံး
နှစ်နှစ်လောက်မှာလဲ ကိုယ်တစ်ပိုင်းသေသွားခဲ့တာ၊ ဘဘထက် အ
ကြီးဆိုးပါတယ်"

ဝင်ဖို့ အကြောင်း အနည်းအကျဉ်းလောက်ပဲ သိထားသဖြင့် သေ
ပြောပြတော့ ဦးမောင်မောင်လွင် စိတ်ဝင်စားမိ၏။ သူမလေးသည်
ဖျော့ဖျော့မျက်ခုံးညိုလေးများနှင့် မျက်တောင်ရှည်တာ ကော့တာ
လည်းမရှိဘဲ မျက်ဝန်းညိုလေးများက ကာရံမဲ့ရှာ၏။

နှခေါင်းပြားတယ်လို့မဆိုသာသော်လည်း ပေါ်လွင်လှပသည့် နှ
မျိုးလည်းမဟုတ်၊ ဒါပေမယ့် သူမမျက်နှာမှာ လိုအပ်နေသမျှအားလုံးဟ
အပြုံးလေးတစ်ချက်ဖြစ်သွားတာနှင့် အားလုံးပြည့်စုံသွားနိုင်၏။

အဘယ်ကြောင့်ဆိုသော သူမ၏ပါးပြင်နှစ်ဖက်ပေါ်မှာ ပါးချိုင့်လေ
နှစ်ဖက်က ပါရမီထူးစွာ လှလှပပလေးရှိနေခဲ့ခြင်းကြောင့်ဖြစ်သည်
ဦးမောင်မောင်လွင် ဒီကောင်မလေးကို ခင်မင်စိတ်ဖြစ်ခဲ့ပါသည်





ဒါပေမယ့် ခုလိုကြီး ဗာဟီရကိစ္စတွေ လုပ်ကိုင်ပေးတဲ့အထိတော့ မကြိုက်ပေ။

"ကျွန်မက ဖေဖေ့ကိုပြုစုနေရသလိုသဘောထားတာပါ ဘဘရယ်၊
ဘဘလဲ သားသမီးလိုသဘောနဲ့ ပြုစုခွင့်ပေးပါ၊ ဖေဖေဆိုရင် ဒီလို
ဆေး ကောင်းဝါးကောင်းတွေနဲ့ မထိတွေ့ခဲ့ရပါဘူး၊ ဆင်းရဲတဲ့လူတွေ
ရောဂါဖြစ် ပြီဆိုရင် အနေးနဲ့အမြန် သေလှမ်းပါပဲ၊ ဘဘကိုပြုစုနေရတာ
ဖေဖေ့ကို ပြန်ရသလိုပဲ"

"သမီးအဖေက အသက်ဘယ်လောက်မှာဆုံးသွားတာလဲ"

"လေးဆယ့်နှစ်နှစ်ပါ"

"ငယ်ငယ်လေးရှိသေးတာပဲ၊ အင်း‥ ကံဖြတ်ရင် ဘယ်သူမှ
မကယ်နိုင်ကြပါဘူးကွယ်၊ ဆေးကုနိုင်တိုင်း အသက်ရှင်ခွင့်ရနေကြတာမှ
မဟုတ်တာ၊ အကြံကုန် ဉာဏ်ကုန် ကံကုန်ပါပဲ"

ပင်ပို့ မျက်ရည်တွေဝေ့လာတာကို စိတ်မကောင်းစွာကြည့်ရင်း ခေါင်း
လေးကိုပွတ်၍ နှစ်သိမ့်ပေးမိသည်။ ထိုနေ့မှစ၍ ပင်ပို့အပေါ်မှာ မရင်းနှီး
မနှစ်မြို့ခြင်းတွေလည်း ရင်ထဲမှာ မဖြစ်တော့ပေ။

"ဘဘ ပုဆိုး ဒီနားထိ ခဏတင်ထားပေးနော်၊ မရှက်ပါနဲ့ ဘဘရဲ့"
ဟု ဆိုကာ နေ့စဉ် ပြုစုခြင်းကင်းမဲ့စွာပြုစုရှာသည်။

"ဘဘ နှစ်နာရီခွဲဆေးသောက်ရမှာကို အတိအကျသောက်နော်၊
သုံးနာရီနဲ့ငါးနာရီကြားမှာ ကျောက်ကပ်က သူ့ရဲ့ဆန်ခါလေးတွေကို
ဆေး ကြောသန့်ရှင်းတယ်တဲ့၊ အဲဒီအချိန်မှာ ရေများများသောက်ရတယ်၊
သူ့ရဲ့ သန့်ရှင်းရေးအတွက် အထောက်အကူဖြစ်တာပေါ့၊ ဆေးနဲ့မျိုချတဲ့ရေ
မဟုတ်ဘဲ ရေသန့်လေးဝင်သွားရင် ပိုမကောင်းဘူးလား၊ ရော့ ဘဘ"

"သမီးက ဆေးပညာဗဟုသုတလဲ မဆိုးပါလား"

ဦးမောင်မောင်လွင် က ပင်ပို့ကို ချစ်စနိုးကြည့်၍ လက်ထဲရောက်
လာသည့်ရေခွက်ကို ကိုင်ထားလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး၊ ဘာစာအုပ်တွေဖတ်လဲ"

"စာကြီးပေကြီးတွေတော့ မဖတ်နိုင်ပါဘူး ဘဘရယ်၊ ဖေဖေ့ကျန်းမာရေးကြောင့် ဘာလုပ်ပေးရမှန်းမသိဖြစ်လာတော့ ပိုက်ဆံမှပေးရတဲ့နည်းလမ်းတွေရှာရင်း ဟိုမေး မေးနဲ့ပါ"

ဦးမောင်မောင်လွင် ခေါင်းညိတ်လိုက်ရင်း စိတ်မကောင်းဖြစ်သွားဖြစ်သွား၏။

"ဟိုမေး သည်မေး မေးလို့ သိရတာလဲ ဗဟုသုတပါပဲ၊ တချို့ဆိုရင် မသိပေမယ့် မေးရကောင်းမှန်းမသိဘူး၊ ပြောပြသင်ပြတာတောင် မှတ်သားတတ်တဲ့ဉာဉ်မရှိတာတွေ အမျိုးမျိုးပေါ့"

"ဟော… စကားတွေကောင်းကြလို့ပါလား၊ သမီးဘဘကို ရေပတ်တိုက်ပေးရအောင် အန်တီ့ကိုကူပါဦး"

"ကျွန်မပဲ တိုက်ပေးလိုက်တယ် မေမေကြီး၊ ဘဘ ခေါင်းသိပ်မကြည်ဘူးဆိုတာနဲ့လေ…၊ မေမေကြီးလဲ ဒီမနက် အလုပ်ရှုပ်နေမယ်လို့ ထင်တာနဲ့…"

ရေဇလုံငယ်လေးနှင့် ဒေါ်ခင်သူဇာ ခြေလှမ်းတုံ့သွား၏။ ပြီးတော့ ကျေနပ်စွာ ပြုံး၏။

"ကျေးဇူးပဲ သမီးရယ်၊ သမီးလေးနဲ့မှပဲ အဆင်ပြေတော့တယ်၊ သမီးဘအက သူ့ကို လူမမာလိုထားတာလဲမကြိုက်ဘူး၊ သေးသေးမွှားမွှားလေးတွေပြုစုပေးရင်လဲ မကြိုက်၊ အန်တီ့မှာ ဘယ်သွားသွား သူ့ကို စိတ်မချနိုင်ဘူးလေ"

ရေဇလုံကို အိပ်ရာခြေရင်းက စားပွဲပုလေးမှာတင်လိုက်ပြီး ဦးမောင်မောင်လွင် လဲချထားသည့် ပုဆိုးနဲ့အင်္ကျီကိုကောက်ယူလိုက်သည်။ လက်မောင်းပေါ်မှာတင်၍ ခုတင်ဆောင်းမှာတင်ပါးလွှဲဝင်ထိုင်ပြီး…

"ဒီနေ့ မျက်နှာကြည်လို့ပါလား၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား





အစ်ကို"

"ပြေပါတယ် ခင်ရယ်၊ မင်း သမီးမင်္ဂလာကိစ္စကိုပဲ ပြည့်စုံအောင် လုပ်ပေးစမ်းပါ၊ မင်းတစ်ယောက်တည်း ပြေးလွှားနေရတာ ငါ တစ်နေ့မှ စိတ်မချမ်းသာဘူး"

"ဖြစ်ရလေ အစ်ကိုရယ်၊ သားသမီးကိစ္စက သာရေးပါ၊ ခင်က အစ်ကို့ကိုပစ်ထားရသလိုကြီးဖြစ်နေတာကိုပဲ စိတ်မကောင်းတာ၊ လူနာကို ဆရာဝန်က ကုနိုင်ပေမယ့် ဆရာဝန် လူနာပြန်ဖြစ်တော့ ကုရခက်တယ်တဲ့၊ ပြီးတော့ အစ်ကိုက တစ်ခါတစ်ခါ သိပ်ခေါင်းမာတာ"

ကိုယ့်ယောကျ်ားအကြောင်း ကိုယ်သာအသိဆုံးမို့ ဒီစကားတွေမှာ အပိုမပါပါ။ ဦးမောင်မောင်လွင်ကလည်း ဇနီးသည် စိတ်မှတတ်မှန်း သိသည်၊ ထို့ကြောင့် သူမ မအားလပ်တိုင်း အိမ်ကကောင်မလေးတွေကို ဟိုမှာ သည်မှာ…၊

အပြင်ကိုပြေးလိုက်၊ အထဲမှာပြန်ကြည့်လိုက်၊ ရှုပ်ယှက်ခတ်နေရတာကို စိတ်မချမ်းသာပါ။ ပင်ပျို ကတော့ ဦးမောင်မောင်လွင်ကို လေးစားကြည်ညိုမိသလို ဒေါ်ခင်သူဇာလို ဝတ္တရားကျေပွန်၍ မိခင်ကောင်းပီသသော အမျိုးသမီးကြီးကို ကိုယ့်မိခင်လိုသဘောထား၍ ချစ်ခင်နေမိသည်။

ထို့ပြင် မိဘနှစ်ပါးသာ ပညာတတ်တွေဖြစ်ရုံမကဘဲ သားသမီးနှစ်ယောက်ကလည်း ဆရာဝန်တွေဖြစ်ကြဦးမည်။

အားလုံး စိတ်သဘောထားပြည့်ဝကြလျက် မမကြီးကတော့ နဂိုစိတ်ရင်းကိုက ဒီတိုင်းပဲ နေတတ်ပြောတတ်တာဖြစ်မည်။

သူမကတော့ အားလုံးကို ခင်တွယ်နေပါပြီ။

"သမီး"

"ရှင်…မေမေကြီး"

ပင်ပျို မေမေကြီးလို့ခေါ်လိုက်တိုင်း ဒေါ်ခင်သူဇာ မျက်နှာပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တာကို ဦးမောင်မောင်လွင် ကလည်း ရိပ်မိသည်။ တစ်အိမ်သားလုံး ဒီကောင်မလေးကို ကျေနပ်ကြည်ဖြူကြပါလျက်နှင့် သမီးကြီးက ဘာကို အလိုမကျဖြစ်နေသည့်မသိ။

ရှေ့တင်မှာ မကြည်ဖြူသည့်အမူအရာနှင့်နေတာကိုလည်းမြင်သည်။ ကွယ်ရာမှာလည်း သားအမိနှစ်ယောက် ပြောနေကြတာကို ကြားမိခဲ့၏။

ပင်ဖျို့ရှေ့မှာဆို သမီးကြီးမျက်နှာ ဘယ်သောအခါမှ ပြုံးပြုံးရယ်ရယ်မရှိ။

"သမီးအတွက် ဝတ်စုံလေး အန်တီ ချုပ်ထားတယ် သိလား"

"ရှင်..."

ဒေါ်ခင်သူဇာ က ကြမ်းပေါ်မှာ ဒူးတုပ်လေးထိုင်၍ ဆေးပုလင်းတွေ သိမ်းနေသည့် ပင်ဖျို့ကို ငုံ့မိုးကြည့်ရင်း...

"သမီးကြီးနှင်းရဲ့ မင်္ဂလာပွဲမှာဝတ်ဖို့လေ..၊ ဟိုတယ်လ်မှာကျတော့ အိမ်မှာလူနည်းနေတော့ သမီး လိုက်လို့မရဘူး၊ ညဘက် ခြံထဲမှာ ညစာစားပွဲလုပ်မယ်၊ အဲဒီမှာဝတ်ဖို့..."

"ဟင့်အင်း.. ကျွန်မ ညစာစားပွဲထဲကို မဝင်ရဲပါဘူး၊ ဘာမှမချုပ်ပါနဲ့ မမကြီးရယ်၊ တကယ်ပါ၊ ပန်းကန်ဆေးတဲ့နေရာမှာပဲ..."

"အို.. မဟုတ်တာ သမီးရယ်"

"မဟုတ်ဘူး သမီး၊ သမီးအန်တီပြောတာကို နားထောင်လိုက်၊ ဒါ ကိုယ့်မိသားစုထဲမှာပြုတဲ့မင်္ဂလာ၊ မိသားစုဝင်တိုင်း တက်ရမှာပဲ၊ သမီးလဲ ဘာအတွက်မိသားစုဝင်မဟုတ်လား"

"ဟင့်အင်း"

မမကြီးက အဲဒီလိုသဘောထားမှာမဟုတ်ပါဘူး၊ ဒီပွဲက မမကြီးရဲ့ပွဲဖြစ်နေသည့်အတွက် ပင်ဖျို့ ခေါင်းခါနေခြင်းက သံပတ်ပေးထားသလို မရပ်နိုင်တော့ပေ။





ဒေါ်ခင်သူဇာ က ပြုံးကာ ပင်ဖျို့ခေါင်းလေးကို ခပ်ဖွဖွလှမ်းပုတ်၍...

"သမီးကိုယ်လုံးလေးက ငါးရံ့ကိုယ်လုံးလေးဆိုတော့ သမီးကြီးရဲ့ ကိုယ်တိုင်းထက် နည်းနည်းလျှော့ပြီးအပ်ထားတယ်၊ သမီးနဲ့လိုက်ဖက်မယ့် အဖြူရောင်လေးလေ"

"မမကြီး ကျွန်မ..."

"သမီးက ပန်းပန်တတ်တော့ ကပ်ပန်းအဖြူလေးတွေလဲ မှာထားသေးတယ်၊ အန်တီက ပြန်မကြည့်နိုင်ပေမယ့် သမီးအတွက် ခေါင်းထဲမှာ ထည့်ထားတာပါ"

"မထားပါနဲ့..၊ ကျွန်မကို လုံးဝကို ဂရုမစိုက်ပါနဲ့...။

ပင်ဖျို့ ရင်ထဲမှာ ချောက်ချားနေမိသည်။ ပါးစပ်ကနေ ဘာမှပြော မထွက်ဘဲ ဒေါ်ခင်သူဇာ ပြောတိုင်း ခေါင်းခါနေမိကာ လည်ချောင်းထဲမှာလည်း ခြောက်သွေ့လာ၏။

"မေမေ"

ခေါ်သံကြောင့် စိတ်ထဲကအတွေးနှင့်တိုက်ဆိုင်ကာ ပင်ဖျို့ ကိုယ်လေး ဆတ်ခနဲတုန်သွား၏။ တံခါးဝမှာ နှင်းမမက မျက်နှာတည်လေးနှင့် ရပ်လျက်...

"မေမေ အပ်ချုပ်ဆိုင်မှာ ဘာအပ်ထားတာလဲ၊ ဖုန်းလာနေတယ်"

"ဟော.. ပြောရင်းဆိုရင်း အင်္ကျီတွေပြီးပြီထင်တယ်"

ဒေါ်ခင်သူဇာက ဦးမောင်မောင်လွင်ရဲ့အင်္ကျီတွေကိုပိုက်ထားရင်း ထ,ရပ်လိုက်၏။

"ကျွန်မကိုပေး မေမေကြီး၊ ခုပဲ သွားလျှော်လိုက်မယ်"

ဦးမောင်မောင်လွင် အင်္ကျီတွေနဲ့ ကင်းမောင်မောင်ရဲ့ကုတ်အင်္ကျီတွေကို သီးခြားလျှော်ရတာမို့ ပင်ဖျို့ က ဒေါ်ခင်သူဇာ့လက်ထဲကနေ ပျာပျာ



www.burmeseclassic.com

www.burmeseclassic.com



သလဲ ထယူလိုက်၏။

"မေမေက ဘယ်သူ့အတွက်အပ်ထားတာလဲ"

နှင်းမမ အခန်းထဲကို တစ်လှမ်းချင်းဝင်လာတော့ ပင်ပျို ခေါင်းငုံ့ထားတာ ဖက်ကျိုးမတတ်ပင်။

"ပင်ပျိုအတွက်လေ..၊ ပိုးချိတ်လေးချုပ်ပေးထားတာ၊ ယူသွား သမီး"

ဒေါ်ခင်သူဇာက သမီးကြီးကို ပင်ပျို ကြောက်နေမှန်းသိနေသည်မို့ ထွက်သွားခွင့်ပြုလိုက်ရင်း...

"သူ့ခမျာ အဝတ်အစားသစ်သစ်လွင်လွင် ဘာမှမရှိဘူးလေ၊ ကိုယ့်ခြံ ထဲမှာ မင်္ဂလာပွဲလုပ်တာဆိုတော့ ဝတ်ချင်ရှာမှာပေါ့"

"မေမေ ဝယ်ပေးလဲ သူ ဝတ်ရဲမှာမဟုတ်ပါဘူး၊ လူကိုကြည့်ပါလား၊ ပွဲတိုးမယ့်ပုံမှမဟုတ်တာ"

"သမီး သူများကို အဲဒီလို ချိုးချိုးဖွဲ့ဖွဲ့မပြောရဘူးလေ"

လက်ပိုက်ပြောနေရင်း ဦးမောင်မောင်လွင် က ဝင်ဟန့်လိုက်တော့ နှင်းမမ လက်ပိုက်လေးဖြေချကာ ကိုယ်ကို ခပ်ရှိရှိပြင်လိုက်၏။

"မဟုတ်ပါဘူး ဖေဖေ၊ အဲဒီကောင်မလေးကိုမြင်လိုက်ရရင် ကုတုန်ကယင်နဲ့..၊ လူမမြင်ဖူးတဲ့သူကို မြို့လယ်ကောင်ခေါ်ထုတ်လာတာနဲ့ တူနေလို့ပါ"

"ဒါကလဲ တောမှာကြီးပြင်းခဲ့တဲ့သူဆိုတော့ မြို့ပြနေထိုင်မှုမှာ ဖြန်းခနဲ အံမဝင်နိုင်တာပါ"

"တစ်ခုခုပြောလိုက်ရင် အူတူတူနဲ့..၊ ခိုင်းလိုက်ရင်လဲ တစ်ခါတည်းနဲ့ အဆင်ပြေတာမရှိဘူး"

"ဖေဖေတို့ရွာမှာတော့ မိန်းကလေးတ ကျိုးနွံရှာပါတယ်၊ တစ်ခုရှိတယ် သမီးရဲ့..၊ ကြောက်လွန်းတဲ့သူ နှစ်ခါသေတယ်ဆိုတာမျိုး..၊ မှားမှာကို မမှားသေးဘဲ ကြိုတင်ပြီးစိုးရိမ်နေတဲ့သူဟာ မှားကိုမှားတယ်၊





မှားလေ ပြင်လေ မှားလေပဲ"

"ဟုတ်တယ် သမီးရဲ့..၊ မေမေ ကြည့်ရတာ ပင်ပျို က သမီးရှေ့မှာဆို ပိုမှားနေတတ်တယ်"

"မေမေကလဲ နှင်းကိုကျမှ သူက ပိုကြောက်နေတယ်လို့ ပြောချင်တာလား"

"ဟုတ်တယ်ထင်တာပဲ"

ဒေါ်ခင်သူဇာ က ပြုံး၍ သမီးဖြစ်သူ ပခုံးလေးကို ဖက်ထားလိုက်ကာ...

"မေမေက အပြစ်တင်တာမဟုတ်ပါဘူး သမီးလဲ အိမ်ထောင်ကျရင် ကိုယ့်အိမ်သာနဲ့ အဆင်ပြေတဲ့အရပ်ကိုသွားရတော့မှာ၊ လူဖြစ်ရတဲ့ဘဝ အမိပွာယ်တွေမှာ စပြီးရင်ဆိုင်ယှဉ်ပြိုင်ရတော့မယ်၊ အားလုံးကို တင်းကျပ်မထားဘဲ ပြေပြေပြစ်ပြစ် လျှော့ထားကြည့်လိုက်ပါ"

နှင်းမမ မျက်နှာလေးမကောင်းပေမယ့် ဘာမှပြန်မပြောတော့ပါ။ မေမေ ပြောနေတဲ့ လောကကြီးအကြောင်းထဲမှာ ကြိုးချင်းထားကြိုးချင်း ငြိတာတွေ၊ အိုးချင်းယားလို့ အိုးချင်းထိတာတွေ မပါဘူးလား...။

ဒါတွေကို တွေးမှုနေမိလို့ ဒီကောင်မလေးကို နှင်း မကြည့်ဖြစ်နိုင်တာ၊ ပိုဆိုးနေတာက မကြာခင် ကိုယ်က အဝေးကို ထွက်သွားရတော့မည်။

လက်ထပ်ခဲ့တဲ့ယောကျ်ားက သင်္ဘောကပ္ပတိန်ဖြစ်နေသည်။ သူ့ဘက်က မိဘဆွေမျိုးအားလုံးက စင်ကာပူမှာနေကြတာဖြစ်၏။

ဘယ်လိုနည်းနဲ့တွေးတွေး သူမ အိမ်မှာပြန်ကပ်ချိန်မရှိသလောက်ဖြစ်လာမှာကိုတွေးမိနေ၏။ ဖေဖေနဲ့မေမေက သဘောကောင်းလွန်းသူတွေ။ မောင်လေးက မာနကြီးတတ်တဲ့သူပေမယ့် မိန်းမဆိုလျှင် ဒီအမေ ဒီအစ်မကလွဲ၍ သူစိမ်း ဘယ်မိန်းမနှင့်မှ ခေါ်ပြောရင်းနှီးမှုးတာမဟုတ်။

"အဲဒီလိုလူတွေ အထိနာတတ်တယ် နှင်းရေ..၊ သတိထား"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲကပူနေတာတွေကို သူငယ်ချင်းတစ်ယောက်ကိုဖွင့်ပြောမိတော့ ပြန်ပြီးသတိပေးလာသည့်စကားက အေးရာအေးကြောင်းမပါ။

"လူလည်ပွေးတွေက နပ်နေပြီလေ၊ နှင့်မောင်ပုံစံမျိုးဆို သေချာတယ်၊ တစ်ယောက်နဲ့ငြိတာနဲ့ အဲဒီတစ်ယောက်ကို တမ်းတမ်းစွဲ ဖြစ်မှာ..."

တဲ့။

"ဟဲ့.. ဒါဆိုလဲ နှင့်မောင်ကို တစ်ယောက်ယောက်နဲ့ဖေစပ်ပေးထားလိုက်ပါလား။ ကောင်မလေးက ရုပ်လေးကချစ်စရာလေးဟ၊ ဆံပင်တွေကို အရှည်ကြီးပဲ၊ ကြာရင် နှင့်မောင် ငြီမှာပဲ၊ အဲ့တော့ကို ဒီတိုင်းဖွင့်ပြောပြီး အမြန်ဆုံးအစီအစဉ်စ,လိုက်တော့.."

အကြံဉာဏ်တွေပေးကြတာကို တန်းစီပြောပြတော့လည်း မေမေက ခေါင်းခါနေခဲ့၏။

"သားကြီးက မာနရှိပါတယ်၊ မေမေ ယုံကြည်တာ သူ့ရဲ့ဂုဏ်သိက္ခာပဲ၊ ပင်ပို့ရဲ့စရိုက်ကလဲ ဒီတိုင်းပြောင်းလဲသွားမှာမဟုတ်ဘူး၊ မေမေကတော့ သမီး စိုးရိမ်သလိုဖြစ်မလာနိုင်ဘူးလို့ ယုံကြည်ထားတယ်" ဟု ငြင်းခဲ့ပြီးပြီ။

ထို့ကြောင့် ပင်ပို့နှင့်ပတ်သက်၍ သူ့ဘက်မှာ အကွက်ရွှေ့ဖို့မဖြစ်နိုင်တော့ပေ။

"သမီး"

"ရှင်"

မျက်လွှာချ၍ငြိမ်ကျသွားသည့် သမီးရဲ့ပခုံးလေးကိုလှုပ်လိုက်ပြီးမှ ဖိဆုပ်ထားကာ..

"သမီးမောင်လေးအတွက် မေမေ့မှာလဲ အစီအစဉ်တွေရှိပြီးသားပါ၊ သမီး စိတ်ပူတာကို မေမေ နားလည်တယ်၊ ဒါပေမယ့် ကိုယ့်ဘက်က





အကွယ်တာပဲဖြစ်သင့်တယ်လေ၊ သူများကို ဒါကြောင့် ထိခိုက်နစ်နာစေသမကောင်းဘူး၊ တောရှင်းချင်လို့ မီးရှို့တာမျိုးပေါ့၊ သတ္တဝါတွေ သေမယ်၊ သွေးငုတ်တိုတွေနဲ့ လှလှပပလဲကျန်မှာမဟုတ်ဘူး"

"နှင်း သိပါတယ် မေမေ၊ ဒါပေမယ့် မေမေ သူ့ကို နေရာတကာ ထုတ်သင့်ဘူးလို့ နှင်း ထင်တယ်၊ တော်ကြာ..."

"အဲဒါကိုလဲ မေမေ စိတ်ထဲမှာထားပါတယ်၊ ဒီပွဲကတော့ ဒီတိုင်းပဲ ခြဲသင့်လို့လေ"

သားအမိနှစ်ယောက်ကိုကြည့်၍ ဦးမောင်မောင်လွင် ပင့်သက်ရှိုက်သည်။ ကောင်မလေးကတော့ ဘာမှသိရှာမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘယ်လို.. ဘယ်လို...၊ သတို့သမီးကိုင်ဖို့ပန်း မလာနိုင်တော့ဘူး ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီကိုအလာမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး လူလဲ ဒဏ်ရာရသွားတယ်၊ ပန်းလဲပျက်စီးသွားပါတယ်"

"အို.. မင်္ဂလာမရှိလိုက်တာ"

နှင်းမမ၏ ပြင်ဆင်ခန်းထဲမှာ အသံမထွက်စေဖူး ဒေါ်ခင်သူဇာအသံက စူးစူးရှရှထွက်ပေါ်လာ၏။ တစ်ဖက်က ပြန်ဖြေသံကို မသဲကွဲသည့် အနီးအနားမှာရှိသမျှလူတွေ အခန်းထဲကို စုပြုံဝင်သွားကြ၏။

"ဘာဖြစ်တာလဲ အန်တီ"

"ဘာဖြစ်လို့လဲ မမခင်"

မိတ်ဆွေတွေရော၊ မိတ်ကပ်ဆရာမတွေပါ အဖြစ်အပျက်ကြောင့် ပျာယာခတ်ကုန်ကြ၏။

"တော်သလို ရော်သလို ကြည့်လုပ်တာပေါ့ မေမေရယ်၊ မနက်က ကျကျနန ဆောင်ပြီးပြီဥစ္စာ"





"သမီးရယ် မေမေ့အတွက်ကတော့ ကိုယ့်အိမ်မှာ တခမ်းတနားကျင်းပခြင်းကိုပဲ ပီတိဖြစ်ချင်တာ၊ အသိုက်အမြုံကနေခွာတော့မယ်ဆိုတဲ့ မေမေ့သမီးလေးရဲ့နှုတ်ဆက်မင်္ဂလာကို ဝမ်းပမ်းတသာပီတိတွေနဲ့ မေမေက ကျေကျေနပ်နပ်ကြီးပြုံးပြီး ဂုဏ်ပြုချင်လို့..."

"မေမေကလဲ့ ဒီနေရာကျမှ ကလေးဆန်နေပြန်ပြီ"

လူတွေရဲ့ဘေးမှာရောက်နေသည့် ကင်းမောင်မောင်က ဘာမှလည်း အကြံဉာဏ်မပေးတတ်ဘဲ စိတ်ညစ်သည့်မျက်နှာနှင့်ဝင်ပြော၏။

အားလုံး စိတ်တွေညစ်ညူးသွားကြစဉ်မှာ ပိုဆိုးတာက မင်္ဂလာပွဲချိန်ရောက်နေပြီဖြစ်ကြောင်း ပျာယီးပျာယာပြေးလာပြီး သတိပေးနေခြင်းပင်။

"မေမေကြီး"

"ဟင်.."

စိတ်ညစ်နေတာနှင့် ကယောင်ကတမ်းထူးလိုက်မိခြင်းဖြစ်ကာ ရှက်လုံးကလည်းရောက်သွား၏။ အဝင်နဲ့အတူ တံခါးဝမှာ လက်ကိုင်ပန်းခြင်းလေးကိုကိုင်၍ ရပ်နေသူက ဒင်ပျို...၊

"ပင်ပျို.. သ..သမီး အဲဒါက..."

မှန်ရှေ့မှာ ပြန်ထိုင်ချပြီး စိတ်ညစ်နေသည့် နှင်းမမကိုယ်လေး မတ်နေဖြစ်သွား၏။ ဒေါ်ခင်သူဇာကတော့ လက်ညှိုးမရဲတရဲထိုးလျက် ပင်ပျို့ဆီကို လှမ်းသွားနေပြီဖြစ်၏။

ဝိုင်းငေးနေကြသည့်လူတွေကို လုံးဝမကြည့်ရဲဘဲ ပင်ပျိုက ရှေ့တိုးဝင်လာကာ...

"ဒါလေ.. ခြံထဲက နှင်းပန်းဖူးလေးတွေကိုခူးပြီး ဖက်နဲ့ထုပ်ပြီး ရေထဲထည့်ထားခဲ့တာ၊ ပွင့်လာခါစ လတ်လတ်ဆတ်ဆတ်တွေဆိုတော့ မွှေးမွှေးလှပ်နေတာပဲ၊ လှ.. လှပါတယ်နော်"

နှင်းပန်းတွေကို ဘယ်လိုသီကုံးပြီး ဘာပေါ်မှာကပ်တင်ထားမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ပြီးတော့ ခရစ်စတယ်လုံးလေးတွေ တဖျပ်ဖျပ်လက်နေသည့် ကင်ပန်းအဖြူလေးတွေက ဖွန်ပန်းတွေကြားထဲမှာမြုပ်လျက် ပြုံးပြက်လက်နေတာလေးကပဲ ပေါ်၏။

ထို့ပြင် စံပယ်ပွင့်ကြီးတွေကို ရွက်စိမ်းလေးတွေပါအောင်ထိုးစိုက်ထားသဖြင့် ဖွေးဖွေးလှုပ်နေသည့်ပန်းအုံလေးက လှချင်တိုင်းလှနေတော့သည်။

အောက်ဖျားမှာတွဲလွဲကျနေသည်က တကယ့်သဇင်ပန်းခက်တွေ..

"ပြောပါဦး သမီးရယ်၊ ဒီမှာ ဒုက္ခရောက်နေတုန်း ဒါက တိုက်တိုက်ဆိုင်ဆိုင် သမီး.. သမီး..."

"နေ့လယ်ကတည်းက ကျွန်မ ဒါကို အလှဆင်နေတာပါ၊ ဒါက မမေကြီး ကျွန်မ ပန်ဖို့ပေးထားတဲ့ ကပ်ပန်းလေးတွေလေ"

"အင်း.. ဟုတ်တယ်"

"ဒါက မမေကြီး မပန်တော့ဘူးဆိုပြီး အထုပ်လိုက်ဘေးဖယ်ထားလိုက်တဲ့သဇင်ပန်းတွေ၊ ကျွန်မ သုံးလို့ရလားဟင်လို့ မမေကြီးကိုမေးပြီးမှ ယူထားလိုက်တာပါ"

"ဟုတ်တယ်၊ ဒါ အစောကြီးကတည်းက သမီးတောင်းသွားတာ သမီး ဒါတွေတတ်နေတာကို အရမ်းကို အံ့သြလို့ပါ၊ ပြီးတော့ ဒီမှာ ပြဿနာဖြစ်နေမှ တိုက်ဆိုင်လိုက်တာ"

ပင်ပျိုကိုယ်တိုင် ခုလို ကူညီပါဝင်ခွင့်ရလိုက်တာကို ကြည်နူးဝမ်းသာနေသည့်ပုံပါ။ ပန်းစည်းကိုကိုင်ထားရင် လက်လေးတွေတုန်နေရှာ၏။

"ဒါ ဘယ်သူမှမရည်ရွယ်တဲ့တိုက်ဆိုင်မှုပါ၊ တကယ်ပါ မမေကြီးရယ်"

"ယုံတယ်လေ၊ ဒီလိုဖြစ်မှာကို ဘယ်သူက ကြိုသိမှာလဲ၊ ပေးပါဦး.. လှလိုက်တာကွယ်၊ မွှေးလဲမွှေး လှလဲလှ၊ ဖွေးဖွေးကိုလှုပ်နေတာပဲ လက် ကိုင်ပန်းနဲ့လဲ တစ်ထပ်တည်းတူတာ"





ဒေါ်ခင်သူဇာ က ပန်းစည်းကိုယူကြည့်သည်။ လက်ကိုင်ပန်းတွေပုံစံအတိုင်း နောက်မှာ သေချာခိုင်ခံ့အောင်လုပ်ထားတာဖြစ်သည်။

နှင်းမမ ကိုယ်တိုင် ထလာပြီးကြည့်တော့ အားလုံး ဝိုင်းကြည့်ကြပြီး ချီးမွမ်းလို့မဆုံး။

"မမကြီး လက်ကိုင်ပန်းအရောင်ရွေးတော့ အဖြူနဲ့အစိမ်းလေးပဲ ဖောက်ပေးပါလို့မှာနေတာကို ကျွန်မ ကြားလိုက်တာ၊ အဲဒါနဲ့ မျက်လုံးထဲမှာ ဖွန်ပန်းရုံကြီးအဖူးတွေဝေနေတာကိုပေးမြင်ပြီး စိတ်ကူးတွေ ဟိုရက်ကတည်းက ဖြစ်နေခဲ့တာပါ၊ ဒါ မမကြီးကိုပေးဖို့မဟုတ်ပါဘူး၊ လူမြင်မခံရဘဲ ကိုယ့်ဘာသာစိတ်ကူးယဉ်ပြီး သေချာထိုင်လုပ်နေခဲ့တာ၊ ဟို... စိတ်ကူးထဲမှာတော့ မမကြီး ကိုင်ထားတာကိုမြင်နေတာပေါ့"

နှင်းမမမျက်နှာ အပြုံးရိပ်တွေဖြစ်လာ၏

ပြီးတော့ ပန်းစည်းကို ငုံ့နမ်းလိုက်ပြီ ပင်ပျိုး ဘေးကိုလျှောက်လာသည်။

"နှင် စိတ်ကူးတော်တော်ကောင်းတာပဲ ပင်ပျိုး ချီးကျူးပါတယ်၊ ကျေးဇူးလဲတင်တယ်"

"မမကြီး.. မမကြီး ဟို.. ဒါကို ကိုင်မှာလားဟင်..၊ မမကြီး ကြိုက်တယ်ပေါ့"

"အင်း.. အရမ်းလှတာပဲ၊ ကျေးဇူးတင်တယ်"

"ကဲကဲ ပွဲထွက်ရအောင်၊ အားလုံး အဆင်ပြေသွားပြီ"

လူတွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။ ကင်းမောင်မောင်၏ စူးစိုက်ကြည့်နေသောမျက်လုံးများနှင့်ဆုံမိစဉ် ပင်ပျို ထိတ်ခနဲလန့်ဖျပ်သွား၏။

သို့သော် ကျေးကျေနေအောင် မျက်မှောင်ကြုတ်ထားသည့် ကင်းမောင်မောင်၏မျက်ခုံးတန်းနှစ်ဖက် ပြေကျသွားတာကိုမြင်လိုက်သဖြင့် မပြုံးပေမယ့် ပြုံးပြတယ်လို့ပဲ သတ်မှတ်ကာ ပင်ပျို သက်ပြင်းလေးချမိ၏။

www.burmeseclassic.com



ငါ့ကို ဘာလို့ကြည့်နေတာလဲ၊ လူချွင်ကျယ်ဝင်လုပ်တယ်ဆိုပြီးတွေ့
လား…၊ ပန်းမှာ တစ်ခုခုလိုနေလို့လား…၊

အခန်းဖြင်လိုက်ထွက်ဖို့ဟာလည်း သတို့သား ရောက်လာက
မမကြီးနဲ့ လက်ချင်းချိတ်၊ ဗီဒီယိုတွေရိုက်နှင့် အခန်းဝမှာပဲ စုပြုံတိုးဝှေ့
ကြသဖြင့် ပင်ဖျို ဒုက္ခရောက်နေ၏။

"ပင်ဖျို"

"အမလေး"

အနားမှာ ကိုကိုလေး ရောက်လာတာလည်း မသိလိုက်ဘဲ ပန်းနှမ်
ဖက် ဆတ်ခနဲကျွံသွားကာ မျက်လုံးလေးတွေ ပုစွန်ဆိတ်ထက် ပိုပြူး
သွားသည်ထင်၏။

"ကိုကိုလေး"

"မင်းပညာ မဆိုးပါလား ပြင်သင်တန်းတွေ ဘာတွေ
တက်ဖူးထားသလိုပဲ"

"ဟို… ဟိုလေ… အဲဒါ မမကြီးကျေးဇူးပါ၊ သိုးမွေးထိုးတဲ့
လက်မှုပညာသင်ပေးတော့ ချိတ်တာ သီတာတွေ အရောင်ထည့်တာတွေ
ကို ဆရာမက အနုစိတ်သင်ထားတာလေ"

"ဪ… ဒါလဲ ဝါသနာတကယ်ပါမှ တော်နိုင်တာပေါ့"

"မမကြီးပေးတဲ့ သစင်ပန်းတွေကြောင့်လဲ ပိုလှသွားတာပါ"

"မဆိုင်ဘူးလေ၊ မမက မင်းကို ပန်းစည်းထိုးဖို့ပေးတာမှမဟုတ်
တာ၊ မင်း တော်ပါတယ်၊ ကိုယ်တတ်လို့ တော်တယ်ပြောတာကို ဘာဖြစ်
လို့မခံယူရတာလဲ"

"ဟင့်အင်း… ကျွန်မ… ကျွန်မ အဲဒီလိုပြောနေတာကို မလိုချင်ဘူး၊
ကိုကိုလေး ကျွန်မ သွားတော့မယ်နော်"

ပြောပြီးပြေးသည့် ခြေထောက်တွေရှေ့မှာ ကင်းမောင်မောင်က





…ဆီးလိုက်တော့မလို ဟန်ပြင်လိုက်သည်နှင့် ပင်ဖျို ရှေ့ဆက်မလှမ်းရဲ

"ဟို…"

"မင်းကိုယ်မင်းရော ဘာမှမပြင်ဆင်ဘူးလား၊ ချွေးတလုံးလုံးနဲ့…"

"ဟင်… ကျွန်မ…"

ပင်ဖျို ဆိုသည့်မိန်းကလေးသည် သူမကိုယ်သူမ လှပဖို့လည်း ဘယ်
…န်းကမှ လုံးပမ်းကြိုးစားခဲ့တာမမြင်၊ ဒီအိမ်မှာ သူရှိပေမယ့်လည်း
…ဘက်ချားလူဖျိုတစ်ယောက်ရယ်လို့ မရိုးမသားရှက်ကြောက်သည့်
…က်လုံးနှင့် တစ်ချက်လေးမှကြည့်ခဲ့တာမရှိ။

လက်တုန်ခြေတုန်အောင်ကြောက်တတ်လွန်းသည့်အကျင့်ထတော့
…သက်အရွယ်သာမကာယ်လျှင် ရှေ့မှာတင် ရှူးရှူးပါချနိုင်လောက်သည်။

သူမ ပုံစံမှာ မရိုးသားတာ ဘာဆိုဘာမှ ရှိမနေပါ။

သူ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားစဉ် အဝင်း ဟျာတာတာနှင့်ပြေးဝင်
…လာ၏။

"ပင်ဖျိုရယ် နင်က ဒီမှာ… အယ်…"

ပင်ဖျိုဘေးမှာ သူ့ကိုမြင်လိုက်သည်နှင့် ခြေလှမ်းရော အသံပါရပ်
…န့်သွားခဲ့၏။

ကင်းမောင်မောင်က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ရင်း
…ဒိုနေရာမှထွက်ခွာသွားလေသည်။

"ပင်ဖျို နင်… နင့်ကို ကိုကိုလေး ဆူနေတာလားဟင်…"

"ဆူမလို့ထင်တာပဲ၊ ကျွန်မက ချွေးတွေသံတွေနဲ့ဖြစ်နေတော့ ညီနံ
…မှာ သူများတွေ စားသောက်ဖို့ပြင်ရမှာ ဒီပုံစံနဲ့ဖြစ်မလား ဘာညာ…"

"ဟုတ်ရဲ့လား ပင်ဖျိုရယ်၊ ကိုကိုလေးမျက်နှာက ဆူတာနဲ့လဲမတူပါ
…ဘူး…၊ ပြီးတော့ နင့်ကို အခု အားလုံးက ကျေးဇူးတင်နေကြတဲ့ပုံ…"



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖျို ဒါတွေကို မလိုချင်ပါ၊ ဒီလိုဖြစ်ချင်လို့ ကြိုးစားပန့်တီးခဲ့
မဟုတ်၊ အားလုံးဟာ တိုက်ဆိုင်ပြီး အံ့ဝင်ခွင်ကျဖြစ်သွားတာပါ။

စိတ်ထဲမှာ ကိုယ်ကြိုးစားသီကုံးထားတဲ့ပန်းစည်းလေးကို မမြ
ကိုင်ပြီး လှူဘုံအလယ်မှာ လှလှပပလေးလျှောက်လှမ်းနေတာမြင်ရ
ကြည်နူးလို့မဆုံးနိုင်။

"ကဲ.. လာပါဟယ်၊ ငါတို့အလှည့်ပဲ ရှိတော့တယ်၊ နင် ရေ
ချိုးလိုက်၊ ငါတို့ တစ်ယောက်တစ်လှည့်ပေါ့"

အဝင်း က သူ့ကို အခန်းထဲက ဆွဲထုတ်လာပြီး ရေချိုးခိုင်းနေ

"ဝိုင်းကူဖို့ပဲ စိတ်ကူးထဲမှာရှိတယ် မဝင်းရယ်၊ ဘာလုပ်ဖို့
စိတ်ကျဉ်းကျပ်ပါတယ်"

"ဝိုင်းကူဖို့မှမလိုတာ၊ ဟိုတယ်လိက ဝန်ထမ်းတွေပါလာတာ
အများကြီး၊ ပွဲပြီးတာနဲ့ သူတို့ခင်းကျင်းထားတဲ့ပစ္စည်းတွေ သူတို့ဘာသာ
သိမ်းပြီး ပြန်ကြမှာ၊ မေမေကြီးက အိမ်သားတွေ မပင်ပန်းရအောင်
စီစဉ်ထားတာ တဲ့၊ ရေမိုးချိုးပြီး လှလှပပလေးနေကြတဲ့၊ ပြောသွားပြီးပြီ

အဝင်းကတော့ တက်ကြွနေသည်။ ဒါပေမယ့် သူမ ကြိုးစားရ
က ကိုယ့်ကိုယ်မှာလှဖို့ ကိုယ့်ခွန်အားနဲ့ကိုယ်ပါ။

ပင်ဖျို ကျတော့ ခေါင်းသူတေက ရွှေဆွဲကြိုး အကုံးရှည်တစ်ကုံး
လော့ကက်လေးတောင်ပါသေးသည်။ ပြီးတော့ လုံးချောလက်ကော
လေးနှစ်ကွင်းနှင့် လက်စွပ်မောင်းကွင်းလေးနှစ်ကွင်း။

"ဒါလေးတွေ ဝတ်လိုက် သမီး၊ ပွဲပြီးသွားရင်လဲ ဝတ်ထားရမယ်
သမီးက အန်တီတို့ရဲ့မိသားစုဝင်ဆိုတော့ ဒီလောက်တော့ ရှိထားမှဖြစ်မယ်"

"မေမေကြီးရယ် ကျွန်မ ရှိုးတောင်းပန်ပါတယ်၊ အဲဒါတွေ မဝ
ပါရစေနဲ့နော်၊ ရွှေဆိုတာ သူများကိုယ်ပေါ်မှာဝတ်ထားတာတောင်မှ
တမြုတ်လေးတောင် ကိုင်မကြည့်ခဲ့ဖူးဘူး၊ ကျွန်မဘဝနဲ့ မတန်မရာ





မဝတ်ပါရစေနဲ့"

ပင်ဖျို က တကယ်ရှိုးတော့မတတ် တောင်းပန်သည်။ ခေါင်းသူတော
ကလည်း သူကိုယ်တိုင်ပဲ ဖွတ်ဝတ်ပေးလိုက်တာမို့ ပင်ဖျို့ကိုယ်ပေါ်မှာ
ပြောင်ပြောင်လက်လက်လေးတွေဖြစ်သွားခဲ့၏။

ညှော်ခံပွဲထဲမှာ ဝိုင်းဝန်းဧည့်ခံပေးဖို့ဆွဲထုတ်လာခဲ့တော့ နှင်းမမ တစ်
ချက်တော့ လှမ်းကြည့်၏။ မျက်နှာပျက်သွားပေမယ့် ခဏတဖြုတ်ပဲ
ဖြစ်ကာ...

"မောင်မောင် လာ ဒီမှာ ဘယ်သူလဲကြည့်စမ်း"

"ဒေဝီ..."

ဒေဝီက အနက်အပြောင်သားကို တစ်ဆက်တည်းဂါဝန်လို ဝတ်ထား
လျက် ပခုံးတစ်ပြင်မှာ လစ်ဟာနေတော့ အနက်ရောင်ပဝါပါးလေးနှင့်
ရွှရွှလေး ပတ်ခြုံထား၏။

အနက်ရောင်သာမဟုတ်ခဲ့လျှင် သူမပုံစံက သတို့သမီးနှင့် နင်လား
ငါလား...။

"ဘာကြည့်နေတာလဲ မောင်မောင်၊ ကိုယ့်သူငယ်ချင်းကို လူမှား
သွားတာလား"

ကင်းမောင်မောင်က ပြုံး၍ ရောယောင်ခေါင်းညိတ်သည်။ တကယ်
က သူငယ်ချင်းလို့ပြောရလောက်အောင် သူနဲ့ဒေဝီ မရင်းနှီးသေးပါ။

သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးထားသဖြင့် မေးထူးခေါ်
ပြော ရှုတ်ဆက်ဖြစ်ရုံပဲသိခဲ့ကြတာဖြစ်၏။ ဒါပေမယ့် သူမက ရင်းနှီးဖော်
ရွေသည့်အပြုံးဖြင့်...

"မောင်မောင့်ကို မနှင်းရဲ့မောင်လေးမှန်း တို့ တကယ်မသိဘူး၊ ဒီ
မင်္ဂလာပွဲဖိတ်စာရမှ အံ့သြသွားတာ၊ ကိုမင်းဆက်က တို့ရဲ့အစ်ကိုဝမ်းကွဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မနှင်း သိလား၊ သူက ကျောင်းမှာ မင်းသားဆိုတော့ ဒေဝီတို့ကို သိပ်အဖက်လုပ်တာမဟုတ်ဘူး"

"ဟာဗျာ… မဟုတ်ပါဘူး"

ရင်းနှီးမှုတွေက နှင်းမမနဲ့ဒေဝီရဲ့ သွက်လက်ခြင်းများကြောင့် နောက်ပိုင်းမှာ ပို၍နိုင်မာသွားခဲ့တာဖြစ်၏။ မင်္ဂလာပွဲမှာပဲ နှင်းက မိသားစုဝင်တွေရှေ့မှာ ကြားအောင်ပြောသည်။

"ကျောင်းတူ မေဂျာတူချင်း၊ ပြီးတော့ ရင်းနှီးကြပြီလား၊ ကိုမင်းရဲ့ ညီမ ဖြစ်နေပြန်တော့ သေရောပြီနော်၊ တို့ပွဲပြီးရင် မောင်လေးနဲ့ဒေဝီ့ပွဲပဲ"

ကင်းမောင်မောင်နဲ့ ဒေဝီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

ကင်းမောင်မောင်က အားနာသွားသည့်မျက်ဝန်းများနှင့်ဖြစ်ကာ ဒေဝီက ပြုံးဖြဲပြီးမှ ရှက်မျက်လွှာချ၏။

လူကြီးတွေရှိနေကြပေမယ့်လည်း အားလုံး ပြုံးနေကြတာပဲမို့ ဒီကြေညာချက်ကို ကန့်ကွက်မည့်သူမရှိ၊ ဒါက အတည်ဖြစ်သွားခဲ့သည်။

ဘယ်သူမှမသိလိုက်ခင် နှင်းမမ၏မျက်လုံးတွေ ပင်ဖျိုဆီ ရောက်သွား၏။ ပင်ဖျို က အဖြူရောင်မှာ အဝါနုနုရိုက်လေးတွေပါသည့် မြန်မာဆန်ဆန်ဝတ်စုံနဲ့ပါ။

ဆံပင်ရှည်တွေကိုတော့ ကျစ်ဆံမြီးနှစ်ဖက်ကျစ်၍ ရှေ့တစ်ဖက်စီမှာ ချထားသည်။ မျက်နှာထက်မှာ သနပ်ခါးပါးကွက်ကျားလေးနဲ့ပဲဖြစ်ကာ စံပယ်ပန်းကို ပန်းကုံးမဟုတ်ဘဲ အရွက်လေးတွေပါသည့် အခိုင်လိုက် အတိုင်း နားနောက်မှာညှပ်ပန်ထား၏။

အသည်းပုံလော့ကက်လေးနှင့်ဆွဲကြိုးက ရင်ညွန့်အောက်ထိရှည်ကာ တစ်ကုံးတည်း ရှင်းရှင်းလေးမို့ သူမပုံစံလေးက သေးနုပ်ပေမယ့် သိမ်ငယ်သည့်အလှတော့မဟုတ်ပေ။





ရောင်စုံမျက်နှာတွေ၊ စိန်ရောင်ပတ္တမြားရောင်တွေကြားမှာ နုနုရွရွလေးနှင့် နန်းဆန်နေသည်။ အဖြူရောင်လေးက အများထဲမှာ ထင်းနေ၏။

ဒေဝီ့ကျတော့ သူမထက် အသက်ပိုကြီးသလို ပြင်ဆင်ထားကြပုံချင်းလည်း ကွာလွန်းနေ၏။ လှတော့လှကြပါသည်၊ ဒါပေမယ့်…

"သမီး"

"ဟင်…"

ပင်ဖျိုနဲ့ဒေဝီ့ကို တစ်ယောက်တည်း ကျိတ်၍ အကဲခတ်နှိုင်းယှဉ်နေတုန်း အနားမှာ မေမေ ရောက်လာတာကိုတောင် မသိလိုက်ပေ။

"မေမေ ပင်ဖျိုကို ဒီလိုဆင်ပြီး ပွဲထုတ်လာတာ သမီး သဘောမကျဘူးဖြစ်နေတယ်မဟုတ်လား"

"အဲဒီလိုတော့မဟုတ်ပါဘူး မေမေ၊ သူ့ကို ဘာပဲဆင်ဆင် နှင်းသဝန်တိုစရာမလိုပါဘူး၊ ဒါပေမယ့် ခုလိုဧည့်ခံပွဲထဲထိ နေရာပေးပြီး ခေါ်ထုတ်လာတာကျတော့ အဲဒီလောက်မလိုဘူးထင်တယ်"

ဒေါ်ခင်သူဇာ က ပြုံး၍ခေါင်းညိတ်သည်။ စည်ကားစိုပြည်နေသည့် ဧည့်ခံပွဲကြီးကို ဝေ့ကြည့်ပြီးမှ မျက်လုံးတွေက ပင်ဖျိုဆီ ပြန်ရောက်၏။

ပင်ဖျိုသည် အချိုပွဲတွေပြေးယူလိုက်၊ ဝင်လာတဲ့ဧည့်သည်တွေအတွက် နေရာပေး၊ မုန့်ပွဲတွေချ၊ ကိုယ့်အလုပ်နဲ့ကိုယ် နပန်းလုံးနေတာမျိုးမို့ သူမကို ဘယ်သူတွေ ဘာတွေကြည့်နေ ဝေဖန်နေကြသလဲ ဘာမှလည်း ဂရုစိုက်မိပုံမရှိ။

"အယ်… ကန်တော့ ကန်တော့နော်… မတော်လို့ပါရှင်"

ကိတ်မုန့်ပန်းကန်အချပ်မှာ ရေခဲမုန့်ဖန်ခွက်လေးနှင့်တိုက်မိပြီး ဖန်ခွက်လေးလဲကျသွား၏။ ဒါပေမယ့် ကုန်လုနီးပါးဖြစ်နေပြီမို့ ဘာမှတော့ ဗိတ်ဗိတ်စဉ်စဉ်ဖြစ်မသွားခဲ့။

ထိုစားပွဲမှာ လူရွယ်နှစ်ယောက်ထိုင်နေကြကာ နှစ်ယောက်လုံးက



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်ရဲ့လက်အောက်က အရာရှိတွေမို့ ဒီပွဲအတွက် လူရင်းတွေဖြစ်နေကြ၏။

ထို့ကြောင့် ချောင်ကျကျစားပွဲမှာ နေရာယူကာ ပွဲပြီးတဲ့အထိစောင့်ဖို့ အစီအစဉ်နဲ့ဖြစ်သည်။

''ကျွန်မ ဒီပွဲ အသစ်ပြန်လဲပေးမယ်နော်၊ တကယ်တောင်းပန်ပါတယ်''

''အဲဒီလောက် မတောင်းပန်ပါနဲ့ကွာ၊ ဗိုက်ကပြည့်နေပြီ၊ နောက်တစ်ပွဲချဖို့လဲမလိုပါဘူး၊ ဒါနဲ့ ညီမက ဒီအိမ်ကလား၊ မနှင်းနဲ့ ဘာတော်တာလဲ''

''ရှင်…''

ဗန်းကလေးပေါ်ကို မုန့်ပွဲအလွတ်တွေပြန်တင်ရင်း ပင်ပျို့ ဘာဖြေရမှန်းမသိဖြစ်သွားသည်။ လူတွေက အသားဖြူဖြူ မျက်လုံးမှေးမှေးနှင့် တစ်ယောက်က မျက်နှာရှည်သလိုရှိကာ တစ်ယောက်က မေးရိုးကား၏။

ဆောစောပိုင်းက ဒီဝိုင်းမှာ မမကြီးရဲ့ခင်ပွန်း ကိုကိုကြီး ထိုင်နေတာ မြင်ထားသဖြင့် ကိုကိုကြီးရဲ့အထူးဧည့်သည်တွေမှန်းတော့သိသည်။

ပုံစံက တရုတ်တွေနဲ့လည်းတူနေ၏။

''ဟီတ် မေးတာကိုဖြေဦးလေ''

ဗန်းကိုကိုင်ကာ လစ်ပြေးဖို့လှည့်လိုက်ကာမှ ရှေ့ကနေ လက်ကာထားလိုက်သဖြင့် ပင်ပျို့ တုံ့ခနဲဖြစ်သွား၏။ ထိုသူ့မျက်နှာက ပြုံးရီနေကာ သူမတစ်ကိုယ်လုံးကို အားမနာတမ်းကြည့်လျက်…

''မင်းကို အဲ… မင်းလိုပုံစံမျိုး တစ်ခါမှမမြင်ဖူးဘူး၊ ဘာလဲ ဧည့်သည်လား''

''မဟုတ်ပါဘူးရှင်၊ ဟို…''

အလွယ်တကူ အိမ်ဖော်ပါလို့ပြောလိုက်ချင်မိသည်။ ဒါပေမယ့် အိမ်





ဖော်ကို ဧည့်ခံဖို့ထုတ်ထားရသလားလို့ စကားသံတွေထွက်လာနိုင်သည့်ပြင် မေမေကြီးသိရင်လည်း သဘောကျမှာမဟုတ်ပေ။

''ကျွန်မ… ကျွန်မက ဒီအိမ်မှာနေတာပါ''

''သြော်… ဆွေမျိုးပေါ့''

''ဟင့်အင်း''

''ဆွေမျိုးမဟုတ်ပေမယ့် အန်တီ့သူငယ်ချင်းရဲ့သမီးငေ

ဒေါ်ခင်သူဇာက နံ့သာရောင်ဝတ်စုံပေါ်မှာ ငွေချည်ထိုး လျက် အနားရောက်လာ၏။

ပြီးတော့ လစ်ထွက်ဖို့ပြင်နေသည့် ပင်ပျို့ လက်ကမေ လိုက်ပြီ…

''သမီးကြီးက အိမ်ထောင်ကျပြီဆိုတော့ သျှောင်နောက်ဆံ သမီးကြီး မရှိတဲ့ရက်တွေမှာ အလွမ်းပြေပေါ့၊ ဒါလဲ သမီး

''သြော်… ဟုတ်ကဲ့ခင်ဗျ၊ သူ့ပုံစံလေးက ဒီပွဲထဲမှာ ဆန် သတိထားမိတာပါ''

''အေးကွယ် မှတ်ထားပေါ့၊ သူ့နာမည်လေးက ပင်ပျို့ တဲ့''

''ပင်ပျို့ တဲ့လား''

''သမီးလဲမှတ်ထားနော်၊ သူ ကို့က သမီးအစ်မရဲ့ခင်ပွန်းနဲ့ အလုပ်အတူတူတွေပဲလေ၊ သူက အောင်ကောင်း တဲ့၊ သူကတော့ တကိုး၊ မှတ်မိလွယ်ပါတယ်၊ နာမည်ကျော်ကဗျာဆရာကြီး တကိုးနဲ့နာမည်တူ''

မေမေကြီး မိတ်ဆက်ပေးနေတုန်း စူးစိုက်ငေးနေသည့်မျက်လုံးတွေကို ကြောက်လာမိ၏။

ပြီးတော့ ရှက်လည်းရှက်သည်။ တစ်ကိုယ်လုံး ပူထူရှိန်းဖိန်းလျက်သား ထိုနေရာမှ လွတ်မြောက်ခွင့်ရတော့ ခေါင်းက စံပယ်ပန်းလေးပင် ကြွတ်ကျကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘယ်သူမှမသိလိုက်ဘူးထင်တယ်။

“သမီး တွေ့လား၊ တိုး ကိုင်ထားတဲ့ပန်း… အဲဒါ ဘယ်ကပန်း
လဲ”
အစီဒေ
“ဝင်…”
“ကက်နဲ့ နှင်းမမ လှချင်းကွဲသွားသနိုက်မှာ ဒေါ်ခင်သူဇာ က
တယ်”
“အဲဒီ လိုက်ပြီးမေး၏။ နှင်းမမ ကြည့်လိုက်တော့ လှမ်းမြင်နေရ
းထဲမှာ တိုးသည် စံပယ်နှစ်ပွင့်ပူးလျက်လေးပါသော
တစ်ပွဲချဖို့လဲ မျက်လုံးရှေ့မှာ ပွတ်လှည့်ပြီးစိုက်ကြည့်နေတာ ပြုံးလို့…၊
တာလဲ”
“ရှင် ဆန်းနေလို့လဲ…၊ နှင်း ပြန်လှည့်ကြည့်တော့ ဒေါ်ခင်သူဇာ
…
ဗန်း၊ ပန်းလေးက ပင်ပျိုခေါင်းက ပြုတ်ကျခဲ့တာလေ၊ ကြည့်လိုက်
ရမှန်းမသိ ပင်ပျို တစ်ချိန်လုံးပန်ထားခဲ့တဲ့ပန်းတွေ၊ သူ့ခေါင်းမှာ တစ်ခိုင်ပဲ
တစ်ခု တော့တာ”

“သေချာပန်ထားတဲ့ပန်းက ပြုတ်ကျပါ့မလား မေမေရယ်”

“ကျတာပေါ့ သမီးရဲ့…၊ ဒါ ပြုတ်ကျခဲ့တာ အမှန်ပဲ၊ ဘာဖြစ်လို့ သေချာတာလဲဆိုတော့ ပင်ပျို က သိပ်ကိုနုံအတဲ့မိန်းကလေး၊ ဒီလိုအကွက် ဆန်း သူ မတတ်ပါဘူး၊ မေမေ တွေ့ဖူးသမျှထဲမှာ ရယူလိုစိတ် အနည်းဆုံး မိန်းကလေးပဲ”

နှင်း နားလည်သွား၏။ ဒေါ်ခင်သူဇာ က ပင့်သက်တစ်ရှိုက်နှင့် မျက်နှာပြန်လွှဲကာ…

“သူ ပွဲလယ်တင့်မှ သူ့ဘဝ မြင့်မားတိုးတက်မှာမဟုတ်လား၊ ကိုယ့် အိတ်ထဲက ဖွဲ့မပေးနိုင်ပေမယ့် သူများပေးလို့ သူ ရတယ်ဆိုရင် မကောင်း ဘူးလား၊ ဒါကို မေမေတို့ ဝမ်းသာရမှာလေ၊ ဖြစ်စေချင်တာက အဲဒါပဲ သမီး”





“အင်းလေ… အဲဒီလိုဖြစ်လာမယ်ဆိုရင်တော့ ကောင်းပါတယ်”

“ဟော… ဟိုမှာ သမီးရဲ့ခင်ပွန်းလောင်း အဲဒီစားပွဲကိုရောက်သွားပြီ တွေ့လား”

နှင်း လှမ်းကြည့်လိုက်စဉ်မှာပဲ ပန်းကိုင်ထားသူက မင်းဆက်လက်ကို ကိုင်ထားရင်း တစ်စုံတစ်ခု ကပ်ပြောနေတာကို မြင်လိုက်ရ၏။ ပြီးတော့ မင်းဆက် ဖျတ်ခနဲလှည့်ကြည့်လိုက်သူက ပင်ပျို…၊

နှင်းမမ သက်ပြင်းချလိုက်မိသည်။

ဒီလိုတွေလည်း ရှိတတ်သလား……။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

“ဒီကောင် အယ်လ်ဖေးရှင်းစပ်လား”

“မဟုတ်ဘူး ညီလေး၊ ဒီကောင်က အစစ်”

နှင်းတို့လင်မယား ကားပေါ်ကမဆင်းရသေးခင် ဒေါ်ခင်သူဇာ က တံခါးဝကနေဆင်းသွားပြီးကြ၏။ ကင်းမောင်မောင်က ခြံထဲကတက်လာသူမို့ ကားနားကို အရင်ရောက်တာ…

“ဒီလောက်အကောင်ကြီးနေကာမှ သခင်ပြော သူ ရပ့်မလား”

ကားနောက်ခန်းထဲမှာ ရွှေညိုရောင်နှင့် အနက်ပျားအကွက်ကြီးတွေပါသော အမွေးစုတ်ဖွားနှင့်ခွေးကြီးက မှန်ထဲကနေ လှမ်းမြင်ရတာတောင် ကြွားရွှားလှပနေသည်။

“မောင်မောင် သဘောကျရဲ့လား”

နှင်းက ကင်းမောင်မောင်နားကိုလျှောက်သွားပြီး ခွေးကိုမေးဆတ်ပြ၏။

“သမီးရယ်… သူ့မောင်ကို ကလေးလို့ထင်နေသလားပဲ၊ ပြီးတော့ ခွေးချစ်တတ်ကြတာက မိန်းကလေးတွေ…”





“မေမေကလဲ ကလေးအတွက်နဲ့ ဒီလောက်တန်ဖိုးကြီးတာကို ဝယ်ပေးပါ့မလား၊ ဒီကောင်ကြီးကို သိန်းသုံးဆယ်ပေးခဲ့ရတာ”

“အို… မနည်းပါလား၊ တကယ်လား သမီးရယ်”

ဒေါ်ခင်သူဇာ တအံ့တသြကြီးဖြစ်သွားတော့ မင်းဆက် က နှင်းဘေးမှာ ဝင်ရပ်ကာ…

“အဲဒီလောက် တန်တာကို ပြောတာပါ၊ အခု ဒီကောင့်ကို မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးလိုက်တာ၊ နှင်းက ကျွန်တော်နဲ့ လိုက်နေမှာဆိုတော့ မောင်မောင့်အတွက် လက်ဆောင်ပြန်ပေးချင်တယ်ဆိုတာနဲ့…”

“သြော်… အင်း… အင်း”

ခေါင်းညိတ်လိုက်ရပေမယ့် သိပ်တော့မယုံချင်။ ဒီခွေးမျိုးတွေ တန်ဖိုးကြီးမှန်း သိတော့သိသည်။ မသကာတန်လှမှ ဆယ်သိန်းလောက်ပေါ့။

ခွေးဆိုတဲ့သတ္တဝါကို ဒီလောက်ပေးဝယ်ပြီး ဘာလုပ်ဖို့လဲ…

“မောင်မောင်”

နှင်းက မောင်ဖြစ်သူမျက်နှာကိုပဲ တကြည့်ကြည့်နှင့်…

“သူ့နာမည်က ဝေါကီး တဲ့၊ ဖျင်းမှာစိုးလို့ အဲဒီနာမည်ကို ပေးထားတာလေ၊ နာမည်ကြောင့်လားမသိဘူး၊ ညဘက်ဆိုလဲ သိပ်ကြာကြာအိပ်ဘူး တဲ့၊ အရှမ်းနားပါးပြီး လျှင်တယ်”

ကင်းမောင်မောင် မျက်နှာ ပြုံးယောင်သမ်းလျက် ကားတံခါးကိုဖွင့်ဖို့ သက်ပြင်လိုက်လျှင်…

“နေဦး ညီလေး၊ မင်းကို သူနဲ့မိတ်ဆက်ပေးဦးမယ်၊ ဒီငိုင်း အနားကပ်လို့မရဘူး”

မင်းဆက် က ဝေါကီးကို ကားထဲကနေ ခေါ်ချလိုက်၏။

“အမလေး နည်းတဲ့ကောင်ကြီးမဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သူဇာ နောက်ကို ခြေတစ်လှမ်းဆုတ်၍ ရင်ဘတ်ဖိသည်။ မင်းဆက် က ရယ်လိုက်ပြီး ကင်းမောင်မောင်လက်ထဲကို မုန့်တစ်ခုထည့်ပေးသည်။

"မင်း သူ့ကိုကျွေးလိုက်"

ဝေါ့ကီး က မုန့်ကိုလှည့်ကြည့်ပြီး လူကို ပြန်စိုက်ကြည့်၏။

"ဝေါ့ကီး သူက မင်းရဲ့သခင်နော်၊ မင်း ဒီမှာနေခဲ့ရမှာ၊ စားလိုက်... မုန့်စားလိုက်လေ"

ခွေးနဲ့လူကို မိတ်ဆက်ပေးပုံကတော့ အံ့သြစရာပါ။

"ဒီကောင်က ပြောရင် နားလည်တယ်ကွ၊ သူ နားမလည်တာဆိုရင် မင်းမျက်နှာကို စိုက်ကြည့်နေလိမ့်မယ်၊ မင်းက ထပ်ပြီးနားလည်အောင်ပြော၊ ခိုင်းလို့လဲရတယ်"

"သားရယ် အိမ်သားတွေကို တကယ်ခင်ပါ့မလား၊ သူ့သာ မခင်ရင် အိမ်မှာ ဘယ်လိုလုပ်ထိန်းနိုင်မှာလဲ"

ဒေါ်ခင်သူဇာ က ကြောက်စိတ်မပြေနိုင်ဘဲ စိုးရိမ်စွာမေး၏။

မင်းဆက် က ဝေါ့ကီးလည်ပင်းက အညိုရောင်လည်ပတ်ကို နေရာကျအောင်ပြန်ချိတ်နေရင်း ဟက်ဟက်ပက်ပက်ရယ်သည်။

"ကျွန်တော်လဲ သူ့သခင်မှမဟုတ်တာ မေမေ၊ ဒီကိုခေါ်လာခါနီးမှ သူ့သခင်က အပ်ပေးလိုက်တာ၊ ဒီကောင်တွေက အိုင်ကျူမြင့်တယ်၊ ခုတောင် မောင်မောင့်ကို သူ မှတ်ပြီးသွားပြီ"

ဝေါ့ကီးကိုယ်ပေါ်က ထောင်ကားနေသည့်အမွေးစုတ်ဖွားတွေကို ကင်းမောင်မောင် ပွတ်သပ်နေတာမြင်ရပေမယ့် ဒေါ်ခင်သူဇာ ပုံစံက ကြောက်စိတ်မပြေပုံနှင့်...

"လာပါ မေမေရယ်.. အိမ်ပေါ်သွားပြီး ရေလေးဘာလေးသောက်ရအောင်၊ ဝေါ့ကီးကိုကြည့်ပြီးရင် ကြောက်ရင်နဲ့ မေမေ ရင်တွေပူနေပြီ"





ဒေါ်ခင်သူဇာ ငြင်းတော့ဘဲ နှင်းမမ ဆွဲခေါ်သည့်အတိုင်း အိမ်ပေါ်ပဲ တက်သွားခဲ့လေသည်။

"ကိုမိုးရေ ခဏ"

ဒရိုင်ဘာမိုးအောင်က ကားရေသုတ်နေရာကနေ အပြေးတစ်ပိုင်းရောက်လာ၏။

"ဒီကောင်ကြီးကို ခေါ်သွားပြီး ခဏထိန်းပေး"

"ဟုတ်ကဲ့၊ သူ ကျွန်တော့်ကိုတော့ မကိုက်ပါဘူးနော်"

ဒရိုင်ဘာ မိုးအောင်က လူက ပိန်ရှည်ရှည်၊ ဆံပင်က မတိုမရှည်မို့ သူ့ကိုယ်သူ ဆံပင်တွေသပ်ချလိုက်၊ လက်ဝါးချင်းပွတ်လိုက်နှင့် ဝေါ့ကီးကိုလည်း ရုတ်တရက် မကိုင်ရဲဘဲဖြစ်နေ၏။

"ရော့.. ဒီမှာ ကြိုး၊ သူ့ကို စကားပြောရင်း ထိန်းထားလို့ရတယ်၊ ကြိုးဆွဲထားပေမယ့် လည်ပင်းတင်းအောင်မဆွဲနဲ့၊ သူက မကြိုက်ဘူး"

ဒေါ်ခင်သူဇာ အိမ်ပေါ်ရောက်နေကာမှ နောက်က ခွေးပြဿနာကို ကြားနေရသဖြင့် သမင်လည်ပြန် တစ်ချက်တော့ကြည့်မိသေးသည်။

မလွယ်ဘူး...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဘုရားမှာ ကိုးပွင့်၊ သာမညဆရာတော်ကြီးမှာ ကိုးပွင့်၊ ပြီးတော့ ပန်းငုံလေးတွေကိုလိုက်ဖြတ်ရင်း ဘုရားမှာလှူဖို့အတွက် အပွင့်ကို ရေတွက်ကြည့်မိသည်။

နှင်းဆီအဖြူတွေချည်းခူးပြီးမှ အနီရဲရဲအငုံတွေ တစ်ပွင့်စီညှပ် ထည့်ဖို့ စိတ်ကူးကာ ဖွန်ပန်းရုံတစ်ဖက်က နှင်းဆီနီတွေဆီ ပတ်သွားခဲ့မိသည်။

ထိုစဉ် မျက်လုံးထောင့်မှာ လွှားခနဲအရိပ်တစ်ရိပ်…၊

“ဝေါင်း”

“အမလေး”

ခွေးဆိုတာ သိလိုက်ပေမယ့် ကျားလောက်ခုန်ပျံကာ ကားသံကဲ့သို့ ဟိန်း၏။ ပင်ပျို့ လက်ထဲက ကိုင်ထားသမျှတွေ လွှတ်ကျကုန်လျက် နောက်ကို လှည့်မကြည့်စတမ်း ပြေးထွက်ခဲ့မိသည်။

နှင်းဆီရောင်စုံတွေ ခပ်ကျဲကျဲတန်းထားသည့်အဆီးအတားကို ခွေးကြီးက ကျားလိုခုန်ပျံရှောင်ရှားပြီးလိုက်၏။

အကွာအဝေးက သူမ ဘယ်လိုမှပြေးမလွတ်နိုင်ဘူးဆိုတာ သိသည်။ ထို့ကြောင့် ပြေးနေရင်း ပင်ပျို့ တအားအော်၏။





“မေမေကြီးရေ… မမကြီး ကယ်ပါဦး၊ ခွေးကြီး လိုက်နေပြီ မမဝင်းရေ…”

လူတွေစုံကာ အသံတွေပြာသွား၏။

“ဟိတ်… ဝေါ့ကီး ရပ်လိုက်စမ်း”

နှင်းတို့လင်မယား ပြန်တော့မှာမို့ မိသားစု အိမ်ရှေ့ရောက်လာကြစဉ် ပင်ပျို့အသံရော ကင်းမောင်မောင် အသံပါ ကြားလိုက်ရကာ ခွေး မာန်ဖီသံကြီးကလည်း ဟိန်းထွက်နေ၏။

ပတ်ဝန်းကျင်သည် ဆူညံပွက်ထသွားခဲ့ပြီး အားလုံး မှင်တက်မိနေတုန်းမှာပဲ ကင်းမောင်မောင်သည် ပင်ပျို့ကိုယ်လေးကို ဖက်လှဲထားလျက်ရှိကာ…

ဝေါ့ကီး က နာကျင်သွားသည့်ပုံနှင့် ခပ်လှမ်းလှမ်းကနေ ရှေ့မတိုးဘဲ မာန်ဖီနေ၏။

“ဟိတ်… မင်းလက်တွေကိုလွှတ်စမ်း”

သူ ခပ်ကြိတ်ကြိတ်ပြောပေမယ့် ပင်ပျို့ က မလှုပ်ပေ။ ခါးမှာဖက် ထားသည့်လက်တစ်ဖက်ကို ဖြုတ်ချပစ်လိုက်တော့ မြေပြင်ပေါ်မှာ ဗုတ် ခနဲပြုတ်ကျ၏။

ထိုအခါကျမှ သူ သိလိုက်သည်၊ သူမ သတိလစ်နေပြီဖြစ်၏။

“မောင်မောင်… အို… ထလိုက်စမ်း၊ ဘာဖြစ်လို့ ဒီလိုပုံစံကြီးဖြစ်နေတာလဲ”

“သားငယ်”

“ဟဲ့… ထလေ… အို… သူ့ကို ဘာကိစ္စပွေ့နေတာလဲ၊ ခု ချလိုက်”

နှင်းမမက ကင်းမောင်မောင် ဒူးထောက်ထရင်း ပင်ပျို့ကိုပွေ့ထားသည့်မြင်ကွင်းကြောင့် ဒွေ့ဒွေ့ခုန်နေ၏။

ရှေ့တိုးလာပုံက ပင်ပျို့ကိုပဲ ဆွဲလှဲချပစ်တော့မလိုလို…၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ကျောပြင်တစ်ပြင်လုံးမှာ ဖုန်နှင့်မြက်ခြောက်တချို့ကပ်ငြိလျက်..၊ ပင်ပျို့ကိုပွေ့ထားရင်း မတ်တတ်ရပ်သည်။

"သူ လဲကျပြီး ခေါင်းဆောင့်မိတယ်ထင်တယ်"

"လဲတာက ဘာဖြစ်လို့ နှစ်ယောက်စလုံးကြီးဖြစ်ရတာလဲ၊ ဝေါ့ကီးလဲ ဓတ်တော်နာသွားတယ်ထင်တယ်၊ ကြားလိုက်တဲ့အော်သံကြီး နည်းတာမဟုတ်ဘူး"

"ဘယ်ကိုထိမှန်းဟော့မသိဘူး၊ အဲဒီလိုမှမကန်ရင် ပင်ပျို့ကို ချုန်အုပ်ပြီး လိမ့်ကိုက်တော့မှာ.."

ကင်းမောင်မောင်က ပင်ပျို့ကို ပေါ့ပါးသည့်ပစ္စည်းတစ်ခု မ,သွားသလို ပွေ့ချီလျက်..၊ နှင်းမမ ပြောသမျှကိုဖြေရင်း အိမ်ပေါ် တောက်လျှောက်တက်သွား၏။

'ခွေးက ဘာဖြစ်လို့ ခြံထဲရောက်သွားခဲ့တာလဲ'၊ 'ပင်ပျို့ က ခြံထဲမှာ ဘာလုပ်နေတာလဲ'၊ 'မောင်မောင် ကရော အိမ်ပေါ်မှာ စကားပြောနေရာကနေ ခြံထဲ ဘယ်လိုရောက်နေတာလဲ"

နှင်းမမထံမှ မဆုံးနိုင်သောမေးခွန်းတွေ ထွက်ကျနေရင်း သူမနဲ့အတူ အားလုံးပဲ အိမ်ပေါ်ကို တစ်အုပ်ကြီးပြန်တက်လာကြ၏။

အဝင်း ကလည်း ပင်ပျို့ စူးစူးဝါးဝါးအော်ခေါ်တာကို ကြားလိုက်လို့ ပြေးထွက်လာတာဖြစ်၏။ ခုတော့ လူကြီးတွေကိုယ်တိုင် ရုတ်ရုတ်သဲသဲ ရှင်းမရဖြစ်နေသောကြောင့် ကွယ်ရပ်လေးတစ်ခုကနေ စိုးရိမ်မပြေစွာ ချောင်းကြည့်နေခဲ့မိ၏။

ကင်းမောင်မောင်က ပင်ပျို့အခန်းကို ချီပွေ့သွားနေတာမြင်မှ တံခါးပြေးဖွင့်ဖို့သတိရပြီး ပြေးလိုက်ရ၏။

"ချလိုက်တော့ မောင်မောင်၊ ဒီလောက်ထိ မလိုဘူး၊ ချထားလိုက်လေ..."





ခေါင်းအုံးရှိနေတာကို ဖယ်ခိုင်းနေတာလည်း နှင်းမမ က မကြည့်မြို
မောင်ဖြစ်သူက မစင်တုံးတစ်တုံးကို ထိကိုင်ကြည့်နေသကဲ့သို့ သူမ
မျက်နှာတစ်ပြင်လုံး နီမြန်းရှုံ့မဲ့ကာ အသက်ရှူတွေပြင်းနေ၏။

ဘေးကပါလာသည့် မင်းဆက် ကတော့ ဓနီးဖြစ်နေပုံကိုကြည့်ပြီး
နေ၏။ နှင်းမမသည် ပညာကြီးစားသလောက် ပညာတန်ဖိုးကို ဘာနဲ့
နှိုင်းယှဉ်မခံတဲ့သူ..၊

ပြီးတော့ ကိုယ့်ဘဝအခြေအနေကို ယုတ်လျော့ပျက်စီးစေမည့်အရာ
သမျှ လေတိုက်ရာအရပ်မျက်နှာကအစ သတိထားခဲ့သည်။

ဒါက သူမကိုလက်ထပ်ဖို့ကြိုးစားခဲ့ရသည့်ကာလတစ်လျှောက်လုံး
သိခွင့်ရခဲ့သည့် နှင်းမမ ရဲ့သမိုင်းပဲဖြစ်သည်။

သူ့ကိုတောင် အိမ်ထောင်ဖက်အဖြစ် သဘောကျတာကသပ်သပ်၊
ဘယ်လက်ထပ်ဖို့ကျတော့ ဘယ်ရာထူးလောက်ဆိုမဖြစ်ဘူး၊ ဘယ်
ဆင့်လောက်မှဖြစ်မှာ စသဖြင့်...

ရှင်းနီးကြတာလည်းရှိတော့ သူမက ပြောလည်းပြောရဲသည်။

"အိမ်ဦးနတ်ဆိုတဲ့နေရာကို လိုချင်ရင် ကိုးကွယ်ယုံကြည်ထိုက်
တာက်တဲ့အရည်အချင်းတွေလဲရှိရမှာပေါ့၊ တချို့ယောက်ျားတွေကျတော့
ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်အဆင့်ရှိသလဲပြန်မကြည့်ဘူး၊ ငါ အိမ်ဦး
ဆိုတဲ့ရာထူးနဲ့ မိန့်မိန့်ကြီးစံနေချင်တာ၊ အရမ်းရှုံ့ဖို့ကောင်းတာပဲ"

လို့ သူ့ရှေ့မှာပဲ အားမနာပါးမနာ ပြောတာတွေက ရှိသေးသည်။

တိန်မင်းဆက် ဆိုတဲ့ကောင်ကျမှ သူမနဲ့ ရွှေလက်တွဲခွင့်ရခဲ့တာကို
ပါ့မလား..။

နာကြည်းနေတာမဟုတ်ပါ၊ မမေ့နိုင်စရာလေးတွေအဖြစ်နှင့်...

"ရပြီ ထားခဲ့.. မောင်မောင် အကျီတွေသွားလဲ၊ ရေချိုးတော့
သတိမေ့သွားတာကို ပြဿနာကြီးချဲ့စရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကင်းမောင်မောင်ကို အတင်းနှင်လွှတ်ပြီး ပင်ပျို့သေးမှာ သူမကို
တိုင် ထိုင်၏။ ခုမှ ရင်တုန်ပြေရသည့် ဒေါ်ခင်သူဇာကတော့ နဖူးစော
ဖုန်တွေပေလျက် ချွေးလေးစို့စို့နှင့် သတိလစ်နေသော ပင်ပျို့မျက်နှာ
ကိုပဲ စိတ်ပူစွာကြည့်နေမိသည်။

ကင်းမောင်မောင် ထွက်သွားသည်နှင့် နှင်းမမ ဒေါသပုန်ထတာ
ဒရိုင်ဘာ မိုးအောင်..၊

"ချေးကို နင့်လက်ထဲထည့်လိုက်တာ.. ခြံထဲကို ဘယ်လိုရော
သွားတာလဲ"

"ကျွန်တော် ဂိုဒေါင်ရှေ့မှာ ခဏချည်ထားခဲ့ပြီး မီးစက်သွားပိတ်
တာပါ၊ အဲဒါ..."

မိုးအောင်လည်း ဒါပဲပြောနိုင်ပြီး ဖင်ကုတ်ခေါင်းကုတ်..၊

"အဝင်း... အဝင်း လာစမ်း"

မိုးအောင် ပြီးတော့ အဝင်း အလှည့်...၂

"နင်နဲ့တတွဲတွဲနေတဲ့လူက ခြံထဲကို ဘာဆင်းလုပ်တာလဲ တစ်ယော
တည်း"

"ဒီအချိန်ဆို မေမေကြီး ဘုရားသောက်တော်ရေလဲဖို့ ပြင်ဆင်ပေး
ကျပါ မမကြီးရယ်..၊ အဲဒီမှာ ဘုရားပန်းအိုးကြီးသုံးလုံးကို ပန်းကပ်
ကျပါ"

"အဲဒါ ဟုတ်တယ် သမီး၊ တော်ပြီ မပြောနဲ့တော့..၊ ပင်ပျို့
ကိုယ်လေးကိုပဲကြည့်ပါကွယ်၊ သတိလစ်နေတာ ကြာပြီ"

သမီးဖြစ်သူကို သဘောထားသေးသိမ်သူအဖြစ် သမက်က မြင်သွား
မှာကို မလိုလားနိုင်...။

တကယ်တော့ နှင်း ကိုက သူ့ခေါင်နဲ့ဝတ်သက်လျှင် ဘာဖြစ်ဖြ
သည်းမခံတတ်တာ အကျင့်တစ်ခုဝင်။





သူ့မျက်လုံးထဲမှာ ပင်ပျို့ကို ကင်းမောင်မောင် ဖက်လျှက်သားနှင့်
ပုးကပ်ထပ်လဲနေသည့်ပုံက ပျောက်မသွားနိုင်။

ပြီးတော့ တစ်သက်လုံးက မိန်းကလေးသူစိမ်းတစ်ယောက်နှင့် ပူးပူး
ကပ်ကပ်မရှိခဲ့ဘဲ ပင်ပျို့လိုမိန်းကလေးကျမှ ခြံထဲကနေ အိမ်ပေါ်ထိ
ပွေ့ခေါ်သွားလိုက်တာ အက်ရှင်ဇာတ်လမ်းတွေထဲက မင်းသမီးကို
မင်းသားက ပွေ့သွားသည့်အတိုင်း...၊

ထို့ပြင် စိုးရိမ်ပူပင်နေသည့် လှုပ်ရှားမှုများနှင့် မောင့်မောင့်မျက်ဝန်း
တွေ...၊

"တောက်"

ခပ်ကြိတ်ကြိတ်တက်ခေါက်သံကို အနီးဆုံးမှာရှိနေသည့် အဝင်း
က ကြားလိုက်၏။

ကြောက်လန့်စိတ်နှင့် ပခုံးနှစ်ဖက် တွန့်ခနဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲဘေးမှာ ယပ်ခပ်ပေးနေရတဲ့ပုံစံနဲ့ ရှိမနေစေချင်ဘူး၊ ဘယ်ညှိသည့်ပဲလာလာ ထမင်းတစ်ဝိုင်းတည်းမှာ အတူစားနေကြတာကိုတွေ့ရင် ပင်ဖြူက ဒီမိသားစုဝင်ပဲဆိုတာ ပြောပြဖို့မလိုဘဲ လက်ခံသွားကြမှာ''

နှင်း က စိတ်ညစ်သွားသည့်မျက်နှာလေးနှင့် သူမ လုပ်နေကျအတိုင်း ဒီတနှစ်ပါးပန်းကန်ထဲကို ဟင်းဦးချသည်။

''ရှော့.. မောင်မောင်.. ငါးသလောက်ကပေါင်းထားတာမဟုတ်ဘူး၊ အရိုးစူးမယ်နော်''

ကင်းမောင်မောင် ပန်းကန်ထဲကို လှမ်းထည့်ပေးပြီး စိတ်ချသလို ပြောသေးသည်။ ပြီးတော့ ငါးတုံးကို သူမပန်းကန်ထဲပဲပြန်ယူကာ…

''ခဏနေဦး.. မမ အရိုးထွင်ပေးမယ်၊ အရိုးစူးသွားရင် ထမင်းစားပျက်မှာ''

''သူ့အန္တရာယ်တော့ သူ ကြည့်ရှောင်လိမ့်မယ် သမီး၊ သမီးလဲ အိမ်ထောင်သည်ဖြစ်နေပြီ၊ သားလဲ ဆရာဝန်ကြီးဖြစ်တော့မယ်''

ဦးမောင်မောင်လွင် က ပြောတော့ နှင်း က သွားတန်းလေးတွေပေါ်သည်အထိ ရယ်လိုက်ပြီး…

''ဘာဖြစ်လဲ ဖေဖေရဲ့..၊ အိမ်ထောင်သည်ဖြစ်သွားလဲ မောင်လေးက နှင်းရဲ့မောင်လေးပဲ၊ ဟိုမှာသာ လိုက်နေရတယ်.. မောင်မောင့်ကို စိတ်မချတာတွေတွေးမိရင် နှင်းဖြင့် ညညဆို အိပ်မပျော်ဖြစ်ရတုန်းပဲ''

ဘာတွေကိုစိတ်မချဖြစ်နေတာမှန်းသိနေတော့ ဒေါ်ခင်သူဇာ ထမင်းတစ်ဖွန်းခပ်ယူရင်း ပင့်သက်လေးရှိုက်၏။

နှင်းမမသည် အရိုးထွင်ပြီးသည့် ငါးသလောက်တုံးကို မောင်မောင့် ပန်းကန်ထဲ လှမ်းထည့်ပေး၏။ အနားမှာရှိနေသည့် အဝင်း က ဘက်ဆေး ဝလုံလေးတိုးပေးတော့ လက်ဆေးရင်း အဝင်း ကို မျက်လွှာပင့်ကြည့်ကာ…





## အခန်း (၄)

ဒီအိမ်မှာ ထမင်းစားခါနီးတိုင်း ပြဿနာတက်ရသည့်ကိစ္စက ဘယ်တော့မှပြီးဆုံးနိုင်မည်မသိ။ ထမင်းစားပွဲထိုင်ပြီးမှ မေမေ့ပါးစပ်က 'ပင်ဖြူရော'လို့မေးသံကြားလိုက်တော့ နှင်းမျက်နှာ မဲ့သွားသည်။

''မေမေကလဲ နှင်း တစ်ခါတလေမှလာတာ.. မိသားစုပဲ စားပါရစေ''

''သမီးရယ် ပင်ဖြူ ကိုလဲ မိသားစုစိတ်ဓာတ်လေးဝင်သွားအောင် လို့ပါကွယ်၊ ဒီအိမ်သားတွေကို ကြောက်တတ်နေတဲ့အကျင့်မပျောက်တာ ကိုက မိသားစုကနေ အဆင့်အတန်းကွဲနေတာပဲ၊ မေမေက အဲဒီလိုမဖြစ်စေချင်ဘူး''

ပြောနေရင်း ဒေါ်ခင်သူဇာ က ဦးမောင်မောင်လွင်နဲ့ကင်းမောင်မောင် ကို လှည့်ကြည့်လိုက်ပြီး…

''စားသောက်နေတုန်း ဧည့်သည်ရောင်သည်လာတာ ရှိတတ်တယ်၊ အထူးသဖြင့် သမီး အိမ်ထောင်ကျသွားမှ မောင်မင်းဆက်နဲ့ပါပါလာတဲ့ ဧည့်သည်တွေရော…၊ ဒီလူတွေမြင်တွေ့သွားတဲ့အချိန်မှာ ပင်ဖြူလေးကို



www.burmeseclassic.com

www.burmeseclassic.com



"နင်လဲ နောက်ကိုမှတ်ထား"

"ဟုတ်ကဲ့ရှင့်"

"ခြံထဲမှာ ပန်းခူးတာ၊ ပေါင်းရှင်းတာ ပင်ပျို့ကို လုံးဝမခိုင်းနဲ့"

"ဟုတ်ကဲ့ပါ မမကြီး"

"နောက်ဖေး အမှိုက်ပစ်တာ ဘာညာလောက်တော့ ကြုံသလို လုပ် ကြပေါ့"

ပြောပြီးမှ မေမေ့ကို အားနာသလို မျက်လုံးဝေ့ကြည့်၍...

"သူက ပန်းဆို သိပ်ကြိုက်တာ၊ နင်သွားမယ့်အစား သူသွားတော့ ပန်းခူးရုံမဟုတ်ဘဲ လိုက်ကြည့်မယ်၊ ခဏထိုင်မယ်၊ မဟုတ်တဲ့အချိန်တွေ အပိုကုန်တာပေါ့"

အဝင်း ခေါင်းညိတ်ဖို့မေ့သွား၏။ ပင်ပျို့ က ဒါလုပ်ခဲ့ဆိုရင် ဒါက လွဲပြီး တခြား မလုပ်ဝံ့ရှာပါ၊ တီကျူလွန်းလို့ မှားယွင်းကုန်တာဆို ပိုမှ လိမ့်မည်။

မမကြီးက ဘယ်အလုပ် ဘယ်နေရာမှာ လစ်ဟင်းနေလို့ပြောတာပါ လိမ့်...၊

မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် အဝင်း ကြည့်နေတာကို နင်း က မျက်မှောင်ကြုတ်သွားကာ...

"ဘာကြည့်နေတာလဲ၊ ပြောတာနားလည်လား"

"ဟုတ်.. ဟုတ်ကဲ့ပါ"

"ကဲ.. မမကာလဲ ထမင်းစားမျက်ဦးမယ်၊ အဲဒါတွေ အမြင်ကျ ပြော"

'အဲဒါ နင့်ကြောင့်'လို့ပြောချင်နေသည့်မျက်ဝန်းတွေက တလက်လက်။

"မေမေ ဒေဝီတို့ကို ထမင်းဖိတ်ကျွေးမယ်လို့ ကိုမင်းကို နင်း ပြောခဲ့ပြီးပြီနော်"





"ဟင်.. ဘယ်နေ့လဲ"

ဒေါ်ခင်သူဇာ က ကင်းမောင်မောင်ကိုကြည့်ပြီးမှ ပြန်လှည့်မေး၏။ နင်း ကတော့ မောင်ဖြစ်သူကို မသိမသာ တစ်ချက်ပဲဝေ့ကြည့်ကာ...

"လာမယ့်ဆန်းဒေးပဲ၊ နောက်တစ်ပတ်ကျရင် ကိုမင်း သင်္ဘော ပြန် ထွက်ဖို့ကိစ္စနဲ့ နင်း သိပ်လာနိုင်မှာမဟုတ်ဘူး"

စကားလည်းပြော.. ကင်းမောင်မောင့်ကိုလည်း အကဲခတ်ရ၏။ ဒေဝီတို့ကိုဖိတ်ထားတယ်ဆိုကတည်းက ဘာအတွက်ဆိုတာ မောင်မောင် သိနေရမည်သာ..၊ မလိုလားခြင်းတွေဖြစ်သွားလား..၊ လိုလိုလားလား ရှိရဲ့လား...။

မေမေနဲ့စကားပြောရင်း မျက်လုံးတွေကို မောင်မောင့်ဆီပို့ထား လျက်...

"ပြီးတော့ ဒီကိစ္စတွေဖြစ်မြောက်ဖို့ နင်းမရှိရင် မေမေက ဘာမှလုပ် နိုင်မှာမဟုတ်ဘူး"

ဒီစကားအရောက်မှာ ထမင်းဝါးလျက် နှုတ်ခမ်းစေ့စေ့နှင့် မောင်မောင့် မျက်နှာ မော့လာ၏။

"မမကရော ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက်မိန်းမယူစေချင်နေ တာလဲ၊ ကျောင်းတောင်မပြီးသေးဘူး"

တွေ့လား စပြီ ဆိုသည့် မျက်လုံးတစ်ချက် မေမေ့ဆီ ရောက်သွား သေး၏။

ပြီးမှ...

"မညာစုံမှ ကြင်ရာစုံခိုင်းလို့မရဘူး မောင်လေး၊ အချိန်နာရီတွေ ပြောင်းလဲနေသရွေ့ လူ့စိတ်က အများကြီးပြောင်းလဲသွားနိုင်တယ်၊ ပညာ စုံမှ ကြင်ရာစုံတဲ့အခါ ကိုယ်သဘောကျတာလေးတွေ ရွေးထုတ်သပြီဆို ရင်အားလုံး ရင်ကျိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကင်းမောင်မောင် က သူ့အခ်မဖြစ်နေပုံကိုကြည့်ပြီး ပြုံး၏။ ထိုအ ကျမှ အားလုံး ပြုံးနိုင်ရယ်နိုင် ဖြစ်သွားကြကာ…

"ကဲ ကဲ.. မေမေ့အိမ်ကို ထမင်းစားလာပြီး ဘာဟင်းက ဘယ် အရသာမှန်းတောင်မသိလိုက်ဘဲနေပါဦးမယ် သမီးရယ်..၊ ထမင်း စားပါဦး"

နင်းက မောင်မောင့်ကို ချစ်မြတ်နိုးသည့်မျက်စောင်းနှင့်ရယ်ကာ…

"မောင်မောင် နော်..၊ အဲဒါ မင်းကြောင့်.."

"မဆိုင်တာတွေ…"

မောင်နှမနှစ်ယောက်ကိုကြည့်၍ စိတ်ချမ်းမြေ့နေမိသည်။ သမီးကြီး သူ့မောင်အတွက် စိတ်ပန်းလူပန်းဖြစ်နေရှာတာကိုတော့ စိတ်မကောင်း ပေမယ့် မတတ်နိုင်။

ပြောဖြစ်နေတာတွေလည်း နားမှမဝင်တာ…။







## အခန်း (၁၀)

တကျက်နေရတာ စိတ်မပါတိုင်း ဟိုလျှောက်ဒီလျှောက်နှင့် ခြေထောက် တွေက ဘယ်ကိုဦးတည်မှန်း ကိုယ့်ကိုယ်ကိုယ်တောင်မသိလိုက်။

တစ်နေရာအရောက်မှာ စကားပြောသံတစ်ခုကိုကြားလိုက်ရသဖြင့် သူ့ခြေလှမ်းတွေရပ်သွား၏။

"ရှော့လေ.. စားပါ ဝေါ့ကီးရယ်၊ နောက်ဆို ဒီအိမ်မှာ နင်နဲ့ငါ အတူနေရတော့မှာ၊ နင်က ငါ့ကို သူငယ်ချင်းမလုပ်ရင် ငါလဲ ခြံထဲဆင်းရ မှာမဟုတ်ဘူး၊ ဆင်းလာရင်လဲ နင်က မျက်စိနောက်ပြီး လိုက်ကိုက်မှာ၊ ဒါလေးစားပြီး ငါ့ကိုခင်နော်၊ ရှော့.. ရှော့.. စားပါ.. စားလေ"

ဝေါ့ကီးကိုထည့်ထားသည့် လှောင်အိမ်ဘေးမှာ ဒူးထောက်လေးရှိနေ သူက ပင်မျို၊ သူမဘေးမှာ ပလတ်စတစ်အကြည်ရောင်အိတ်လေးတစ်လုံး ကို ဒီတိုင်းချထားကာ အိတ်ထဲမှာ သိုးမွေးချည်လုံးအဖြူနဲ့ အဝါရောင်လေး နှစ်လုံး ရှိ၏။ ပြီးတော့ အတိုအထွာ ဘာတွေပါမှန်းမသိ။

သူမ အဝင်းနဲ့အတူတူ အပြင်ကိုလိုက်သွားတာထင်သည်။ အဖြူစက် လေးတွေပါသည့် အစိမ်းရောင်ဝတ်စုံလေးနှင့် ပါးကွက်လေးနှစ်ဖက်က ထင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် ဒူးထောက်ထားသည့်ဘေးမှာ ကျစ်ဆံမြီးရှည်နှစ်ဖက်က ခွေ့ကျနေကာ ဖွန့်ပန်းကုံးလေးကို ပန်ထားသေး၏။

ပင်ပျိုကို ဘယ်အချိန်ပဲမြင်မြင် ပါးကွက်လေးနဲ့ ပန်းတစ်မျိုးမျိုး ပန် ထားသည့်ပုံကတော့ မပြောင်းမလဲဘဲရှိနေတတ်၏။

သူမကို ဘေးတိုက်မြင်နေလျက် ဘနေ သူ့ ရှေ့ကို တစ်လှမ်းချင်းရွေ့ သည်။ တမင်တကာ ခိုးချောင်ခိုးဝှက်သွားနေတာမျိုးမဟုတ်ပေမယ့် ဘာ တွေ ဆက်ပြောပြီး ဘာဆက်လုပ်ဦးမလဲဆိုတာတော့ သိချင်သည်မို့…

"ဝေါ်ကီး… ဝေါ်ကီး… နင် ထန်းလျက်မကြိုက်ဘူးလားဟင်…၊ မကြိုက်ဘူးပေါ့ ဟုတ်လား၊ အေးပေါ့… နင်က အကောင်းစားတွေချည်း စားနေရတာကိုး၊ ငါ့မှာတော့ ဒါတောင် ဈေးကိုလိုက်ခွင့်လေးရတုန်း အသည်းအသန်ရှာဝယ်ခဲ့ရတာ၊ ထန်းလျက်ဖိုးနှစ်ရာကိုသုံးလိုက်ရတာ ဖေဖေ့ကိုမြင်ယောင်ပြီး ငိုချင်မိသေးတယ်"

ငိုချင်မိတယ်ပြောပြီး သူမက မျက်ရည်သုတ်နေသည်။ ဝေါ်ကီးက လည်း စူးစူးစိမ်းစိမ်းကြီးကြည့်နေပေမယ့် သူ့လှောင်အိမ်ထဲကို လက် ကလေးတစ်ဖက်ဝင်ပြီး ထန်းလျက်ချပေးတာ၊ စကားတွေပြောနေတာကို တိတ်ဆိတ်စွာ နေပေးဖော်ရနေသည်။

"ဖေဖေ့အတွက် ပိုက်ဆံနှစ်ရာရှိရင် တစ်ညလုံးအိပ်ပျော်အောင်ဖန်တီး ပေးလို့ရတယ်၊ အရက်နှစ်ရာဖိုးသောက်မှမသောက်ရရင် ဖေဖေ့ခမျာ လူးလိမ့်နေတာပဲဟာ၊ နင့်အတွက် ငွေနှစ်ရာအကုန်ခံလိုက်ရတာ ငါ တော်တော်ကိုစွန့်စားခဲ့ရတာ၊ နင်ကတော့ ငါဝယ်လာတာလေးကို လှည့် တောင်မကြည့်ဘူး၊ တစ်ချက်လောက်နမ်းကြည့်ပါလားဟင်…၊ စားချင် တဲ့စိတ် ဖြစ်ချင်ဖြစ်မှာပေါ့၊ ရော…"

ဝေါ်ကီး က မကိုက်မှန်းသိတော့ ချပေးပြီးသည့်ထန်းလျက်ကို လက် လေးနှိုက်၍ပြန်ယူလိုက်ပြန်သည်။ ပြီးတော့ ချမပေးတော့ဘဲ





တိုင်း လက် ဝါးလေးဖြန့်ပေးပြီးကျွေး၏။

"ဟုတ်တယ်၊ ထန်းလျက်ခဲ အဲဒါ…၊ စားကြည့်… နမ်းကြည့်ပါ၊ အရမ်းချိုတာ"

လက်ဖဝါးထဲကို ဝေါ်ကီး ငုံ့ကြည့်လိုက်သည်နှင့် သူမ မ်းသာအားရ လေးထဖြစ်ကာ ရှေ့ကို ဒူးနှစ်ဖက်နဲ့ပဲ ဆက်တိုး၍ လှောင်အိမ်နားကပ်သည်။

ပြီးတော့ ဘာကို အားမလိုအားမရဖြစ်သည်မသိဘဲ ထန်းလျက်ကို အခြားလက်တစ်ဖက်နဲ့ပြန်ယူပြီး ပါးစပ်ထဲထည့်သည်။ ပြီးမှ ဖြန့်ထား သည့်လက်ဝါးထဲပြန်ထည့်ပြီး…

"ငါတောင်စားတယ် တွေ့လား၊ စားပါ ဝေါ်ကီးရယ်… ငါ နင်နဲ့ ခင်ချင်လို့ပါ၊ စားပါ"

ပြောနေရင်း လက်တစ်ဖက်က ထန်းလျက်ကိုပြန်ထပ်ယူတော့ ထို သက်ကလေးသည် တစ်စုံတစ်ယောက်က ပုတ်ချပစ်လိုက်သဖြင့် ထန်း လျက်တွေ မြက်ခင်းပေါ်ကို ပြုတ်ကျကုန်၏။

"ဘာတွေလျှောက်လုပ်နေတာလဲ၊ ရှုံစရာ"

"ဟင်… ကိုကိုလေး…"

ပင်ပျို သည် ကျန်နေသေးသည့် လက်တစ်ဖက်ထဲက ထန်းလျက် တွေပါ ဘယ်ဆီဘယ်လိုလွှက်ချလိုက်မိမှန်းမသိဘဲ ချထားသည့်အိတ် လေးကိုကောက်ယူပြီး ဖျတ်ခနဲထရပ်၏။

"ကိုကိုလေး… ကျွန်မ…"

"ဟိုထဲမှာချထားပြီးသားကို ဘာဖြစ်လို့ ပါးစပ်ထဲပြန်ကောက်ထည့် တာလဲ"

"ဟို… တို…"

"မင်း တော်တော်ညစ်တီးညစ်ပတ်ပဲ ပင်ပျို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလေးရယ်.. ဟိုလေ..."

"အဝင်းနဲ့အတူတူ မီးဖိုချောင်ထဲဝင်နေတဲ့မင်းကို ဘယ်လိုယုံကြည်ရမလဲ၊ မင်းကိုကြည့်လိုက်ရင် သန့်ရှင်းသပ်ရပ်မှု ဘာမှမရှိဘူး၊ သနပ်ခါးလိမ်း၊ ပန်းပန်ထားတာနဲ့ ပြီးနေပြီမထင်နဲ့၊ ဒီလိုပုံစံတွေမှာ မင်းရဲ့စရိုက်ကတန်းပေါ်တာ"

"ဟုတ်.. အဲ.. မဟုတ်ပါဘူး ကိုကိုလေးရယ်..၊ ပင်ပျိုလေ..."

စကားသံလေးပျောက်သွားကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျသည်။ မိန်းမတစ်ယောက် မျက်ရည်ကျနေတာကို အပြင်မှာ သေချာမမြင်ဖူးခဲ့သည်မို့ ကင်းမောင်မောင် ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။

အမြဲတမ်း သာယာချမ်းမြေ့နေခဲ့သည့် ကိုယ့်မိသားစုထဲမှာလည်း မိဘတွေက သားသမီးတွေကို အကြီးအကျယ်နှာကျင်အောင် မရိုက်နှက်ခဲ့ဖူးဆို့လား...၊

ဟိုးငယ်ငယ်ကတော့ ရိုက်ချင်ရိုက်ခဲ့နိုင်ပေမယ့် လူမှန်းသိတတ်အရွယ်တွေမှာ ဒီလိုမဖြစ်ဖူးခဲ့တာလား...၊

မေမေ ငိုတာလည်းမမြင်ဖူးသလို မမ ငိုနေတာလည်း သူ မမြင်ဖူးခဲ့တော် အမှန်ပင်။ ရုပ်ရှင်မင်းသမီးငိုတာကျတော့ ဒါက ခံစားကြည့်လို့မရတဲ့အပိုင်း...၊

ရုပ်ရှင်ကြည့်တာလည်း သူ ဝါသနာမပါပေ။ ခုတော့ ကိုယ့်ရှေ့မှာကိုယ့်ကြောင့် မိန်းကလေးတစ်ယောက် မျက်ရည်တွေကျပြီးငိုနေတာရှိက် ကြီးတင်...၊

"ကျွန်မ မြုံထဲကိုဆင်းချင်လို့ပါ၊ အခု.. အခု မြုံထဲကိုမဆင်းရတာနှစ်ရက်ရှိပြီ၊ အဲဒါကြောင့်.. အဲဒါနဲ့ ထန်းလျက်ဝယ်ပြီး..."

"မင်းကျွေးတာ သူ ဘယ်တော့မှစားမှာမဟုတ်ဘူး"





"ဟုတ်ကဲ့.. ကျွန်မ နောက် မကျွေးတော့ပါဘူး"

"နေဦး"

သူ ဒီဘက်လှည့်လိုက်တော့ ပင်ပျို က ပြန်ဖို့ခြေလှမ်းပြင်သဖြင့်အားဆီးကာ...

"ဟိတ်ကောင် လာ.. ထွက်ခဲ့"

"ဟင်.. ကိုကိုလေး.. ကိုကိုလေး မလုပ်ပါနဲ့"

လှောင်အိမ်ကိုဖွင့်လိုက်သည်နှင့် အထဲမှာ ဆောင့်ကြောင့်ထိုင်နေသည့်ဝေါ်ကီးက မတ်တတ်ရပ်လိုက်တော့ ကြွားကြွားထွားထွားကြီး ဖြစ်သွား၏။

သူ့ကို ဒေါသဖြစ်ပြီး ခွေးနဲ့ကိုက်ခိုင်းတော့မည်ထင်တာ ပင်ပျို သတိလစ်မတတ်ဖြစ်သွား၏။ ကင်းမောင်မောင်နောက်ကို ဘယ်လိုဆက်သွားမှန်းမသိဘဲ ပြေးစရာနေရာမရှိဖြစ်နေခဲ့၏။

"မင်းကို သူ သိနေပြီ၊ မကိုက်တော့ဘူး"

"ဟင်..."

ဝေါ်ကီးကို ဒီဘက်ပို့၍ ကင်းမောင်မောင်က ဖယ်လိုက်တော့ ပင်ပျိုနဲ့ဝေါ်ကီး မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ ဝေါ်ကီး မျက်လုံးထဲမှာ ရန်လိုခြင်းတွေမရှိခဲ့ဘဲ ကင်းမောင်မောင်ဘက်ကို ပြန်လှည့်သွားလျှင် ပင်ပျိုမှာ သာအားရဖြစ်သွားမိ၏။

ဒါ တကယ်လား..၊ ကိုကိုလေး ရှိနေလို့လား၊ ဒါမှမဟုတ် စောစောက ပင်ပျို ပြောတာတွေကို နားလည်သွားတာလား၊ စိတ်ထဲမှာ ခွန်းတွေ ဖြစ်နေဆဲ...

"မင်း သူ့ကိုမကိုက်ရဘူးနော်၊ ဒါ ဒီအိမ်ကလူပဲ"

ကင်းမောင်မောင်က ဝေါ်ကီးခေါင်းကိုပွတ်သပ်ပေးရင်းပြောတော့ ဝေါ်ကီးရဲ့မျက်နှာ မော့လာပြီး ပင်ပျိုကို လှမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို… နောက်ကို ကိုကိုလေးမရှိဘဲ ကျွန်မတစ်ယောက်တည်းဆင်ရင် မကိုက်တော့ဘူးပေါ့နော်"

"အင်း… မင်းက ဘာဖြစ်လို့ခြံထဲဆင်းဖို့ ဒီလောက်ကြိုးစားနေတာလဲ"

ကင်းမောင်မောင် မတ်မတ်ပြန်ရပ်ပြီး ခါးနှစ်ဖက်ထောက်မေးတော့ ပင်ပျို ခေါင်းလေးငုံ့သွားကာ…

"ကျွန်မ ဝေါ်ကီးနဲ့ခင်ချင်လို့ပါ၊ ဟို… ပြီးတော့လေ… ပန်းအ တွေလဲရင် ပန်းတွေ စိတ်ကြိုက်ခူးပြီး ကိုယ်တိုင်လဲချင်လို့…"

"ဘာပဲဖြစ်ဖြစ် တစ်ခုခု သိချင် လုပ်ချင်ရင် သိတဲ့လူကိုမေးရတယ်"

"ဟုတ်ကဲ့"

"ဒီကောင်တွေက သခင့်မှတ်တဲ့စိတ် မြင်းတယ်၊ တော်ရုံနဲ့ ကင် မလွယ်ဘူး၊ သခင်ကိုယ်တိုင် ပြောတာ သင်တာကလွဲရင် ဂရုမစိုက်ဘူး"

"ဟုတ်ကဲ့ပါ"

မျက်နှာမမော့ရဲသမျှ ငုံ့ထားရသည့်မျက်ဝန်းရှေ့မှာ ကိုကိုလေး လက်ချောင်းတွေနဲ့ ခြေထောက်တို့ကိုပဲ ပင်ပျို စေ့စေ့စပ်စပ်ကြည့်နေမိ

အသန့်အပြန့်ကြိုက်တဲ့သူဆိုတော့ ပြောဖို့မလိုအောင် ကိုကိုလေး ခြေထောက်တွေက နုရဲစိမ်းမြနေ၏။ လက်ချောင်းတွေမှာလည်း မွေးညှ တွေနုတာ၊ ကြမ်းတာ၊ ယောက်ျားလက်သဘာဝအတိုင်းမဟုတ်ဘဲ ပြ သွယ်လျနေတာ အားလုံးကို မြင်နေရသည်။

ထိုအခါ ကိုယ့်လက်ကိုသတိရပေမယ့် ဖြန့်မကြည့်ရဲသည့်အ ပို၍ ပင်ဖိဆုပ်ထားလိုက်မိသေးသည်။

"ဟိတ်… မျက်နှာက အောက်မှာဘာရှိလို့ ဒီလောက်ငုံ့နေတာလဲ"

"ရှင်…"

ပင်ပျိုကိုယ်လေး တုန်သွားကာ ချက်ချင်း မော့လာ၏။ သူမ မျက်





ဘက်မှာ သနပ်ခါးဝေ့လည်းရှိလျက် မျက်ရည်မြစ်ဓါးစီးဆင်းထားခဲ့သော အမ်းကြောင်းကြီးက ခြောက်တချို့ စိုတချို့နှင့်ရှိနေ၏။

သနပ်ခါးပါးကွက်လေးက လှတာပတာရှိပေမယ့် မျက်ရည်စိုတော့ အကြည့်ရဆိုးနေရာ…

"နောက်ကို အလုပ်ပြီးလို့နားနေကာမှ ရေထပ်ချိုးပြီး သနပ်ခါးလိမ်း"

"ရှင်…"

"မျက်ရည်ကျတာတဲ့ရင်လဲ ငိုပြီးတာနဲ့ မျက်နှာသစ်ပစ်လိုက်"

ပင်ပျို နှုတ်ခမ်းလေးတွေဖွင့်လျက်နှင့် မျက်တောင်တွေသာခတ်နေမိသည်။ ဘာပြောရမှန်းမသိ။

"သနပ်ခါးလိမ်းပြီး ငိုထားတာ မင်းမျက်နှာ မင်းပြန်ကြည့်စမ်း၊ ညစ် ပတ်ပေပွနေတာ"

"ဟုတ်… ဟို… ဟိုလေ… မေမေကြီးက မျက်နှာပြောင်နဲ့မနေရဘူးဆိုလို့…"

"မင်းကို မျက်နှာပြောင်နဲ့နေခိုင်းနေတာမဟုတ်ဘူး၊ သနပ်ခါးပါးကွက် မျက်ရည်နဲ့၊ ပြီးတော့ ချွေးတွေကွက်တာ ဘယ်လောက်အကြည့်ရဆိုးသလဲ၊ သနပ်ခါးကြိုက်တတ်ရင် ဒီထက်သန့်ရှင်းအောင်နေ၊ ပြောတာကြားလား"

"ဟုတ်ကဲ့ရှင့်"

"သွားတော့"

"ဟုတ်ကဲ့"

ပင်ပျို လှည့်ထွက်သွားတော့ ပန်းနုံလေး ခွေဝဲကျန်ရစ်၏။ သူ့ ခပ်ငုံ့ နှင့် အကြာကြီးနေပြီး ထိုနေရာကခွာခဲ့မိသည်။ အလယ်ခုံတန်းပေါ်မှာ အရုပ်တွေကျန်ရစ်ခဲ့ပေမယ့် ခြေထောက်တို့က နောက်ပြန်မလှည့်ဘဲ ဝန်းရုံဆီသို့ရောက်ခဲ့၏။

*



www.burmeseclassic.com

www.burmeseclassic.com

မိုးဦးရောက်ပြီဆိုတော့ ဖွန်ပန်းတွေက ခူးလို့မနိုင်အောင်ပွင့်လေသည်။ ဒါပေမယ့် သူ့ရှေ့မှာတော့ ဝန်းဖူးလေးတွေကပဲ တလှုပ်လှုပ်တန့်နှင့် မျက်စပစ်နေကြ၏။

ဖွန်ပန်းရုံနားရောက်ပေမယ့် ဖွန်ပန်းနံ့ကို မရခဲ့ပါ။

သူ ဘာဖြစ်လို့ ဒီနေရာရောက်လာမှန်း ကိုယ့်ကိုယ်ကိုယ်ပင်လျှင် သတိမထားမိလိုက်ဘဲရှိ၏။

ပြန်လှည့်ထွက်ခဲ့တော့ မြခစ်မှာ ပိတောက်ပင်တွေ သုံးပင်တန်းစီနေသည်။ အားလုံး အဖူးတွေ ပြွတ်သိပ်ညပ်လျက်...၊

“သကြံန်တောင်ရောက်တော့မှာပဲ”

အခန်း (၁၁)

“ဒီနှစ်သင်္ကြန်မှာ သမီးတို့ လျှောက်မလည်ဘူးလား”

ထမင်းလက်ဆုံစားကြရင်း ဒေါ်ခင်သူဇာ က စ,မေးသည်။ ဒေဝီ မျက်ဝန်းလေးတွေက ထမင်းစားနေသည့် ကင်းမောင်မောင်ဆီ ရောက်သွားကာ...

“မောင်မောင်တို့ လည်မှာလားဟင်”

“ဟင်...”

ကင်းမောင်မောင် မျက်လွှာပင့်ကြည့်လိုက်ပြီး...

“ကိုယ့်ကိုလား...”

“အင်း”

“လျှောက်လည်တာကို ကိုယ် ဝါသနာမပါဘူး”

“ရေကြောက်လို့လား”

“အဲလိုတော့မဟုတ်ဘူးထင်တယ်၊ ကိုယ်မှာ ရေစိုကြီးနဲ့နေရတာကို မကြိုက်တာ၊ ရေစိုနေတဲ့သူတွေ မြင်ရတာတောင် စိတ်ပျက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတော့မှ မျက်လုံးပင့်ကြည့်သည်။ သူများတွေ ဟက်ဟာ ပက်ပက်ရယ်ကြမှ ကင်းမောင်မောင် က ပြုံးယောင်သမ်းရုံ…၊

ကိုယ့်သား နေနိုင်ပုံကိုအကဲခတ်မိပြီး ဒေါ်ခင်သူဇာ ဒေဝီတို့ကို အား နေမိသည်။ ဒေဝီခင် က မိဘမဲ့ဖြစ်သည်။ အဒေါ်အပျိုကြီးကပဲ သူမဆီ အမွေထိန်းအဖြစ် အတူနေပြီး စောင့်ရှောက်ခဲ့တာဖြစ်သည်။

အဒေါ်ဖြစ်သူက ထမင်းပဲငုံ့စားနေပြီး ဘာမှ ဝင်ရောက်ပြောဆိုခြင်း မပြုပေမယ့် မောင်မောင် စကားပြောပြီဆိုရင်တော့ သေချာကြည့်ပြီး နားထောင်နေတတ်၏။

ပြီးတော့ ဒေဝီနဲ့မောင်မောင့်ကိုပဲ တိတ်ဆိတ်စွာကြည့်နေတာ လည်း ဒေါ်ခင်သူဇာ မြင်နေရသည်။ ဒီနေရာမှာ သမီး နှင်းမမ ရှိမနေ တော်နေသေးတာလား၊ ပွဲမစည်တာလား ဘာမှန်းတော့မသိပေမယ့် ရင်ထဲမှာမောနေမိတာတော့ အမှန်ပင်။

နှင်း ရှိနေလျှင် သူ့မောင်အတွက် လိုအပ်တာယူ၊ မလိုအပ်တာဖယ် သူမဘာသာ လှုပ်ရှားသွားတာ မိဘက ပြန်ကြည့်စရာမလို..၊ ခုတော့…

"သမီးရေ.. ဒီအရွယ်ထိ သကြန် တစ်ခါမှကို လျှောက်မလည် တာ၊ အဲဒါကို ယုံလိုက်တော့.."

ပြောပြလိုက်တော့ ဒေဝီ က ရယ်သည်။

"အဲဒါကြောင့်များ ဆရာဝန်ဖြစ်လာသလား မပြောတတ်ဘူး၊ သာ က အရမ်းအေးသန့်ကြိုက်တာ၊ ငယ်ငယ်တုန်းကဆို ခြံထဲဆင်းပြီး မာလီ ဒရိုင်ဘာတွေကို ရေသွားချိုးခိုင်း၊ အင်္ကျီထပ်လဲခိုင်းနဲ့လုပ်လွန်းလို့ ခြံထဲ သိပ်ပြီးပေးမဆင်းရဘူး၊ အလုပ်သမားဆိုတာ အလုပ်လုပ်ချိန်မှာ ချွေးနံ့ သ ရှိမှာပေါ့နော်၊ နားချိန်တော့ ရေမိုးချိုးမှာပေါ့၊ သားက သူ မြင်လိုက်တဲ့အ မှာ ချွေးတရွှဲရွှဲနဲ့ဖြစ်နေရင် မရမက ရေချိုးခိုင်းတာပဲ"

"ခုရော အန်တီ.."





"ခုတော့ နားလည်သွားပြီလေ၊ ဒါတောင် ချက်ပြုတ်တဲ့မိန်းကလေး တွေ ခဏခဏ အဆူခံရတာယ်"

စကားမရှိစကားရှာရင်း သားအကြောင်း မကောင်းပြောသလိုဖြစ် သွားမှာလည်းစိုးပါသည်။ ဒေဝီတို့ ထုံစရိုးကတော့ ပြုံးရယ်လို့ပင်…။

"ဟုတ်တာပေါ့၊ ငယ်ငယ်ကတော့ ပါလာတဲ့ဗီဇစိတ်အတိုင်း ဟန် ဆောင်မှုသားမသုံးတတ်တဲ့အရွယ်ကိုး..;၊ လူမှုနယ်ပယ်ကို တိုးဝင်လာ တဲ့အခါကျမှ ပန်းချီဆရာလက်လို ဆေးရောင်တစ်မျိုးတည်းများနေရင် ဘယ်လိုဖြစ်မလဲ၊ မှုမှုတတခြယ်သလိုက်ရင် ဘာပုံစံထွက်လာမလဲဆိုတာ တွေကိုမြင်လာတာ၊ ကလေးဘဝမှာ ကလေးချင်းယှဉ်လိုက်ရင်တောင် လူရည်သန့်ဆိုတာ အဲဒါလေးတွေကနေ ကွဲပြားသွားတာပေါ့"

အဒေါ်ဖြစ်သည့် ဒေါ်ဖြူဖြူခိုင်က စိတ်လိုလက်ရ ဝင်ပြောသည်။ ထို့ပြင်…

"ဒီနှစ်တော့ လူလေး သကြန်မှာမထွက်လို့မရလောက်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခြံရှေ့မှာ မဏ္ဍပ်ထိုးနေပြီလေ၊ သမီးက ရှစ်ရှင်မင်း သမီး လင်းလက်ချို့ သူငယ်ချင်းဆိုတော့ သူတို့နှစ်ယောက်ပဲ ဒါရိုက်တာ"

"ဒေဝီက အဲဒါတွေလဲ ရသလား"

ကင်းမောင်မောင် မေးလိုက်တော့ ဘာကိုရည်ရွယ်တာမှန်းမသိသော ကြောင့် ဒေဝီ ကြောင်တောင်တောင်ဖြစ်သွားသည်။ တစ်အောင့်ကြာတော့ မှ…

"ခါတိုင်းနှစ်တွေတုန်းက မလုပ်ပါဘူးနော်၊ ဒီနှစ်ကျမှ လင်းလက်တို့ နဲ့ချိတ်မလို့ပါ၊ မောင်မောင် ဒေဝီတို့မဏ္ဍပ်ကို လာမှာလား၊ မလာဘူးလား ဒါပဲမြေ"

"အဲဒါက ပြောလို့မရဘူး၊ အိမ်မှာပဲ နေဖြစ်ရင်တော့ ရောက်လာနိုင် တယ်၊ ဟိုကောင်တွေ…"



www.burmeseclassic.com

www.burmeseclassic.com



"ခုနကပြောတော့ သကြိန်ရေပက်ခံတာ တစ်ခါမှ မတွေ့ဖူးဘူးဆို"

"ရေပက်ခံမဟုတ်ပါဘူး၊ ရေမပက်ခင် ထွက်သွားကြပြီး တစ်အိမ်အိမ်မှာ စုကဲကြတာ"

"တွေ့လား…၊ ဒါမျိုးကျတော့ ကဲရမှန်းသိတယ်"

"အဟွန်း… ဘာရယ်တော့မဟုတ်ပါဘူး၊ သူများတွေ ပျော်နေကြတာမြင်တော့ ကိုယ်လဲ လန်းလာတာပေါ့၊ ရေစိုတာကိုလဲ မကြိုက်ပေမယ့် သကြိန်ကိုချစ်တယ်၊ စိတ်ရော လူရော လွတ်လပ်လန်းဆန်းနေတဲ့အချိန်မို့လို့ သကြိန်မှာ ပျော်လဲပျော်တယ်"

ကင်းမောင်မောင်က ထမင်းစားခြင်းကို လက်စသတ်လိုက်တော့ ဒေဝီ ကလည်း ဖွန်းခက်ရင်းကိုချထားလိုက်ပြီး သောက်ရေခွက်ကိုကိုင်၏။

"စားလေ သမီးရဲ့…၊ ဝသွားပြီလား"

"ဝပြီ အန်တီ၊ မောင်မောင့်ကို သကြိန် အပြင်ထွက်ဖို့ စည်းရုံးရေးမှာ"

နှစ်ယောက်အတူ အပြင်ထွက်သွားကြတော့ လူကြီးတွေ မျက်နှာပြုံးနေကြ၏။ ဟိုတုန်းကတည်းက မောင်မောင့်ဘက်ကသာ ခပ်တည်တည်နေခဲ့ပေမယ့် ဒေဝီ က တွေ့ပြီဆို သူငယ်ချင်းတွေလိုပါပဲ…။

"သမီးကို တစ်ခါနှစ်ခါတော့ မြင်ဖူးခဲ့တယ် သိလား၊ သားနဲ့ ဒီလိုရင်းနှီးမှန်းမသိဘူး၊ သိရင် အစောကြီးကတည်းက စေ့စပ်ပေးထားလိုက်တယ်၊ ဒေဝီ က ချစ်စရာလေးနော်"

"အင်း… ကျွန်မမှာလဲ ဒီမိန်းကလေးတစ်ယောက်ကြောင့် စိပ်ပုတီးကိုင်တာလောက်ပဲ တတ်နိုင်တော့တယ် မသူဇာရယ်၊ ဘုရားမှန်း ကျောင်းမှန်းကို မသိတော့ပါဘူး၊ မိန်းမငယ်လေးမို့လို့ စိတ်မချတာရော၊ ကျွန်မခဲ့တဲ့ သူ့မိဘရဲ့စည်းစိမ်ဥစ္စာတွေကို ထိန်းသိမ်းရတာရော နည်းတဲ့တာဝန်တွေလားရှင်"



"ဟုတ်တာပေါ့၊ လည်ပတ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရော ရှိရဲ့လား"

"ရှိတယ်၊ အဲဒါတွေသာမယုံရရင် ကျွန်မ သေပြီပေါ့ မသူဇာရယ်၊ ဒေဝီ က စီးပွားရေးကို လုံးဝ စိတ်မဝင်စားတဲ့အပြင် ယူလိုက်တဲ့မေဂျာကသဲ နှလုံးအထူးကုတဲ့၊ နှစ်ရှည်လများသင်၊ နိုင်ငံခြားထိ ဘွဲ့တွေတက်ယူ၊ ဘယ်မှာလဲ စီးပွားရေးလုပ်ချိန်…"

"ဒါကတော့ ဝါသနာကိုး မခိုင်ရယ်"

"ပြီးတော့ အိမ်ထောင်ဖက်ဖြစ်ဖို့ရှိလာတာကလဲ သူ့လိုလူပဲဖြစ်နေဖြန်ရော၊ နှစ်ယောက်သား ဘွဲ့တွေတစ်သီကြီးယူနေကြတာနဲ့ ပြီးပြီ"

ကျွန်မခဲ့တဲ့လူကြီးတွေ ရယ်ကြမောကြရင်းနဲ့ ထမင်းပွဲကို လက်စသတ်၏။

"ဘယ့်နယ်လုပ်မလဲနော်၊ လက်ထပ်ဖို့ပြောကြည့်တာနဲ့ ဒီလူတိုပဲကြိုက်ပါတယ်လို့ဖြစ်လာတာ၊ ဖူးစာပဲပေါ့"

"ဘာလဲ…၊ မခိုင်က ကျွန်မသားလေးကို စီးပွားရေးလုပ်ငန်းရှင်ဖြစ်စေချင်နေတာလား"

"မောင်မောင့်ကို ကျွန်မက သဘောကျပါတယ်၊ တည်တဲ့ရည်မွန်တယ်၊ ဘာမှပြောစရာမရှိဘူး၊ မောင်မောင် မဟုတ်ခဲ့ရင်တော့ သမီးရဲ့ အိမ်ထောင်ဖက်က စီးပွားရေးဘက်မှာထူးချွန်တဲ့သူဖြစ်ရင်ကောင်းမှာပဲလို့ တွေးမိခဲ့တာမျိုးရှိတာပေါ့၊ ခု မရှိတော့ပါဘူး"

ဘာပဲဖြစ်ဖြစ် ဒေဝီတို့ ချမ်းသာကြွယ်ဝတာက မသိသူမရှိသလောက်ပင်…၊ ထို့ကြောင့် မိဘဝီသစ္စာပင် ချမ်းသာတာတွေကြားလေ ဝီတီတွေဖြစ်ရလေ…။

ဒါတွေ အစောင်ပြေခဲ့ရတာ နှင်းမမကြောင့်ပါ။

သားနဲ့ဒေဝီ ခင်ခင်မင်မင်ရှိကြပေမယ့် ဒေဝီကိုယ်တိုင်က သဘောကျနေသည့်တိုင် သမီး နှင်းမမတသာ သွက်သွက်လက်လက် ဆောင်သွယ်

www.burmeseclassic.com



လုပ်ပေးမထားခဲ့လျှင် ဒီနေ့စပ်ပွဲဖြစ်ဖို့ မရှိပေ။

ခုတော့ ဒေဝီနဲ့ ကင်းမောင်မောင်တို့ကို နေ့စပ်ခဲ့ကြပြီးလို့ လက်ထပ်ပေးဖို့လည်း သေချာနေပြီဖြစ်၏။

သားဘက်က မငြင်းဆန်သေးသည့်အခြေအနေလေးကို အရယူပြီး စီစဉ်လိုက်ရတာမို့ အခမ်းအနားတော့ သိပ်မပါပေ။

ဒေဝီနဲ့ မောင်မောင်တို့ကတော့ ခြံထဲမှာ တစ်ယောက်မျက်ဝန်းတွေကို တစ်ယောက် ဖတ်လို့မပြီးနိုင်။

"မောင်မောင့်ကိုကြည့်ရတာ မိမိကိုယ်ကိုအလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူးဆိုတာမျိုးပဲနော်"

အတူတူယှဉ်တွဲသွားနေတာတောင် ပခုံးချင်းမထိတထိဖြစ်သွားတဲ့အခါ မောင်မောင်က သေးကို ခြေတစ်လှမ်းရွှေပစ်လိုက်တာရှိတော့ ဒေဝီက စတင်စူးစမ်း၏။

"ပြီးတော့ အချစ် သို့မဟုတ် အိမ်ထောင်ရေးကို လုံးဝကို စိတ်မဝင်စားသလိုပဲ"

မေးခွန်းနှစ်ခု ပြီးဆုံးသွားမှ ကင်းမောင်မောင်က သူမကို ငုံကြည့်ပြီး ပြုံးသည်။

"စိတ်မဝင်စားတာတွေ အများကြီးရှိပေမယ့် အိမ်ထောင်ရေးကိုတော့ မဝင်စားလို့မရဘူးလေ၊ ဒါက ဘဝအရေး"

"သြော်..."

"ဒါပေမယ့် ကိုယ်ချစ်တာပဲ ပိုင်ဆိုင်ချင်တယ်၊ မိဘပေးစားတာပဲ ယူတော့မယ် ဆိုတဲ့ ထုတ်နုတ်ရွေးချယ်လိုခြင်းတွေ ကိုယ့်စိတ်မှာ မဖြစ်ဘူး"

ခြေလှမ်းတွေက အနှေးဆုံးသို့ဖြစ်သွားခဲ့ရင်း ဒေဝီ က သူ့စကားကို စိတ်ဝင်စားပြီးရပ်ပစ်လိုက်သဖြင့် သူကလည်း ဒေဝီ့ဘေးမှာပဲ ရပ်နေကာ...

"ခုချိန်ထိ ပြောရရင် အချစ်ကို လုံးဝစိတ်မဝင်စားဘူး"





ဒေဝီ မျက်နှာလေးပျက်သွား၏။

"အဲဒါကြောင့် ဒေဝီ့ကို ကိုယ် အားနာတယ်"

"အားနာတယ် ဟုတ်လား"

"ဟုတ်တယ်၊ လက်ထပ်ဖို့အတွက်က ကိုယ်တို့ ဒီထက်ရင်းနှီးသင့်အယ်လေ၊ ကိုယ့်ဘက်ကယောက်ျားလေးမို့ မဆိုသာပေမယ့် ဒေဝီ့ဘက်မှာ ခံစားချက်တွေရှိနေနိုင်တယ်၊ အဲဒါကို ကိုယ်က ညှာချင်ပါတယ်၊ လူကြီးတွေက လက်ထပ်ဖို့ကိုပဲ..."

"နေဦး မောင်မောင်၊ မောင်မောင်က ဒေဝီ့ကို ငြင်းချင်တဲ့ဆန္ဒရှိနေတာလား၊ ဆောရီးနော်.. ရိုင်းသွားလားမသိဘူး၊ ဒါပေမယ့် ဒေဝီ သိချင်လို့ပါ"

"ဒေဝီ့အတွက်လို့ ကိုယ် ပြောပြီးပြီပဲ၊ ခုတောင် ဒေဝီ ကိုယ့်ကို မြင်တတ်နေပြီ၊ နောက်ဆိုရင် ဒီထက် ပြဿနာရှိလာနိုင်တယ်"

"နောက်ဆိုရင် ဒီထက်ပိုရင်းနှီးပြီး နားလည်မှုတွေဖြစ်မလာနိုင်ဘူးလား မောင်မောင်၊ မောင်မောင် စိတ်မဝင်စားတဲ့ အချစ်ဆိုတာကို ခဏ ထားပြီးတော့လေ..."

ကင်းမောင်မောင်က ဒေဝီ့မျက်နှာလေးကို စိုးမိုးကြည့်နေရင်း မေးဖျားပင့်ရုံလေး ခေါင်းညိတ်၏။

"အဲဒီလို အချစ်ကို ခဏထားလိုက်ပါလို့ ကိုယ့်ဘက်က ဆက်လက်စိမ်းသက်နေခဲ့မိရင်ရော..."

"ဒေဝီ ကျေနပ်ပေးမှာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့..."

ဒေဝီ အသက်တစ်အောင့်လေးနား၍ အားယူသလိုပင်သက်ပြင်းချ၏။ ထိုခဏလေးမှာ ကင်းမောင်မောင်က မျက်နှာလွှဲထွက်သွားသည်။ ဒါပေမယ့်...

"ဒေဝီ့ဘက်က တစ်ဖက်သတ်ဖြစ်နေရလဲ မောင်မောင့်ကို မှီခိုး



www.burmeseclassic.com

www.burmeseclassic.com



လို့ရမှာမဟုတ်ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ အစတည်းက ဒီတိုင်းပဲရှိခဲ့တာ"

မောင်မောင်က မျက်နှာခပ်လွှဲလွှဲ မျက်မှောင်ကြုတ်နေ၏။ ခေဝီက ကင်းမောင်မောင်၏ပခုံးနောက် မကျတကျလေးမှာရပ်လျက်ရှိကာ…

"မောင်မောင် ဝင်ရင်ဝင်နှင့်တော့လေ၊ ခေဝီ ဖွှန်ပန်းဖူးလေးတွေ ခူး ချင်လို့၊ ရတယ်မို့လားဟင်…"

စိတ်ထဲမှာ မှန်းကျစ်လို့ လမ်းကြောင်းရှာကြည့်လိုက်တာပါ။ ကိုကြီး မင်းဆက်တို့စုံတွဲကြောင့် မောင်မောင့်ဝတ်ခန်းကျင်မှာ သူမ ဝင်ထွက်သွားလာပြီး ရင်းနှီးခဲ့ကြပေမယ့် ဘယ်အခါဖြစ်ဖြစ် အပြုံးအရယ်နည်းပါးလွန်းစွာ ရှောင်ဖယ်ဖယ်နေခဲ့သည့် ကင်းမောင်မောင်က ကျောင်းမှာဆို ရင်းနှီးလို့မရခဲ့ပေ။

ခေဝီခင် ဆိုသော သူမသည် ရုပ်ရည် ပညာ စည်းစိမ်ဥစ္စာ အားလုံးပြည့်စုံနေသည့်တိုင် ကင်းမောင်မောင် ဆိုသော ယောကျ်ားတစ်ယောက်၏ အရေးပေးဂရုစိုက်ခြင်းကို ဘယ်သောအခါမှမရနိုင် ဟူသော မညာတ်ချက်နှင့် မွေးဖွားခဲ့သည်လား…၊

အချစ်ကိုမရသေးရင်လည်းနေပါ၊ ဘယ်သောအခါမှမရနိုင်ဆိုသည့် အဖြစ်ကို မလိုချင်။

"မင်းက ပန်းကြိုက်သလား"

ခေဝီ ပန်းရုံနားရောက်သွားတော့ ကင်းမောင်မောင် က ခပ်ဖြည်းဖြည်းလျှောက်လိုက်လာရင်း…

"ပန်းကြိုက်တဲ့မိန်းကလေးတွေက များသောအားဖြင့် နူတတ်တယ်၊ ခေဝီ ကို ကိုယ်က ပန်းကြိုက်မယ်လို့မထင်ဘူး"

"ဟင်.. ခေဝီ ပုံစံက ကြမ်းပုံကြမ်းတမ်းဖြစ်နေလို့လား"

"မဟုတ်ပါဘူး၊ မင်း လှပါတယ်၊ မမနှင်းရဲ့စိတ်ဓာတ်အယူအဆတွေ





ဆုတယ်လို့သတ်မှတ်ကြည့်လိုက်တော့ ပန်းမကြိုက်နိုင်ဘူးလို့ အခြေခွက်တာ"

"မောင်မောင်က ခေဝီရဲ့အတွင်းစိတ်သန္တာန်ကို စိတ်ဝင်စားလို့လား"

ကင်းမောင်မောင်က ပြုံး၍ ဘာမှမပြောဘဲနေ၏။ ခေဝီ က ပန်းဖူးလေးတွေကို လိုက်ခူးရင်း သူ့ကိုမော့ကြည့်ရင်းဖြင့်…

"ပန်းကြိုက်တာ မကြိုက်တာထက် အလှအပကိုခံစားချင်တာတော့ လူ့သဘာဝပဲလေ၊ မောင်မောင် ပြောသလို မမနှင်းရော မောင်မောင်ရော အနုအရှတွေ သိပ်မခံစားတတ်ဘူးဆိုတာတောင် ဒီခြံထဲမှာ နှင်းဆီရောင်စုံတွေ၊ မွှေးတဲ့ပန်းမျိုးတွေ အရမ်းစုံပြီး အရမ်းလှအောင်စိုက်ထားခဲ့တာပဲ"

"အဟွန်း…"

ကင်းမောင်မောင်က ခေါင်းညိတ်ရင်း ရယ်သည်။ လက်ခုပ်ထဲမှာ ပန်းဖူးလေးတွေထည့်နေရင်း ခေဝီကလည်း လက်ကိုပြန်ချလိုက်ကာ…

"တော်ပြီ၊ သူများတွေသိကုံးထားတာ အဆင်သင့်ယူရတာလောက်ကောင်းဘူး"

"သြော်.. သြော်"

"မသြော်ပါနဲ့…၊ သူကဖြင့် ပိုင်းခူးမပေးဘဲနဲ့…"

ထိုအခါကျမှ သူ ပိုင်းကူဖို့ကို ခေဝီ မျှော်လင့်နေမှန်းသိတော့သည်။

"ဆောရီး.. ကိုယ်က ပန်းခူးတဲ့ အနုစိတ်ခံစားချက်တွေကို စိတ်မရှည်ဘူး"

"ဟုတ်ပါပြီ.. ဟုတ်ပါပြီ၊ ရှင့်အိမ်ကပန်းကိုလဲ မခူးတော့ပါဘူး"

"အဲဒီသဘောမဟုတ်ပါဘူး"

မောင်မောင်က အများကြီးရှင်းပြတာမဟုတ်ဘဲ ဆံပင်တစ်ချက်သပ်၍ ရယ်သည်။ သွားတွေပေါ်အောင်ရယ်ခဲ့သူမို့ မောင်မောင့်နှုတ်ခမ်းသားတွေ ပြေပြစ်စွာပွင့်ဟသွားခြင်းမှာ ခေဝီ ငေးနေခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီယောက်ျား ဤမျှခုတောင်းကောင်းခဲ့သည်လား…၊ ဒါမှမဟုတ် ကိုယ်တစ်ယောက်ကပဲ သူမှသူ စွဲလမ်းခဲ့ခြင်းကြောင့်လား…။

"မမ… မမဒေဝီ"

"ဟင်"

နှစ်ယောက်အတူယှဉ်တွဲရပ်နေရာသို့ သွက်သွက်လက်လက်ပြေးလာပြီးမှ ကင်းမောင်မောင်ကိုမြင်လိုက်တော့ ပင်ပျို မျက်လုံးလေးဝိုင်းသွား၏။

အိမ်နောက်ဖေးကလှမ်းကြည့်လိုက်တော့ ကင်းမောင်မောင်က ပန်း… နဲ့ကွယ်နေပြီး ဒေဝီတစ်ယောက်ကိုပဲ မြင်ခဲ့ရသည်။

ခုကျမှ ငှက်ပျောဖက်လေးနဲ့ထုပ်ပိုက်လာသည့်ပန်းတွေကို ဘယ်မှာ… ထိုးဝှက်ထားလို့မရတော့ပေ။ ကင်းမောင်မောင် တစ်ခုခုဆူလိုက်မှာစိုးသည့်ကြောက်စိတ်နှင့် ဒေဝီ့ရှေ့ကိုရောက်သွားပြီးမှ ဘာမှမပြောရဲတော့ဘဲ ထစ်အနေခဲ့၏။

"ဘာလဲဟင်…၊ သူက ကိုကြီးတို့ညသံခံပွဲတုန်းက ညှိုသည်တွေကို နေရာချပေးနေတဲ့ အဖြူရောင်လေးနဲ့ ဘယ်သူ…"

"ပင့်ပျို ပါ မမ"

"အင်း သိပြီ၊ အိမ်လာတိုင်း သိပ်မတွေ့တော့ အမှတ်တမဲ့ရယ်… ဘာ ကိစ္စရှိလို့လဲဟင်"

ထပ်မေးလိုက်မှ ပင်ပျို က ခေါင်းလေးငုံ၍ ဒေဝီ့ရှေ့ကိုပိုတိုးကာ…

"မမကို စွန်ပန်းသီထားတာတွေ ပေးချင်လို့…"

"ဪ… ဟုတ်လား"

ပင်ပျို က သူမ ဖိပိုက်ထားသည့် ငှက်ပျောဖက်ထုပ်လေးကို အသာ… လေးဖြေပြ၏။

"ဟယ်… သီထားပုံလေးက ကျော့ခနဲလိုက်တာ၊ အရှည်ကြီး…







…ားတာပဲနော်၊ ပင်ပျို က ပန်းကြိုက်လားဟင်"

ဒေဝီ သဘောကျတယ်ဆိုတော့ ကင်းမောင်မောင်ကို ပင်ပျို မေ့သွား၏။ …သာအားရပြုံးကာ ခေါင်းလေးဆတ်ခနဲညိတ်လိုက်ပြီး…

"ကြိုက်တယ်၊ ပြီးတော့ သူများကိုသီပေးဖို့လဲ ဝါသနာပါတယ်၊ …ားပန်းလျှုဖို့ဆိုလဲ ဒီလိုပဲ လှလှပပလေးသီပြီးမှလှူတာ၊ ပန်းတွေပွင့်… သို့ကတော့ ကျွန်မ ဘယ်လောက်ပဲသီရသီရ…"

"ဪ… ဝါသနာက တစ်မျိုးလေးပဲ၊ အရမ်းကျေးဇူးတင်တယ် …၊ ဟိုက ပန်းချစ်တယ်၊ သီရကုံးရတာကို စိတ်မရှည်တာနဲ့လေ…"

"နောက်ဆို မမဒေဝီ ညနေပိုင်းလာတိုင်း ကျွန်မ သီထားပေးမယ် …"

"အင်း အင်း"

"မမဒေဝီ ခရေပန်းရော ကြိုက်လားဟင်"

"ကြိုက်တာပေါ့၊ မွှေးတဲ့ပန်းထဲမှာ ခရေပန်းက သိက္ခာအရှိဆုံးပဲ" ခေါင်းညိတ်လိုက်ပေမယ့် ဒေဝီ ခံစားလိုက်တဲ့အထိတော့ ပင်ပျို …ခံ စားတတ်ခဲ့ပါ။ ဒါပေမယ့်…

"ဒါဆို ခရေပန်းတွေ ကောက်လို့ရရင်သီထားပေးမယ်နော်"

"ပင်ပျို အချိန်အားမှလုပ်ပါ၊ အရေးတကြီးမလုပ်ပါနဲ့"

"ဟုတ်ကဲ့ မမ"

ပင်ပျို က ခေါင်းလေးငုံ့ပြီး ကင်းမောင်မောင်ရှေ့ကဖြတ်တဲ့အထိ …ါးလေးပါကိုင်းနေအောင်ငုံ့ထားလျက် ထွက်သွား၏။

"ချစ်စရာလေးနော်၊ မမနှင်း ပြောသေးတယ်၊ အန်တီ့သူငယ်ချင်းရဲ့ …သမီးလေးဆို…"

"ဟုတ်တယ်"

"သူ ကျောင်းဆက်မထွက်ဘူးနော်၊ ရှစ်တန်း ဆိုလား…"



www.burmeseclassic.com

"အင်း‥ ဒီအရွယ်ကျမှ မတက်နိုင်တော့ဘူးလေ၊ မေမေကတော့ ဓာတ်ပုံပန်းချီတွေ ဆရာမခေါ်ပြီး သင်ပေးနေပါတယ်"

"ဒါလဲကောင်းပါတယ်၊ မျက်နှာလေးမှာ ရယ်လိုက်တိုင်း ပါးချိုင့်လေးနှစ်ဖက်က ဝိုင်းစက်နေတာပဲ၊ အရမ်းဖြူတဲ့ပုံလေး"

ဒေဝီ ပြောတာကိုနားထောင်ရင်း ဒေဝီနဲ့စကားပြောရင်း ရယ်နေတဲ့ ပါးပြင်ပေါ်က ပါးချိုင့်လေးကိုမြင်နေမိသည်။ ပြီးတော့ သူမ ပန်းသီးတွေကို ဝါသနာပါနေသည့်အကြောင်းရင်း…၊

အစကတော့ ပန်းတွေကို မြင်သည်၊ ရှူးသည်၊ ဘုရားပန်းတင်ဖို့ သိကုံးသည် ဒါပဲဖြစ်၏။ နောက်မှသတိထားမိစရာတွေဖြစ်လာခဲ့တော့ သူမက အလှအပဖန်တီးရခြင်းကို ဝါသနာထုံ၏။ ထို့ပြင် ကိုယ့်ကိုယ်ကိုယ် လှစေခြင်းထက် သူများတကာကို လှစေချင်သည့်စေတနာက ပို၍ကြီးမား နေသည်။

ဒေဝီ ပြောသလို ပင်ပျို့ ဆိုသည့်မိန်းကလေးဟာ တကယ့်ကို အဖြူ ထည်သက်သက်လား…။

ဒေဝီ က ပန်းထုပ်လေးကိုငုံကြည့်၍ ပြုံးချိုနေသလို ကင်းမောင်မောင် က ပန်းတွေကိုမမြင်ဘဲ ပင်ပျို့ကို မြင်နေခဲ့၏။

ထူထဲသည့် မျက်ခုံးနှစ်ဖက်က တွန့်ကုတ်လျက်သား…။





## အခန်း (၁၂)

"ပင်ပျို့ ဘယ်ရောက်နေလဲ"

"ရှင်‥ ကိုကိုလေး"

ထမင်းစားချိန်မဟုတ်သေးဘဲ တံခါးဝရောက်လာပြီး ပင်ပျို့ကို မေး လိုက်တော့ အဝင်း အံ့သြသွား၏။ ဘယ်အချိန်မှ ပျော့ပျော့ပျောင်းပျောင်း ခဲ့သည့် ကင်းမောင်မောင်မျက်နှာကြီးကြောင့် စိတ်လည်းပူသွားမိသည်။

"ဟို‥ ရေ‥ ရေချိုးနေပါတယ် ကိုကိုလေး၊ ဘာခိုင်းစရာရှိလို့လဲ ရှင်"

"သူ ထွက်လာရင် ခြံထဲကိုလွှတ်လိုက်"

"ဟုတ်"

ပင်ပျို့ ထွက်လာတော့ အဝင်း၏သတင်းပေးချက်အရ အသက်ထွက် တတ် မျက်လုံးပြူးကာ လက်ဖျားလေးတွေပင် အေးစက်နေရှာ၏။

"သွားပါဟယ်၊ နင် အပြစ်လုပ်ထားတာမရှိဘဲနဲ့ ဆူဖို့မဟုတ်လောက် ဘူး၊ ပြီးတော့ ကိုကိုလေးလဲ ကျောင်းကပြန်လာပြီး ရေချိုးထွက်လာ တာပဲ၊ နင့်ကိုမကျေနပ်စရာတစ်ခုခု ဘာမှမရှိနိုင်သေးဘူး၊ နင်ကလဲ

www.burmeseclassic.com



တစ်အိမ်တည်းနေတဲ့သူချင်းကို ဒီလောက်ကြောက်ရလား ပင်ပျိုရ နှင့်ကြောင့် ငါတောင် အရင်လို မပြောရဲမဆိုရဲတွေဖြစ်နေပြီ''

''ဟုတ်တယ် မမဝင်းရယ်၊ ကိုကိုလေးကိုရော·· မမကြီးကို ကျွန်မ မျက်နှာချင်းမဆိုင်ရဲလောက်အောင်ကြောက်တယ်၊ ပင်ပျို လို့ လိုက်ရင်ပဲ အိမ်သာပြေးတက်ချင်သလိုလိုဖြစ်လာတာ''

တာကယ်ကို မသွားရဲပါ။ ဒါပေမယ့် ကိုယ့်လက်ချောင်းတွေ ဖိဆုပ်အားတင်းရင်း အရပ်မျက်နှာမပါဘဲ ဆင်းခဲ့လို့ပြောသည့်ခြံထဲ ဘယ်သွားရမှန်းမသိဘဲ ဆင်းလာခဲ့မိသည်။

''ဟိတ် ဒီကိုလာ''

''ဟင်···''

အသံလာရာကို လှမ်းကြည့်လိုက်တော့ ဝေါကီးကို ကြိုးနဲ့ဆွဲလျ ဘောင်းဘီရှည်အညို ရှပ်အင်္ကျီလက်တိုအဖြူနှင့် ကိုကိုလေးက ရေချိုးပြီး မျက်နှာနှင့် ရှင်းသန့်ဝင်းစိုနေ၏။

သူမမှာတော့ မမဝင်း လာပြောလိုက်ကတည်းက အပူလုံးကြွပြ လူလုံးမလှခဲ့တာ၊ သနပ်ခါးလိမ်းဖို့ကိုတောင် သတိမရနိုင်တော့သည့်အဖြ

ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားတာကလည်း တစ်နေ့ကုန်ရှိနေခဲ့သည့် အတိုင်း၊ အင်္ကျီထဘီတော့ လဲခဲ့ပေမယ့် ညစ်တီးညစ်ပတ်ပုံများပေါက်နေ သေးလားဟုတွေးမိကာ ခြေလှမ်းပြင်ပြီးမှ တွန့်သွားသည်။

ကိုယ့်ပုံကိုယ် မသိမသာငုံ့ကြည့်ပြီးမှ သက်ပြင်းရှိုက်၍ အားတင်းရ၏

''ဟုတ်ကဲ့ ကိုကိုလေး·· ရောက်ပါပြီ''

သူ့ရှေ့ရောက်လာသည့် ပင်ပျိုကို ကင်းမောင်မောင်က သေချာ ကြည့်၏။ အဖိုးမတန်မှန်း အလွန်သိသာသော ပန်းနုရောင်အပွင့်နုပ်ဖျော့ ဖျော့နှင့်ဝတ်စုံလေးက ဖြူနုသွယ်လျသည့်ကိုယ်ပေါ်မှာ ချိုငဲ့စွာရှိနေသည်။

သူမတစ်ကိုယ်လုံး ဘယ်ပုံစံပဲပေါက်နေပါစေ ဝှတ်ခဲနက်မှောင်





သော သူမ၏ဆံပင်ကေသာများကြောင့် အားလုံးက တင့်တယ်ခြင်းသို့ ...စေ၏။

''သနပ်ခါး ဘာလို့မလိမ်းတာလဲ''

''ရှင်···''

''မင်းနဲ့ ငါ နီးနီးလေးကို မကြားဘူးလား၊ နှစ်ခါပြန်မမေးနဲ့''

''ဟုတ်·· ဟို·· ဟို·· ကိုကိုလေး ခေါ်တယ်ဆိုလို့ပါ''

အစွန်းအထင်း အဖုအပိမ့်မရှိဘဲ ရှိန်းမြမြပါးပြင်လေးတွေက ရှိနေကျ ...ပါးကွက်တွေ၏အကာအကွယ်အောက်မှာမဟုတ်တော့ ပြောင်အိအိ ...သးနှင့်တင်းနေသည်။

ဒီလိုမျက်နှာပြောင်လေးကို မမြင်ဖူးသလိုဖြစ်နေသဖြင့် ခပ်ဖျော့ဖျော့ ...က်ခုံးလေးတွေက ပိုထင်းနေသလိုလို··၊ နှုတ်ခမ်းသားလေးတွေပဲ ...ရဲနေလိုလို···၊

စူးစိုက်ကြည့်လိုက်ပြီးမှ သူ ဖျတ်ခနဲမျက်နှာလွှဲသည်။

''ရော့··· ဝေါကီးနဲ့ မင်း လမ်းလျှောက်''

''ဟင်···''

ကိုင်ထားသည့်ကြိုးကို လှမ်းပေးတော့ ပင်ပျို မယုံနိုင်၊ မျက်လုံးပြူး ...ကာ အမြဲတမ်းကြောက်နေလို့ အမြဲတမ်းပြူးနေတာပေမယ့် မကြိုက် ...လို့တားထားတာမို့ ချက်ချင်း မျက်နှာငုံ့ပစ်လိုက်ရ၏။

''ရှော့လေ''

''ကိုကိုလေး ဟို·· ဝေါကီးက ကျွန်မကို···''

''မင်းကို ဘာမှမလုပ်ဘူး၊ ရဲရဲကိုင်''

ပင်ပျိုသည် သူ့မ လျှောက်သွားတဲ့အတိုင်း ဝေါကီး က အသာတကြည် ...က်ပါလာကာ သူမတင်ပါးလေးနဲ့ ဝေါကီးကိုထိမိလိုက်၊ ခေါင်းငုံ့လှမ်း ...ကြည့်တော့ ဝေါကီးက ဦးမော့ပေးလိုက်နှင့် အဆင်ပြေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်တွေမရှိတော့သည့်အခါ ကြိုးကိုဆွဲပြီးမလျှောက်နိုင် ခဏခဏထိုင်ချကာ ဝေါ့ကီးလည်ပင်းကိုဖက်၏။

"ဝေါ့ကီး ငါ့ကိုတကယ်ခင်တာလားဟင်..၊ ကိုကိုလေးကိုကြောက်လို့ ငြိမ်နေတာလား၊ နောက်ကိုလဲ ဒီလိုပဲနေပါဟယ် နော်"

ဝေါ့ကီးနဲ့ပင်ပျိုကို လက်ပိုက်ကြည့်ရင်း ကင်းမောင်မောင် မျက်နှာက မပြုံးပေမယ့် ရိဝေရွှန်းလဲ့နေသည်။

ခြံထဲမှာ လျှောက်ပတ်သွားရင်း ပင်ပျိုနဲ့သူ ယှဉ်တွဲလျှောက်နေသည် ဖြစ်လျှက် ပင်ပျို ကတော့ ဝေါ့ကီးကိုပဲ ငုံ့တကြည့်ကြည့်နှင့်...

ကြည့်စမ်း...၊

ခြံထဲကိုမောင်းဝင်လာကတည်းက နှင်းမမ၏အကြည့်တွေက ခြံထဲကို နောက်ကနေပြန်ပတ်လာကြသည့် ကင်းမောင်မောင်တို့ဆီ တန်းရောက်သည်။

"ကိုမင်း ရပ်..ရပ်၊ နှင်း ဒီမှာပဲ ဆင်းမယ်"

ကားရပ်ပေးလိုက်ရင်း ကင်းမောင်မောင်တို့ကိုလှမ်းမြင်လိုက်သည့် မင်းဆက် က သဘောပေါက်သည်။

"တစ်အိမ်တည်းနေကြတာပဲကွာ.. အတူနေသံယောဇဉ်တော့ရှိမှာပေါ့၊ မောင်မောင်က ဒီလိုလူစားမဟုတ်ပါဘူး၊ ပင်ပျို ကလဲ ကလေး တက်တက်နေရာမသိတဲ့မိန်းကလေးမျိုးမဟုတ်ဘူး၊ နှင်း လုပ်ကာမှ သင် ပေးသလိုတွေဖြစ်ပြီး ချွတ်ချော်တိမ်းစောင်းကုန်ပါမယ်"

"အို.. မသိဘူး၊ သတိလဲပေးရမယ်၊ တိမ်းစောင်းခွင့်လဲမရှိဘူး ဒါမျိုး ဆိုတာ သတိလက်လွတ် ထားမိတာနဲ့ ပစ်စလက်ခတ်တွေဖြစ်သွား တာပဲ၊ တားကိုတားရမယ်"

နှင်းမမ ကားပေါ်ကနေဆင်းကာ ခြံထဲကို ပန်းအိုးတွေကြားကနေ တိုးချော်သွား၏။ ဝတ်ထားသည့် ပန်းဖောက်ဇာအနက်က ဟိုသစ်ကိုင်းငြိ၊ ဒီသစ်ကိုင်းမှာငြိ။





"မောင်မောင်"

"မမ ဘယ်တုန်းကရောက်တာလဲ"

"ခုပဲ"

ဟုပြော၍ မျက်လုံးတွေက ပင်ပျိုနဲ့ဝေါ့ကီးဆီဝေ့သွားကာ...

"မောင်လေးကလဲ သိပ်ဂရုမစိုက်တော့ မမလဲ ခရီးသွားမှာဆိုတော့လေ ဝေါ့ကီးကို ပိုင်ရှင်ဆီမှာ ပြန်အပ်ထားခဲ့မလို့..."

"ဗျာ..."

ဘာမှမဟုတ်သည့်အစီအစဉ်သစ်ကိုပြောရင်း မျက်နှာကိုလည်း ပြေပြစ်ထားရတာ သိပ်တော့မလွယ်။ တကယ်ဆို ကိုယ့်စိတ်အခံကတော့ ဆောက်မာရင့်သီးချင်တာမဟုတ်ပါ။ ဒါပေမယ့်...

"မသိဘူးလေ၊ မောင်မောင် က ဝေါ့ကီးကိုလှောင်အိမ်ထဲမှာပဲထည့် ထားတော့ သိပ်မထူးဘူးဆိုပြီး ဝေါ့ကီးအတွက် ပြန်စဉ်းစားရတာ၊ ခွေး ဆိုပေမယ့် အယ်လ်ဖေးရှင်းတွေက ခွေးမွေးသလိုမွေးလို့မရဘူး မောင်လေး ရဲ့..၊ လူနဲ့လက်ပွန်းတတီးထားရတယ်၊ စကားပြောနေရတယ်၊ သူတို့ယဉ် ပါးလေ လူစကားနားလည်လေပဲ၊ အထီးကျန်ဆန်လွန်းရင် အသက်သေတဲ့ အထိ သူတို့က နတော"

"ဟုတ်ပါပြီ၊ မမကိုလဲပြန်မခေါ်ပါနဲ့လို့မပြောပါဘူး၊ ဒီမှာနေရင်တော့ အိမ်သားတွေကိုသိနေမှဖြစ်မှာလေ၊ အဲဒါကြောင့် ခြံထဲ ခဏခဏဆင်း တက်တဲ့သူနဲ့ ယဉ်သွားအောင်လုပ်ပေးနေတာ၊ ဒီမှာမထားဘူးဆိုပြီးတာပဲ"

ပြောပြီး ချာခနဲပြန်လှည့်သွားတော့ နှင်းမမ ထိတ်ထိတ်ပျာပျာဖြစ် သွား၏။

"ဟိုမှာ ပြောလာပြီးသားဖြစ်နေလို့ပါ မောင်လေးရယ်၊ စိတ်ဆိုးသွား တာလား၊ မောင်လေးက သံယောဇဉ်ဖြစ်နေပြီဆိုလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ခေါ်သွားပါ"

မောင်နှမဖြစ်နေကြသည့်ဘေးမှာ ပင်ပျို ခြေလှမ်းလက်လှမ်း ရ
လာခဲ့၏။ ကိုင်ထားသည့် ဝေါ့ကီးရဲကြိုးကို လွှတ်ချခဲ့ရမလိုလို၊ နှင်း
လက်ထဲပဲ ပြေးထည့်ပေးရမလိုလို…။

သေချာတာတစ်ခုက သူမ ဘာတစ်ခုမှမလှုပ်ရှားဝံ့ဘဲ တစ်ကိုယ်
အေးခဲတောင့်တင်းနေပြီလားမသိ။

တစ်လောကလုံးမှာ ဤလူနှစ်ယောက်မှလွဲ၍ လူ၊ ပစ္စည်း၊ အရာဝ
ပတ်ဝန်းကျင် အားလုံး လှနေလေသည်။





## အခန်း (၁၃)

"ပန်းအိုးမလဲနဲ့ဦး ပင်ပျို၊ ဝိတောက်ပန်းတွေပွင့်နေပြီ၊ မိုးအောင်ကို အပင်ပေါ်တက်ခိုင်းရမယ်၊ တစ်နှစ်မှာတစ်ခါပဲမြင်ရတဲ့ပန်းလေး ဒီနေ့ ထိုးရအောင်"

"ဟုတ်ကဲ့ မမကြီး"

ပန်းအိုးကိုကိုင်ပြီးမှ ပြန်ချလိုက်သည်။ သူ့ဘာသာ ဝိုးလ်ချဲကိုတွန်း၍ အပြင်ရောက်လာသည့် ဦးမောင်မောင်လွင် က အိမ်ရှေ့ကိုလှည့်ပတ် ကြည့်ကာ…

"သားငယ်ရော.."

"ခုနကပဲ သူ့သူငယ်ချင်းတွေ လာခေါ်သွားတယ်လေ၊ ဟိုကောင် လေးတစ်ယောက်က အကြိုမင်္ဂလာပွဲလုပ်မလို့ဆိုလား..၊ သကြံန်ပြီးရင် မင်္ဂလာဆောင်မှာတဲ့"

ဦးမောင်မောင်လွင် က မျက်မှောင်ကြုတ်လျက်…

"သမီးကြီး ဖုန်းဆက်ထားတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ အဲဒါကိုပြောချိန်မရလိုက်ဘူး၊ သူငယ်ချင်းတွေလဲမြင်ရော ရေမပက်ကြခင်သွားရအောင်ဆိုပြီး ကမန်းကတန်းထွက်သွားကြတာ၊ သမီးကြီးက ဒေဝီကိုလဲဖုန်းဆက်ထားပြီထင်တယ်၊ စိတ်ညစ်လိုက်တာ"

"ဒေဝီကိစ္စကို ငါမေးတာမဟုတ်ဘူး၊ မင်းနဲ့သမီးကြီး ဥပုသ်စောင့်ဖို့ ချိန်းတာလားလို့…"

"ဟုတ်တယ်၊ သူကမောင်ကိုပါ ခေါ်ခဲ့ပါတဲ့၊ ဒေဝီတို့မဏ္ဍပ်မှာ ချထားခဲ့ပြီး ခင်နဲ့သမီးက ကျောင်းမှာ ဥပုသ်ယူမှာလေ၊ ဒါကြီးကို ဘာဖြစ်လို့မပြောဖြစ်လိုက်မှန်းမသိဘူး"

သားဖြစ်သူ တမင်တကာ ဦးအောင်ထွက်သွားတာမှန်းသိကြလို့ ပို၍ စိတ်ညစ်ရတာဖြစ်၏။ ဒေဝီနဲ့ဈေးစပ်တာကို လက်ခံတာကလည်း 'မမနားမှုတာကို မခံနိုင်လို့'ဟု ပြောခဲ့သေးသည်။

'ချက်ချင်းတော့ လက်မထပ်ဘူး မေမေ'လို့ပြောတုန်းကလည်း ကိုယ့်ပဲ ခေါင်းညိတ်လိုက်မိသလား…၊

"ကဲ‥ ခေါင်းရှုပ်ခံမနေနဲ့တော့၊ ဥပုသ်ကျောင်းသွားဖို့လုပ်"

"အစ်ကိုရော…"

"ငါ မနက်အစောကြီးကတည်းက တီဗီကပေးတဲ့သီလ ယူပြီးပြီ၊ နေရင်းထိုင်ရင်း တရားနှလုံးသွင်းနေလို့ရတယ်"

"ဒါဆို သီလယူခါနီးမှပဲသွားတော့မယ်လေ၊ အစ်ကိုစားဖို့လဲ သက်သတ်လွတ်အတွက် ဖွယ်ဖွယ်ရာရာလေး ပြင်ပေးခဲ့ချင်လို့‥၊ သီလယူပြီးရင်တော့ ကျောင်းမှာ အေးအေးနေချင်တယ်"

"နေပါ၊ မင်း သားလဲ ကလေးမှမဟုတ်တော့တာ၊ အတူးသဖြင့် နိုင်ငံခြားထွက်တော့မယ့်သမီးကြီးကို ဘာသာရေးနှာနာလုပ်နိုင်းရမှာ၊ ဟိုရောက်လို့ ဟိုလိုင်းပူးသွားတာ မဖြစ်စေနဲ့"





"စိတ်ချပါ အစ်ကို"

ဦးမောင်မောင်လွင်က မှာချင်တာမှာပြီး လှည့်ဝင်သွား၏။

"သမီး ပင်ပျို"

"ရှင်"

"ခြံထဲဆင်းသွားလိုက်သွား၊ ဘုရားပန်းတွေပါ ပိတောက်ပန်း ကပ်ရအောင် မိုးအောင် ကားဆေးနေရင် ထားလိုက်တော့လို့‥၊ ပိတောက်ပန်းခူးပေးလို့‥၊ သမီးပဲ စောင့်ပြီး အိမ်ထဲသယ်ခဲ့နော်"

"ဟုတ်ကဲ့ မေမေကြီး"

ပင်ပျို ခြံထဲကို သွက်လက်စွာပြေးဆင်းခဲ့သည်။ မိုးလင်းကတည်းက ပိတောက်တွေကြိုင်လှိုင်နေလို့ ပြေးဆင်းပြီး အားရပါးရ ငေးချင်နေတာဖြစ်၏။

ပန်းဆိုရင် နှစ်သက်တတ်သည့်အကျင့်တစ်ခုကြောင့် ခဏခဏ စိတ်ဆင်းရဲခဲ့ရတာတွေလည်း မနည်းတော့ပေ၊ ဒါပေမယ့် ပန်းမြင်ရင် မနေနိုင်။

ပိတောက်တွေကိုတော့ ပိုဆိုး၏၊ တစ်နှစ်မှာ တစ်ခါပဲ မြင်ရတာမို့…

"အစ်ကိုမိုးအောင် ညာဘက်ကကိုင်းကို ကူးလိုက်၊ အဲဒီမှာ အများကြီးဗျ"

"အေးပါဟ‥ နေစမ်းပါဦး၊ နင်ပြောနေတာနဲ့ ဘယ်ကိုနင်းရမှန်း မသိတော့ဘူး၊ ညက မိုးရွာထားတော့ အကိုင်းတွေကချော်နေတာ၊ ကျမှ ဖြင့် ဟာ‥ အား…"

"အမလေး…"

ပြောနေရင်း မိုးအောင် ခြေချော်သွား၏။ စမ်းတဝါးဝါးနင်းနေသည့် ကိုယ်လုံးကြီး ယိမ်းထိုးသွားတာမြင်သည်နှင့် ပင်ပျို ထိတ်လန့်တကြား အော်ကာ မျက်လုံးတွေကိုမှိတ်ပစ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျပြီ·· သေသွားပြီ·· လုပ်ပါဦး''

''ဟဲ့·· ဟဲ့·· ပင်ပျို·· အမလေး··၊ ဒီမှာ ထိတ်လန့်နေရတဲ့ကြား ထဲ ငါဝင်လာမှ ထအော်တယ်ဟယ်၊ နွေခင်းကြောင်တောင်ကြီး ဒီလောက် အိပ်ရသလား''

''ဟင်·· မမဝင်း''

ပင်ပျို ကိုယ့်ကိုယ်ကိုယ် ပစ္စုပ္ပန်ထဲ ပြန်ရောက်နေမှန်းမသိလိုက်၊ ပြတင်းပေါက်နားမှာ ကုလားထိုင်လေးချကာ သကြံန်မိုးဖွားလေးတွေ ကျနေတာကိုငေးရင်း မနက်က သစ်ပင်တက်ဖို့ခေါ်လာသည့်ကောင်လေး ခြေချော်ကျတာကိုပြန်တွေးမိပြီး အတိတ်ဆီက တူညီသောအဖြစ်လေး တစ်ခုနဲ့ ယှဉ်ကြည့်မိတာဖြစ်သည်။

ကိုမိုးအောင်ကတော့ ခြေချော်ပေမယ့် လက်မချော်ခဲ့တာမို့ သစ်ပင်ပေါ်က ပြုတ်မကျခဲ့ပေ။ မနက်က ကောင်လေးကတော့ ခြေရော လက်ရော ချော်၍ မြေကြီးပေါ်ထိ ဘုန်းခနဲ ပြုတ်ကျ၏။ ဒါပေမယ့် ခြေကျိုးလက်ကျိုးမဖြစ်ပေ။

ခါးအဆစ်လွဲသွားသည်ဟုကြားရကာ ဆေးဖိုးဝါးခတွေလည်း ပေးလိုက်ရသည်ဟုကြား၏။ ဘာပဲဖြစ်ဖြစ် ထိုအဖြစ်နှစ်ရပ်စလုံးမှာ အနားမှာ သူမ ရှိနေခဲ့သည်။

ထိတ်လန့်စရာဖြစ်ရတာတွေကို စုပြုံတွေးမိရင်း ပြတင်းပေါက်ပေါင်ကိုမှီ၍ အိပ်ပျော်သွားတော့ လူက အတိတ်ထဲရောက်သွားလိုက်၊ ပစ္စုပ္ပန်ကို ပြန်လာလိုက်···၊

''ဟဲ့ ဘာလဲ ပြူးတိပြူးကြောင်နဲ့··၊ နေ့လယ်ခင်းကြီး သရဲအိပ်မက် တွေမက်နေလား''

''မဟုတ်ပါဘူး မမဝင်းရယ်၊ မမဝင်းက ဘာတွေ ထိတ်လန့်လာတာလဲဟင်''





''မမဒေဝီလေ·· သူ့အမေအိမ်ကနေ ဒီကိုပြန်လာတာ လမ်းမှာ ကားမှောက်တာ''

''ဟာ်·· ဘယ်လို·· အမလေး''

ပင်ပျို ဆတ်ခနဲထရပ်လိုက်တော့ ဆေးပုလင်းတွေထဲက ဘာတွေ ရှာနေမှန်းမသိသည့် အဝင်းက သူမင်လည်ပြန်မော့ကြည့်ကာ···

''မမဒေဝီ ကားမှောက်တာမဟုတ်ဘူးနော်၊ သူများကားမှောက်နေ တဲ့ သွေးသံရဲရဲတွေကိုကြည့်ပြီးလန့်သွားတာနေမှာပေါ့၊ အဲဒီမှာကတည်း က သတိလစ်လာတာ၊ အိမ်လဲရောက်ရော သွေးတွေသွန်တော့တာပဲ''

မမဒေဝီက နှလုံးရောဂါအခံရှိသည်။ ကိုကိုလေးနဲ့လက်ထပ်ပြီး မှ တော့လည်း နှလုံးရောဂါရှိနေတာကိုမပြောဘဲ ကိုယ်ဝန်ယူခဲ့သေးသည်။

ဒါပေမယ့် ကိုယ်ဝန်က သားမတင်ဘဲ သားအိမ်ဆေးပစ်လိုက်ရတဲ့ အထိ ဖြစ်သွားခဲ့၏။ ခုလည်း ဘာတွေဖြစ်လာဦးမည်မသိ။

အဝင်း က သူသိတာတွေကို တန်းစီတွေးရင်း ဘာမှမသိရှာသည့် ပင်ပျိုကိုတော့ လိပ်ပတ်လည်အောင် ဘယ်လိုရှင်းပြရမှန်းမသိဖြစ်နေခဲ့ သည်။

မမဒေဝီရဲ့ကျန်းမာရေး အရေးတကြီးဖြစ်သည့်အခါတိုင်း ကိုကိုလေး က 'ပင်ပျိုကို ဘာမှသွားမပြောနဲ့' လို့ အမြဲတမ်းတားဆီးခဲ့သည်။

ထို့ကြောင့် အိမ်ကြီးပေါ်မှာ ဘာဖြစ်ဖြစ် နောက်ဖေးတိုက်ပုလေးမှာ နေသည့် ပင်ပျို ဘာမှမသိခဲ့ခြင်းပင်။

''ဟဲ့·· ဘယ်ကိုလဲ''

''ဘယ်မှမဟုတ်ပါဘူး မမဝင်းရယ်၊ ဟိုလေ·· မမဒေဝီကို အခု ဆေးရုံခေါ်သွားပြီလားဟင်''

''မခေါ်ပါဘူး၊ ပြနေကျ OG နဲ့ပဲ ခေါ်ပြမှာပေါ့၊ ကိုကိုလေး ဖုန်း ဆက်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ ကြည့်ချင်လိုက်တာ မမဝင်းရယ်၊ မမဒေဝီမှာ သားအိမ်ရောဂါရှိတယ်ဆို…၊ မိန်းမချင်းဆိုတော့…''

''ပင်ပျိုရယ်.. ဒုက္ခပါပဲ''

''ပြောမိတဲ့ဒီပါးစပ်''လို့သာ ကိုယ့်ကိုယ်ကိုယ် ထုရိုက်ပစ်ချင်တော့သည်။

ကိုကိုလေး သိရင်တော့ 'ဘာဖြစ်လို့ ချက်ချင်းကြီးပြောပစ်လိုက်တာလဲ'လို့ ဆူခံထိမှာသေချာသည်။ ထို့ပြင်…

''ဖြစ်ပါ့မလား ပင်ပျိုရယ်၊ တော်ကြာ…''

''ဖြစ်ပါတယ် မမဝင်းရဲ့၊ ကေသာ ကျူရှင်သွားနေတုန်းခဏပါ၊ သူ ပြန်လာမယ့်အချိန် ကျွန်မ သိပါတယ်၊ ခဏပါနော်''

အဝင်း ခေါင်းမခါနိုင်၊ နေရာတကာ မျက်နှာငယ်ရှာတဲ့ပင်ပျိုပါ၊ ကိုယ့်သမီးလေးတွေကိုတောင် ဆမီးလို့မခေါ်ရဲရှာ၊ ပြီးတော့ ဟိုတုန်းက ကိုကိုလေးနဲ့ မမကြီး စာကြည့်ကြတဲ့ ဒီတိုက်ခန်းလေးထဲမှာ တစ်ယောက်တည်း အထီးကျန်စွာနေခဲ့ရတာ နှစ်တွေ်နည်းသလား..။

''မသိတုန်းကတော့ အကြောင်းမဟုတ်ဘူး ဘွားဘွား၊ သိနေသာနဲ့တော့ နှစ်ယောက်အတူတူကြီးတွဲမထားပါနဲ့၊ မေမေ့ရင်ထဲမှာ ဘယ်လိုနေမလဲ၊ မေမေ့မှာ အားနည်းချက်ရှိတယ်၊ အဲဒါကို ညှာပါ''

ကေသာ က ပြက်သားလွန်းသည်။ ဘယ်သူ ဘာပြောလို့မှနားမဝင်ဘဲ သူမတို့ရဲ့အမေဟာ ဒေါက်တာဒေဝီခင်…၊

ဦးကင်းမောင်မောင် ဒေါ်ဒေဝီခင်တို့၏ ရင်သွေးရတနာတွေဟာ ကေသာနဲ့ မျက်ဝန်း ဆိုသော သမီးနှစ်ယောက်…၊

ပင်ပျိုကို ဒေဝီခင် က ဘယ်လိုပဲ နားလည်ခွင့်လွှတ်ပါစေ…

''သဘောထားပြည့်ဝတဲ့သူဟာ သည်းခံနိုင်ဆုံးလူပဲ ဘွားဘွား၊ မေမေ့ရင်ထဲကို ကေသာ နားလည်တယ်၊ မေပျိုကို မြင်နေသရွေ့ သူ့





ရင်ထဲကနားလည်ခြင်းတွေဟာ မီးရှိန်မြင့်နေတဲ့ပေါ်က သံချောင်းလိုဖြစ်နေမှာပဲ၊ အဲဒီလို သံချောင်းကြီး နှလုံးသားအလယ်ဗဟိုမှာ စူးစိုက်ခံနေရရင် ဘယ်လူ ခံနိုင်မလဲ၊ ဒါကို အသံမထွက်အောင် ကြိတ်မှိတ်ခံနေတာပါ၊ မေမေ့ကို ထပ်မနှိပ်စက်ပါနဲ့၊ မေပျိုကို တတ်နိုင်သမျှ အိမ်ပေါ်တက်မလာပါစေနဲ့''

ဤအမိန့်ကို သူမက ထုတ်ပြန်ခဲ့ပြီး မကြာမီကာလမှာ ပင်ပျိုကိုယ်တိုင်က အတည်ပြုပေးခဲ့လေသည်။ ထိုစဉ်တုန်းက ကေသာနဲ့ မျက်ဝန်းက ရှစ်တန်း..၊

လမ်းသွားရင်း ကေသာ့အကြောင်းတွေးလာတာ အဝင်း ခလုတ်တွေတိုက်၊ ခြေလှမ်းတွေ မှား…၊

''လက်ထဲက ဘာတွေလဲ မမဝင်း၊ ကျွန်မကိုပေးလေ''

''ရပါတယ် ပင်ပျိုရယ်၊ ဘာမှပါတာမဟုတ်ဘူး၊ ခြေထောက်တွေကိုက ကန်းတာ''

ပြောပြီး ပင်ပျိုကို ငုံ့ကြည့်မိသေးသည်။ ဟိုတုန်းက နှစ်ဖက်ကျစ်ထားတတ်သည့်ဆံနွယ်ရှည်ကြီးကို အသက်အရွယ်အရ တစ်ပတ်လျှိုဆုံးပြီး ရင်ဘတ်ပေါ်မှာပြန်ချထားတော့ ဆံပင်က ခါးလောက် မရောက်တရောက်မှာ လှုပ်ခတ်နေ၏။

ဆံမြိတ်မထားသည့် နဖူးပြေပြေလေးက ကကြီးပုံကျကျနှ ပေါ်နေပေမယ့် နဖူးဆံစလေးတွေစိမ်းနေသဖြင့် မဟာဆန်သည့်မျက်နှာလေးပါ။

''မမဝင်းက ကျွန်မကို ဘာဖြစ်လို့ လှည့်လှည့်ကြည့်နေတာလဲဟင်၊ တစ်ခုခု ပြောမထွက်လို့လား၊ မမဒေဝီကို ကျွန်မ စိတ်ပူလိုက်တာ''

တွေးပြီ တလွဲ..၊ အဝင်း မျက်နှာ မည်းခနဲဖြစ်သွားသည်။ မမဒေဝီ တစ်ခုခုဖြစ်နေရင်တောင် နင် ဒီလောက်ပူစရာလားလို့ပဲ ပြောချင်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်သက်လုံး ရှိုးပဲရှိုး၊ အပဲအ နိုင်လွန်းပါ၏။

"ဟင်... ဟိုမှာ..."

အဝင်း အတွေးတွေ ဘယ်ဆီ လွင့်ပြေးကုန်သည်မသိ။ တိုက်ကြီး၏ ရှေ့ပေါ်တီကိုအောက်ကို မျက်လုံးပြူးနှင့်လှမ်းကြည့်ကာ...

"ကေ.. ကေသာတို့ ရောက်နေပြီ ပင်ပျို"

ညီအစ်မနှစ်ယောက် စီးနေကျကားကို လှမ်းမြင်ပြီး ပင်ပျို ခြေလှမ်း လေးတုံ့သွား၏။

"ဖြစ်ပါ့မလား ပင်ပျိုရယ်၊ နင့်သမီးက အပြောဆိုးတယ်နော်၊ သူ့ အဖေက ဒေါသကြီးတာနဲ့..."

"ဟုတ်ကဲ့ပါ၊ ဒါဆို သူ့အမေကိုစိတ်ပူပြီး အခန်းထဲမှာပဲရှိနေကြမှာ ပါ၊ ကျွန်မ အခန်းပြင်ကနေပဲ ပြောကြဆိုကြတာတွေကို နားထောင်ပါ့ မယ်၊ မမဒေဝီ အခြေအနေကိုသိရတာနဲ့ လှည့်ပြန်ပါ့မယ်၊ နော်.. မမဝင်း"

"ခက်တော့တာပဲ"

အဝင်း အစကတည်းက ဒီကိစ္စတွေနဲ့ဝတ်သက်ပြီး ပင်ပျို့ကို မပြော ရက်ခဲ့တာပါ။ ဒေဝီ့အပေါ် ပင်ပျို ခင်မင်လေးစားတာရော၊ ကလေးတွေ အတွက် ဘယ်လိုအနစ်နာခံခဲ့တာရော သူမထက် ဘယ်သူပိုသိမှာလဲ။

နှစ်ယောက်သား အထဲဝင်ခဲ့ကြပြီး ပင်ပျို က အခန်းဝမှာပဲ ကျန်ရစ် လေသည်။

"ကြာလိုက်တာ အဝင်းရယ်၊ မြန်မြန်လာစမ်း၊ သား ယူကြည့်ပါဦး သားပြောတဲ့မှတ်တမ်းတွေ ပါရဲ့လား၊ ဟဲ့.. သားကို ပေးလိုက်လေ ဘာကြောင်နေတာလဲ"

အဝင်း အဆူခံရတာတောင် သတိက သိပ်မလည်ချင်။ မျက်လုံး တွေက အခန်းထဲမှာ ကေသာ ရှိနေတာကို မြင်လိုက်တာနှင့် ကျန်တာ





မကြားတော့သလိုလို၊ မမြင်တော့သလိုလို...။

"ဘွားဘွား မေမေ ဘာဖြစ်သွားတာလဲဟင်၊ မနေ့က မွေးနေ့တုန်း တောင် အကောင်းကြီးပဲရှိသေးတာ"

"သူ့ သွေးလန့်သွားတာ မြေးရဲ့၊ လမ်းမှာ ကားအက်ဆီးဒင့်တစ်ခု ပြီး သတိလစ်လာတာ၊ ဒရိုင်ဘာကလဲ ဆေးရုံကို တန်းမမောင်းဘဲ ဟိုခေါ်လာတယ်လေ"

"ရပါတယ် မေမေရယ်၊ ဒေ..ဒေဝီ အိမ်မှာပဲနေချင်တာ၊ မောင်.. င် ဒေဝီ့ကို ဆေးရုံမပို့ပါနဲ့နော်"

"လိုအပ်သလိုလုပ်ရမှာပဲ ဒေဝီ၊ ဒေါက်တာရီရီ လာရင် သူ ညွှန်ကြား မယ်"

"မောင်ရယ်.."

"သွေးလွန်လို့ သွေးသွင်းရတာတွေ၊ သွေးတိတ်ဖို့တွေက နော်မန် ဆိုရင် မင်းရောငါရော တတ်နိုင်တယ်၊ မင်း ဖြစ်နေတာက..."

"ဟင့်အင်း၊ ဒေဝီ့ကိုယ် ဒေဝီ သိတယ်၊ မ..."

ဆေးရုံကိုမသွားဘူးလို့ပြောမလို့ စကားက မောဟိုက်ခြင်းဖြင့်ရပ် သွား၏။ အနားမှာထိုင်နေသည့် ဒေါက်တာသင်းသဇင်က နာရီ ချက်ငုံ့ကြည့်ပြီး ကင်းမောင်မောင်ကို လှမ်းကြည့်သည်။

ထိုစဉ် ဒေါက်တာရီရီ ရောက်လာကာ ဆေးရုံကိုသွားဖို့ အားချင်း ကြ၏။

သို့သော်...

"မေပျို ဒီမှာ ဘာလုပ်နေတာလဲ"

"သမီး.. ကေသာ"

အခန်းထဲမှာ ရုတ်ရုတ်သဲသဲဖြစ်နေကြသည့် အခြေအနေကို လိုက်ကာ ပင်ပျို မျက်ရည်တွေ မျက်ဝန်းအိမ်မှာ ပြည့်လျှံနေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



အဝင်းကလည်း ကေသာ ဘယ်ရောက်နေမှန်းမသိဘဲ ဒီရှေ့
ပတ်ပင်းတိုးသွားမှာစိုးကာ ပင်ပို့ ပြန်တော့ဖို့ပြောနေဆဲ…

မြန်မြန်ခနဲ ကေသာ ပြေးလွှားရောက်လာပြီး အခန်းထဲကို အရှိန်
ရောက်သွားပြီးမှ နောက်ပြန်လှည့်လာကာ ပင်ပို့ရှေ့မှာ တည့်တည့်ရပ်

"ပြောလေ၊ မေပို့ ဒီကနေချောင်းကြည့်ပြီး ဝမ်းသာလုံးဆို့နေ
မလား"

"အို… မဟုတ်ရပါဘူး သမီးရယ်"

"ကေသာလို့ပဲခေါ်ပါ၊ မေမေ တစ်ခုခုဖြစ်တော့မှာပဲထင်ပြီး အ
တွေလွန့်တာ မေ့ကြောကိုထိသွားတာလား"

"သမီးရယ်… ကေသာရယ်… မေပို့လေ…"

"မကြားချင်ပါဘူး၊ ဘာမှလာငိုပြမနေနဲ့၊ မေမေ ခုလိုခံစားနေ
မှာ မေပို့ကို ဒီနားမှာ လုံးဝမမြင်ချင်ဘူး၊ မေပို့ ထွက်သွား… ထွက်သွား

"ကေသာ… မေပို့…"

မျက်ဝန်း ပြေးလွှားရောက်လာသည်။ ကေသာ အော်ကြီး
ကျယ်ပြောတာမဟုတ်ပေမယ့် အဝင်း ခြေဟန်လက်ဟန်တွေလုပ်
အခန်းဝကနေ လက်ယပ်ခေါ်လိုက်တာနှင့် မျက်ဝန်း သဘောပေါက်သ

"ကေသာ နင် ဘာဖြစ်နေတာလဲဟင်၊ ဟိုမှာ မေမေက အသ
အသန်ဖြစ်နေတာ"

"ဖယ်စမ်းပါ၊ ငါဖြစ်နေတာကျတော့ နင်မြင်သလား၊ ဒီမှာ
ဖြစ်နေတာကို လာချောင်းကြည့်ပြီး သဘောတွေကျနေတာ… ဟွ
ငါ ပြောလိုက်ရင် လွန်ဦးမယ်"

"မဟုတ်ရပါဘူး မျက်ဝန်းလေးရယ်၊ မေပို့လေ… မေပို့ စိုးရိ
ဒီနားကနေ လာစိုးကြည့်တာပါ၊ တကယ်ပါကွယ်"

"မယုံဘူး၊ မေမေ မရှိတော့ရင် မေမေ့ကို…"





"ဟိတ်"

ကေသာ့ စကားမဆုံးခင် ကင်းမောင်မောင် ရောက်လာ၏။ ကေသာ့
လက်မောင်းတစ်ဖက်ကို ခပ်ဖိဖိဆောင့်ခါပစ်လိုက်ပြီး အခန်းနဲ့အကွယ်
ရောက်အောင် တွန်းထုတ်ပစ်ကာ…

"မိဘက နေမကောင်းဘူး၊ နင် မိုက်ရိုင်းလှချေလား ကေသာ၊
ဟိုမှာ လဲ အမေ၊ ဒါလဲ နင့်အမေပဲ"

"ဖေဖေ အဲဒီလိုဖြစ်စေချင်နေတာမဟုတ်လား၊ မရဘူး… ကေသာ့
အမေက ဒေါ်ဒေဝီခင်…"

"ကေသာ တိုးတိုးပြောစမ်း"

"ဟင့်အင်း"

ကေသာ က ခေါင်းခါနေလျက် ရှိုက်ကြီးတငင် ငိုသည်။ မျက်ဝန်းနဲ့
အဝင်းတို့က လှမ်းကြည့်ကြရင်း ပင်ပို့ကိုလည်း လှည့်၍…

"ပင်ပို့ရယ် ငါပြောသားနဲ့…"

"မေပို့ ကေသာ့ကို စိတ်မဆိုးပါနဲ့နော်၊ မေပို့ကို မျက်ဝန်း နား
လည်ပါတယ်"

ပင်ပို့သည် အဝင်းလက်ကိုလည်း ဖယ်ချသည်။ မျက်ဝန်း ပြောနေ
တာကိုလည်း လျစ်လျူရှု၍ ထိုနေရာမှ အမြန်ဆုံးထွက်ခွာရေးအတွက်
သာ ခြေထောက်တွေကို အလုပ်ပေးခဲ့၏။

ပင်ပို့ ငိုရှိုက်သွားသည့်မျက်ရည်တွေကို လှမ်းကြည့်ကာ ကေသာ
က နှုတ်ခမ်းကို တွန့်မဲ့ပစ်ပြီး…

"ဘယ်တော့မှမယုံဘူး၊ သေအောင်ငိုပြလဲမယုံဘူး"

"ကေသာ တိတ်စမ်းပါလို့ ဖေဖေ ပြောနေတယ်နော်"

အခန်းထဲကမကြားနိုင်လောက်သည့်နေရာမို့ ကင်းမောင်မောင်၏
ခါသအသံက အနည်းငယ်ကျယ်လောင်နေကာ…



www.burmeseclassic.com

www.burmeseclassic.com



"နင့်မျက်ရည်တွေကို ဖေဖေ သိတယ် သမီး၊ လူမမာဖြစ်နေ
အမေကို စိတ်ပူတာထက် ပင်ပျို့ကို အမေ မတော်ချင်တာ၊ ဒေါက်
ဒေဝီခင်ရဲ့သမီးအဖြစ်ကနေ မနုတ်ထွက်ချင်တာ"

"အဲဒါတွေ ဟုတ်ချင်ဟုတ်မယ် ဖေဖေ၊ ဒါပေမယ့် မေမေ့
သနားတဲ့စိတ်တွေ ကေသာ့မှာ တကယ်ရှိတယ်"

"ဘာကိုသနားတာလဲ၊ ဘယ်သူက သနားစရာကောင်းနေလို့ သန
တာလဲ"

"သား·· သားငယ် တော်ပါတော့၊ ဒေဝီ သိသွားပါ့မယ်ကွယ်"

ဒေါ်ခင်သူဇာ ပြေးလာပြီး ကေသာ့ကို ဆွဲခေါ်သည်။ ကင်းမော
မောင်က ကေသာ့လက်မောင်းကို ပြန်ဆောင့်ဆွဲကာ···

"ဒေဝီက ပင်ပျို့ကို စကားပြောချင်နေတယ် မေမေ၊ အဲဒါ မေ
သွားခေါ်ပေးလိုက်ပါ"

"ဟင်·· ဘယ်လို··"

ဒေါ်ခင်သူဇာ မျက်လုံးပြူးသွား၏။ ဒါ တကယ်ပဲဆိုတာလည်
နားလည်လိုက်သည်။

ဒေဝီ့ အခြေအနေက အားရကျေနပ်ဖွယ်မရှိပါ။ ကင်းမောင်မော
မျက်နှာကြီးကလည်း နီရဲတင်းမာနေလျက် ကေသာ့ကို စေ့စေ့ကြ
ကာ···

"မိန်းမမိုက်လေး·· ပင်ပျို့ကို လုံးဝကြည့်မရဘူးဆိုရင် ဒီမှာပဲနေ

"ဖေဖေ··"

"သား"

ကင်းမောင်မောင် ကေသာ့ကို လက်တစ်ဖက်ကနေဆွဲခေါ်သွား
သူမအခန်းထဲကိုတွန်းထည့်လိုက်သည်။ ပြီးတော့ တံခါးကို ဂျိမ်း
ဆွဲပိတ်၍ သော့ခ်ချပစ်လိုက်၏။





"သားရယ်·· ကလေးကိုကွယ်··၊ သူ့အမေ နေမကောင်းနေတာ
ကို ကြည့်ပါစေကွယ်"

"လိုအပ်ရင်ခေါ်မှာပါ မေမေ၊ ဒီကောင်မလေး ပါးစပ်က ဆင်ခြင်
တာမဟုတ်ဘူး၊ သူပြောတဲ့စကားတွေအတွက် ဒေဝီ ပျော်မှာမဟုတ်ဘူး"

ဒေါ်ခင်သူဇာ ဘာမှမပြောသာသော်လည်း ကေသာ ကတော့ အခန်း
ထဲကနေ ထုနှက်အော်ဟစ်နေတော့သည်။

"မေမေ့ကို သမီး ကြည့်ချင်တယ် ဖေဖေ၊ တံခါးဖွင့်ပေးပါ၊ ဖေဖေ
ကော်စက်တယ် သိလား၊ ဖေဖေ့ရင်ထဲကအကြောင်းတွေ ဒိုင်ယာရီထဲမှာ
သမီး အားလုံးဖတ်ပြီးပြီ၊ ဖေဖေ မေပျို့ကိုချစ်နေတိုင်း မေမေ့ကို ကိုယ်
စိတ်နှလုံးဆင်းရဲအောင်နေခဲ့တာ၊ မေမေ ဒီလောက်ထိဖြစ်သွားတာ
ဖေဖေ့ကြောင့်လဲပါတယ်၊ မေပျို့လဲ အသံကောင်းဟစ်ပြီး မေတ္တာရှင်
ကြီးလုပ်နေခဲ့တာ၊ တကယ်တော့ မေမေ့ကို မြန်မြန်အသက်တိုအောင်
လုပ်နေတာ သမီး သိတယ်၊ လုံးဝ ခွင့်မလွှတ်ဘူး၊ မေပျို့ကို ဘယ်တော့
မှချစ်ဘူး၊ အဲဒါကြောင့် ဖေဖေ သတ်လဲ ရှာရုံပဲ၊ မချစ်ဘူး၊ ဘယ်တော့
ကိုမချစ်ဘူး၊ အဲဒါ သစ္စာစကားပဲ"

တံခါးထုသံတွေရော အော်ပြောနေတာတွေရော အဝင်း က အားလုံး
ကြားနေရ၏။

ဒေဝီ့အတွက် ဆရာဝန်တွေ အလုပ်ရှုပ်နေချိန်မှာ မေမေကြီးနဲ့အဝင်း
ပင်ပျို့ကို သွားခေါ်ခဲ့ကြသည်။ ပင်ပျို့ က မလိုက်တော့ပေ။

"ကိုကိုလေးလဲ ဆရာဝန်ကြီးတစ်ယောက်ပါ၊ တခြားဆရာဝန်တွေ
ရှိတယ်၊ မေမေကြီးမှာ ပိုက်ဆံလဲချမ်းသာပါတယ်၊ ဘာမှမတတ်နိုင်
ကျွန်မက ပြဿနာတွေပဲသယ်လာသလိုဖြစ်မှာစိုးလို့ပါ၊ မလိုက်ပါရ
ရင်၊ သမီးလေး ဒီ့ထက်ပြောဆိုမိရင်လဲ အပြစ်ဖြစ်တော့မယ် ကျွန်မ
ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခေါက်ပြန်ပြေးချိန်မှာ ဒေဝီ ယှဲ့ယှဲ့ပဲရှိတော့သည်။

"ဆေးရုံကိုခေါ်သွားနေရင် သူ ပိုပင်ပန်းပြီး သက်သောင့်သက်သာ ရှိမှာမဟုတ်တော့ဘူး ကိုမောင်မောင်၊ အခြေအနေကို ရှင်လဲသိနေပြီ မဟုတ်လား၊ သူ့မှာ နှလုံးရောဂါ၊ သားအိမ်ကင်နဆာပါရှိနေတာ၊ ခုချိန် မှာ စိတ်ချမ်းသာအောင်လုပ်ပေးကြတာ အကောင်းဆုံးပဲ"

ကာင်းမောင်မောင် ခေါင်းငိုက်စိုက်ကျသွားသည်။ အားလုံး ဘာမှ မတတ်နိုင်ကြတော့တာကို ဒေဝီ သိနေသည်။ သူမ ကိုယ်တိုင်လည်း စိတ်လျှော့ထားခဲ့ပုံပေါ်သည်။

သူမသည် အနားမှာရှိသမျှလူတွေကို လှပ်ရှားမှုနှေးကွေးသော မျက်ဝန်းများနှင့်လိုက်ကြည့်နေရင်း ကာင်းမောင်မောင် မျက်နှာထက်မှာ စူးနိုက်ရပ်တန့်သွား၏။

"မောင်.."

"........."

"မောင်ရယ်...၊ မောင့်ကို ဒေဝီ အရမ်းကျေးဇူးတင်ပါတယ် ဒေဝီ လေ.."

"ဘာတွေပြောနေတာလဲ ဒေဝီ၊ ခုချိန်မှာ မင်း ကိုယ့်ကိုယ်ကိုယ် သက်သောင့်သက်သာဖြစ်အောင်နေရမှာ၊ စိတ်ထဲမှာ ငြိမ်းချမ်းဖို့ပဲတွေး ဘာမှမထားနဲ့"

လက်ဖဝါးချင်းထပ်ဆုပ်ထားသည့်လက်ကို အင်အားမဲ့နေပေမယ့် ဖျစ်ညှစ်ဆုပ်ကိုင်သေးသည်။ သူမသည် စကားတွေ အများကြီးပြောချင် ပေမယ့် မပြောနိုင်တော့မှန်း နားလည်နေကာ...

"ဒေဝီ အတ္တကြီးခဲ့ပါတယ်၊ အဲ့.. အဲဒါက မောင့်တစ်ဘဝလုံးကို မောင့်ရဲ့အချစ်မပါတဲ့ နှလုံးသားကိုပဲ..."

"ဒေဝီ.."





အနားမှာ သမီးငယ်ရှိနေသည်။ နောက်ဆုံးအချိန်ဆိုတာကို သိ ...က်ရသည်မို့ ဒေါ်ခင်သူဇာက ကေသာ့ကို ခေါ်ထုတ်လာခဲ့၏။

ဆရာဝန်တွေ ထွက်သွားပေးကြပေမယ့် မိသားစုဝင်တွေအားလုံး ...ချိန်မှာ ဒေဝီ နောက်ဆုံးရင်ဖွင့်သော့မှာကို ဘယ်သူမှ မကြားစေချင်။ ...သော်...

"မောင် သိစွာစောင့်ခဲ့တယ်၊ ပင်ပျို့ ဘဝလေးကလဲ သနားစရာပါ။ ...ဝီလေ မောင့်ဒိုင်ယာရီကိုဖတ်ရတော့ သမီးတို့ ငယ်ငယ်ပဲ ရှိကြသေး ...ယ်၊ ပြီးတော့ .. ပြီးတော့ မောင် အမြတ်တနိုးသိမ်းထားတဲ့ ဝိတောက် ...ခြောက်လေးတွေနဲ့ တခြားပစ္စည်းလေးတွေ..."

"ဒေဝီ တော်ပါတော့ကွာ၊ ကိုယ့်မှာ အဲဒီလိုအပြစ်တွေရှိခဲ့တဲ့အတွက်.."

"ဟင့်အင်း.. မောင့်မှာ အပြစ်မရှိပါဘူး၊ တကယ်.. တကယ်ပါ ...င်ရယ်၊ မောင် ပင်ပျို့ကို ဘယ်လောက်ချစ်ခဲ့မှန်းသိရဲ့သားနဲ့..၊ ...တော့ ပင်ပျို့က မောင် လက်ထပ်ထားတဲ့မိန်းမပါ၊ အဲဒါကြောင့် ဒေဝီ့ ...ပေါ်မှာ မောင် သစ္စာရှိခဲ့တာကို ကျေးဇူးတင်တာ၊ သိပ်..သိပ်ချစ်တဲ့ ...မကို အနားမှာထားပြီး မောင် ပူဆွေးသောကရောက်နေတာကို ...ရက်နဲ့ ဒေဝီက တစ်ကိုယ်ကောင်းဆန်ခဲ့တာ"

"ဟုတ်ပြီ၊ အဲဒါတွေရော ကျန်တာတွေရော အားလုံးကို ကိုယ်တို့ ...က်မှ ပြောကြမယ်နော်၊ အခု ဒေဝီ ကျန်းမာမှဖြစ်မယ်၊ ကိုယ်တို့အား ... ဒေဝီကို အရမ်းစိုးရိမ်နေကြတယ်ကွာ၊ ကိုယ့်ကိုယ်ကိုယ် ပင်ပန်း ...ရဲ့အောင်မလုပ်ပါနဲ့"

"ဒေဝီလေ မောင့်ရင်သွေးလေးတွေမို့လို့ သမီးလေးတွေကို အရမ်း ...တယ်"

"ဒေဝီကွာ.."

ကာင်းမောင်မောင် အံကြိတ်ထားရင်း မျက်နှာတစ်ဖက်လွှဲပစ်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေဝီဟာ အလှန်သဘောကောင်းပြီး အားလုံးအပေါ်မှာ အ
နိုင်ဆုံးမိန်းမဖြစ်သည်။

အားလုံးကလည်း သူမကို သံယောဇဉ်ကြီးခဲ့ကြ၏။ အချစ်နဲ့
သက်သမျှကတော့…

"ပြီးတော့ ပင်ပျို့ကို သနားတယ်၊ ဘာပဲဖြစ်ဖြစ် သမီးလေးတွေ
ကိုယ့်ရင်သွေးလိုချစ်ခဲ့တာပါ"

"မေမေ…"

မျက်ဝန်းက အသည်းနုသူလေးဝီဝီ ဒေဝီ့ခါးကိုဖက်လိုက်ပြီး ၄
ပေါ်မှာ ပါးလေးဖွဖွကပ်၍ မျက်ရည်တွေ အသံတိတ်ကျ၏။

ဒေဝီ့လက်တစ်ဖက်က ကင်းမောင်မောင်လက်ထဲမှာဖြစ်ကာ လ
တစ်ဖက်က မျက်ဝန်း၏ခေါင်းလေးပေါ်မှာ ဖေးတင်၏။ ဒါပေ
ပြော လာတော့ ကေသာ့ အကြောင်း…၊

"သမီးကြီးကိုလဲ ပြောခဲ့ချင်တယ်၊ သမီးရောဟင်.."

"သမီးရှိပါတယ် မေမေ"

ကေသာသည် ဘာကိုမှာကြည်းရမှန်းမသိဘဲ နောက်မှာ တော
မတ်စွာရပ်လျက် အံကြိတ်မျက်ရည်ကျနေရာမှ မျက်ရည်ကို ကြမ်းတ
စွာ သုတ်ပစ်၏။

ပြီးတော့ ခုတင်၏ဟိုဘက်ကနေဝင်ထိုင်ပြီး မျက်ဝန်း ခေါင်း
မှာတင်ထားသည့် ဒေဝီ့လက်တစ်ဖက်ကိုဆွဲယူကာ…

"သမီး ရှိတယ် မေမေ၊ မေမေက သမီးတို့ရဲ့ ထာဝရမေမေ
ရင်းစားမရနိုင်တဲ့ကျေးဇူးရှင်မေမေပါ မေမေရယ်၊ သမီး မေမေ့ကို
တယ်၊ အရမ်းချစ်တယ်"

ဒေဝီ နှုတ်ခမ်းပါးမှာ ပြုံးယောင်သမ်း၏။ သို့သော် မျက်ဝန်းထေ
မှ မျက်ရည်စီးကြောင်းသည် လှုပ်လီလှုပ်လဲ့ပြိုဆင်းသွားခဲ့ပြီး…



"မေမေ့ကိုချစ်တာ မေမေ ယုံပါတယ် သမီးရယ်၊ သမီး… သမီး
ရဲ့ မေမေ ပင်ပျို့ကိုလဲချစ်ပါ၊ မေမေ မရှိရင် သမီးတို့မေမေနဲ့…
မောင်…"

မျက်တောင်ဖျားတို့သာ လှုပ်ခတ်သွားခဲ့ပြီး ကင်းမောင်မောင် ဆုပ်
ကိုင်ထားသည့်လက်က ဖိဆုပ်ချင်သလို အနည်းငယ်တင်းခနဲဖြစ်ကာ…

"မောင်.. မောင်နဲ့ပင်ပျို့ကိုပေါင်းကြဖို့ ဒေဝီ ကျေကျေနပ်နပ်…"

"ဒေဝီ.."

"မေမေ.. မေမေ့…"

လှုပ်ရှားတုန့်ခါသံတွေ ထွက်ပေါ်လာခဲ့ကြပြီး အားလုံး၏ ငိုရှိုက်သံ
တွေကြားမှာ ကေသာသည်…

"ဒါ.. ဒါ နောက်ဆုံးစကားပေမယ့် ကေသာ လက်မခံဘူး"

ဒါဟာ အတည်ပြုခွေးနွေးပွဲမဟုတ်ပါ။ သေဆုံးသူ၏နောက်ဆုံး
ထွက်သက်ခရီး…၊

ကေသာ ကတော့ ဂရုမစိုက်ပါ။ သူမသည် မျက်ရည်ဖြိုင်ဖြိုင်ကျ
နေပေမယ့် စူးရှလက်တောက်နေသည့်မျက်ဝန်းလေးတွေနှင့် ရိုကာ
လက်သီးနှစ်ဖက်ဆုပ်၍ ထရပ်လိုက်၏။

အားလုံး ပူဆွေးငိုကြွေးနေသည့်ထဲမှာ မတ်တတ်ထရပ်လိုက်ပြီး…

"ဆိုးသွမ်းယုတ်မာတဲ့လူတွေတောင် သေခါနီးအချိန်မှာ စိတ်ကောင်း
လေးတစ်ချက်တော့ ဝင်တတ်တယ်တဲ့"

"မြေး"

"ဘွားဘွား ဆုံးမတာတွေပဲလေ"

အဝင်းသည် အခန်းတံခါးဝမှာ သတိလက်လွတ်ငိုကြွေးနေလျက်
ကနေ မိသားစုအခြေအနေကြောင့် အခန်းပြင်ကိုထွက်သွားခဲ့၏။

ကင်းမောင်မောင်ကတော့ သူဆုပ်ကိုင်ထားခဲ့သည့် ဒေဝီ လက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဒီတိုင်းကိုင်ထားလျက်နှင့် တင်းတင်းစေ့စေ့ အံကြိတ်ထားသည့်နှုတ်ခမ်းလွှာတို့ကို မဖွင့်ပေ။

"မေမေက အရမ်းသိမ်မွေ့အေးချမ်းပြီး စိတ်ကောင်းရှိတဲ့မေမေ၊ သူ နောက်ဆုံး ဒီလိုပြောသွားတာ ဘာမှမထူးဆန်းဘူး၊ ဘာဖြစ်ဖြစ် မေမေ့ နောက်ဆုံးစကားဆိုပြီး ဒါကို အတည်မပြုရဘူး၊ ကေသာ လက်မခံနိုင်ဘူး"

ကေသာသည် ဖအေကိုလည်း ကြောက်စိတ်ရှိနေကာ ကမူးရှူးထိုး ပြောရင်း ပြေးထွက်သွားခဲ့လေသည်။

မျက်ဝန်းကတော့ ခုချိန်ထိ ရှိုက်ကြီးငိုနေရုံမှလွဲ၍ ဘာစကားမှမဆိုနိုင်ရှာ။

ဒေါ်ခင်သူဇာက မျက်ရည်တွေ ဘယ်ညာသုတ်၍ သားဖြစ်သူနားမှာ ထိုင်လိုက်ကာ…

"နာရေးကိစ္စလုပ်ရဦးမယ် သားရယ်၊ စိတ်ကို ဖြေပါကွယ်၊ အကောင်းတိုင်းကြီးကနေ ထဖြစ်သွားတာ ဘယ်သူမှ ဘာမှမတတ်နိုင်ကြဘူးလေ၊ ပြီးတော့ မြေးလေးကိုလဲ ခွင့်လွှတ်လိုက်ပါ၊ သူက…"

"သမီးကြီးကို သွားချော့လိုက်ပါ မေမေ၊ သမီးတို့ စိတ်ဆင်းရဲအောင် ကျွန်တော် ဘာမှမလုပ်ဘူး လို့…"

"သားရယ်…"

ဒေါ်ခင်သူဇာ နားလည်သည်။ သားရင်ထဲမှာ သောကနှင့်အတူ ထမ်းသိမ်းဆည်းရမည့်အချစ်စိတ်တွေဟာ အဆိပ်အတောက်အဖြစ် နောက်ထပ် နှစ်ပေါင်းများစွာ အုံ့ပွဲနေရှာတော့မည်။

"သားရယ်.. သားတို့ကို မေမေ…"

ကင်းမောင်မောင် ခေါင်းခါလိုက်မိသည်။ ဟိုးအတိတ်တစ်ချိန်ဆီမှ စ၍ဖြစ်တည်နေခဲ့သော အချစ်၏ထုထည်ပမာဏ ခုချိန်မှာ ဘယ်ရွှေ



ဘယ်မျှကြီးမားနေပါစေ အားလုံးကို ထုပ်ပိုးသိမ်းဆည်း၍ ဥပေက္ခာ ရထားကြီးနဲ့ သူ ခရီးဆက်ရဦးမည်။

အတိတ်ဆိုသည့် ညလေးတစ်ညထဲကို ခဏခဏပြန်လျှောက်နေမိတာကတော့…

ဘာကိုမဆို စွန့်လွှတ်ချန်ရစ်ခဲ့နိုင်ပေမယ့် အတိတ်ကိုတော့ ပိုင်ချင်၏။

ထို့ကြောင့် အတိတ်နှင့် သူ့ရင်ဘတ်ဟာ…

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဒီနေ့တော့ ပန်းခူးခိုင်းဖို့မလိုတော့ဘူး ပင်ဖျို၊ ဟိုမှာ ပီတော်ဇက်ပန်းတွေ လာပို့သွားပြီ၊ ဘုရားပန်းကပ်၊ ကြိုက်သလောက်ပန်"

"ကိုမိုးအောင် ခုလိုဖြစ်ရတာ ကျွန်မ တကယ်စိတ်မကောင်းပါဘူး မေမေကြီးရယ်၊ သူ့အတွက် ကုန်တဲ့ပိုက်ဆံတွေ နည်းတာမဟုတ်ဘူး"

ပင်ဖျို တကယ်အားနာနေသည့်ပုံစံလေးကို ဒေါ်ခင်သုဇာက ရယ်နေသည်။ ဦးမောင်မောင်လွင်အတွက် ဆေးကို ပင်ဖျို မှတ်မိအောင် သေချာခွဲထားပေးနေရင်း…

"စိတ်မကောင်းစရာမလိုပါဘူး သမီးရယ်၊ ညည်း ပန်းကြိုက်မှန်း အန်တီတို့သိတဲ့ဟာပဲ၊ ပီတောက်ပန်းဆို မကြိုက်တဲ့မိန်းကလေးက ခပ်ရှားရှားရယ်၊ မိုးအောင်လဲ သိပ်ဖြစ်တာမဟုတ်ပါဘူး၊ ဆေးဖိုးကုန်တာက အကြောင်းမဟုတ်ဘူး၊ လူကို ကျိုးကန်းသွားမှာပဲစိုးတာ၊ ဒီသကြန်ကျမှပဲ သားငယ်က သူ့သူငယ်ချင်းအိမ်မှာချည်းပဲ၊ သားတို့ရှိရင် တော်ရုံဆို အိမ်မှာပဲပြီးမှာ"

"မင်းသားလဲ ကြည့်လုပ်ဦး ခင်"

"ဘာဖြစ်လို့လဲ အစ်ကို၊ ညနေဆို သူ ပြန်ရောက်တာပဲဟာ၊ ပြီးတော့ တခြားလူငယ်တွေလို သောက်စားမူးရူးနေကြတာလဲမဟုတ်ဘူး"



'မင်းက ထင်နေ' ဆိုသည့်မျက်လုံးကြီး ဝင့်တက်လာတော့ ဒေါ်ခင်သုဇာ မျက်နှာပျက်၏။ ခုခေတ်က အရက်နံ့နဲ့တူတဲ့ စီးကရက်တွေ၊ မသန့်တဲ့အချိုရည်တွေ အများကြီး။ ကိုယ်ကတော့ ကိုယ့်သားလေး သန့်သန့်စင်စင်နေတတ်တာပဲဆိုပြီး ဘာကိုမှ သတိထားမနေခဲ့ပေ။ ထိုခဏ ဦးမောင်မောင်လွင်က သတိပေးသလိုထပ်ပြော၏။

"အေး… ရပ်ကွက်ထဲက အရူးသမားတွေလို မူးယစ်ယိမ်းထိုးပြီး ပြန်ရောက်လာလို့ကတော့ ငါ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး"

သေချာပါပြီ။ အကြီးအကျယ်မဟုတ်ဘဲ မူမပျက်ရုံဖြစ်ဖြစ် သားသောက်နေပြီ။

"ကဲ ကဲ မင်း ဥပုသ်ယူဖို့ နောက်ကျနေမယ် သွားတော့၊ မင်းသား သွားပြီလား"

"ခုနကပဲ ထွက်သွားတာ"

ဟု ပြောသည့် ဒေါ်ခင်သုဇာလေသံက ပျော့ပျော့လေး။

ထိုစဉ် အဝင်း ကလည်း ယောဂီထဘီလေးနှင့်ထွက်လာလျက်…

"အားလုံး ကားပေါ်တင်ပြီးပြီ မေမေကြီး"

"ဘာလဲ… အဝင်းက လိုက်သွားမလို့လား"

"ခေါ်သွားလိုက်မယ် အစ်ကို၊ ဥပုသ်စောင့်လိုက်ချင်လို့ ညတည်းက ပြောထားတာ"

"ဒါဆို ပင်ဖျို့ကိုလဲခေါ်သွားလေ၊ ငါ အိမ်စောင့်မှာပေါ့"

"အို… နေပါစေ၊ ဘဘ တစ်ယောက်တည်း သွားရလာရတာ ဒုက္ခရောက်မှာပေါ့၊ ကျွန်မ မနက်တည်းက ငါးပါးသီလတော့ယူထားပါတယ်"

ဒေါ်ခင်သုဇာလည်း အိမ်တံခါးပိတ်ပြီး အားလုံး ဥပုသ်ယူနိုင်ဖို့ ခေါ်သွားလိုက်ချင်ပါသည်။ ဒါပေမယ့် အဝင်းက မနက်ကျရင် ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလိုက်ပါရစေဆိုတာကို ကလေး မုန့်ပူသလိုပူနေခဲ့တာဖြစ်သည်။

ပြီးတော့ ပင်ပျို့ထက်စာရင် အဝင်းက အသက်လည်းပိုကြီး၏ အိမ်မှာဖြစ်စုလုပ်ကိုင်တဲ့နေရာမှာလည်း ပင်ပျို့က ပိုသွက်သည်။ လူမော ကို ဆေးတိုက်နေရုံအပြင် စိတ်ရွှင်လန်းအောင် ချစ်ဖွယ်သောစကားတို့ ကိုလည်း ဆိုတတ်၏။

ဒေါ်ခင်သူစာတို့ထွက်သွားကြသည်နှင့် ဝိတောက်ပန်းတွေ တစ်မွေ ကြီးကို ဘုရားပန်းတွေ စိတ်ကြိုက်လဲသည့်အလုပ်နှင့် ပင်ပျို့ ဟန်ကျ နေ၏။

ချည်ခန်းအိုးတွေမှာတော့ နှင်းဆီဖူးတွေအပြင် ဘာပန်းမှထိုးတာ မကြိုက်သော နှင်းမမကြောင့်...၊ ပြီးတော့ အိမ်ကို အချိန်မရွေး ပေါက်ချလာတတ်သဖြင့် ဝိတောက်ပန်းတွေ ပိုနေသော်လည်း မထိုးရဲပေ။

နေ့လယ်ခင်းကျတော့လည်း အမြဲရှိနေတတ်သည့် အဝင်း က မရှိ တော့ ပျင်းမိသည်။

"သမီး ညစာ စားလိုက်တော့၊ သူတို့ပြန်လာလည်း စားမှာမဟုတ် တာ၊ ဘဘ ပုတီးစိပ်တော့မယ်"

"ဟုတ်"

မှောင်စပျိုးတဲ့အထိ ဘယ်သူမှရောက်မလာခဲ့ပေ။ ဝိတောက်ပန်း တွေကို မနွမ်းအောင် ဖက်နဲ့ထုပ်ထားသဖြင့် မွှေးကြိုင်လန်းဆန်းနေ၏။

ညနေ ရေချိုးပြီးမှ ခေါင်းမှာ ဝေနေအောင် ပန်လိုက်၏။ ပါးကွက် ထူထူလေးတွေကွက်ကာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ ရေ့နောက်ကြည့် ရင်း ဖိုတုန်းက ပင်ပျို့ ဆိုသည့် ကောင်မလေးနဲ့ ယှဉ်တွဲကြည့်မိ၏။

ကိုယ်ပေါ်မှာ မမကြီးမင်္ဂလာပွဲတုန်းက မေမေကြီး ဝတ်နိုင်းထား သည့် လက်ဝတ်လက်စားတွေလည်းရှိနေသည်။ 'အလုပ်လုပ်တာတော့ လုပ်ပေါ့ သမီးရယ်၊ ဒါပေမယ့် အလုပ်သမားပုံစံဖြစ်နေအောင် မနေပါနဲ့'





ဆိုပြီး အင်္ကျီအဝတ်အစားတွေလည်း ဝယ်ပေးထားသည်။ ထဘီအပွင့် လေးတွေနှင့်အရောင်ဆင်တူသော အင်္ကျီလေးတွေမို့ ဘာမှရွေးဖယ် ဝတ်နေဖို့မလို။ ကိုယ်ဟာ နွားခြေရာခွက်ထဲက ဖားသူငယ်လိုဖြစ်ကောင်း ဖြစ်နိုင်လိမ့်မည်။

ဒါပေမယ့် သူမ အတွက်ကတော့ မဝတ်ဖူး မစားဖူးတာတွေပါပဲ။ ထို့ကြောင့် မမကြီး အိမ်မှာရှိနေလျှင် နည်းနည်းအရောင်ထွက်မည့်ထင် သည့် ထဘီအင်္ကျီဆို မဝတ်ဖြစ်ခဲ့ပေ။ မမကြီး၏ မျက်လုံးတစ်ချက် အကြည့်မှာ လူက အရည်ပျော်ချင်၏။

အဲဒီလောက်ကြောက်မိပေမယ့်လည်း မမကြီးကို ပင်ပျို့ မမုန်းခဲ့ပါ။ မမကြီးတို့မောင်နှမဟာ စိတ်ရင်းဆိုးကြတာမဟုတ်ဘဲ ထည်တည်ပဲ နေတတ်ကြတာကိုနားလည်၏။ မမဝင်းအတွက် တစ်ခုခုဝယ်ပေးတိုင်း ပင်ပျို့အတွက် အဆင်ပြေသင့်တော်မှာလေးတွေ မမကြီး ရွေးဝယ်ပေး တတ်သည့်စေတနာလေးတွေကိုလည်း ခံစားမိသည်။

ကိုယ့်ရဲ့ပုံရိပ်ကို မှန်ထဲမှာပြန်ကြည့်ရင်း အဝါရောင်ဝတ်စုံလေးနှင့် ဝိတောက်ပန်းရောင်ကြောင့် တစ်ကိုယ်လုံး ဝင်းထိန်နေတာကို မလုံမလဲ ဖြစ်သွားမိ၏။

သနပ်ခါးလိမ်း ပန်းပန်တာပဲဖြစ်ပေမယ့် ခုနေ မမကြီး ရောက်လာ ပြီးမြင်သွားလျှင် 'ဘယ်သမီးထွက်မှာမို့လို့လဲ' ဆိုသည့် မေးခွန်းတွေ ထွက် လာနိုင်၏။

အိမ်မှာ ညစာချက်ပြုတ်စရာလည်းသိပ်မရှိ၊ အလုပ်တွေလည်း ပြီး စီးနေပြီမို့ ပျင်းပျင်းနဲ့ အလှတွေပြင်နေမိတာကို ကိုယ့်ကိုယ်ကိုယ် အပြစ် လွှတ်အောင်တော့ ဖြေရာရှာ၍ တွေးလိုက်မိသေးသည်။

"သမီး.. ညည်းအဒေါ်တွေ ပြန်မလာသေးဘူးလား"

"မလာသေးဘူး ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်စမှာ ဆေးတိုက်တော့ ဦးမောင်မောင်လွင် အပြင်ကို ထွက်လာသေးသည်။ လက်တစ်ဖက်မှာ ပုတီးကိုင်ထားပေမယ့် မျက်ဝန်းတွေမှာတော့ စိတ်ပူပန်အထင်းသားပင်။

သူ့ဘာသာ ဖုန်းနားကိုသွားပြီး ဖုန်းဆက်သည်။

"သားသမီးတွေများ မိဘကို တစ်ခုမဟုတ်တစ်ခုတော့ ဒုက္ခပေးရမှ..."

"ဘာ.. ဘာဖြစ်လို့လဲဟင် ဘဘ"

ဦးမောင်မောင်လွင်သည် သုန်မှုန်သည့်မျက်နှာကြီးနှင့် ဗိုးချုပ်ကို ဒီဘက်လှည့်ထွက်လာရင်း...

"အငယ်ကောင်တို့ ပဲခူးကိုထွက်သွားကြတယ်တဲ့၊ အဲဒါကို မအေက စိတ်ပူပြီး လိုက်သွားတယ်လေ"

ဦးမောင်မောင်လွင် ရှုံ့တွတွမျက်နှာကြီးနှင့် ကျွတ်ခနဲစုတ်သပ်၏။ ပြီးမှ...

"မူးရူးပြီးသွားကြတယ်လို့ ကြားလို့နေမှာပေါ့၊ မကောင်းပါဘူးကွာ.. ကျွတ်..."

ခဏခဏ စိတ်ပျက်စုတ်သပ်ရင်း ဦးမောင်မောင်လွင် အခန်းထဲဝင်သွား၏။

ပင်ပျို တစ်ယောက်တည်း ဟိုလျှောက်ဒီလျှောက်နှင့် ဘာလုပ်ရမှန်းမသိဘဲ နောက်ဖေးတံခါးပိတ်ဖို့ ထွက်လာခဲ့မိ၏။

ဘာရယ်မဟုတ်ဘဲ တစ်ယောက်တည်းဆိုသည့်အသိနှင့် သွားလာနေကျအိမ်ကိုပဲ ကြောက်သလိုလိုဖြစ်လာမိသည်။

တံခါးတွေစစ်ပြီးရင်တော့ ညှိခန်းမှာပဲ ကျောက်ချထိုင်နေတော့ဖို့ ဆုံးဖြတ်နေတုန်း...

"ဒေါက်.. ဒေါက်"





"အမေ့ရေ.."

တံခါးကို ဂျက်ချမလို့လှမ်းကိုင်လိုက်သည်နှင့် အပြင်က တံခါး[illegible]က်လိုက်သဖြင့် ပင်ပျို လန့်ဖျပ်အော်မိ၏။

"အဝင်း.. အဝင်း"

"ဟင်..."

ကိုကိုလေးအသံလား..၊ မဖြစ်နိုင်တာ... ကိုကိုလေးက ဘယ်သွား[illegible] ကားနဲ့သွားတာ၊ ဘာကိစ္စ နောက်ဖေးပေါက်က လာမှာလဲ။

"ဟိတ်"

သူ့ဘာသာ စိတ်မရှည်ဘဲ တံခါးကိုတွန်းလိုက်တော့ မပိတ်ရသေး[illegible]သည့်တံခါးက ပွင့်သွား၏။ တံခါးနှင့်အတူ ငိုက်ခနဲပါလာသည့်ကိုယ်က [illegible]ပျို့ကိုယ်ပေါ်ကို ကွက်တိ။

"ကိုကိုလေး"

"ဟင်.. ပင်ပျိုလား"

"ဟုတ်..ဟုတ်ကဲ့၊ ကိုကိုလေး အရက်.. အဲ.. ပဲခူးမှာဆို..."

"ရှူး..."

ယိုင်သွားသည့်အရှိန်နှင့် တအားဖက်လိုက်ပြီးမှ ကင်းမောင်မောင် [illegible] သူ့ကိုယ်သူ ပြန်ထိန်းရပ်သည်။ ပြီးတော့ မီးရောင်အောက်မှာ ရွှေဝါ[illegible]င်တောက်နေသည့် ပင်ပျိုကို ခြေဆုံးခေါင်းဆုံး စူးစူးရဲရဲ ကြည့်၏။

"သွားတော့"

"ရှင်..."

"ရေ့ကဖယ်ပေးကွာ"

"ကိုကိုလေး လျှောက်နိုင်မှာလားဟင်"

"ရှူး..."

သူ နောက်ထပ် ရှူးခနဲထပ်လုပ်ပြီး ပင်ပျို့နဖူးလေးကို လက်ခုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွရိုက်ကာ…

"မင်းပါးစပ်ကိုပိတ်ပြီး ဘယ်သူ့ကိုမှမပြောဘဲ တိတ်တိတ်လေးသွ
အိပ်၊ မေမေတို့ မသိစေနဲ့နော်"

"ဟုတ်… ဟုတ်ကဲ့ပါ"

ပင်ဖျို့ ခေါင်းညိတ်ပြီး ဘေးဖယ်လိုက်တော့ ကင်းမောင်မော
ခြေလှမ်းကို အနိုင်နိုင်ရွှေ့သည်။ ဒါပေမယ့် သူ့ကိုယ်သူထိန်းရင်း လွ
အောင်လည်းမရှောင်နိုင်ဘဲ ပင်ဖျို့ပခုံးတစ်ခြမ်းကို တိုးတိုက်သွားသေးသည်

ပါးစပ်ပိတ်ရုံတင်မကဘဲ နှုတ်ခမ်းပေါ်မှာ လက်ဝါးလေးကပ်ပိ
ထားမိရင်း ကင်းမောင်မောင် ဘယ်နေရာမှာ တိုးမိတိုက်မိပြီးလဲပြိုသွ
မလဲ စိုးရိမ်စိတ်နှင့်လိုက်ကြည့်နေမိသည်။

စိုးရိမ်နေသည့်အတိုင်းပင် မျက်စိအောက်ကလူရိပ်ကွယ်သွားသည်
နှင့်…

"ဒုန်း"

"အင့်"

ကိုကိုလေး…၊ ပါးစပ်ကနေ ဘုံးတိတ်စွာခေါ်လိုက်မိရင်း ပြေးသွ
ကြည့်တော့ နောက်ဖေးဆင်းအဝင်သို့ စကြံလမ်းကလေးအဆုံးက ခေါ
စင်အမြင့်လေးနှင့်အလုထားသည့်ပန်းစင်က လဲပြိုလျက် ကင်းမောင်
မောင် နံရံနှင့် ဘယ်လိုပစ်ဆောင့်ထားသည်မသိ။

"အား… ကျွတ် ကျွတ်"

"ကိုကိုလေးရယ်… ဘယ်ကိုနာသွားတာလဲဟင်၊ ခေါင်းနဲ့တိုက်
သွားတာလား၊ ကိုယ်နဲ့တိုက်တာလား၊ ထလို့မရတော့ဘူးလားဟင်"

"ခေါင်းနဲ့ပဲတိုက်တိုက်၊ ကိုယ်နဲ့ဖြစ်ဖြစ် သွားစမ်းကွာ၊ ငါ့ကိုယ်ငါ
သိလို့ပြောနေတာ၊ သွားတော့"

တွင်တွင်နှင်လွှတ်နေပြီး နားထင်နှစ်ဖက်ကို လက်တွေနဲ့ဖိလိုက်





…တ်လိုက်၊ တက်ခေါက်တာတွေလည်းရှိကာ သူ့ဘာသာပြန်ထရပ်ဖို့
…ားတော့လည်း တော်တော်နဲ့မအောင်မြင်။

ပင်ဖျို့ ကြည့်မနေနိုင်တော့ဘဲ နံရံနဲ့ပခုံးတစ်ဖက်ထိန်းကပ်ထားသည့်
…က်ပခုံးအောက်ကနေ ခေါင်းလေးဝင်လျှိုလိုက်မိ၏။

"ကျွန်မကို နည်းနည်းမှီလိုက်ပါ ကိုကိုလေးရယ်၊ ဒီတစ်ခါထပ်လဲ
… ဘာဘ ကြားသွားမှာစိုးလို့ပါနော်"

"ဟင်… ပင်ဖျို့… မင်း… ဟာ… မဖြစ်ဘူး၊ မင်းနဲ့မဖြစ်ဘူး၊
…ပေး… သွား… သွား…"

နှင်လွှတ်နေသော်လည်း လူက ယိမ်းထိုးနေသဖြင့် ပင်ဖျို့ က ဖယ်
…းပါ။ ဘာကြောင့်နှင်လွှတ်နေတာကိုလည်း သဘောမပေါက်။ သူမ
…ာက မူးလာတာကို အိမ်သားတွေသိမှာစိုးလို့ နှင်လွှတ်နေသည်ဟု…။

"မေမေကြီးတို့ ဘယ်သူမှ ပြန်မလာကြသေးဘူး ကိုကိုလေးရဲ့…၊
…ကိုလေး ခုနေ အခန်း ထဲမြန်မြန်ဝင်ပြီးအိပ်လိုက်ရင် ရမှာပါ၊ ကျွန်မ
… တွဲနော်"

လက်ရော ခေါင်းရောခါနေပြီး မြောက်ထုပ် ဘာတွေပြောနေမှန်း
…သိ။ ပင်ဖျို့ သတိထားမိလာတာက ကင်းမောင်မောင် ပစ်စလက်ခတ်
…စ်လိုက်သည်မို့ သူမမှာ လေးလံမောပိုက်လာခြင်း။

"ပင်ဖျို့"

"ရှင်"

"မင်း… သိပ်လှတယ်"

"ဟင်…"

ပင်ဖျို့ မျက်လုံးအဝိုင်းသားဖြစ်သွား၏။ ကင်းမောင်မောင် မျက်နှာ
…ကိုလည်း မယုံနိုင်စွာ မော့ကြည့်လိုက်မိသည်။ သူမ လေးစားခင်မင်ခဲ့
…သော ကင်းမောင်မောင် ဆိုသည့်ယောကျ်ားဟာ အလွန်တည်တံ့



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားကာ ကျောင်းဆရာကြီးနဲ့တူ၏။

ပြီးတော့ ဆရာဝန်လောင်းပေမယ့် ဆရာဝန်ရင့်မာကြီးတစ်ယောက်လို အသန့်အပြန့်ကြိုက်သူ၊ ဘာကိုပဲကြည့်ကြည့် ညစ်ပတ်တာတွေ ရောဂါတွေနဲ့ပဲ…၊

"မင်းကို… မင်းကို အနားမှာမရှိစေချင်ဘူး။ ငါ့စိတ်တွေ ထိန်းမရတော့မှာကို ငါ… ငါ သိတယ်၊ ဒီထက် ဘယ်လိုလုပ် ထိန်းချုပ်နိုင်တော့မှာလဲ ပင်ဖြူရယ်၊ ငါလေ…"

"ကိုကိုလေး"

"မင်းကို ချစ်လို့မရမှန်းသိတယ်၊ မချစ်သင့်ဘူး၊ ငါ့အတွက် မင်း ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ကိုကိုလေး… အိပ်ခန်းထဲရောက်နေပြီ၊ ကျွန်မကိုလွှတ်ပါ"

"မရတော့ဘူး ပင်ဖြူ၊ ငါ့ရဲ့ထိန်းချုပ်နိုင်စွမ်းတွေ မရှိတော့ဘူး"

"ရှင်…"

ပင်ဖြူ လန့်ဖျပ်ရုန်းကာ ကင်းမောင်မောင် ယိုင်ခနဲဖြစ်သွားတုန်းမှာ တံခါးဝကနေ ပြန်လှည့်ထွက်၏။

"မသွားပါနဲ့"

"အို… ဟင့်အင်း… ကိုကိုလေး…"

ပင်ဖြူ့ကိုယ်လေးကို တင်းခနဲသိမ်းဖက်ကာ တံခါးကိုပိတ်ပစ်လိုက်၏။ ရုတ်တရက် ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုအဖြစ်ဆိုးတော့မယ်ဆိုတာကို မတွေးမိလောက်အောင် ပင်ဖြူ အကြောက်ကြီးနေခဲ့၏။

ကင်းမောင်မောင်ကိုယ်မှ သူမ နှစ်သက်သော အမြဲတမ်းသင်းပျံ့နေခဲ့သည့် ရေမွှေးနံ့က အရက်နံ့တွေရောထွေးလျက် တည်ကြည်ချောမွေ့နေသောမျက်နှာဖြူဝင်းဝင်းသည်လည်း အရက်ရှိန်တို့နှင့်နီမြန်းနေခဲ့၏။

ပိုမိုဆိုးဝါးသည်က တစ်ကိုယ်လုံးကို တင်းကျပ်စွာပွေ့ဖက်ထားပြီး…





"ဟင့်အင်း… ဟင့်အင်း၊ မလုပ်ပါနဲ့ ကိုကိုလေးရယ်…၊ ကျွန်မကို ဒီလိုမခြောက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

"ငါ… မင်းကိုလေ…"

"အား"

အိခနဲနစ်ဆင်းသွားတာဟာ ကိုကိုလေးအိပ်ရာမှန်း သိလိုက်ပေမယ့် ဘယ်လိုမှ ရုန်းထွက်မရတော့ပေ။ ပင်ဖြူ့မျက်ဝန်းမှ မျက်ရည်တွေ စီးသွယ်ကျလျက် ခေါင်းသာ တွင်တွင်ခါနေမိသည်။

ဘာစကားမှမပြောနိုင်။

တမ်းတမက်မောစွာနမ်းရှိုက်နေသည့် အနမ်းရိုင်းတို့ဟာ သူမအသဲမှာတော့ သံမှိုသံစတွေနဲ့ ဆုပ်ပက်ကြဲဖြန့်နေသလိုပင်…။

မဟူရာထက် ပို၍ မှောင်မိုက်နက်ရှိုင်းသော ကမ္ဘာသစ်ဆီမှာ သူမ…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ကိုယ်ဟာ လေဟုန်စီးနေရသလို သိမ့်ခနဲ၊ ငြိမ့်ခနဲခံစားနေရသည် ပန်းမွေ့ရာတစ်ချပ်ဖြန့်ခင်းထားသလို မွေးရုံ့များနှင့် သူမ မျက်နှာလေး က ကြည့်တိုင်းမဝ၊ ရှုတိုင်းလှနေ၏။

စိတ်ထဲမှာ ဒါဟာ တကယ်မဟုတ်နိုင်ဘူးဆိုတာ သိနေသလိုလို…

ဒီသာယာမှုလေးကို ဆုံးရှုံးမခံနိုင်သည့်စွဲလမ်းခြင်းတွေလည်း ရင် ထဲမှာဖြစ်လာ၏။ သူ ပွေ့ပိုက်ယုယနေမိတာဟာ အိပ်မက်နတ်သမီး တစ်ပါးမဟုတ်ဘဲ သူမက ပင်ပျိုဖြစ်နေလျှင်…

"မသွားပါနဲ့၊ မင်းကို ငါ သိပ်ချစ်တယ် ပင်ပျို၊ သူတို့အားလုံး ခွင့်မပြု နိုင်ပေမယ့် ငါ ချစ်တယ်"

မြတ်နိုးတမ်းတစွာနမ်းရှိုက်ရင်း သူမ တစ်ကိုယ်လုံးကို သိမ်းကျုံး ပွေ့ဖက်ထားခဲ့မိ၏။

တစ်သက်လုံးမှာ ဒီလိုသာယာကြည်နူးခြင်းမျိုးကို ဒီတစ်ခါပဲ ခံစား ဖူးသည်လား…၊ သူ မက်မက်မောမော ဖက်ထားမိသည်။ စကားတွေ တတွတ်တွတ် ပြောနေခဲ့၏။



သို့သော်…

"ဟင်…"

မျက်လုံးတွေက အလင်းရောင်ကို လက်ခံလိုက်မိသည့်အချိန်မှာ သူ ပွေ့ဖက်ထားခဲ့တာက ပင်ပျို မဟုတ်ဘဲ ဖက်လုံးဖြစ်နေသည်။

ငါ အိပ်မက်မက်နေတာပဲ…၊

အိပ်ရာပေါ်မှာ ထထိုင်လိုက်မိစဉ် ပခုံးထိဆွဲခြုံထားခဲ့သည့်စောင် က ကွာကျသွား၏။ တွန့်စ်ကိုယ် ယှဉ်တွဲယုယခဲ့သည့်အထိအတွေ့က အိပ်မက်နှင့်အတူ ပျောက်ဆုံးမသွားခဲ့ပါလား…။

ရင်တွေခုန်နေဆဲအပြင် နောက်ထပ်တမ်းတမိသည်က နောက် ထပ်ချစ်ခွင့်…၊

"ကျွတ်…"

ဘာလဲကွာ…၊ ကိုယ့်ကိုယ်ကိုယ် မကျေနပ်စိတ်နှင့် ဆံပင်တွေကို ထိုးဖွပွတ်သပ်နေမိသည်။ လှိုက်ဟာပူလောင်နေသည့်ရင်ဘတ်ထဲကို ဘယ်လိုရေစင်နှင့် ငြိမ်းသတ်ရမှန်းမသိ။ သူယောင်မယ်တွေကို အိပ်မက် မြင်မက်ရင်း ရူးသွပ်သွားတဲ့လူတွေရှိခဲ့တာ တကယ်ပဲလား…၊

ရူးမသွားနိုင်ပေမယ့် သူ ရူးချင်လာသည်။

ဘာဖြစ်လို့ ဒီလိုထိတွေ့သာယာမှုတွေနဲ့ အိပ်မက်တွေ သူ့ဆီ ရောက်ခဲ့တာလဲ…၊

မေးခွန်းတွေဖြစ်လာရင်း စောင်ကိုခွာ၍ အိပ်ရာပေါ်ကဆင်းဖို့ လက်ထောက်ပြီးအလှည့်…

"ဟင်…"

ဝိတောက်ပန်းခက်လေးတွေ…။

ပင်ပျို…၊

ကင်းမောင်မောင် ခေါင်းနပမ်းကြီးသွား၏။ သူ… သူ အိပ်မက်မက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာမဟုတ်၊ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်ကာ ညက သူ ဘာ
ဖြစ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်မိသည်။

ပင်ပျို့မျက်နှာလေးက ဖျတ်ခနဲ ဝင်လာသည်။ ပြီးတော့ သူမ ငိုရှိ
နေခဲ့သည်။ သူ ဖျတ်ခနဲသတိရလိုက်ကာ ခုတင်ပေါ်ကနေ ကမန်းကတ
ဆင်းပြီး စောင်နဲ့ခေါင်းအုံးတွေကို ဖယ်ပစ်လိုက်တော့ ဘယ်လို လှုံ
ပါသွားမှန်းမသိဘဲ ခေါက်ခနဲမြည်သံနှင့်အတူ လိမ့်ဆင်းသွားသည့်အ
လေးတစ်ခု…၊

ကောက်ကြည့်လိုက်တော့ ရွှေရောင်အနားကွပ်လေးတွေနှင့် က
ကြယ်သီးလေးတစ်လုံး၊ သူ မှားခဲ့ပြီဆိုတာ သေချာသွားသည်နှင့် ယ
ကြယ်သီးကိုခေါင်းအုံးအောက်ထည့်ပစ်ခဲ့ကာ အခန်းပြင်ကို ပြေးထွက်ခဲ့

အချိန်ဘယ်လောက်ရှိနေပြီမှန်းမသိပေမယ့် အပြင်မှာ နှင်းမပျော
လင်မယားနှင့် ခေဝီတို့တူဝရီးအသံတွေကိုပါ ကြားလိုက်ရသည်။

ပင်ပျို့ ဘယ်မှာလဲ၊ စိတ်ထဲမှာ သူမထက်ပို၍အရေးကြီးတာ ဘာ
မရှိတော့သလိုဖြစ်လျက် ရှိနိုင်မည့်နေရာကို အပြေးတစ်ပိုင်းလျှောက်ခဲ့
မိသည်။

ပင်ပျို့သည် ရွှန်ပန်းရုံနှစ်ရုံ ပူးနေသည့်နောက်က မြေမို့မို့မှာ ဆော
ကြောင့်ကုပ်ကုပ်လေးထိုင်လျက် ဒူးနှစ်ဖက်ကိုပိုက်၍ မျက်နှာမှောက်
ထား၏။ ပခုံးလေးနှစ်ဖက် တသိမ့်သိမ့်လှုပ်ခတ်နေတာကို မြင်လိုက်
သည်နှင့် ဘယ်လောက်ထိ ရှိုက်သည်းလှိုက်ငိုနေမှန်းသိလိုက်ကာ…

"ပင်ပျို့.."

"အမေ့"

တိုးတိုးလေးခေါ်တာကို တုန်ခနဲဖြစ်သွားကာ ပင်ပျို့ ချက်ချင်း
ထ,ရပ်၏။ ထ,ရပ်လိုက်ရင်း နောက်ကိုဆုတ်ထားပြီးသားဖြစ်တော…

"ကိုကိုလေး ဘာ.. ဘာခိုင်းမလို့လဲဟင်"





"ဘာမှမခိုင်းဘူး၊ မင်းကို မေးစရာရှိတယ်၊ လာ.."

"ဟင့်အင်း.. ဟင့်အင်း"

ပင်ပျို့ က သူ လှမ်းဆွဲလိုက်သည့်လက်ကို လွတ်အောင်လွဲရှောင်ပြီး နောက်ကို ထပ်ဆုတ်သည်။

"ပင်ပျို့.. မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ မင်းရဲ့ဘဝအတွက်…"

"ဟင့်အင်း"

"ဟီတ်"

"ဟင့်အင်း.. လွှတ်ပါ ကိုကိုလေးရဲ့"

"ငါ ဘာမှမမေးရသေးဘူး၊ ဘာဖြစ်လို့ ဟင့်အင်းနေတာလဲ"

"ဟို.. ကျ.. ကျွန်မ…"

"မင်း ညက ငါ့ကို အခန်းထဲထိလိုက်ပို့တယ်မဟုတ်လား"

"မ..မဟုတ်ဘူး၊ မဟုတ်ဘူး ကိုကိုလေး"

"ဘာ…"

အစကတည်းကကြောက်ခဲ့သူမို့ ကင်းမောင်မောင်၏ 'ဘာ' သံမှာ ပင်ပျို့ နှုတ်ခမ်းလေးပွင့်ဟသွား၏။ ဆုပ်ကိုင်ထားသည့် သူ့လက်ကို ဖယ်ချပစ်ဖို့ ထပ်ကိုင်ထားပြီးမှ မျက်လုံးအဝိုင်းသားနှင့်မေ့၏။

ကင်းမောင်မောင်၏ စူးရဲသောမျက်လုံးအစုံက သူမ၏နှုတ်ခမ်းသား လေးတွေထက်မှာ စူးစိုက်သွားတော့မှ နှုတ်ခမ်းအစုံကို ဖိပိတ်၍ ခေါင်းငုံ့ ပစ်လိုက်၏။

"မင်း မှန်မှန်ဖြေပါ၊ မင်းနဲ့ငါ မှားယွင်းခဲ့တယ်မဟုတ်လား"

"မဟုတ်ဘူး"

"ငါ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ချင်တယ် ပင်ပျို့၊ ငါ့အမှား အတွက် ငါ တာဝန်ယူရဲတယ်၊ ပြီးတော့ ငါ.. ငါ မင်းကို…"

"ဟင့်အင်း"


www.burmeseclassic.com

www.burmeseclassic.com



"ပင်ပျို့.."

လက်ကိုဆတ်ခနဲဆောင့်ရုန်းသွားသဖြင့် ဘယ်လိုမှတားဆီးချိန် မရလိုက်ပေ။ ဒါပေမယ့် ကင်းမောင်မောင် လှမ်းမြင်အောင်ပြေးလို့ရ သည့်နေရာကနေဖြတ်လိုက်ကာ ပင်ပျို့ရှေ့ကနေ ဝိတ်ရပ်ထားလိုက်၏။

"မင်း ဘယ်လိုဖြစ်နေတာလဲ၊ မေးတာကိုဖြေ၊ မင်း ခေါင်းမညိတ်ဘဲ ငါ ရှေ့ဆက်တိုးလို့ရမှာမဟုတ်ဘူး၊ အဲဒါကြောင့်..."

"အမယ်လေး.. ရှာလိုက်ရတာ၊ ရေအိမ်တွေဘာတွေတောင် နှံ့နေ ပြီ၊ ဘာလုပ်နေတာလဲ ဒီမှာ.."

"ဟင်..."

မလှမ်းမကမ်းက နှင်းမမ အသံကြောင့် ပင်ပျို့ လန့်ဖျပ်သွား၏။ ထို့နောက် ဖျတ်ခနဲပြန်လှည့်ကာ နောက်ဖေးတံခါးကနေ လှည့်ပြေးသွား လေသည်။

"မောင်မောင် မျက်နှာရော သစ်ပြီးပြီလား၊ နောက်ဖေးထွက်ပြီး တော့..."

သူ ဘာမှပြောချင်စိတ်မရှိဘဲ ခေါင်းတစ်ချက်ခါပြခြင်းဖြင့် နှင်းမမ ရှေ့ကနေ ထွက်လာခဲ့၏။

"အိမ်ရှေ့မှာ ဒေဝီတို့ရောက်နေတယ် မောင်မောင်ရဲ့၊ မျက်နှာ မြန် မြန်သစ်ပြီး ထွက်ခဲ့"

နှင်းမမသည် ကျောပေးသွားသည့် မောင်ဖြစ်သူကိုပြောနေပေမယ့် မျက်နှာက နောက်ဖေးကို သမင်လည်ပြန်လှည့်၍ ဟိုရှာ ဒီရှာ...။





## အခန်း (၁၆)

"နှင်းကလဲကွာ ကာယကံရှင်တွေပြောပါစေဦး"

"သူတို့က လူငယ်တွေပဲ ကိုမင်းရဲ့..၊ လူကြီးတွေ စီစဉ်တဲ့အတိုင်း နာခံကြမယ်လို့ ပြောပြီးပြီဥစ္စာ၊ နှင်းလဲ အစ်မကြီးတော့ အမိအရာ ဆုံး ဖြတ်ပေးလို့ရတယ်.. နော် မေမေ"

လူကြီးတွေကတော့ ပြုံးနေကြသည်သာ...။

"ကျွန်မကတော့ ဒီ့တူမလေး စိတ်ချမ်းသာဖို့ပါပဲ၊ သမီးနဲ့သားတို့က နှင်းပြောတဲ့အတိုင်း သဘောတူကြသလား"

ဒေဝီ ကတော့ ပျော်သွားသည့်ပုံလေးနှင့်ပါ။ ကင်းမောင်မောင် က ဘယ်မျက်နှာကိုမှမကြည့်ဘဲ ခပ်စိုက်စိုက်မျက်လွှာချလျက် ကိုယ်က လျှော့ရိလျှော့ရဲထိုင်နေ၏။

စိတ်နဲ့လူ မကပ်တာလား၊ တစ်ခုခုပြောစရာရှိတာကို သင့်မသင့် စဉ်းစားနေသည်လား...။ ခေါင်းငြိုငြိုနိုင် မျက်နှာပျက်သွားတာကို ရိပ်မိ ကာ ဒေါ်ခင်သူဇာက...



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်က သဘောတူလား"

"မေမေကလဲ လုပ်ပြန်နဲ့ပြီ၊ မေမေ့သားငယ်က အစတည်းက စကားကို သုံးလုံးကွဲအောင်ပြောချင်တာမဟုတ်ဘူး၊ မြောက်ဥက္ကလာဆေးရုံကြီးနဲ့ဒီနဲ့ကို နေ့စဉ် အသွားအပြန်လုပ်နေရမှာ ကိုယ်က အကြောင်းမဟုတ်ပေမယ့် ဒေဝီကိုငဲ့ညှာရမယ်၊ လက်တွေ့ကာလက ဘာမှမဟုတ်ဘူးဆိုပေမယ့် အချိန်ကုန်တယ်၊ ပင်ပန်းတယ်၊ ဒေဝီနဲ့မောင်လေးနဲ့ မြောက်ဥက္ကလာမှာ အတူတူကျတာကိုပဲ ကျေးဇူးတင်ရသေးတာ၊ ဟိုဘက်အစီအစဉ်မှာ ဒေဝီ သက်သက်သာသာရှိဖို့အဓိကမဟုတ်ဘူးလား"

ချက်ချင်းကြီး ဒေဝီ အဓိကတွေများလာတော့ ကင်းမောင်မောင်၏ မှန်ကုပ်ကုပ်မျက်ဝန်းတွေက နှင်းမမဆီ ရှူးရှူးစိုက်စိုက်ရောက်သွား၏။

ပြီးတော့မှ ပြုံးနေသည့်ဒေဝီ့မျက်နှာလေးကို အားနာစိတ်နှင့် မျက်နှာလွှဲမိသည်။

"ကိုမောင် အဆင်မပြေလို့လားဟင်..၊ မမက ဒေဝီကို ညှာနေတာပါ၊ ကိုမောင် အဆင်မပြေရင်လဲ..."

"ပြဿနာမရှိပါဘူး ဒေဝီ၊ အဲဒီလောက်မလိုဘူးထင်လို့ပါ၊ သိပ်လဲကြာမှာမဟုတ်တော့..."

"ဒီထက်အရေးကြီးတာ ရှိဦးမလား မောင်လေးရယ်၊ အချိန်ကာလ ဘယ်လောက်ကြာကြာ ဒီကာလမှာ မပင်မပန်း သက်သက်သာသာ သွားလာလို့ရမယ်လေ၊ ဆေးတက္ကသိုလ်(၂)ရှေ့က ဥက္ကာရပ်ကွက်ထဲမှာ နှစ်ယောက်နီးနီးနေလို့အောင် အဆောင်ရှာခိုင်းထားတယ်၊ ကိုယ်လိုချင်တဲ့ပုံစံမရရင် အပိုင်ဝယ်ရလဲ ဝယ်ရုံပဲ၊ အနားမှာ ဆေးရုံကြီးက ကပ်လို့မေမေ၊ ကျောင်းမှာ နှင်းရဲ့ဆရာတွေလဲ အများကြီးပဲ၊ မောင်လေးကိုသူတို့သိတယ်"

ဦးမောင်မောင်လွှင်နှင့်ပတ်သက်ပြီး သမားတော်ကြီးတွေကအစ





ဒေဝီတို့မောင်နှမကို ချစ်ကြသည်။ အကူအညီတွေပေးခဲ့ကြတာ ဖေဖေကျန်းမာရေးကောင်းနေတည်းကပါ။

"မမက အပိုတွေလုပ်နေဘာယ်မထင်နဲ့ မောင်မောင်၊ မောင်လေးလဲအရေးကြီးသလို ဒေဝီကိုလဲ ဂရုစိုက်ရမှာပဲ၊ မမတို့က မိဘမျိုးရိုးကိုက ဆရာဝန်သမားတော်တွေ၊ မောင်လေးကို ဒေဝီလိုမိန်းကလေးမျိုးနဲ့ပဲ သေချာပေါက်လက်ထပ်ပေးမှာ၊ ဒါကြောင့် လက်ထပ်ဖို့မအောင်မြင်သေးခင် ဒေဝီကျန်းမာရေးကလဲ အရေးကြီးတယ်၊ ရှင်ပြုမယ့်သာမဏေလောင်းတွေလိုပေါ့..၊ တင်စားတာ လွန်သွားလားမသိဘူး၊ နှင်းကတော့ ဒေဝီကိုချစ်နေလို့ထင်တယ်၊ လွဲသွားမှာကို အဲဒီလောက်ထိကြောက်တာ"

နှင်းရဲ့ ဘာလိုလိုစကားကို နှင်းကိုယ်တိုင်ပဲ ဘာသာပြန်နိုင်၏။ ဒေဝီကလည်း ရှက်ပြုံးလေးနှင့် အရိုးခံအတိုင်း၊ ကင်းမောင်မောင် ကသည်း နှင်း ဒီလောက်ဖြစ်နေတာကို နားလည်သေးပုံမပေါ်။

မောင်နှမနှစ်ယောက် အကြည့်ချင်းဆုံစဉ်မှာ လွဲမှားသောနားလည်မှုများနှင့်ပြိုင်တူလွဲကြ၏။ နှင်းမမသည် မောင်မောင်၏ရှုပ်ထွေးနေသောမျက်နှာကို မသိမသာ စိုက်ကြည့်အကဲခတ်ကာ တစ်စွန်းတစ်စ ကြားလိုက်ရသည့် အမေးအဖြေတွေကို သတိရမိသည်။ နောက်ထပ် ကတိအဝတ်စကားတွေ ထွက်ကျမလာခင် ဖြတ်ချပစ်ခဲ့လိုက်တာ မောင်မောင်ကိုယ်တိုင် မရိပ်မိခဲ့ပေ။

သူမမှာလည်း ဘယ်လိုမှ မယုံနိုင်ပါ။ ချစ်သူတွေမဖြစ်နိုင်တာကို သိလျက်နှင့် ဒီလိုမှားယွင်းမှုရှိခဲ့တာကို မယုံနိုင်။ ဒီကိစ္စ ပေါ့လို့မဖြစ်ဘူးဆိုသည့်အချက်ပေးခေါင်းလောင်းသံတွေ ခေါင်းထဲမှာမြည်ဟီးနေခဲ့၏။

ဘယ်လိုနည်းနဲ့ပဲ ငြိမိပါစေ ဒါ ဘယ်လိုမှငြိခွင့်မရှိသည့်ကိစ္စ၊ တကယ်ဆို အဆောင်ကိစ္စတွေ ဘယ်သူနဲ့မှလည်း မပြောမိခဲ့စဉ် ယ်လို့စိတ်ကူးရှိပေမယ့်လည်း အကောင်အထည်ဖော်ဖို့ မသေချာသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကြီး သေချာပြီးသားလိုလုပ်ပြလိုက်ရတာက တစ်မနက်ခင်းလေးအတွင်းမှာပဲ ကိုးနှံပါးစပ်ထဲမှာ ဖြစ်သည်။

ခုတော့ သေချာရတော့မှာပါ။

သင်း ကယောင်ချောက်ချားတွေဖြစ်နေလေ သေချာလေ..။

ကိုယ့်မောင်လေးဟာ ဒီလိုအဆင့်အတန်းထဲကို ငုံ့လျှိုးဝင်ရောက်သွားတာမျိုး မဖြစ်စေရ။





## အခန်း (၁၇)

BURMESE CLASSIC .com

"မဟုတ်နိုင်တာအေ.. ငါ့သား ဒီလိုလူမျိုးမဟုတ်ပါဘူး"

နေ့လယ်ခင်း အိပ်ပျော်သွားသည်နှင့် အိပ်မက်ထဲမှာ မေမေက ခါးခါးသီးသီး။

နှင်းမမ အိပ်ရာကထ၍ ရေတစ်ခွက် သောက်လိုက်သည်။ မျက်လုံးထဲမှာ မေမေ ငြင်းဆန်လိုက်သည့်မျက်နှာကို ပြန်တွေးနေမိ၏။

ဒါ ဖြစ်နိုင်သည်။ စိတ်စွဲနေလို့မက်တာဖြစ်ဖြစ်၊ ကိုယ်စောင့်နတ်ကကိုယ့်ကိုသတိပေးတာပဲဆိုဆို မေမေ့ကို မောင်မောင့်ကိစ္စ ပြောမပြမိတာမှန်သည်ဟု ကိုယ့်ကိုယ်ကို အမှတ်ပေးမိ၏။

မေမေ့စိတ်ထဲမှာ သူငယ်ချင်းရဲ့ရင်သွေးဆိုသည့် ဆက်သွယ်ချက်သာ အဆင့်အတန်းဆိုတာကို မြင်မှာမဟုတ်ပေ။

သားနဲ့ပတ်သက်လို့ သဝန်တိုတတ်ပြီဆိုရင်လည်း ပင်ပျို့အတွက်လျှော့ပေါ့စဉ်းစားနိုင်၏။ ထိုပြင် ဖေဖေက ရှိသေးသည်။ ပင်ပျို့ကိုဖေဖေ ဘယ်လိုသဘောထားပြီး ဘယ်ဘက်ကဆုံးဖြတ်ပေးမလဲဆိုတာမသေချာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးမှာ ဖေဖေ့သြဇာအာဏာသာ တည်၏။ ဖေဖေ့ကို ရိုသေလေးစားစွာပြုစုပေးနေသည့် သူမကို ဖေဖေကလည်း ညှာတာဖို့တွေ ရှိနေလျှင်…

"နှင်း…"

"ဟင်… ကိုမင်း နောက်ကျလှချည်လား"

မင်းဆက် က နာရီငုံ့ကြည့်ပြီး ခေါင်းညိတ်ကာ…

"အေးကွာ၊ လမ်းဆုံမှာ အပေါင်းအသင်းတွေဆုံပြီး ဘော်ဒါကဗျာတွေ ရှင်းနေရတာနဲ့…"

"ဘာဘော်ဒါကဗျာလဲ၊ ကိုမင်းကတော့ သူတော်ကောင်းကြီးလား"

"ဟာကွာ… မဟုတ်ပါဘူး နှင်းကလဲ…၊ ကိုယ့်ယောက်ျား မြန်မာပြည်မှာ ရှားရှားပါးပါးနေရချိန်လေးကို ညစ်ကုန်အောင် မလုပ်စမ်းပါနဲ့၊ ဒီကောင်တွေက လူပျိုတွေပါ၊ သူတို့ဇယားတွေက သပ်သပ်၊ ကိုယ့်မှာ ဘာမှမရှိဘူး၊ လာလေ သွားမယ်၊ မြောက်ဥက္ကလာနဲ့ကျောက်မြောင်းနီးနီးလေးပါ၊ ဟိုရောက်မှ ဒေဝီတို့နဲ့ တစ်ခုခုစားတာပေါ့"

"ခဏနေဦး၊ ကိုမင်းကိုစောင့်ရင်း အိပ်ပျော်သွားတာ၊ မျက်နှာမှာ အဆီပြန်နေပြီ"

နှင်း အိပ်ခန်းထဲပြန်ဝင်တော့ မင်းဆက် က ရယ်သည်။ နှင်း နောက်ကနေ ကပ်လျက်ပါလာကာ…

"ဒေါက်တာ နှင်းမမ ဆိုတာ နာမည်ကြီးပဲကွာ၊ အစ်မသာ မကဘူး မောင်မောင်ဆိုတဲ့ကောင်လေးကလဲ ကင်းမောင်မောင်ဖြစ်သွားတဲ့အထိ…"

"ကိုမင်းနော် မစနဲ့"

"မစပါဘူး၊ မင်းတို့မောင်နှမ ဘယ်လောက်နာမည်ကြီးတာ ဒေဝီဆီကနေ မကြားချင်မှအဆုံး"

"ဒေဝီဆီက ကြားတဲ့စကားဆိုရင် မောင်မောင့်အကြောင်းပဲပါမှာပါ၊





…တို့က မောင့်ကြောင့် နာမည်ကြီးရတာ"

နှင်းမမ က မျက်နှာကို ကရင်မ်ဖိရိုက်ရင်း ရန်တွေ့အားသေးသည်။ …ဆက် က နှင်းမမနောက်ကနေ ပခုံးလေးကိုဖက်လိုက်ကာ…

"ငါ့မိန်းမလဲ ဆေးရုံနားရက်လေးပဲ အိမ်မှာနေရပါတယ်၊ သူ့မောင် …ကြောင့် ရတာက်မအေးရှာဘူး"

"ဒါပေါ့၊ ကိုယ့်မောင်လေးက လူနု လူအေးလေး"

"မနုပါဘူးကွာ၊ အေးလဲမအေးပါဘူး၊ မောင်မောင်က စူးရှတဲ့လူမျိုး …အဲဒါကြောင့် မင်း အကြီးအကျယ်ပူပန်နေတာတွေလဲ ဖြစ်ဖို့မရှိပါဘူး"

"ဟင်… ကို သိတယ်"

မင်းဆက် က ဖျတ်ခနဲ လှည့်ကြည့်သည့် ဒေဝီမျက်ဝန်းတွေကို မြင်…တော့ ရယ်သည်။

"ကိုယ်က လူကဲခတ်ကောင်းတာတော့မဟုတ်ပါဘူး၊ ဒါပေမယ့် …မက ဆရာဝန်မကြီးဖြစ်နေတဲ့အထိ အိပ်ရင် ယောင်တတ်တော့ …ကြားချင်ဘဲလဲ ကြားနေရတာ"

"ဟင်… ဘာတွေလဲ၊ နှင်း ဘာတွေပြောမိလဲဟင်"

"ဟား ဟား ဟား"

"ပြောနော် ကိုမင်း၊ ပြောဆိုပြော"

မိတ်ကပ်ဘူးကိုလွှင့်ပစ်လိုက်ပြီး မင်းဆက် ရဲလက်မောင်းကို အတင်း…တ်ဆွဲ၏။ မင်းဆက် က တဟားဟားရယ်တော့ အပြင်ကကြားသွားမှာ…ပြီး ပါးစပ်ကြီးကို လိုက်ပိတ်ရသေးသည်။

"ပြောပါဆို၊ နှင်း ဘာတွေပြောတာလဲ"

"မောင်မောင်နော်၊ မင်း အဲဒီကောင်မလေးကို လုံးဝ မစဉ်းစားနဲ့ …ဗို့ က ငါ့မျက်လုံးထဲမှာတော့ အိမ်ကအလုပ်သမားပဲ"

မင်းဆက် ပြောတာတွေကို နားထောင်ရင်း နှင်းမမ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



နှိမြန်းလာ၏။ ပြီးတော့ ငုံ့ပစ်လိုက်ပြီး ရှက်ရယ်ရယ်လေသည်။

"အဲဒါတွေ ဒီညပိုင်းတွေကျမှ ကြားလာရတာဆိုတော့ ကိုယ်ဉာဏ် မီသလောက်စဉ်းစားကြည့်လိုက်တော့ မောင်မောင်တို့ကို ပရက်တီကယ် အတွက် ဟိုမှာ တိုက်ဝယ်ပေးလိုက်တဲ့အထိ ခွဲထုတ်ခဲ့တာ ဒါကြောင့် မဲလို့..."

နှင်းမမ က ဝန်မခံပါ။ ဆလင်းဘက်ခ်အိတ်ကိုဖြုတ်ယူပြီး ဂိုက်ခ နဲ့ပေါင်ဒါဘူးထည့်သည်။ နှုတ်ခမ်းနီတော့ ဘယ်တုန်းကမှ မဆိုးတတ်ခဲ့ဘေ

တစ်သျှူးထုပ်လေးပါ အမှတ်တရထည့်ပြီး မင်းဆက် ကို ခပ်တည် တည်လေးကြည့်၍...

"သွားမယ်လေ၊ ဘာလဲ မျက်နှာက..."

"ဟောဗျာ.. ပြုံးသနော်၊ သူ မေးလို့လဲပြောရသေးတယ်၊ ရယ်စရာ မို့လို့ ရယ်မိတာ"

"ဒါ ရယ်စရာလား"

"ရယ်စရာပေါ့၊ တခြားတက္ကသိုလ်တွေမှာဆို ဘွဲ့ရလို့ ကြင်ရာပါ နဲ့ပြီးကြတဲ့အရွယ်၊ မောင်မောင်က လူပျိုဖျန်းကလေးမှမဟုတ်တာကျ ကိုမင်းက မင်း အရမ်းပူပင်နေရတာကို ဖြေသာအောင်ပြောတာပါ ပြီး တော့ တော်ရုံကိစ္စဆို အန်တီလဲရှိတာပဲ"

"မေမေ သိလို့မဖြစ်ဘူး၊ အိမ်မှာက ဒီကောင်မလေးကို ညာတာပဲ အသင့်ရှိနေကြတာ"

"အင်း.. ကောင်မလေးက ဖြူစင်ပုံလေးပါ"

"သြော်.. မောင်လေးကတော့ မဖြူဘူးပေါ့ ဟုတ်လား"

"မဟုတ်ဘူး၊ တချို့ကျတော့ ယုန်ကမတိုး ပိုက်ကတိုး ဆိုတာ တွေ၊ အိမ်ဖော်က အိမ်ရှင်သူဌေးသားကို မမှန်းရဲရင်တောင် စိတ်ကူး တော့ ယဥ်မှာပဲ၊ ပင်ပျို က အဲဒီလို မဟုတ်နိုင်ဘူး"





"ဘာကို ကြည့်ပြောတာလဲ"

"သူ့ ဒေဝီကို ချစ်ပုံရတယ်၊ ပြီးတော့ မောင်မောင့်ကို ရှိသေတယ်၊ မျက်လုံးထဲမှာ ကိုယ်ကြည့်တာတော့ စိတ်ကူးယဥ်တတ်တဲ့ပုံမရှိပါဘူး"

သိထားတာတွေ ထပ်ပြောပြန်ရင်လည်း ကိုယ့်ပေါင်ကိုယ်လှန် ကောင်းသလိုရှိတော့မည်။ ဒီလောက်ထိ ကိုယ့်သဘောထားပေါက်ကြား တာတောင် ခင်ပွန်းဖြစ်သူက ငါ့မိန်းမ သဘောထားသေးလှချေရဲ့ ထင်မသွားတာ တော်သေးသည်။

ဘာတွေသိနေနေ ကိုယ့်စိတ်ထဲ ကိုယ်ထားမှ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မိသားစုနှစ်စု ထမင်းလက်ဆုံစားကြဖို့ပေမယ့် ဦးမောင်မောင်တို့ ကတော့ မပါပေ။ ဧပြီး မကျန်းမာကတည်းက အပြင်လူတွေနှင့် ထမင်း လက်ဆုံစားခြင်းမှာ မပါတတ်ခဲ့သည်က များပါသည်။

ဒါကို သေချာရှင်းပြတော့ ဒေါ်ဖြူဖြူခိုင်က နားလည်ပါသည်။

"ခွေမျိုးတွေပဲဖြစ်ကြတော့မှာကို ပြောနေဖို့မလိုပါဘူး မသူဇာရယ် နားလည်ပါတယ်"

ဒီနေ့ကျမှ ဒေါ်ဖြူဖြူခိုင်က ပြုံးပြုံးရွှင်ရွှင်နှင့် စကားတွေ ပြောနေ ရနေ၏။

"ကျွန်မ သိတယ်၊ ဒေဝီ ဟိုမှာနေရတာ အဆင်ပြေမှာမဟုတ်ဘူး တာ၊ ဟိုတုန်းကတည်းက ညအိပ်ညနေ ခရီးထွက်ပြီဆို အရမ်း ဇီဇာကြော တဲ့ကလေး..."

"အခု မကြောင်တော့ပါဘူးဆို အန်တီကလဲ.."

"အင်းအင်း.. ဖြစ်သွားပြီ"

တူမကိုကြည့်၍ ထမင်းလက်စသတ်ရင်း ခေါင်းညိတ်နေ၏။ အနား မှာရှိသည့် အဝင်း က ဒေါ်ဖြူဖြူခိုင် စားပြီးသည့်ပန်းကန်ကိုယူသိမ်းကာ အချိုပွဲတွေ ချပေး၏။





"တကယ်ပြောတာ၊ ညဘက်တွေဆို စာအကြောင်းဆွေးနွေးရင်း ကန်တင်းမှာ ညဥ့်နက်အောင်ထိုင်လို့ရတယ်"

"ညဥ့်နက်အောင်ထိုင်တယ်"

နှင်းမမက ဖွန်ခက်ရင်းချရင်း တအံ့တသြမေးတော့ ဒေဝီ ရယ်ကာ...

"ကိုမောင် ပါတယ်လေ၊ ဒေဝီတို့နှစ်ယောက်ကို အဲဒီနားကလဲ သိကြတယ်၊ ပြီးတော့ အရမ်းအေးဆေးတယ် မမနှင်းရဲ့၊ မြို့လယ်သံ၊ မြန်ဆို မျက်စိမရှုပ်ဘူး၊ ပြီးတော့ ကိုယ့်အိမ်မှာဆို ညဘက် အပြင်ထွက် ဘာမှ မဟုတ်တာ၊ အဲဒီမှာကျတော့ ကန်တင်းက ထတာနဲ့ စာကြည့်ပြီး အိုတော့ ခေါင်းချတာနဲ့ အိပ်လို့တန်းပျော်သွားတာပဲ"

"သြော်... ပြောင်းလဲတာလေးက မဆိုးဘူးပဲ"

နှင်းမမက ခေါင်းညိတ်တော့ ဒေါ်ခင်သူဇာတို့ ရယ်ကြသည်။ ဒေဝီ ကတော့ စကားပြောနေတိုင်း မျက်ဝန်းလေးတွေက ကင်းမောင်မောင် ဆီမှာပဲ ဝေ့နေတတ်ရှာသည်။

နှင်းမမ ကြည့်တော့ ကင်းမောင်မောင် ပုံစံက မျက်လွှာပင့်ကြည့်ရုံ၊ ပြုံးတာတောင် နှုတ်ခမ်းလှုပ်သွားရုံ။

အမြဲတမ်း ဒီပုံစံပဲနေတာလား...၊ ဒေဝီ ကသာ ဒီပုံစံကို အားမလို အားမရဖြစ်တာတွေ၊ မကျေနပ်ဖြစ်ခဲ့တာတွေ မရှိဘူးလား။

စိုးရိမ်စိတ်တွေနှင့် တွေးမိ၏။

"ကိုမောင် ထမင်းစားတာ မြန်လှချေလား၊ ဘာဖြစ်လို့လဲ"

"အဟွန်း.. မြန်တာက ဆာနေလို့ဖြစ်မှာပေါ့၊ ကော်ဖီသောက်ချင် လို့လေ"

"သြော်..."

ဒေဝီ ကတော့ ဘာဖြစ်ဖြစ် ကင်းမောင်မောင် ကို တကြည့်ကြည့်နှင့် နေခဲ့မှန်း သိသာသည်။ အမေနဲ့အစ်မ ရှိနေသည့်ထဲမှာ သူမကသာ ကင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အတွက် ကော်ဖီကို ကိုယ်တိုင်ထည့်ပေးရင်း…

“ထမင်းစားပြီး သစ်သီးတစ်ခုခုစားတာ ကျန်းမာရေးလဲ ကော တယ်လေ၊ ကော်ဖီဆိုလဲ တစ်ခါတလေပေါ့၊ ကိုမောင်က အမြဲတမ် လို၊ အဲဒါ မကောင်းဘူး သိလား”

ကင်းမောင်မောင်က ကော်ဖီထည့်တာကိုကြည့်နေရင်း ဘာမှမ :နေ၏။ အားလုံးပဲ ထမင်းစားပြီးကာ အချိုပွဲတွေတည်းပြီးသည် ခင်သူဇာ က နောက်လှည့်ကြည့်ပြန်သည်။

“သမီး သွားနားတော့လေ၊ ပင်ပန်းလို့ ပြန်ဖြစ်နေဦးမယ်”

“ရှင်‥ ရပါတယ် မမမကြီးရဲ့၊ ကျွန်မ ဘာမှမဖြစ်ပါဘူး”

မင်ပျို က ခလိုအပ်ဘဲ ကြောက်ရွံ့တုန်လှုပ်နေသည့်ပုံစံတွေ ပြောပြီး မျက်ခနဲ ဟိုဘက်လှည့်၏။ ဘယ်တုန်းကမှ ဒီလိုမဟုတ် ဘောင်မှာ ပန်းကန်တွေထားတာ ကြွေသံထွက်လာလိုက်၊ ဖန်သံထွ လာလိုက်၊ ချလွမ်ခနဲ ဇွန်းကျသံတွေက ပါသေးသည်။

နှင်းမမ က ကင်းမောင်မောင် မျက်ဝန်းတွေကို မသိမသာ ခိုးကြ ၏။ ဒေါ်ခင်သူဇာ က စိတ်ပူပင်သည့်အမူအရာတွေနှင့် အသံကြားတို လှည့်ကြည့်တတ်ပေမယ့် ကင်းမောင်မောင် ကတော့ မျက်လွှာ ကော်ဖီသောက်နေတာ တကယ် ဘာမှမဆိုင်တာလား၊ တမင် ဆောင်နေတာလားမသိ။

အထဲက ဘောဇင်နဲ့ အပြင်ကို ထွက်လိုက် ဝင်လိုက် သယ်ယူသ ဆည်းနေပေမယ့် ပင်ပျို့ထံ တစ်ချက်မှ မျက်လုံးမဝေခဲ့ပေ။

“ဒါဆိုရင် သားတို့လဲ အိမ်ပြန်ရောက်တော့မယ်ဆိုတော့ မင်္ဂ ကိစ္စ စီစဉ်လိုက်ကြတာပေါ့၊ ဘယ်လိုလဲ မဖြူ”

“ကောင်းသားပဲ မသူဇာ၊ သူတို့ ပညာရေး အစအဆုံး ပြီးခဲ့မှဆို ကျွန်မတို့ မြေးချီရမယ့်အရွယ်မှာ လက်တုန်ခြေတုန်တွေဖြစ်နေနိုင်တယ်





ရယ်သံတွေထွက်လာကြပြီး ဒေဝီ က ခေါင်းညိတ်ကာ…

“ဒေဝီ ကလဲ ကိုမောင့်သဘောပါ၊ ကိုမောင် ပြောဦးလေ”

“အမလေး‥ ဘယ်သူ့သဘောဖြစ်ဖြစ် လက်ထပ်ဖို့က မြန်လေ ကောင်းလေပဲ၊ မေမေ ရှေ့လဆန်းလောက် စလိုက်ရင်ကောင်းမယ်”

နှင်းမမက ကိုယ့်စိတ်ကူးနဲ့ကိုယ် ဒီပွဲကို အမြန်ဆုံး ဖြစ်စေချင်သူ‥၊

“မေမေလဲ ဒါပဲစဉ်းစားနေတာ၊ စီစဉ်ချိန်တော့ ရသေးတယ်၊ မြန် များမြန်လွန်းနေလား”

“မြန်လဲ ဘာဖြစ်လဲ မေမေ၊ ရင်းနှီးနေကြပြီးသား၊ လက်ထပ်ပြီး တော့လဲ ချစ်သွားကြမှာပေါ့”

ဒေဝီ က ရှန်းလှဲ့သည့်မျက်ဝန်းလေးတစ်ချက်ဝေ့ပြီး ပြုံးသည်။

ကင်းမောင်မောင်က မျက်ဝန်းများနှင့် ပြုံးရိပ်ဆင်ကာ နှုတ်ခမ်းတို့ ကောက်ကွေးကြောင်းတို့မဖြစ်ဘဲ မျက်နှာလွှဲ၏။

ဒေဝီ မျက်နှာလေးမကောင်းပေမယ့် အပြုံးမပျက်အောင်ကြိုးစား ရှာသည်။ နှစ်ယောက်၏မျက်နှာတွေကို မြင်လိုက်သဖြင့် ဒီတစ်ခါ ပင့် သက်ရှိုက်မိသူက ဒေါ်ခင်သူဇာ…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ပြီးတော့လဲပြီးတာပဲဟာ·· မင်္ဂလာပွဲအတွက် အားလုံး ပင်ပ လိုက်တာနော်"

"ဟင်·· ဘာလဲ မင်းစကားက···"

ပြောတုန်းက ရိုးရိုး၊ မင်းဆက် မေးလိုက်ကာမှ အဆင်ဆိုး နှင်းမမ ကြောင်တောင်တောင်ဖြစ်သွား၏။

မင်းဆက် က ပြုံးစိစိနှင့် စားပွဲပေါ်မှာရှိသေးသည့်ပန်းသီးကို ချင်ဘဲ အလုပ်မရှိ အလုပ်ရှာကိုင်လိုက်ကာ···

"ရှင်းအောင်ပြောလေ၊ မောင်မောင်တို့မင်္ဂလာပွဲကို မင်းပြော က အရင်းမရှိ အဖျားမရှိ···"

"ဘာလို့ အရင်းအဖျားမရှိရမှာလဲ၊ နှင်းတို့ နိုင်ငံခြားမသွားခ အပြီး စီစဉ်ဖို့ လုံးပမ်းကြတာ မပင်ပန်းဘူးလား ကဲ···"

"သြော်···"

မင်းဆက် က အစအနောက်သန်တဲ့သူ၊ ဒေါ်ခင်သူဇာ ကတော့ ဘယ်ဘက်ကမှမပြောဘဲ ပြုံးနေ၏။ ထိုစဉ် အဝင်း က နောက်ထပ် ပန်းသစ်တော်တွေ လှလှပပ စိတ်ထည့်လာ၏။





"ဟာ သားငယ်တို့လာပြီ အဝင်းရေ၊ ကော်ဖီဖျော်ခဲ့၊ နှစ်ယောက်စလုံး ကော်ဖီကြိုက်တယ်၊ သြော်·· သားငယ်အတွက်ကို ပင်ပျို ဖျော်လိုက်မယ် သိလား"

"ဟုတ်"

ကင်းမောင်မောင် က ကားသော့ကိုင်ရင်း နောက်ကနေ ခပ်လှုပ်လှုပ် ပါလာ၏။ မောင်မောင့်အတွက် ကော်ဖီကျမှ ပင်ပျို ဖျော်ခဲ့ဆိုတာကို မနှစ်သက်စွာကြားရင်း မေမေ့ကို ကပ်မေးဖို့ပေမယ့် ဒေဝီက အနားရောက်နေပြီမို့···

"လာ ယောက်မ"

နှင်းမမက ဒေဝီ့လက်ကလေးကိုလှမ်းဆွဲပြီး အနားမှာထိုင်ခိုင်း၏။

"တွေ့လား အန်တီ့သမီး··၊ သူများ ချစ်စခင်စလင်မယားကို ဟိုမှာ အတူတူထိုင်ပါစေလား··၊ အလိုက်မသိတာက အဲဒါက စတာ"

"ယောက္ခမကို အမေလိုသဘောထားရမှန်းမသိဘဲ ခုထိ အန်တီလို့ ခေါ်နေတာကျတော့ ကိုယ့်အသံကိုနားထောင်လို့ကောင်းနေတယ် မဟုတ်လား၊ သူများကို နေရာတကာ ဆရာမလုပ်ပါနဲ့၊ နှမလင်နေ မောင်ဖင်ကျိုး တဲ့၊ ဒီမောင်ကတော့ ဘယ်နေရာကမှလဲကျိုးမယ့်ပုံ မရှိပါဘူး"

"ဟား ဟား ဟား"

မင်းဆက် ချက်ကောင်းထိပြီး ဒေါ်မွှေပြီဟုထင်ကာ ဒေါ်ခင်သူဇာ ထိတ်ထိတ်ပျာပျာဖြစ်သွားပေမယ့် မင်းဆက် က မျက်နှာမော့ရယ်လိုက်သေးသည်။

ဇနီးဖြစ်သူကို တကယ့်ကလေးဆိုးလေးလို ချစ်မဝနိုင်သည့် အကြည့်များနှင့်···

"အဲဒါ မိန်းမက မဆုံးမသေးလို့စောင့်နေတာနော်၊ မင်းပဲ ဆုံးမတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မရတဲ့…"

"ဘာ.. ဘာပြောတယ်.."

"ကဲ.. တော်ပါတော့ ကိုမင်းကလဲ၊ တကယ် အစသန်တယ်၊ ဒေဝီ က သူတို့အရင်ရောက်နေလို့ အားနာစိတ်တွေတောင်ဖြစ်နေတာ"

"ဖြစ်မနေနဲ့ ဒေဝီ၊ အဲဒီလိုပေါက်ပန်းလေးဆယ် ထိုင်ပြောချင်လို့ ဒီကိုလာမယ်ဆိုရင် သူက ရှေ့က.."

"အဲဒါ မင်းကိုချစ်တာတွေလေ၊ မင်း ဘယ်လမ်းသွားမလဲ၊ ဘာလုပ်ချင်လဲ..၊ အမြဲ အဆင်သင့်ရှိနေပေးတဲ့ကောင်…"

ဒီစကားကျတော့ နှင်းမမ က ပြုံးတော်မူ၏။ ကင်းမောင်မောင် က ဦးမောင်မောင်လွင် အပြင်ထွက်လာတာမြင်သဖြင့် ဆိုဖာတွေမှာ တန်းမထိုင်ဘဲ ဝိုးလ်ချဲကို သွားကူတွန်းသည်။

"ရပြီ သား၊ ပြီးရင် နောက်ဖေး လေသာတဲ့နားမှာ ခဏသွားနားမယ်၊ ပြန်လှည့်လို့ကောင်းအောင် ဒီမှာပဲ ရပ်တော့"

အားလုံးနဲ့တစ်ဝိုင်းတည်းမဟုတ်ဘဲ ကွန်ပျူတာစားပွဲဘေးမှာပဲ ရပ်ခိုင်း၏။ ထိုစဉ် ကော်ဖီပန်းကန်တွေနှင့် အဝင်း ရောက်လာ၏။

"အဝင်းရေ သမီးကိုပြောလိုက်ဦး၊ ထမင်းစားချင်စားနှင့်လို့..၊ တို့ က အပြင်မှာ နေ့လယ်စာ ထွက်စားကြမှာ"

"ဟုတ်ကဲ့ မေမေကြီး"

နှင်းမမ က ဒေါ်ခင်သူဇာ ကို မကြည်လင်သည့်မျက်ဝန်းများနှင့် ကြည့်၏။

လူထူပြီဆို ပင်ပျို့ကို 'သမီး'လို့ခေါ်ပြရတာ ပါးစပ်ကမချ။ 'တို့မိသားစုဝင်လို့ထင်ပါစေ၊ ဒါမှ လင်ကောင်းသားကောင်းရမှာ'ဆိုတာ သဘာဝကျနေတာမို့ ကြည့်နေခဲ့မိ၏။ ခုတော့ အနားမှာ တစိမ်းရှိရှိ,မရှိရှိ သမီးလို့ခေါ်တာ အကျင့်ပါနေပြီလား…၊





မေမေ စေတနာပိုနေတာကိုသိပေမယ့် ပြောလည်းပြောမနေချင်တော့ပါ၊ မောင်လေးလည်း သူ့အိမ်ထောင်နဲ့သူဖြစ်သွားပြီ၊ ကိုယ်လည်း ခရီးထွက်ရတော့မည်။

ဒီနေ့ ဒီမိသားစုတွေ အမှတ်တရ အပြင်မှာစားသောက်ကြရင်း အမှတ်တရဓာတ်ပုံတွေရိုက်ဖို့လည်း စီစဉ်ထားကြ၏။

"ဘယ်လိုလဲ ဒေဝီ၊ ထည့်ပေးလိုက်တဲ့ကောင်မလေးတွေ ခိုင်းလို့ စေလို့ကောင်းရဲ့လား"

ကိုယ့်စိတ်ကိုပြောင်းလဲဖို့ဖြားယောင်း၍ နှင်းက ဒေဝီ့ကိုလှည့်မေး၏။ ဒေဝီက ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့်…

"သိပ်တော့မဆိုးပါဘူး၊ ဒါပေမယ့် ဟိုလေ.. ဒေဝီက အဲဒီအိမ်ကြီးမှာနေရတာ မပျော်ဘူး"

"ဟင်.. ဘယ်လို…"

အားလုံး ဒေဝီ့စကားကို အာရုံစိုက်လာကြ၏။ ဒါပေမယ့် ဒေဝီ က ဆက်မပြောဘဲ ကင်းမောင်မောင်ကို လှည့်ကြည့်သည်။ ထိုအခါ ပြောမည့်သူကိုကြည့်တာမျိုး၊ သူတို့အကြည့်တွေ ကင်းမောင်မောင် ဆီ ထပ်ရောက်၏။ ဒါပေမယ့်…

"ဟင် ပြောလေ၊ ဘယ်သူက ဘယ်သူပြောမှာကိုစောင့်နေတာလဲ၊ အိမ်က ဘာဖြစ်လို့လဲ၊ အန်တီဖြူလက်ဖွဲ့ထားတာ အရမ်းလှလို့ ဘို့တောင် ပြောနေမိသေးတယ်"

"ကျွန်တော် ပြောသားပဲ၊ အန်တီဖြူ လုပ်တာ အပိုဖြစ်နေမှာပဲလို့.."

မင်းဆက် က ပန်းသီးကို တစ်ခြမ်းကုန်အောင်စားပြီး အကြမ်းပန်းကန်ထဲထည့်လိုက်ကာ…

"ဟိုမှာလဲ အန်တီဖြူက တစ်ယောက်တည်းသမား၊ ဒီမှာလဲ မိဘနှစ်ပါးပဲရှိတာ၊ နောက်ထပ်ပြီး ဒီလောက်တိုက်ကြီးကို ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း‥ ဟုတ်ပေမယ့် တစ်အိုးတစ်အိမ်ထူထောင်ပြီဆိုတော့လည်း တစ်နေ့နေ့မှာ ခွဲထွက်ကြရမှာပဲလို့တွေးတာဖြစ်မှာပေါ့ကွယ်၊ မှန်တော့ မှန်ပါတယ်"

"ကိုမင်း ပြောတာလဲ မမှားဘူး မေမေ၊ လိုအပ်တဲ့အချိန် အဆင် မချေး ဝယ်လို့ရတယ်လေ၊ အခုလိုဖြစ်တော့ ငွေတွေ စောစီးစွာဖြုန်း လိုက်ရပြီး စိတ်မချမ်းသာရဘူးပေါ့"

'ငါ့မိန်းမ ငါ့ဘက်ကကွ'လို့ပြောတာမျိုး မင်းဆက် က အားလုံးရှေ့ မှာ လက်မထောင်ပြပြီး ရယ်ကျဲကျဲမျက်နှာနှင့်…

"ရှားရှားပါးပါးမို့ပါ"

ဟု ပြောလိုက်သေးသည်။ နှင်းမမ၏မျက်စောင်းတစ်စင်း ထ စလက်ခတ် ၀င်၏။ ဒေဝီ က သူမ စကားစလိုက်ပြီး လိုရာမရောက်နိုင် ဘဲ ဖြစ်သွားမှာစိုးကာ…

"အဲဒါလေ ဟို‥ ဒေဝီတို့ ဒီမှာလာနေမယ်လေ၊ မေမေတို့ အဆင် ပြေမလားဟင်"

"အို‥ ဘယ့်နှယ်ပြောပါလိမ့်ကွယ်၊ သားနဲ့သမီးတွေ တဖြုတ်ဖြုတ် ခွဲထွက်ကုန်ကြတာကို မေမေမှာ စိတ်မကောင်းဖြစ်နေတာ၊ ဒီရက်ပိုင်း မှာ ပိုဆိုးတာပေါ့၊ သမီးတို့နှစ်ယောက်လ အလုပ်အကိုင်တွေနဲ့ အတည် တကျဖြစ်ကြသေးတာမဟုတ်တော့ ဒုက္ခရောက်မှာပဲ၊ ဒီမှာ လာနေကြ လို့ပြောပြန်ရင် တစ်ယောက်တည်းသမားဖြစ်တဲ့ မဖြူကို အားနာရဖြစ် ရော‥"

"မနာနဲ့ မေမေ၊ အန်တီဖြူ က အစတည်းက ရိပ်သာဝင်ချင်လို့ ဒေဝီ ဆေးတက္ကသိုလ်တက်နေတာကိုပဲ တည့်သည်းညည်းနဲ့ရယ်၊ အဲဒါကြောင့် ခုလို ခွဲနေကြတော့လဲ အဆင်မပြေဘူး၊ အန်တီဖြူနဲ့သွားနေလဲ ဘာမှ မထူးခြားပါဘူး"







"သမီးက ဘာထူးခြားချင်တာလဲ"

ဒေဝီ က ချစ်စဖွယ်လေးပြုံးလိုက်ပြီးမှ ခွေးရိပ်သမ်းသွားသည့် မျက်နှာလေးနှင့်…

"မောင်ကလဲ အေးတိအေးစက်ကြီးနေတာ၊ အိမ်မှာ အလုပ်နားတော့လဲ ဘာမှပြောဆိုဆွေးနွေးဖို့မရှိတော့ ဆူချင်တဲ့ ဒေဝီက ပျင်းတာပေါ့"

ဟုပြောလိုက်ပြီးမှ ပေါ့ပါးသည့်အပြုံးလေးနှင့် ဖျောက်ကွယ်ပစ်ကာ…

"ဒေဝီကိုက ဟိုတုန်းကတည်းက အပေါ်မင်တာထင်တယ်၊ အန်တီ ဖြူဆိုလဲ အရမ်းညည်းတာပဲ၊ တချို့ဆေးကျောင်းသူတွေ စာအရမ်း ကျက်ကြတယ်တဲ့၊ ဒေဝီကျမှ ကျောင်းက အချိန်အားတာနဲ့ သူငယ်ချင်း တွေအိမ်ကိုရောက်နေရောတဲ့"

"သမီးရယ်…"

"ရောက်မှာပေါ့ မေမေရယ်၊ သူများအိမ်တွေမှာ အဖေကဆူ၊ အမေ က ဖာထေး၊ အစ်ကိုတွေမောင်တွေနဲ့ရန်ဖြစ်၊ ဘာညာ ဆူပွက်နေတာပဲ‥ အားကျစရာကြီး၊ ဒေဝီမှာ အန်တီဖြူတစ်ယောက်တည်းရယ်၊ အဟွန်း ဟွန်း‥ အဲဒါနဲ့ သူငယ်ချင်းတွေအိမ်ပဲရောက်သွားတိုင်း စိတ်ချမ်းသာ တော့…"

စကားကို အဆုံးမသတ်ဘဲ ရယ်နေသည်။ ကင်းမောင်မောင် အေး စက်စက်နေပုံကို ပြောမိသလိုဖြစ်သွားသောကြောင့် ဖုံးဖိလို၍ စကား တွေ မှားကုန်တာပါ။

ဒါပေမယ့် အထီးကျန်ဆန်သော သူမဘ၀လေးကို ခုလို ခံစားချက် လေးတွေနဲ့ တွဲသိလိုက်ရသဖြင့် နှင်းမမတို့သားအမိ မသက်မသာဖြစ် သွားကြ၏။

ကင်းမောင်မောင်က ကော်ဖီသောက်သလိုလုပ်နေရင်း မျက်လွှာ ချနေ၏။ ဦးမောင်မောင်လွင်ကလည်း စိတ်မကောင်းသည့်မျက်နှာပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မကြားသလိုလို၊ မတတ်နိုင်သလိုလို။

ဒီသားအဖတွေ တစ်မျိုးကြီးပုံစံပြောင်းနေသလိုပဲဆိုတာတော့ ခံစားမိပါသည်။ ဒါပေမယ့် ပြောင်းဖို့အကြောင်းမှမရှိတာဘဲ။

လက်ထပ်ပွဲဦးကာမှ ဖအေလုပ်သူက နေမကောင်းတာမဟုတ်ဘဲ နှင့် အခန်းအောင်းပြီး ခြေသည်တွေနဲ့ ထွက်မတွေ့ဘဲနေတာကများ

သားဖြစ်သူက အပြုံးအရယ်တွေနည်းပါတယ်ဆိုမှ ပိုဆိုးလာသည်။ ဒေဝီကပဲ သနားစရာကောင်းနေသည်လား…၊

မရှုနိုင်မှုကယ်နိုင်နှင့် ဘာမှန်းလည်းမသိဘဲ ခေါ်ခင်သူဓာတို့ ဒေဝီ ကို နှစ်သိမ့်ဖို့တောင် ခက်နေတော့သည်။

ဘာကိုဦးတည်နေမှန်း မသိသောအခြေအနေတစ်ရပ်မှာ မင်းဆက် က ပေါ့ပါးစွာရယ်၍…

"အစတည်းက လူကြီးပေါက်စလေးလိုနေတဲ့လူက သူငယ်ချင်းကို ဖြူနှံးဒိုင်းဆို လက်ထပ်လိုက်ရတော့ ရင်ထဲမှာ ရှက်နေတာနဲ့ ရင်ခုန်သံ တွေ နေရာမကျဖြစ်နေမှာပါ၊ ဒီနေရာမှာ မိန်းကလေးတွေပဲ ရှက်တတ် တာမဟုတ်ဘူးဟ၊ အဲဒါ ငါတို့ယောကျ်ားလေးချင်း သိတယ်၊ မောင်မောင် ကို နင် အမြဲတမ်း နားလည်တယ်ဆိုပြီး ခုမှ ဘာလာညည်းနေတာလဲ၊ ကိုယ့်အရည်အချင်းကို ပြန်ကြည့်ပေါ့"

"အံမာ.. အစ်ကိုမင်း စကားက ဒေဝီ အရည်အချင်းမရှိလို့လို့ ပြောချင်တာလား"

မင်းဆက် က ရယ်ချင်သည့်မျက်နှာနှင့်မဲ့ရွဲ့ကာ…

"အဲဒီလောက်တော့ မဟုတ်သေးပေမယ့်…"

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒေဝီ မညံ့ဘူး၊ ကိုယ့်မောင်အကြောင်းကို ကိုယ်သိတယ်၊ မောင်မောင်.."

သူ့ကိုခေါ်တော့ ကင်းမောင်မောင်က ကော်ဖီပန်းကန်ကိုမချဘဲ





ပေါ်တင်ထားသည့်လက်မှာကိုင်လျက်သားနှင့် မျက်ခုံးပင့်ကြည့်သည်။

"မင်းကလဲ ခုမှ ချစ်စခင်စပဲရှိသေးတယ်၊ ဝါတော်ရှစ်ဆယ်ရ ကိုယ် တော်ကြီးလို နေပဲနေတတ်တယ်နော်၊ နိုင်ငံခြားဘွဲ့တွေထပ်ယူပြီး ပြန် လာရင် ဘယ်လိုပုံစံထွက်လာဦးမလဲမသိဘူး"

"အပွန်း.. ဝါတော်ရှစ်ဆယ်ကျတော့ ခေါ်တတ်ပြီး အဲဒီဘွဲ့တွေ မ ရွတ်ပြလေ"

"မောင်မောင် နော်.."

ခေါ်သ တော်တော်ထွက်ဖို့ကောင်းပေမယ့် အားလုံးပြုံးမိကြ၏။ ဒေဝီ ဘာတွေပြောနေနေ ကင်းမောင်မောင် က မဖြေရှင်း၊ ပျာယီးပျာ ယာလည်း မဖြစ်..။

ဒေဝီကလည်း မကျေနပ်သလိုလို၊ တိုင်သလိုလို ပြောပြလာတတ် တာတွေရှိပေမယ့် ပြီးသွားတော့လည်း 'မောင့်'ဆိုတာကို ပါးစပ်မချ ခေါ်တာလည်း သူမပဲဖြစ်သည်။

ပြန်ပြီဆို ကင်းမောင်မောင်ကို လက်ချင်းချိတ်လိုက်လည်း သူမ..၊

"အပြန် ဘာဝယ်သွားကြမလဲ မောင်၊ မောင် ဘာစားမလဲ၊ မနေ့က မှိုင်းခွာရွက်သုပ်တာ မောင် စားကောင်းတယ်ဆို၊ ထပ်သုပ်ရင် ကောင်း မလား၊ မောင် စားချင်ပြောလေကွာ"

စသဖြင့် စကားတစ်ခါပြောအပြီးမှာ 'မောင်' ဆယ်ခါလောက်ပါနိုင် လေသည်။ နောက်အပတ်ဆို နှင်းမမက နိုင်ငံခြားထွက်တော့မှာဖြစ်သည်။

လက်ထပ်ပြီးတော့လည်း မကြင်နာတတ် ကိုယ့်ဒုက္ခပဲလား…၊

မောင်နှမတွေ စကားများနေကြတာကို ပြုံးကြည့်နေရင်း ခေါ်ခင်သူဓာ ရင်ထဲမှာ ပူလောင်နေမိသည်။

ဩော်.. သမီးကြီးထွက်သွားရင် တိုးတိုးဖော်တောင်မရှိတော့ပါ လား…၊



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဒုက္ခတွေအေးသွားအောင် နင်တို့လင်မယား ကလေးယူကြပေါ့၊ ဘယ်မိသားစုဆီမှ သွားလည်ဖို့မလိုတော့ဘူး"

"ဘာ..."

ဒေါသဖြစ်စရာမဟုတ်ဘဲ ဒေါသမဖြစ်တတ်ဘူးထင့်ရလောက်အောင် သဘောကောင်းသည့်ဒေဝီက ငေါက်ဆတ်ဆတ်ထအော်တော့ အားလုံး ကြောင်အမ်းအမ်းဖြစ်ကုန်ကြ၏။

ပြီးတော့မှ အားနာသလိုတစ်ချက်ဖြစ်သွားပြီး ဒေဝီ က ပြုံးလိုက်ကာ...

"ဟိုလေ.. ခုမှ ကျောင်းပြီးတဲ့ဟာကို..."

"ဘာဖြစ်ဖြစ် ယောက်ျားရရင် ကလေးရှိမှာပဲ၊ ကိုယ့်ယောက်ျားနဲ့ ကိုယ်ဟာ ဘာဖြစ်လဲ..."

အနိုင်လုပြောချင်တာမဟုတ်ပါ၊ ကြီးမားလာဖွယ်ရှိတာကို သေးသွားပပျောက်သွားအောင်ကြိုးစားမိတာဖြစ်၏။ ဒါပေမယ့် မင်းဆက်က မပြီးနိုင်လေ ပြဿနာက ရှေ့ဆက်ဖို့ဖြစ်လေ။

"ဒါပေမယ့် ကလေးယူဖို့က စောသေးတာပေါ့ အစ်ကိုမင်းရဲ့... ဒေဝီတို့က 'ဘွဲ့တွေ နောက်ထပ်ယူကြဖို့ ရည်ရွယ်ချက်တွေနဲ့..."

"အဲဒီတော့လဲ မထင်မှတ်ဘဲရတယ်ပေါ့ဟာ၊ ကိုယ့်ဟာကိုယ် ဖြစ်ညာလိုက်"

"ခွမ်း"

"ဟဲ့ ဟဲ့ ပင်ပို့.. ပင်ပို့ လုပ်ပါဦး"

"ဟင်.. ပင်ပို့ ဘာဖြစ်တာလဲ"

အားလုံး ကွဲရှသံကြောင့် လှည့်ကြည့်လိုက်ကြတော့ ကြွေသားကွဲအစအနများနှင့် ပင်ပို့ က ဧည့်ခန်းကိုလာသည့်နောက်ခန်းအထွက်မှာ ခွေခေါက်လဲကျလျက်...





ကင်းမောင်မောင် လက်ထဲမှာကိုင်ထားသည့် ကော်ဖီပန်းကန်လေးသည် အလိုအလျောက်ခုန်ဆင်းကာ စားပွဲပေါ်မှာ ဒေါက်ခနဲ၊

ပင်ပို့ဆီကို အာရုံရောက်ကာ ထရပ်လိုက်ပြီးမှ 'ဒေါက်ခနဲ' အသံကြောင့် ဒေဝီ ပြန်ငုံ့ကြည့်လိုက်တော့ ကော်ဖီလက်ကျန်တို့ကို သွန်ချခြင်း အလိုအလျောက်စနစ်ဖြင့် ပန်းကန်လုံးက နှစ်ခေါက်လောက်လည်ပြီးမှ ရပ်တန့်လေသည်။

အားလုံး စိုးရိမ်ကြီးစွာ ထရပ်လိုက်ကြသည့်ထဲမှာ ကင်းမောင်မောင် ကျောက်ရုပ်လိုငြိမ်သက်စွာထိုင်လျက် ပန်းကန်လိမ့်နေတာကို ချောက်ချားစွာ စိုက်ကြည့်နေ၏။

"မောင်"

"ဟင်.. ဆောရီး"

ဒီမျက်နှာမျိုးကို ဒေဝီ မမြင်ဖူးခဲ့ပေ။ ပန်းကန်လုံးကို ဒေါက်ခနဲ နေရာပြန်ရွေ့ကာ ကော်ဖီဖိတ်နေတာတွေကို တစ်သျှူးယူပြီး သုတ်သာသာသုတ်၏။

"ထားလိုက်လေ မောင်၊ အဝင်း သုတ်မှာပေါ့"

ခေါင်းတော့ညိတ်သည်။ ပြီးတော့ ထရပ်လိုက်၏။ ဒါပေမယ့် ပင်ပို့ ဘာဖြစ်မှန်းမသိလို့ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည့်ဆီကိုမဟုတ်..၊

ကော်ဖီပန်းကန်ရယ်၊ မောင့်ကျောပြင်ရယ်ကိုကြည့်ကာ ဒေဝီ ပင်ပို့ကို မေ့သွား၏။

သတိရလို့ပြန်ကြည့်လိုက်တော့ ပင်ပို့ကို အခန်းထဲခေါ်သွားကြပြီဖြစ်သည်။

ဘာမှန်းတော့ မသိပေမယ့်.....

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဘာ.. ဘာပြောတယ် သမီး၊ ပင်ပို့မှာ ကိုယ်ဝန် သုံးလ ဟုတ်လား"

"တိုးတိုးပြောပါ မေမေရယ်၊ မောင်လေးတို့မပြန်ခင် ဒီမှာ အ… လောက် မျိုသိပ်နေရတယ်မှတ်လဲ၊ အရမ်းကို အံ့သြတယ်၊ သိ… ကောင်းတာပဲ"

"ပင်ပို့"

ဒေါ်ခင်သူဇာ၏ခေါ်သံမှာ ခွင့်မလွှတ်နိုင်ခြင်းတွေ၊ အံ့သြတုန်လှုပ်… တွေ အများကြီးဖွဲ့စည်းပါဝင်လျက်..

"ပြောစမ်းပါဦးအေ၊ ဒါ ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်သူနဲ့လဲဟင်…"

"မသိဘူး၊ ကျွန်မ.. ကျွန်မ အဲဒီလိုမဟုတ်ပါဘူး၊ တကယ်ပါ ကျွန်မ မဟုတ်ပါဘူး မေမေကြီးရယ်"

"ဟဲ့.. ဘာမဟုတ်ရမှာလဲ၊ ဘာမဟုတ်တာလဲ ပြောစမ်း"

နှင်းမမနှင့် ဒေါ်ခင်သူဇာ ပင်ပို့ ငိုနေသည့်တစ်ဖက်တစ်ချက်မှာ ထိုင်ကြလျက် မေးမရတာကို၊ အားမလိုအားမရဖြစ်ရခြင်းက ရိုက်နှက်… တော့မလိုအထိ ဖြစ်လာ၏။





"သမီး တိုးတိုးပြော၊ လက်မပါရဘူး"

"ဒေါ်သဖြစ်စရာကြီး မေမေ၊ ဘယ်မှလဲ သွားလာတာမရှိဘူး၊ ဒီလို …လောက်တဲ့ပုံစံမျိုးနေခဲ့တာရော ရှိလို့လား၊ ဘာတွေဖြစ်ကုန်တာလဲ"

"သေချာရဲ့လား သမီးရယ်၊ ဟို.. သမီး ဆရာမနဲ့…"

"ကိုယ့်အရှက်ကိုခေါ်ပြသလိုလုပ်စရာလား မေမေ၊ သူ့ကိုယ်မှာ …ာတွေပြောင်းလဲနေလဲဆိုတာ မေမေ့ရှေ့မှာပဲ သမီး မေးပြီးပြီ၊ ဆရာဝန် …ပြောနဲ့၊ ဒီလက္ခဏာတွေကိုမြင်ရင် အစပ်ထဲကလူတွေတောင် ဒါမှန်းသိ …ယ်၊ ဒေဝီ သိသွားမှာစိုးလို့ သမီး မနည်းပုံးလိုက်ရတယ်၊ အပြင်လူတွေ …ကိုသိကုန်ရင် ဖေဖေနဲ့ မောင်မောင့်သိက္ခာတော့ သွားပြီ"

"ဟုတ်ဘယ်၊ အိမ်ပေါ်မှာ ယောက်ျားလေးဆိုလို့ ဒီလူတွေပဲရှိတာ၊ …ကွပါပဲ၊ ဟဲ့.. ပြောစမ်းပါ ပင်ပို့ရယ်၊ ညည်း အနှိတ်ကိုယ့်ကြည်လေး …းတယ်ဆို၊ ဘယ်သူနဲ့လဲဟင်၊ မကြောက်နဲ့ ပြော၊ တို့ အားလုံး စီစဉ် …းနိုင်တယ်"

"ဟင့်အင်း မဟုတ်ဘူး၊ ကျွန်မ ဒါမျိုး ဘယ်တော့မှမလုပ်ဘူး"

"မလုပ်လို့…၊ ငါ တယ် မပြောလိုက်ချင်ဘူး၊ ဘာလဲ နှင် မိုးအောင် …လား"

"ဟင့်အင်း.. ဟင့်အင်း"

"အို ဟုတ်ပါ့မလား သမီးရယ်"

"ဖြစ်နိုင်တာ ဒါပဲလေ၊ သူ့ကိုမေးရင် ဒီတိုင်းပြောနေမှာပဲ၊ သမီး မိုးအောင်ကို တည့်တည့်သွားမေးမယ်"

"မမေးနဲ့ မမ"

"မောင်မောင်"

"သားငယ်"

ခုတင်ပေါ်က ကမန်းကတန်းဆင်းပြီး ဒီဘက်အလှည့်မှာ…



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖက်နဲ့ သိမ်းဖယ်ကိုင်ရင်း ရပ်နေသည့် မောင်မောင်က သူတို့ ငေ့ကြည့်လိုက်ကာ…

"တရားခံက ကျွန်တော်ပါ၊ အဲဒါ ကျွန်တော့်ကိုယ်ဝန်"

"ဘာ…"

နှင်းမမက မြန်သည်။ ရှေ့ကိုလှမ်းတက်သွားကာ ကင်းမောင်မော ပါးကို တအားလွှဲရိုက်ပစ်လိုက်၏။

"သမီး မလုပ်နဲ့"

ဒေါ်ခင်သူဇာ ပြေးလာပေမယ့် ရိုက်ချက်ကို မဆွဲလိုက်နိုင်။

"သားငယ် အို… ဒုက္ခတွေများကုန်ပါပြီ"

ဆံပင်တွေ ဖွာထွက်ကုန်ကာ ပါးတစ်ပြင်လုံး နီရဲသွားသည့်မျက်နှာ ကို ဒေါ်ခင်သူဇာ တယုတယ ထိကိုင်လိုက်ပြီး…

"ဘာစကားတွေလာပြောလိုက်တာလဲ သားရယ်၊ ဒါ ကိုယ့်အိမ် မိန်းကလေးမို့ စာနာစိတ်နဲ့ဆိုရင်တောင် ကာကွယ်ပြောသင့်တဲ့စကား မဟုတ်ဘူး"

"ကျွန်တော် ကြောင့်မှမဟုတ်တာ မေမေ၊ ဒီကိစ္စကို ကယော ကတမ်းထပြီး ဖြောင့်ချက်ပေးရအောင် ရူးကြောင်မူးကြောင်ကောင်လား"

"ငါကတော့ အဲဒီလိုပဲထင်တယ် မောင်မောင်၊ နင် ရူးနေပြီ၊ ဒီ ဘာကိစ္စ နောက်တစ်ခေါက်ပြန်လာတာလဲ၊ နင်တောင် ဒီလိုဖြစ်မိတာ ရိပ်မိနေရင် ဒေဝီလဲသိမှာပဲ၊ ဒီကိစ္စမျိုး ဒေဝီ သိရင် နင်သာမကဘူး ဖေဖေပါ အလကားနေရမှာမဟုတ်ဘူး သိရဲ့လား၊ ဟဲ့… နင်မပြောရင် ဒီအခန်းထဲမှာ နင့်ကို သေအောင်ရိုက်သတ်မှာ၊ ပြောနော် ခုပြော…"

နှင်းမမ ဒေါသအိုးကွဲကာ နောက်ကို ချာခနဲပြန်လှည့်၏။ ဘယ် တုန်းကမှမရိုက်ဖူးခဲ့သော ကင်းမောင်မောင်ကို ရိုက်လိုက်မိပြီးမှ တကယ် ရိုက်သင့်တာက ပင်ပျိုသာဖြစ်မှန်း နားလည်သွား၏။





ဒေါသက ဆထက်ထမ်းပိုးဖြစ်ခဲ့ရင်း…

"ပြောလေ ပင်ပျို…၊ နင်…"

"မမ… မမ ကျွန်တော်ပြောတာကို နားထောင်စမ်းပါ"

"မောင်မောင်နော်… မထောင်ဘူး၊ ဖယ် လွှတ်စမ်း"

နှင်းမမ စိတ်ထဲမှာ တစ်စုံတစ်ရာကို ခံစားလိုက်မိပြီဖြစ်၏။ ကာလအတွင်းမှာ အကြီးအကျယ်ပျက်ယွင်းနေခဲ့သော မောင်မေ ကျက်နှာနှင့် အဖြစ်အပျက်တွေက ဆက်စပ်မိလာသလိုလို…၊

ထို့ကြောင့် ဘာမှပြောခွင့်မပေးနိုင်။ ဒါ လုံးဝ မဖြစ်စေရ။ သို့သော်…

"ခဏနေဦး သမီး၊ ကဲ ပြောစမ်း…၊ သားငယ် ဘာပြောချင်လဲ၊ ဒါဟာ ပေါ့သေးသေးပြဿနာမဟုတ်ဘူးနော်၊ စဉ်းစားပြီးမှပြော"

"မလိုဘူး မေမေ၊ ကိုယ် ကျူးလွန်ခဲ့တာ ကိုယ်သိတယ်"

"မဟုတ်ဘူး… မဟုတ်ဘူး၊ ကျွန်မနဲ့ ကိုကိုလေး ဘာမှမဖြစ်ဘူး၊ ကျွန်မ… ကျွန်မ ဟိုတစ်ယောက်နဲ့… ဟိုတစ်ယောက်…"

"ပြော… ဘယ်တစ်ယောက်လဲပြော… ရဲရဲပြောစမ်း"

ပင်ပျို့စကား အဆုံးသတ်ကို နှင်းမမက အမိအရလိုက်ဖမ်း၏။ သို့သော် ကင်းမောင်မောင်က သူမထက်အရင် ပင်ပျို့ဘေးကိုရောက် သွားကာ…

"မင်းပါးစပ်ကို ပိတ်ထားစမ်း ပင်ပျို၊ အဲဒါတွေကို စိုးရိမ်လို့ ငါ မင်းကို ထပ်တလဲလဲ မေးခဲ့တယ်၊ တောက်…"

"မဟုတ်ဘူး"

ကင်းမောင်မောင်သည် ပင်ပျို့လက်တစ်ဖက်ကိုဆွဲထုပ်လိုက်တော့ ကြွခနဲပါလာပြီး ဆွဲခါလိုက်တော့လည်း အရုပ်လေးတစ်ရုပ်လိုပင်။ ပါးစပ်ကတော့ 'မဟုတ်ဘူး' လို့ပြောရင်း ခေါင်းခါနေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုလေး မဟုတ်ဘူး မမကြီး၊ မဟုတ်ပါဘူး”

“ပင်ပျို.. မင်း...”

ကင်းမောင်မောင် ထပ်ထွက်စရာ ဒေါသမရှိတော့သလို ငိုမိုး[illegible]

“မဟုတ်ဘူးဆိုတော့ ဒီကိုယ်ဝန်ကို မင်းက မဟုတ်တဲ့တစ်ယောက်[illegible] ယောက်နဲ့ နာမည်တပ်ပြီး လူ့ဘုံအလယ်မှာ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားတာလား”

“ကိုကိုလေး..”

“မင်း စွန့်စားချင်တိုင်း စွန့်စားလို့မရဘူး၊ ဒါ ငါ့ရင်သွေး”

“သားငယ်.. မင်း.. မင်းပြောတာတွေက...”

ကင်းမောင်မောင် မျက်နှာမှာ ဖြစ်ပျက်သွားခဲ့သမျှ ကောက်ကြောင်းတွေကို လျှော့ချပစ်လိုက်သည်။ တင်းမာနေသည့်မျက်နှာနှင့် နှင်းမမ[illegible]ပါ ပြန်လှည့်ကြည့်ကာ...

“မမ ရိုက်ပစ်လိုက်တာ ကျွန်တော် ကျေနပ်ပါတယ်၊ ဒီလိုဖြစ်ပျက်[illegible] သမျှမှာ ပင်ပျို့အပြစ် လုံးဝမပါဘူး မမ၊ သကြင်္ကန်ရက်က ကျွန်တော် အရက်တွေမူးပြီး မှားခဲ့တာပါ”

မကြားချင်ဘူးဆိုသည့်မျက်နှာနှင့် နှင်းမမက တစ်ဖက်လှည့်ပစ်[illegible]

“မူးနေပေမယ့် မှားသွားမှန်း ကျွန်တော့်ကိုယ်ကျွန်တော် သိလိုက်တယ်”

ပြောနေရင်း ငိုရှိုက်နေသည့် ပင်ပျို့ထံ ငဲ့ကြည့်လိုက်၏။ သူမသည် ခုတစ်လော ဒီရောဂါဖြင့် နေမကောင်းဖြစ်ကာ မျက်နှာလေးချောင်[illegible] နေရှာ၏။ မင်္ဂလာပွဲကျင်းပနေကတည်းက ပင်ပျို နေမကောင်းလို့ အလု[illegible] သိပ်မခိုင်းနဲ့ဆိုသော ဖမေ့မှာကြားသံကို သူ ကြားခဲ့၏။

ဘယ်သူ့စကားကိုမှ မကြားမိသလို ရှိချင်ရှိခဲ့မည်။ ပင်ပျို့နဲ့ [illegible]





သက်လာလျှင် မှားယွင်းခဲ့သည့်နောက်ပိုင်းမှာ နားက ကြားပြီးသား၊ ဘယ်အရပ်မှာပဲ သူမ ရှိနေနေ စိတ်မျက်လုံးထဲမှာ မြင်နေပြီးသား။

ဒါဟာ ကိုယ်က အပြစ်ရှိခဲ့တဲ့လူမို့လို့လား၊ မဟုတ်ရင် ဘာလဲ၊ ရင်ထဲမှာ ဘာတွေဖြစ်နေခဲ့မှန်း သူ့ကိုယ်သူလည်းမသိပါ၊ သို့သော် ပင်ပျို့ကို သူ မျက်နှာမလွှဲနိုင်။ ဒေဝီနှင့် လက်ထပ်ခဲ့ပြီးပေမယ့်...၊

“သူ့ကို ကျွန်တော် မေးနေတုန်းက သူ ခေါင်းညိတ်ခဲ့ရင် ဒေဝီနဲ့ လက်ထပ်ဖြစ်မှာမဟုတ်ဘူး”

“ဟုတ်တယ်၊ အခု မင်း ဘာမှလုပ်ပေးလို့မရတော့ဘူး၊ ငါတို့ဘာသာ...”

“ဟာ.. မမ ဘယ်လိုပြောလိုက်တာလဲ၊ ဒါ ကျွန်တော့်အမှား၊ သူ့ ဗိုက်ထဲက ကျွန်တော့်ရင်သွေးပါ”

“အို.. မလိုချင်ဘူး၊ ရင်သွေးကိုငဲ့ချင်ပေမယ့် ဒေဝီ့မျက်နှာကို ထောက်ထားရမယ်”

“မထောက်နိုင်ဘူး မမ၊ ဒေဝီ့မှာ စည်းစိမ်၊ အခြွေအရံရှိတယ်၊ သူ ကျွန်တော့်ကို မုန်းတီးရွံရှာသွားလို့လဲ...”

“မင်း ဘယ်လို.. ဘာပြောတယ် မောင်မောင်၊ မိန်းကလေး တစ်ယောက် အိမ်ထောင်ပျက်တဲ့အဖြစ်ကို ဘာမှဖြစ်မသွားနိုင်ဘူးလို့ မင်း ပြောချင်တာလား၊ ဟင် ဟုတ်လား”

“မိန်းကလေးနှစ်ယောက်ရဲ့အခြေအနေချင်းကွာတာကို မမ မြင်စေချင်တာပါ၊ ကိုင်ထားတဲ့ပစ္စည်းဟာ ဘယ်လောက်ပဲတန်ဖိုးကြီးနေနေ အန္တရာယ်ဟာ ဒီလက်တွေအားနေမှဖြစ်တော့မယ်ဆိုရင် ကိုင်ထားသမျှ ဘာကိုဖြစ်ဖြစ် လွှတ်ချလိုက်ရမှာပဲ၊ တစ်ချိန်တည်းမှာ အလိုအပ်ဆုံးအရာ တစ်ခုပဲရှိတယ်၊ နှစ်ခု ပြိုင်တူရှိမလာနိုင်ဘူး”

“မင်းက သူ့ကို လိုအပ်နေတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် အရွံ့ရာယ်ပါ၊ ပြီးတော့ ကျွန်တော်နဲ့သက်ဆိုင်နေလို့..."

"မေမေ မယုံနိုင်ဘူး သားရယ်"

မောင်နှမနှစ်ယောက်၏ဘေးကနေ ပြေးလိုက်သည့် ဒေါ်ခင်သူ၏ ညည်းညူသံက တားဆီးလိုခြင်းတော့မရှိပေမယ့် ဘုံးဘုံးလဲ့ကျသွားတော့မည့်ဧကရာနှင့် လူတစ်ယောက်လိုပင်...၊

သူမ ရင်ထဲမှာ တဆစ်ဆစ် နာကျင်နေ၏။ ဒါဟာ သားသမီးကို ကောင်းစားစေချင်သည့် မိခင်တစ်ယောက်၏စေတနာ သက်သက်သာ

ပင်ဖြူကို မောက်မာခွဲခြားလိုတာတော့မဟုတ်ပေမယ့် မတူညီမှုကို အားလုံး သိနေကြသလို ကိုယ့်ရင်ထဲမှာလည်း သိနေသည်။ သမီးလေးကို မေတ္တာထားနိုင်သော်လည်း ချွေးမအဖြစ် လက်ခံဖို့က မဖြစ်နိုင်။

သို့သော်...

"မင်း လက်ခံလိုက်တော့ ခင်၊ ဒါတွေအားလုံး ဖြစ်ပျက်ခဲ့တာတကယ်၊ အဲဒါတွေကို ငါကိုယ်တိုင် သိခဲ့တယ်"

"ရှင်..."

နောက်ထပ် ထောက်ခံသည့်ပရိသတ်ထဲကတစ်ယောက်ဟာ ကိုယ့်ရဲ့ အိမ်ဦးနတ်သခင်ကိုယ်တိုင်ဖြစ်နေသဖြင့် ဒေါ်ခင်သူမှာ ပါးစပ် အဟောင်းသားဖြစ်သွားသည်။

"အစ်ကို.. အစ်ကို ပြောလိုက်တာက..."

"ဟုတ်တယ် ခင်"

ဦးမောင်မောင်လွင်သည် မပြောမပြီး မတီးမမြည်ဆိုသည့်စကားမျိုးကို မပြောချင်သလို မျက်နှာနီမြန်းမြန်းနှင့် ဝိုးလိုချကြီးပေါ်မှာထိုင်ရင်း မျက်ဝန်းတွေကိုတော့လွှဲထား၏။

"သားငယ် ပြောတဲ့ သကြိန်ရက်က မှားယွင်းကုန်ကြတဲ့အဖြစ်ကို ငါ သိတယ်၊ ဒါပေမယ်..."





သူ မျက်နှာကြီးပါ လွှဲမိလျက် ဘာဆက်ပြောရမှန်းမသိလောက်အောင် ကလေးတွေရှေ့မှာ အနေခက်မိ၏။

သကြိန်အတက်နေ့ကပါ၊ မအေဖြစ်တဲ့သူက ပဲခူးကို သားဖြစ်သူလိုက်သွားပြီဆိုပြီး ဥပုသ်ကြီးနှင့်ပဲ ထိလိုက်သွားခဲ့သည်။

သကြိန်အတက်နေ့ဆိုတာ ယောကျ်ားလေးတွေ များသောအားဖြင့် သောက်စားမှားယွင်းတတ်ကြလို့..၊ ဒါပေမယ့် မအေနဲ့သား လမ်းလွဲပြီး ဘားပဲပေးလိုက်ပြီး အိမ်ပြန်ရောက်လာခဲ့သည့် ကင်းမောင်မောင် က အိမ်ရှေ့က မဝင်။

အရက်တွေမူးချလာမိသည့်အဖြစ်နှင့် နောက်ဖေးတံခါးကနေ ဝင်လာတော့ ပင်ဖြူနဲ့တွေ့ကြ၏။ တိုးတိုက်လဲပြိုသွားသည့်အသံ ဒုန်းခနဲတစ်ချက်ကြားလိုက်သည်။

စကားပြောသံလား၊ ဘာလား မသဲကွဲခင်မှာ ပုတီးစိပ်နေတာ အပတ်မစေ့သေးတော့ အပြင်ကို ချက်ချင်းထွက်မကြည့်ဖြစ်။

အားလုံးကို နောက်ကျမှ ရိပ်မိခဲ့သည်။ မှားကုန်ကြပြီလို့ တွက်မိသော်လည်း ပင်ဖြူဘက်က လုံးဝငြိမ်သက်နေ၏။ ကိုယ့်သားက မူပျက်နေတာ သေချာပေမယ့် မင်္ဂလာပွဲက မြန်မြန်ဆန်ဆန်ကြီး ဖြစ်မြောက်သွားခဲ့တော့ စဉ်းစားရင်း မသေချာရင်းနဲ့ ဒီနေ့ ဒီလိုအခြေအနေတွေထိ လွန်ကျွံကုန်ခဲ့သည်။

ဦးမောင်မောင်က လိုရင်းတိုရှင်းလောက်ပဲ ထုတ်နုတ်ပြောပြတာပေမယ့် အားလုံး ငြိမ်ကျသွားလေသည်။ ပင်ဖြူ က နေရာမှ ကပျာကယာလေး ဆင်းရပ်လိုက်ကာ...

"ကိုကိုလေးနဲ့ မမဒေဝီလဲ ဘာမှဖြစ်စရာမရှိဘူး၊ ဘယ်သူမှလဲ သိက္ခာမကျအောင် ကျွန်မ အမေနဲ့အတူနေခဲ့တဲ့အိမ်လေးထိ ပြန်မယ်၊ ဒီမှာ ဖြစ်ခဲ့တာတွေ ဘာမှမပြောဘဲ..."



www.burmeseclassic.com

www.burmeseclassic.com

"မပြောလို့မရဘူး မိန်းကလေး၊ မင်း လွယ်ထားတာက ငါတို့သားရဲ့ ရင်သွေး"

ဒီတစ်ခါ ဦးမောင်မောင်လွင်ကိုယ်တိုင် ဝိတ်ပြောလိုက်တာမို့ ပင်ပျို့ အသံလေး တိခနဲပြတ်တောက်သွား၏။

"ဒါဟာ မြုပြင်လို့မလွယ်ကူတော့တဲ့အမှားဖြစ်ပေမယ့် နောက်ထပ် လွှမ်းဆန်တဲ့အပြုအမူ အဆုံးအဖြတ်တွေ ထပ်ဖြစ်ပြီးမှားရင် ဒီတစ်ခါ လူ့လောကထဲရောက်လာမယ့် ကလေးတစ်ယောက်ရဲ့ဘဝ ဘယ်လို ရှင်သန်မလဲ၊ ဒီတိုင်း ဘာတွေဆက်ဖြစ်လာမလဲ"

"သမီး‥ သမီးမှာလဲ အဲဒီလိုယုတ်မာတဲ့စိတ်မရှိဘူး ဖေဖေ၊ သမီး လဲ ဆရာဝန်တစ်ယောက်ပါ၊ ဒါပေမယ့်…"

"ဒါပေမယ့် ဆိုတဲ့နောက်ကအကြောင်းတွေကို မေမေ သိတယ် သမီး၊ သမီးရင်ထဲမှာ ပူသလိုပဲ မေမေ ပူပါတယ်၊ ဒါပေမယ့် သမီးဖေဖေ ပြောသလိုပဲလေ‥ မေမေတို့ ဘာမှရွေးချယ်စရာမရှိတော့ဘူး"

"ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ မေမေ၊ ဒီအဖြစ်တွေ ခုမှပေါ်ပေါက် လာပါတယ်ဆိုတာကို ဒေဝီက ယုံပါ့မလား၊ တော်ကြာ သမီးတို့က မုံးဖို ထားပြီး…"

"မထင်ပါဘူး မမရယ်"

"ဟင်‥ ဒေဝီ"

ဒေဝီသည် ဦးမောင်မောင်လွင်ပိုးချပ်နောက်မှာရှိနေလျက် စကား သံလေးကလည်း တုန်ခါနေသလိုရှိကာ လူကိုတော့ ပန်းစွန်းကလေး တစ်ဖက်ကိုပဲ လှမ်းမြင်နေရ၏။

နောက်ထပ် ခြေတစ်လှမ်းထပ်ရွေ့လိုက်မှ မျက်နှာလေးတစ်ခြမ်းပဲ ပေါ်လာကာ သူမ၏အကြည့်တွေက တုန်လှုပ်ချောက်ချားနေသည့် ပင်ပျို့မျက်ဝန်းလေးဆီမှာ…





ပင်ပျိုသည် ကြောက်တက်တက်လေး ခဏဖြစ်သွားကာ‥

"မမ‥ မမဒေဝီ ပင်ပျိုလေ‥ ပင်ပျိုကို အထင်မလွဲပါနဲ့နော်၊ ပင်ပျို ကိုကိုလေးကို စိတ်နဲ့တောင်မပြစ်မှားခဲ့ပါဘူး မမဒေဝီရယ်၊ ဟို တုန်းကရော ခုရော တကယ်ပါရှင်၊ နောက်လဲ ဘယ်တော့မှ မပြစ်မှား ဘူး၊ ဒီကိစ္စကို မမဒေဝီ သဘောကျစိစဉ်ပါ၊ ပင်ပျို ဒီကထွက်သွား‥ ထွက်သွားမယ်လို့လဲ ဆုံးဖြတ်…"

"မသွားရဘူး၊ ဒီစကားတွေ ညီမ မပြောခင်ကတည်းက ညီမလေး ကို မမ ယုံတယ်"

အားလုံး ရင်ထဲကအလုံးကြီးတွေ ပြုတ်ကျသွားသလို ပင့်သက်ခိုး တွေ ရှိုက်မိလျက် ချွေးစို့နေသည့် လည်ပင်းကြားကို လက်တို့ အရိုလို ရောက်၏။ ဦးမောင်မောင်လွင် ကတော့ ဘီးကိုတွန်း၍ထွက်ခွာသွားပြီ ဖြစ်၏။ ဒေဝီ က ပင်ပျို့ကိုငေးကြည့်နေပြီးမှ ထိုနေရာလေးကို တိုးလာပြီး ရပ်လိုက်တာ…

"အားလုံး ပြောတာတွေကို အကုန်လုံးနီးပါး ဒေဝီ ကြားပါတယ်၊ ပြောရမယ်ဆိုရင် ဒေဝီကလဲ ဒီမိသားစုတွေကို အစကတည်းက ခင်တွယ် ခဲ့တဲ့သူပါ၊ အားလုံးကို ချစ်လဲချစ်တယ်၊ ဟိုတုန်းကရော ခုချိန်ထိ ယုံ ကြည့်ခင်တွယ်နေဆဲပဲ၊ အဲဒါကြောင့် ဒီပြဿနာဟာ ကြီးကျယ်ပေမယ့် ဒီမှာပဲ ပြီးပြီလို့ သတ်မှတ်လိုက်ပါတော့"

"ဒေဝီ ပြဿနာက မင်းပြေလြဲသလောက်မလွယ်ဘူး"

ကင်းမောင်မောင်က မပြောမပြီးသည့်ကိစ္စတစ်ခုမို့ မပြောဘဲနေလို့ မရတာကြောင့်…

"ပင်ပျိုက သည်းခံနိုင်တယ်ဆိုတာ ဒီလူတစ်စုရဲ့ဆုံးဖြတ်ချက် ဘယ် လိုဖြစ်ဖြစ် ကျေနပ်နေနိုင်တယ်လို့ပြောတာ၊ ဒါပေမယ့် ကိုယ်ဝန်က…"

ပြောချင်တာရှိပေမယ့် သူ ဒီတိုင်းကြီးပြောဖို့ကျတော့ဆွံ့အသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ပြောချင်တာကို မမ သိတယ်၊ ဒါတွေကိုဖြေရှင်းဖို့ တစ်နည်းပဲရှိတယ်၊ အဲဒါက ပင်ဖျို ကို သင့်တော်တဲ့တစ်ယောက်ကို လက်ထပ်ပေးပြီး…"

"ဟင့်အင်း… မယူချင်ဘူး"

ပင်ဖျို ဘယ်လိုသဘောနဲ့ငြင်းဆန်လိုက်မှန်း မသိပေမယ့် ဒေါသဖြစ်၍ သံသယတွေ အနိုးအငွေ့ဘွေလို လွင့်ပျံထွက်လာသည့်မျက်လုံးတွေက တန်းခနဲရောက်၏။

"ဒါက ဘာစကားလဲ ပင်ဖျို၊ နင်ပြောတော့ မောင်မောင့်ကို စိတ်ချတောင်မဖြစ်မှာဘူးဆို၊ ငါတို့က တလေးနဲ့နှင့်ဘဝကို တစ်သက်လုံး စောင့်ရှောက်သွားကြမှာ"

"မမကြီးရယ်… ကျွန်မ… ကျွန်မ ယောကျ်ားမယူချင်တာပါ၊ အဲဒါ…အဲဒါ ကိုကိုလေးနဲ့မဆိုင်ပါဘူး၊ ကျွန်မ ဘယ်လိုရှင်းပြရမှန်း မသိလို့ပါ၊ ယုံပါ မမကြီးရယ် နော်၊ ဘယ်သူ့ကိုမှ မထိခိုက်အောင် ကျွန်မပဲ ဒီကနေ ထွက်သွားပါရစေ၊ အခုပဲ သွားပါရစေ"

ပင်ဖျို က ဖွတ်ထွက်သည်။ တားဆီးလိုက်သူက ကင်းမောင်မောင် ပဲဖြစ်၏။

"သူ့ကို ကျွန်တော် လက်ထပ်မယ်"

"ဘာပြောတယ်"

ဒေဝီ့နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့လေးဖြစ်သွားပေမယ့် ဒေါသတကြီး အော်လိုက်တာဟာ နှင်းမမ ပဲဖြစ်ကာ…

"မင်းက လက်ထပ်မယ်၊ မင်းမှာ လက်ထပ်ထားတဲ့မိန်းမ ရှိတယ် မောင်မောင်၊ ဆုံးဖြတ်ချက်တစ်ခုတည်း မင်းတစ်ယောက်တည်း ချလို့ မရဘူး"

"မောင်.."





ဒါက နှစ်ဦးတည်းဆုံးဖြတ်ခွင့်ရှိနေသည့်ကိစ္စ….၊

ဒေဝီ့ခေါ်သံလေးကြောင့် အသံအားလုံး တိတ်ကျသွားခဲ့၏။

"ဒေဝီကို မောင်က ကွာရှင်းခွင့်မတောင်းဘူးဆိုရင် မောင် ဘာလုပ်လုပ် ဒေဝီ ကျေနပ်တယ်"

ကင်းမောင်မောင်မျက်နှာမှာ အနူးအညွတ်တောင်းပန်ခြင်းများနှင့် ခပ်လွှဲလွှဲဖြစ်သွားပြီး…

"မတောင်းပါဘူး ဒေဝီ၊ ဒါက ကိုယ့်တာဝန်က ရှုမဆန်မိခဲ့တဲ့ပြဿနာပါ၊ မင်း ခွင့်ပြုပေးတာကို ကျေးဇူးတင်ပါတယ်၊ အားလဲနာတယ်၊ ဒါပေမယ့် ကိုယ် သူ့ကို လက်ထပ်မှုဖြစ်မယ်၊ သူ့ကြောင့် မင်း စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး၊ ကိုယ့်တာဝန်ကို ကိုယ်ယူခဲ့တဲ့ အဖြစ်တစ်ခုပဲ ကို မင်း ကျေနပ်ပေးပါ၊ မင်းအပေါ်မှာ ကိုယ် သစ္စာမဖောက်ဘူး"

"မောင့်အပေါ်မှာ ဒေဝီ အမြဲတမ်း ကျေနပ်ယုံကြည်ခဲ့တာပါ မောင်"

"သူ့ကို ကိုယ် လက်ထပ်ပြီး မျက်စိအောက်မှာပဲ ထားမယ်၊ ဒါပေမယ့် မင်း စိတ်ချပါ"

ပင်ဖျို ခေါင်းခါမလို့မော့လိုက်တိုင်း ဖိညှစ်ပစ်လိုက်သည့် ကိုကိုလေး လက်ထဲမှာ လက်မောင်းတစ်ဖက်က နာကျင်နေပြီဖြစ်၏။

တကယ်ဆို ဒီအခြေအနေကို ဘယ်သူမှ လက်ခံနိုင်မှာမဟုတ်သလို သူမ ကျေနပ်လက်ခံလိုက်သည်လို့ အထင်ခံရမှာကိုတောင် ပင်ဖျို သေမလောက်ကြောက်ပါ၏။

အထူးသဖြင့် မမကြီးနှင့်အိမ်သားတွေအားလုံး ငြိုငြင်ကြမှာကို ကြောက်သည်။ ဒါပေမယ့်…..



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"မမဒေဝီ"

"ဟင် ပင်ဖျို.. ဒီမှာ ဘာလုပ်နေတာလဲ"

"ဘော်ပါသေးရဲ့.. မမဒေဝီ ဒီဘက်ကိုမှ ထွက်လာပါ့မလားလို့..."

ပင်ဖျိုသည် လက်ထဲမှာ ငှက်ပျောဖက်ထုပ်လေးကိုပိုက်လျက် မျှော်မှုံ့ ပွမောက်နေသည့်ကိုယ်ဝန်ပေါ်မှာ ဗိုက်ဖုံးအင်္ကျီလေး ဖိုးရိုးဖားရား နှင့်...

"မမဒေဝီကို ပန်းသီထားတာတွေ ပေးချင်လို့ပါ၊ မမဒေဝီ ခုတစ်လော ခြံထဲကို ဘာဖြစ်လို့ ဆင်းမလာတာလဲဟင်၊ ဟို.. ကျွန်မကို..."

"မဟုတ်တာ ပင်ဖျိုရယ်၊ ဟောက်ဆင်းနေရတယ်လေ၊ ကျောင်းပြီး ပြီဆိုပေမယ့် စာတွေက ကျက်နေရတုန်းပဲ။ မောင် ဆိုရင် တ်ထက် တော်တော့ ပိုဆိုးသေးတယ်၊ သူက ဟိုအရင်ကတည်းက တို့ထက်လဲ ပိုကြိုးစားတယ်၊ တော်လဲတော်တယ်၊ တို့ကတော့..."

ဤသို့ စကားတွေကျွံမိပြီးမှ အစပြန်သိမ်းရင်း ပြောခွင့်မသာခဲ့တာ တွေ များပါပြီ၊ ဒေဝီမျက်နှာလေး တစ်မျိုးဖြစ်၏။ ပြီးတော့မှ သက်ပြင်း လေးချကာ...





"တို့က မရောဂါသည်လုပ်နေရတော့ အားယုံး ဝိုင်းတားနေတဲ့ကြား ကနေ ဆေးတက္ကသိုလ်တက်နိုင်ဖို့ အသက်နဲ့ရင်းပြီး ကြိုးစားခဲ့ရတာ၊ ဖြစ်မြောက်ပြီဆိုတော့လည်း လိုချင်တာကိုရဖို့ စိတ်ပင်ပန်းခဲ့ရပြန်ရော"

လိုချင်တာ ဆိုတာက 'ကင်းမောင်မောင်'ဆိုသည့်ယောကျ်ား တစ် ယောက်၏မေတ္တာ။ ခင်အောင်လုပ်ခဲ့ရတာလည်း သူမ၊ ခင်ပြီးသည့် နောက်မှာ ချစ်ကြဖို့ဆိုတာကျတော့...

"ဒါတွေ ပြောပြရင် အရှည်ကြီးပဲ၊ တို့လေ ဒါတွေကို ပင်ဖျိုကိုကျမှ ပြောပြချင်နေသလိုပဲ"

"ပြော●လ မမ"

ဆေးရုံသွားခါနီးပြီမို့ ဒေဝီက နာရီကို ငုံ့ကြည့်သည်။ ပြီးတော့ ပြုံးပြကာ...

"အားတဲ့တစ်နေ့ကျမှပဲနော်၊ ဒါ ရှုန်ပန်းတွေလားဟင်..၊ ထုပ်ထား ပေမယ့် မွှေးနေတယ်"

"ဟုတ်တယ် မမဒေဝီ၊ မမအတွက် ကျွန်မ အစောကြီးခူးပြီး ခြံထဲ မှာပဲထိုင်သီနေတာ၊ ညတည်းက ခူးပြီးသီထားရင် မနက်ကျတော့ အပင်မှာပွင့်သလောက် မလှဘူး"

"ပင်ဖျိုရယ်.."

စိတ်ထဲမှာ တကယ် လှိုက်လှိုက်လှဲလှဲခံစားမိတာပါ၊ ပန်းထုပ်လေး ကိုလှမ်းယူလိုက်ရင်း နုအိနေသည့် ပင်ဖျို ပါးလေးတစ်ဖက်ကို ကိုယ့်ညီမ လေးကို ချစ်စနိုးစသလို ခပ်ဖျစ်ဖျစ် ကိုင်မိရင်း...

"ပန်းတွေသီပေးတာကို ပင်ဖျို လာပေးတိုင်း ကျေးဇူးအရမ်းတင် တယ်၊ တို့အပေါ်မှာ မေတ္တာမပျက်တဲ့အတွက်လဲ ဝမ်းသာတယ်၊ ဒါပေ မယ့် ကိုယ်ဝန်က ငါးလကျော်နေပြီ၊ အအေးထဲမှာ အကြာကြီးထိုင်ပြီး အဲဒီလို နောက်မလုပ်နဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ပင်ပျို၏ ပြုံးနေသည့်မျက်နှာလေး ပျက်ကျသွား၏။ ပြီးတော့ ကိုယ်ဝန်ကို ပြန်ငုံ့ကြည့်ကာ…

"ဘာဖြစ်ပြီလဲ မမဒေဝီ၊ မီးဖိုချောင်ထဲမှာလဲ မမဝင်းက ဘာ ပေးမလုပ်နိုင်းတော့ဘူး၊ မေမေကြီးကလဲ ခပ်တည်တည်ဖြစ်သွားတယ် ကိုယ်ဝန်နဲ့ပတ်သက်တာကလွဲပြီး ဘာမှ အပိုသိပ်မပြောတော့ဘူး"

"ဒါက တို့ကို အားနာနေလို့ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် တို့သုံးယောက် ရဲ့ အနေအထားက တစ်ယောက်အပေါ် တစ်ယောက် ရိုးသားကြပေမယ့် မသင့်တော်ဘူးမဟုတ်လား၊ လူကြီးဆိုတော့ မျက်နှာပူမှာပေါ့၊ ပင်ပျို က အရင်လိုပဲ လွတ်လွတ်လပ်လပ်နေလေ.. နော်"

"မမဒေဝီကရောဟင်…"

ဒေဝီ က ပြုံးလိုက်ပြီး…

"ပင်ပျိုကို ဘယ်တုန်းကမှ အချစ်မပျက်ခဲ့ဘူး၊ တကယ်ပြောတာ"

"တိ.."

ကားဟွန်းသံက စိတ်မရှည်သံနှင့်ဆောင့်ထွက်၏။ ဒေဝီ ဆတ် ဖြစ်သွားပြီး လှည့်ထွက်တော့ ပင်ပျို ပါလာကာ…

"မမဒေဝီ ဒီနေ့ မိုးချုပ်ဦးမှာလားဟင်"

"ဒီနေ့ မချုပ်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲ ပင်ပျို"

"ကျွန်မကိုယ်တိုင် မကြိုက်တဲ့ ရောက်သီးသုပ်.. အမေ့.."

"ဟိတ်"

ပင်ပျို စကားပြောရင်း တကောက်ကောက်လိုက်နေသဖြင့် တို ကြီး၏ခေါင်အကွေ့မှာ ခလုတ်တိုက်လေသည်။ ပင်ပျို့အသံနှင့် ထပ်တည်းထွက်လာသည့်အသံက ကားထဲကဖြစ်၏။

နောက်ဖေးမှာ ဒေဝီ ရှိနေမှန်း ကင်းမောင်မောင် က မသိ၊ ဒီလို လိုက်လာလျှင် ကင်းမောင်မောင်နှင့်တွေ့မည်ဟုမတွက်မိဘဲ မေ့လျော့





သူကလည်း ပင်ပျို ပဲဖြစ်၏။

'ဟိတ်'ဆိုမှ ကိုယ့်ကိုယ်ကို လဲမကျအောင်ထိန်းရင်း မော့ကြည့် မိသည်။

"ကိုကိုလေး.."

ပင်ပျို့ကိုယ်လေး မတ်ခနဲပြန်ဖြစ်ကာ နောက်ကိုလည်း လန့်ဖျပ် ၏။ သူမ လဲကျပြီဟုထင်လိုက်ကာ စိုးရိမ်ဒေါသများနှင့် ကိုယ့်အသံ သတိမထားမိနိုင်အောင် အော်လိုက်ပြီးမှ ဒေဝီမျက်နှာလေးကို ပြန် ည့်ပြီး ကင်းမောင်မောင် မျက်နှာလွှဲသည်။

ထိုပြင် မှားသွားပြီဟုခံစားမိပြီးမှ မမှားဘူးဟုပြန်တွက်ကာ သူ့ နာမှာ ရုတ်တရက်တင်းလိုက်မိခြင်း၊ လျှော့ချခြင်းကြောင့် ကောက် ကြောင်းတွေရှုပ်ကုန်၏။

ဒေဝီ ကားပေါ်ရောက်ကာမှ နှာခေါင်းထဲမှာ ရွှံပန်းနံ့ တစ်ချက်ဝင် ပြီး…

"နောက်ဖေးမှာ ပန်းဆင်းခူးမလို့လေ..၊ ပင်ပျိုက ခရေပန်းတွေ ကော်ထားတာ"

ဒေဝီ့ အသံလေးက မကျေနပ်ချက်တစ်စုံတစ်ရာမှမပါပေမယ့် ရာအပြင်းအထန်နှင့် ဒယိမ်းဒယိုင်သွားနေရင်း ပြေးသူလို…၊ ကားကို ခြံထဲက ကွေ့ထွက်လိုက်ရင်း…

"သူ လဲကျသွားရင် ကိုယ်ဝန်နဲ့မို့လို့ စိုးရိမ်သွားတာပါ"

အရင်းအမြစ်များမရှိပေမယ့် ဒေဝီ့ရင်ထဲကသောကတွေ လျော့ပါးသွား ည်ဟု သူ တွက်ခဲ့၏။ သို့သော် ဒီစကားထက်ပို၍ပြင်းရှသော ာတွေ ဒေဝီ့ရင်ထဲမှာ အလုံးလိုက်ဝင်ရောက်သွားခဲ့ပြီဆိုတာ ဘယ် သိ။

"အေးဆေးပြောလို့ရတဲ့နေရာမှာ ကားခဏရပ်ပေးပါလား မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကားကို အရှိန်လျှော့လိုက်ပေမယ့် ကင်းမောင်မောင် က မရပ်ပါ။ သူ နာရီပင့်ကြည့်လိုက်တော့…

"ဟုတ်တယ်၊ စကားပြောချင်လို့ပါ၊ ဒီနေ့ အချိန်အနည်းငယ်ကို ဒေဝီ စကားပြောဖို့အတွက် ဖျက်လိုက်ပေးပါ"

ကင်းမောင်မောင်၏ကားလေးက ကန်တော်ကြီးပတ်လည် တစ်နေရာမှာ ရပ်တန့်သွား၏။ လူသူ ကင်းရှင်းနေပေမယ့် ကားပေါ်ကဆင်း၍ စိတ်အေးလက်အေး ပြောဆိုကြဖို့အတွက် တစ်ယောက်မှာမှ ဆန္ဒမရှိဘဲဖြစ်ရာ…

"မောင်"

ဒေဝီ က ခုချိန်ထိ ကိုင်ထားဆဲပန်းထုပ်လေးကို ကိုင်ထားဆဲဖြစ်လျက် ကင်းမောင်မောင် က စတီယာရင်ပေါ်မှာ လက်နှစ်ဖက်တင်ထားရင်း လှည့်ကြည့်သည်။

"ဟိုတုန်းကထက် မောင် အများကြီးအေးစက်သွားတယ်၊ လင်မယားနဲ့ မတူဘူး၊ သူငယ်ချင်းလောက်လဲ မရင်းနှီးတော့ဘူး၊ အဲဒီလိုအခြေအနေကို ဒေဝီ ကြောက်တယ် မောင်၊ ပင်ပျို့ကို လုံးဝမရိုက်ခတ်စေချင်ပေမယ့် အဲဒီကိစ္စတွေဖြစ်ပြီးမှ မောင် ဒေဝီ့ကို အရမ်းစိမ်းသွားခဲ့တာ"

လင်မယားချင်းပေမယ့် ပြောရတာ ဒေဝီ ရှက်ပါသည်။ ဒါပေမယ့် ရှက်လည်းမရှက်နိုင်တော့ပါ။ လက်ထပ်ခဲ့တုန်းတည်းက မောင့်ဘက်ကရင်ခုန်သံတွေကို နားထောင်ကြည့်ခဲ့ဖူးသည်။

စက်ရုပ်လို အေးစက်တောင့်မတ်မနေခဲ့တာဘဲရှိသည်။ နွေးနေတဲ့ မောင့်ရင်ခွင်ထဲမှာ ရန်ခုန်သံတွေ ဆိတ်သုဉ်းနေခဲ့၏။ မညီမျှတဲ့ရင်ခုန်သံတွေမှာပဲ ဒေဝီ ကျေနပ်အိပ်ပျော်ခဲ့ရသည်။

ခုကျတော့ ရင်ခွင်ဗလာကိုတောင်မှ မောင် မပေးချင်။

ဒေဝီ့မျက်နှာနီမြန်းမြန်းလေးက ညိုသထက်ညိုလာကာ မျက်ရည်





တွေပြည့်လာ၏။ ပြီးတော့ နှုတ်ခမ်းလေးကို မရိုတရို ဖိကိုက်လိုက်ရင်း…

"မောင် မှားယွင်းခဲ့တာလို့ အားလုံးထင်ခဲ့ပေမယ့် ဒေဝီ ရိပ်မိတယ်၊ အဲဒါတွေက ကြာလေမှန်လေပဲဆိုတာ မောင့်အမူအရာတွေက သက်သေပြနေပြီ မောင်၊ မောင် ပင်ပျို့ကို ချစ်နေတာ"

စိုက်ကြည့်နေသည့် ကင်းမောင်မောင်မျက်နှာ ရဲခနဲအရောင်ရင့်သွား၏။ ဒေဝီ က ပြောလို့မပြီးသေး။

"ဒေဝီ့ကို လက်ထပ်ပြီးမှ ဒီလိုဖြစ်ခဲ့လို့ မောင် လူကြီးလူကောင်းပီသအောင်နေရတာ၊ ဖုံးဖိမနိုင်တဲ့ မောင့်မျက်လုံးတွေ၊ မောင့်စကားတွေ အားလုံးပဲ ဘယ်သူမှမသိပေမယ့် ဒေဝီ သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင့်ဆီက ဒေဝီ တမ်းတနေခဲ့တာ အဲဒါတွေ…"

"မင်း ပြောလို့ပြီးပြီလား ဒေဝီ"

"မပြီးသေးဘူး"

ဒေဝီသည် ပေါက်ခနဲကျလာသည့်မျက်ရည်ကို လက်ခုံနှင့်သုတ်ပစ်လိုက်ပြီး…

"ချစ်ပါ၊ အချစ်ဆိုတာ ဖမ်းချုပ်ထားလို့မရသလို လိုချင်သလောက်တောင်းယူလို့လဲမရဘူး၊ ဓားပြတိုက်လို့လဲရတာမှမဟုတ်ဘဲ၊ ပြီးတော့ ပင်ပျို့က အရမ်းဖြူတဲ့မိန်းကလေးပါ၊ သူ့ကို ဒေဝီ ဒေါသဖြစ်လို့မရဘူး၊ မနာလိုစိတ်လဲမဖြစ်ဘူး၊ မောင့်ကို တောင်းပန်ချင်တာ တစ်ခုပဲ"

ဒေဝီသည် သူ့ဘက်ကို သေချာလှည့်ထိုင်ပြီး မျက်နှာကို စေ့စေ့ကြည့်၏။

"ဒေဝီ့ကို ဂရုမစိုက်ရင်တောင် ပစ်မထားပါနဲ့ မောင်၊ ဒေဝီ…ဒေဝီ အသနလုံးရောဂါသည်ပါ၊ ကလေးယူလို့မရနိုင်ဘူးဆိုတာသိပေမယ့် မောင့်ရင်သွေးကို ဒေဝီ လိုချင်ပါတယ်၊ ဒေဝီ သေသွားနိုင်ပေမယ့် သူများလိုပဲ မိခင်တစ်ယောက်တော့ဖြစ်သွားချင်တယ်၊ အဲဒါ… အဲဒါတွေ မောင်



www.burmeseclassic.com

www.burmeseclassic.com



ခုလို ဒေဝီ့နားကိုမကပ်ရင် ဒေဝီ ဘာလုပ်ရမှာလဲ”

“ဒေဝီ..”

“အမှန်အတိုင်းပြောပါ မောင်၊ ပင်ပျို မွေးတဲ့ကလေးကိုပဲ ငဲ့ညှာချင်တဲ့သဘောနဲ့ မောင် ဒေဝီ့နားကို မကပ်တာလား”

“ရှုတ်”

“ပင်ပျိုကိုမြင်တိုင်း ဒေဝီ အားကျမိတယ်၊ ဒေဝီ ကိုယ်ဝန်ရလို့ ကလေးတစ်ယောက်ထပ်ရရင်လဲ ပင်ပျိုကလေးထက် ပိုချစ်ပါလို့ ဒေဝီ ဘယ်တော့မှ မပြောဘူး၊ အခွင့်အရေးတွေနဲ့ မနှိုင်းယှဉ်ဘူး၊ အဲဒါကြောင့် ဒေဝီ့ကိုလဲ လွယ်ခွင့်ပေးပါ”

“မင်း ထင်မြင်ချက်တွေ မှားနေပြီ ဒေဝီ၊ အဲဒါတွေ တစ်ခုမှလဲမဟုတ်ဘူး၊ ဒါပေမယ့် ကိုယ် ဘယ်လိုရှင်းပြရမလဲ၊ ရှုတ်.. မဟုတ်တာတွေကွာ...”

ဘယ်တော့မှမကြည်လင်ခဲ့သည့် သူ့မျက်နှာ ပိုရှုံ့မဲ့တင်းမာသွားတာကို ဒေဝီက နှုတ်ခမ်းလေးကိုက်ရင်း ငေးကြည့်နေခဲ့၏။

ချစ်တဲ့သူ ဘာတွေပြောပြော၊ ဘယ်လိုနေနေ မုန်းလို့မေ့လို့မရတာဟာ ဝဋ်ကြွေးလား၊ မောင့်ကို သူမ ဘယ်တော့မှမုန်းလို့မရခဲ့ပေ။

ကင်းမောင်မောင်က သူမမျက်နှာကို ဖျတ်ခနဲပြန်ကြည့်ကာ...

“သူနဲ့လက်ထပ်ပြီးကာမှ ဆိုတဲ့ ခေါင်းစဉ်တပ်လိုက်တာ မင်းနားမလည်တာပဲ ဒေဝီ”

“ဒီခေါင်းစဉ်အောက်မှာပေမယ့် ဒေဝီ သူ့ကိုပြောချင်တာမဟုတ်ဘူး၊ မောင် လုပ်နေတာကရော ဘယ်လိုပုံစံဖြစ်နေလဲ မောင် သတိထားမိရဲ့လား”

“ဘာလို့သတိထားနေရမှာလဲ၊ လူမသိသူမသိလှုပ်ရှားနေတာ တစ်ခုမှမပါဘူး”

“သြော်...”

“မင်းပြောချင်နေတာတွေကို ကိုယ် သိတယ်၊ ပြောခဲ့တာတွေလဲ ကိုယ်မှန်နေလို့ငြိမ်နေတာမဟုတ်ဘူး ဒေဝီ၊ မိန်းကလေးနှစ်ယောက်အလယ်မှာ ကိုယ် အနေကျပ်နေတယ်၊ အခြေအနေတွေ သူ့ဟာနဲ့သူရှိခဲ့တာမှန်ပေမယ့် နှစ်ယောက်စလုံးက ကိုယ့်ကြောင့် နစ်နာခဲ့ကြတာ”

“ပင်ပျိုက ကိုယ်ဝန်လွယ်ထားရတော့ ကရုဏာလေးတော့ ပိုတယ် မဟုတ်လား၊ ဝန်ခံပါ မောင်၊ ဒေဝီ က မနာလိုစိတ်နဲ့ ခနဲ့နေတာမဟုတ်ပါဘူး၊ ကြေကွဲတာလေးတော့ ပြောပြခွင့်ပေးပါ”

“ဟုတ်တယ်၊ ဒါပေမယ့် ကိုယ့်ကြောင့် ဒုက္ခရောက်တဲ့သူအဖြစ် သူ့အတွက် ဘာမှပြန်မလုပ်ပေးနိုင်လို့ ကိုယ် စိတ်တွေတွေပြီး ဒီလိုတွေဖြစ်ကုန်တာ၊ မင်း ထင်နေသလိုတော့မဟုတ်ဘူး ဒေဝီ၊ ကိုယ် ယုတ်မာတစ်ယောက် ထပ်မဖြစ်ချင်လို့...”

“ဒါဆို မောင်က ပင်ပျိုအပေါ်မှာ သစ္စာစောင့်သိတော့မယ်လို့ ဆုံးဖြတ်ပြီး ဒေဝီ့ကို မပေါင်းသင်းတော့တာလား”

ကင်းမောင်မောင် က မဖြေ။

“ဒါ..ဒါဖြင့် ဒေဝီက ဘာလဲ မောင်၊ ပြောပြပါ၊ ဒေဝီက ဘာလဲဟင်...”

“ဆောရီး ဒေဝီ၊ ကိုယ် အိမ်ထောင်ရေးတွေ မဆွေးနွေးချင်ဘူး”

“အိမ်ထောင်ရေးကိုတော့ မဆွေးနွေးလို့မရဘူး မောင်၊ မောင့်ဆီက ချစ်တာ၊ မေတ္တာတွေကို ဆုံးဖြတ်ဖို့ အဆင့်တက်ဖို့ ဒေဝီ ဘာအခွင့်အရေးမှ မတောင်းဆိုခဲ့ဘူး၊ ဒါပေမယ့် ဒေဝီ ပေးဆပ်ရမယ်ဆိုရင်တော့ ဖြေသိမ့်မှုရာလေးတစ်ခုခုတော့ ချန်ခဲ့ပေးပါ”

ကင်းမောင်မောင်က စတီယာရင်ကို ဖိဆုပ်ထားရင်း မျက်နှာလွှဲပစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒေဝီ မောင့်ရင်သွေးကို လိုချင်တယ်၊ မောင်နဲ့ ကြည်နူးပျော်ရွှ
မယ်၊ တစ်နာရီ တစ်မိနစ် ဘယ်လောက်ဖြစ်ဖြစ် ဒေဝီ လိုချင်တာ
နောက်ဆုံး မောင် ပြုံးရယ်နေတဲ့မျက်နှာကို တစ်နာရီပြည့်အောင် ကြ
နေခွင့်…"

"ကိုယ့်ရင်ထဲမှာ အဲဒီလိုကဗျာဆန်တာတွေမရှိခဲ့ဘူးထင်တယ်၊
တွေကို မင်းနားလည်ခဲ့တယ်လို့ ကိုယ် ထင်ခဲ့တာ"

"ဒေဝီက ပြိုင်ဘက်ကင်းတဲ့ဆုရှင်ဆိုရင်တော့ ဒီအချိန်မှာ ဒီ နား
လည်မှုတွေနဲ့ ပျော်ရွှင်နိုင်မှာပေါ့၊ ပင်ပျို က ဒေဝီရဲ့ပြိုင်ဘက်မဟုတ်
မယ့် ပထမဆုက သူ့လက်ထဲမှာပါ မောင်၊ တစ်ယောက်တည်းပြိုင်ရ
ေ မောနေတဲ့သူက ဒေဝီရယ်ပါ၊ မပြိုင်ဘဲနဲ့ ဒေဝီ တောင်းပန်ပါတယ်
မောင့်ရဲ့ဥပေက္ခာတွေ တော်ပါတော့"

ဘူး၊ ကင်းမောင်မောင် က ဝင့်သက်ရှိက်လိုက်ပြီး ဟူးခနဲပြန်မချ
ကွင့်ကြည့်သည်။ ပြီးမှ တဖြည်းဖြည်း လေပူထုတ်ပစ်ရင်း…

"မင်း ကလေးယူလို့မဖြစ်ဘူး ဒေဝီ၊ အဲဒါကို စွတ်ရှေ့မတိုးပါနဲ့
ခုချိန်မှာ ကိုယ်က စိုးရိမ်လို့ပြောလဲ မင်း ယုံမှာမဟုတ်ဘူး၊ ဘယ်သူ့မွေးတဲ့
ကလေးဖြစ်ဖြစ် ကိုယ့်ရင်သွေးပါပဲ၊ မင်း တလွဲမတွေးပါနဲ့"

"မတွေးဘူး-မောင်၊ ဒေဝီ့ကို စိတ်ချမ်းသာစေချင်ရင် ဒါတစ်ခုကို
မောင် လိုက်လျောပါ"

ခေါင်းညိတ် ခေါင်းခါ လုပ်လိုက်ရုံနဲ့ အဖြေတစ်ခုထွက်လာနိုင်သည့်
ကိစ္စမဟုတ်ပေ။ ဒါကို အချစ်နဲ့မသက်ဆိုင်ပါဘူးလို့တွက်ပြီး သူမက
ကလေးမွေးဘာသလို ပူနေသည်လား…၊

တကယ်ဆို အချစ်နှင့် နေထိုင်ခြင်းကသာ ညီမျှခြင်း…၊





## အခန်း (၂၂)

ခွန်ပန်းတွေအားလုံးကို ကြိုးထဲမှာသီကုံးပြီးတော့ ကျေနပ်သည့်
တ်နှင့် ပန်းကုံး၏အစွန်းနှစ်ဖက်ကိုကိုင်ပြီး မြှောက်ကြည့်လိုက်စဉ်…

"ကိုကိုလေး…"

ပန်းကုံးက လက်ထဲကနေ ဖြုတ်ခနဲလွတ်ကျသွား၏။ ပင်ပျို ပန်းကုံး
ကို ကမန်းကတန်းပြန်ကောက်၍ ဖြန့်ခင်းထားသည့် ငှက်ပျောဖက်ထဲကို
ထည့်သည်။

"ကိုကိုလေး ဘာ… ဘာခိုင်းမလို့လဲဟင်၊ ဘာခိုင်းစရာရှိလို့လဲ"

"အဲဒီမေးတတ်တဲ့အကျင့်ကို ပြင်စမ်း ပင်ပျို၊ ဒီပန်းတွေကို မနက်
ငါးနာရီကတည်းက ထကောက်ပြီးသီနေတာ ဘာလုပ်ဖို့လဲ"

ပန်းဆိုတော့ ပန်းကုံးရှည်ကြီးတွေကို ပင်ပျို ငုံ့ကြည့်သည်။

"ဟို… ဘုရားတင်ဖို့"

"ပြီးတော့…"

"ကျွန်မ ပန်ဖို့"

"ပြီးတော့ရော…"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကုံးက သုံးကုံးမို့ တစ်ကုံးက ပိုင်ရှင်ကျန်နေသေးသည်။ ထ
မျက်လွှာလေးချထားလျက်

"မမဒေဝီကို ပေးချင်လို့ပါ"

နှစ်ယောက်စလုံး အကြာကြီးတိတ်ကျသွား၏။ မနက်စော
နေရောင်ခြည်က မိုးသားတို့အောက်မှာ ပျောက်ကွယ်နေဆဲပါ။

မိုးရာသီမှာ အမြဲတမ်း မိုးသားတွေပဲရှိတတ်ကာ ရာသီဥတုက အေ
မြ၊ ချမ်းစိမ့်စိမ့်။ ပင်ဖျိုက ဘလောက်စ်အင်္ကျီပါးလေးနှင့် မျက်
သနပ်ခါးအဖွေးသားနှင့်ဖြစ်သည်။

ပြီးတော့ ညက မိုးတစိမ့်စိမ့်နှင့် သုံးနာရီလောက်ထိ ရွာသည်။
မှာ ဖွက်မရှိပေမယ့် မြက်ခင်းတွေပေါ် လျှောက်လိုက်တာနှင့် ခြေထော
တွေ စိုရွှဲကုန်မှာပဲဖြစ်၏။

ကင်းမောင်မောင် အကြည့်တွေ ခြေထောက်ဆီရောက်သွား
ပင်ဖျိုက တွဲလောင်းချထိုင်ထားသည့်ခြေထောက်နှစ်ဖက်ကို ခုံအော
ထဲ သွင်းပစ်၏။

ထို့ပြင် သနပ်ခါးလိမ်းထားသည့်လက်မောင်းတွေပေါ်မှာလ
ရေပေါက်တွေထင်နေကာ လက်နှင့်ဆွဲသပ်လိုက်တာနှင့် ဒီလက်တ
လုံး စိုရွှဲမသွားဘူးတဲ့လား…၊

ခြံထဲမှာ ခရေပင်တွေ ရှိသည်။ ခရေပင်တွေအောက်မှာပဲ ခုံ
တွေ ပတ်ခွေထားတာရှိ၏။ ပင်ဖျိုက ခွန်ပန်းတွေလျှောက်ခူးကာ
လာထိုင်ပြီး အကျအန သီနေတာ နေ့စဉ်ရက်ဆက်။

"တစ်ကိုယ်လုံး စိုရွှဲနေတာပဲ၊ မင်း ဘာတွေလုပ်နေလဲ၊ ကိုယ့်
ကိုယ် သိရဲ့လား"

"မ… မစိုပါဘူး ကိုကိုလေးရဲ့…၊ ဒီရေတွေက ဒီအပင်ပေ
ကျ… ကျ…"





"တော်စမ်း"

နည်းနည်းအော်လိုက်တာနှင့် ပင်ဖျိုကိုယ်လေးက တုန်ခါပါ

"ဒီပန်းတွေ မင်းသီပေးမှ ဘုရားပန်းတင်ဖို့ ရမှာလား" ဟ

"မဟုတ်…"

"အဲဒီပန်း မပန်ရရင် မင်း မနေနိုင်ဘူးလား၊ ကဲ ပြော.."

"ကိုကိုလေးရယ်..၊ ကဲ.. ကျွန်မ…"

"သွား"

ဒေါ်ခင်သူဇာ ဘယ်လိုရောက်လာမှန်း သူတို့မသိလိုက်ဘဲ ခေါ်လိုက်မှ
လှည့်ကြည့်မိ၏။

"သားရယ် သူ့ရဲ့ဝါသနာကို ဘာဖြစ်လို့ တစ်ခုချင်းမေးပြီး အော်
ငေါက်နေရတာလဲကွယ်"

"ဝါသနာပါသလို နေလို့မရဘူး မေမေ၊ သူ့မှာ…"

ကိုယ်ဝန်က ခုနစ်လပြည့်တော့မယ်လို့ပြောစည့်စကားက ရပ်သွား
၏။ မိုးတွေ သဲမဲရွာနေတုန်းပဲ ဒီကောင်မလေး နားသည်၊ ဘယ်အချိန်
ကြည့်ကြည့် ခြံထဲမှာ..၊ ဟိုတစ်ခါ ခေါ်ဆူတော့လည်း မေမေပဲ ဝင်ပါ
ကာ…

"အိမ်အလုပ်တွေ အရင်လိုလုပ်နေတော့ မသင့်တော်ဘူးလေ၊ သူ
လွယ်ထားတာက သားရဲ့ကိုယ်ဝန်မဟုတ်လား၊ အလုပ်တွေမလုပ်ရဘူး
ဆိုတော့ သူ့ခမျာ ပျင်းလို့ဖြစ်မှာပေါ့" တဲ့။

နောက်ပိုင်းမှာ သူ မပြောဘဲကြည့်နေခဲ့တာ ကြာပြီ။

"သူ ကိုယ်ဝန်လရင့်နေပြီ မေမေ၊ သူ့ပုံစံက ကိုယ်ဝန်လွယ်ထားရ
တာကိုတောင် မေ့နေသလားမသိဘူး"

"မဟုတ်ပါဘူး သားရယ်၊ သားက စိုးရိမ်နေလို့ပါ၊ ကဲ.. ကဲ..
ပင်ဖျို သွားတော့၊ အထဲဝင်"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်"

ပင်ပျို့ အပြေးတစ်ပိုင်း ထွက်သွား၏။ မြင်ကွင်းထဲက ပျောက်သွားသည်ထိ မျက်မှောင်ကြုတ်ကြည့်နေသည့် သူ့ကို ဒေါ်ခင်သူဇာက အတင်ငေးရင်း…

"သားရယ် အမြင်အားဖြင့်ဆိုရင် ပင်ပျို့လေးက သနားစရာကောင်းပါတယ်၊ ဒါပေမယ့် ဒေဝီ့ကိုတော့ မမီနိုင်ပါဘူး"

"ဗျာ…"

"ဟုတ်တယ်၊ မိန်းမချင်းမို့ မေမေက သိနေတာ၊ သားက ပင်ပျို့ကို စောင့်ရှောက်နေတာပေမယ့် သား သိထားရမှာက ဒေဝီနဲ့ပင်ပျို့က နေရာလှူနေတာယ်၊ ပြီးတော့ ဒေဝီ မရနိုင်တဲ့နေရာထိ ပင်ပျို့က ယူထားနိုင်ခဲ့တယ်"

"ပင်ပျို့က…"

"သူ လိုချင်ချင်၊ မလိုချင်ချင် ရနေတာကို မေမေ ပြောတာ သားရှိုင်းရှိုင်းနှိုင်းရရင် ကျွဲပါးစောင်းတီးဆိုတာလိုပဲ၊ ကျွဲတစ်ကောင်ဘေးမှာ စောင်းတီးပြနေပေမယ့် စောင်းသံထဲက အနုပညာကို ကျွဲက ဘာမှမခံစားတတ်ဘူး၊ ပင်ပျို့ ကဒီတိုင်းပဲ၊ သူသိနေတာ.. သူ့စိတ်ထဲမှာ စွဲထားတာက တို့အားလုံးက သူ့ရဲ့ကျေးဇူးရှင် အလုပ်ရှင်တွေ၊ သားကို သူ့ရဲ့ ခင်ပွန်းတစ်ယောက်ရဲ့ ခုကာစပြီး နောက် ဘယ်တော့မှသတ်မှတ်ရဲမှာ မဟုတ်သလို သတ်မှတ်ကြည့်ဖို့တောင် သူ ကြိုးစားမှာမဟုတ်ဘူး"

"မေမေ ဘာကိုပြောချင်တာလဲဟင်"

"မသိတတ်တဲ့လူကို ဂရုစိုက်ကြင်နာနေတာထက် သားရဲ့ဂရုစိုက်မှုကို မျှော်လင့်နေရှာတဲ့ ဒေဝီ…"

"ပင်ပျို့ကို ကျွန်တော် ကြင်နာနေတာမဟုတ်ဘူး၊ အဲဒီပုံစံတွေ ဒေဝီ မြင်နေရှာစိုးလို့ ပင်ပျို့နဲ့ တတ်နိုင်သမျှ ရင်မဆိုင်ဘဲနေခဲ့တာလဲ ရှိတယ်၊ ဒါပေမယ့် အတူတူနေကြတာ မေမေ၊ မကြည့်ချင်မြင်လျက် သားဆိုတာ





တွေ့ရှိတယ်၊ ပြီးတော့ သူ လွယ်ထားတာ ကျွန်တော့်ရင်သွေး"

"သားရဲ့ရင်သွေးလေးမို့လို့ မေမေဟာ လိုလေလေးမရှိထားတာပါသားရယ်။ ကျန်းမာရေး၊ လူမှုရေး၊ နေမှုထိုင်မှု အားလုံး မေမေ ဂရုစိုက်တယ်၊ ဒီလကုန်ရင် စပယ်ရှယ်နာ့စ်ခေါ်ထားဖို့လဲ ဒေဝီကိုယ်တိုင် စီစဉ်ပေးထားတယ်"

ဒါကို သူပြောလိုက်လို့ ဒေဝီ ဖျတ်ခနဲကြည့်လိုက်တဲ့ မျက်လုံးဒဏ်ကိုတောင် ရှောင်ခဲ့ရပါသေးသည်။ ခုနေ 'ကျွန်တော် ပြောလိုက်လို့ သူနာပြုငှားဖို့ကိစ္စဖြစ်သွားတာ'လို့များပြောလိုက်လျှင် 'ရက်စက်ပါပေ့သားရယ်'လို့ မေမေ ရင်ဘတ်ထုသွားနိုင်၏။

သူ့ရင်ထဲမှာဖြစ်နေတဲ့စကားတွေကို ဒေါ်ခင်သူဇာ က မသိပါ။ ကင်းမောင်မောင် ငြိမ်သက်နေသည်မို့ ဆက်ပြောနေခဲ့၏။

"ပင်ပျို့ဘေးမှာ သားကိုမြင်လိုက်တာနဲ့ ဒေဝီ ဘယ်လိုခံစားသွားရလဲ၊ ဒေဝီက မျက်နှာကြီးလို့ မေမေက ဒေဝီ့ဘက်က လိုက်ပြောတာ မဟုတ်ဘူး၊ အစကတည်းက ဒေဝီတသာ မေမေတို့အသိအမှတ်ပြုခဲ့တဲ့ သားရဲ့ပွဲတက်မယား.."

"တော်ပါတော့ မေမေ"

"မပြောချင်ဘဲ မေမေ ပြောနေရတာ၊ မစားနာတတ်တဲ့လူကုံထံတချို့သာဆိုရင် ပင်ပျို့ ခုလောက်ဆို ဒီအိမ်မှာတောင်ရှိနေနိုင်မှာမဟုတ်ဘူး"

ကင်းမောင်မောင် ဖျတ်ခနဲကြည့်တော့ ဒေါ်ခင်သူဇာ ခေါင်းခါ၍…

"စကားအဖြစ် ပြောတာပါ၊ ရှိခဲ့တာတွေလေ၊ သူ့အဆင့် သူ့နေရာနဲ့လောက်ထိ အခွင့်အရေးတွေရနေတာ ပင်ပျို့ ကံမဆိုးပါဘူး သားရယ်၊ ပြီးတော့ ဒီမိန်းကလေးက မေမေကိုယ်တိုင် နေရာပေးပြီးချစ်ခဲ့တဲ့ မိန်းကလေး၊ ဒီစကားတွေကို မပြောချင်ပါဘူး"

"မပြောချင်ရင်လဲ မပြောပါနဲ့ မေမေ၊ သူ့ရင်ထဲက ဂုဏ်တော့



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးကိုင်ငြီး ဒီလိုတော်ပြချက်တွေ နောက်ထပ် မထုတ်ပါနဲ့"

"နေဦး သား…"

ဒီအကြောင်းတွေကို မပြောချင်၊ မကြားချင်သလို ရှုံ့တွတွ

ကို ဒေါ်ခင်သူဇာ က သဘောပေါက်ပါသည်။ ထို့ကြောင့်…

"ပင်ပျို က အမြဲကိုယ်ဝန်ဆောင်ထားရမယ့် အရမ်းကို

ကင်းပြီး ပေါ့ပါးနေတယ်၊ မေမေ့စိတ်ထဲမှာ တစ်မျိုးပဲ သားရယ်၊

က ဘာပြောလဲ"

"နှစ်ယောက်စလုံးက ဘာမှမဖြစ်သေးဘူးလို့ပြောကြတာပဲ

ဒါမျိုးက ရှားပါးပေမယ့် ဝမ်းသာစရာပဲတဲ့"

သူ့ရင်ထဲမှာ မှုနေမိတာလည်း အဲဒါကိုပဲဖြစ်၏။ ပင်ပျို နေထိုင်

ကိုယ်ဝန်ကလည်း သိပ်မပေါ်၊ ဗိုက်ဖုံးအင်္ကျီပွပွလေးနှင့် ဘယ်သွား

ဘာလုပ်လုပ် လှုလှုပ်တစ်ယောက်လို ပေါ့ပါးနေ၏။

နေထိုင်မကောင်းဖြစ်လို့၊ ကိုယ့်လက်မအီမသာဖြစ်လို့ ဘာဆို

ခဖြစ်ပေ။ အဝင်းကို စောင့်ရှောက်ပေးဖို့ သူ မှာထားသည်။

ဘာစားချင်လဲ၊ ဘာလုပ်ချင်တယ်ပြောလဲ၊ ဒါတွေကအစ မေမေ့ကို

ဖြစ် သူ့ကိုဖြစ်ဖြစ် ပြောဖို့ပါ။

အဝင်းဆီကလည်း ဘာစကားမှ မကြားရပေ…။

ညနေပိုင်း လမ်းလျှောက်ခိုင်းဖို့ပြောထားတာလည်း အဝင်းနဲ့လျှော

ထွက်လာတာ ခဏပဲဖြစ်ရကာ တော်ကြာ မီးဖိုချောင်ထဲက အသံ

လာလိုက်၊ ဘုရားခန်းရောက်သွားလိုက်။ စိတ်ထဲမှာ ပင်ပျိုအကြောင်း

တွေးရင်း မေမေ့ရှေ့က ထွက်လာခဲ့စဉ်…

"ဟာ…"

"အမေ့"

ဒီတစ်ခါ ခေါင်းငုံ့လျှောက်ရင်း ရှေ့ကိုမကြည့်တဲ့သူက သူ ဖြစ်နေ





ပင်ပျို က ကတ်ထူပုံးကြီးနှစ်ပုံးကို ထပ်လျက်မ်ထားသဖြင့် ရှေ့ကို

မြင်ရတာမဟုတ်တဲ့ သူနဲ့ ပစ်တိုက်မိကာ ပုံးတွေလွတ်ကျကုန်လျက်…

"အား"

"ပင်ပျို…"

"ရ… ရတယ် ကိုကိုလေး"

"ဘာရတာလဲ၊ ဗိုက် ဘာဖြစ်သွားတာလဲ၊ ဖယ်စမ်း"

"ဘာမှမဖြစ်တော့ဘူး၊ ဟင့်အင်း"

"ပင်ပျို"

ပုံးခွံနှစ်ခုကို ရောက်ချင်ရာရောက် လွှဲကန်ပစ်ခဲ့ပြီး ပင်ပျို လှည့်

သွားတဲ့နောက်ကို သူ ခွာလိုက်သည်။

"ပင်ပျို ဘာလို့အတင်းလျှောက်နေတာလဲ၊ ချော်လဲသွားဦးမယ်၊

…"

ကြိုလမ်းလေးထဲမှာပဲ လက်ကိုလည်းဆွဲကာ ရှေ့ကနေ ပိတ်ရပ်

၏။ ပင်ပျိုသည် ဗိုက်မှာကပ်ဖိထားသည့်လက်ကို ဖျတ်ခနဲ ဖယ်ချ

ရှုံ့မဲ့မဲ့မျက်နှာလေးကို အတင်းကြီး ပြင်ဆင်၏။

"ကတ်ထူပုံးနဲ့ဖိလိုက်မိလို့ပါ၊ ဘာမှမဖြစ်တော့ဘူး"

"ဖြစ်တာမဖြစ်တာကို စမ်းကြည့်မှသိမယ်၊ လာ… လိုက်ခဲ့"

OG ကိုဖုန်းဆက်ခြင်း၊ စစ်ဆေးခြင်းများနှင့် ဒအားလုံး အလုပ်ရှုပ်

ကြ၏။ ပင်ပျိုသည် ရှုပ်ယှက်ခတ်နေစဉ်က ဒေါ်ခင်သူဇာနှင့်ဒေဝ

တွေကို အလန့်တကြားကြည့်နေခဲ့ပြီး စမ်းသပ်စစ်ဆေးနေတုန်း

တ်ထားခဲ့သည့်မျက်လုံးတွေကို ဆရာဝန် ပြန်သွားတဲ့အထိ မဖွင့်

ပေ။

"ပင်ပျို"

"ဟင်… ကို… ကိုကိုလေး…၊ ပင်ပျို… ပင်ပျို ကောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



လက်ခုံနုနုလေးကို ဖိဆုပ်ထားမှန်းသိလိုက်လျှင် ပင်ပျို့ မျက်လုံးပြူးသွား၏။ ပြီးတော့ တစ်ခန်းလုံးမှာ ကိုကိုလေးနဲ့ သူမ နှစ်ယောက်တည်း။

ထို့ကြောင့် အိပ်ရာပေါ်ကနေ အတင်းကျုံးရုန်းထကာ…

"မမဝင်း… မမဝင်းရောဟင်"

"ဟော… လာပြီ… အဲ…"

အဝင်း က အသံပေးရင်းဝင်လာကာ ကင်းမောင်မောင်ကို မြင်လိုက်တော့ တုံ့ခနဲဖြစ်သွား၏။

"မမဝင်း ပျို့လေ… ကျွန်မ ရေ… ရေသောက်ချင်လို့"

"သြော်… အင်း… အင်း"

ဒေါသ ထောင်းခနဲဖြစ်သွားပေမယ့် ကင်းမောင်မောင် သက်ပြင်းရှိုက်မိ၏။ ပင်ပျို့ကို အားပေးချင်တာပါ၊ ကိုယ်ဟာ ခင်ပွန်းကောင်းတစ်ယောက်နေရာကနေ ပင်ပျို့ကို နွေးထွေးစွာ မဆက်ဆံခဲ့ဖူးပေ။

ရင်စိုက်ကြည့်နေတာပေမယ့် ဆူမိခေါက်မိတာတွေပဲရှိသည်။ မမြင်ကွယ်ရာကနေ စောင့်ကြည့်တာတွေလည်း သူမ မသိနိုင်။

ဘယ်လိုအခြေအနေတွေပဲရှိပါစေ သူမဘက်က တောင့်တာသည်ဖြစ်စေ၊ မတောင့်တာဖြစ်စေ ကိုယ့်ဘက်က ဒီလို နွေးထွေးမှုရှိခဲ့တာကိုဖြစ်စေချင်သည်။

ဖြစ်သင့်သည်လို့လည်း ထင်၏။ ဒါပေမယ့် ပင်ပျို့ဟာ တခြားမိန်းကလေးတွေနဲ့တူတာမဟုတ်၊ နားလည်မှုပဲကြိုးစားရင်း ဖွံ့ရာမှ ထ,ရပ်လိုက်မိသည်။

ရုပ်မိပြီးမှ ပြန်ငုံ့ကြည့်လိုက်တော့ ပင်ပျို့ က မျက်လုံးပြူးလေးနဲ့ ကြည့်နေရာကနေ မရယ်ချင်ဘဲ ချက်ချင်းရယ်ပစ်လိုက်သည့် မျက်နှာလေးနှင့်…

"တကယ် ကောင်းသွားပြီ၊ မှောတော့ဘူး"





"ကောင်းပေမယ့် ထိုင်နေဦး"

"ဟုတ်"

"လုံးဝ ထွက်မလာနဲ့"

"ဟုတ်ကဲ့ ကိုကိုလေး"

"ဒီမှာ ရော့… သောက်"

"ဟင်…"

ဘေးမှာ ရေတစ်ဝက်နှင့်သောက်ရေခွက်လေးကိုငုံ့ယူပြီး လက်ထဲထည့်ပေးလိုက်တော့ ပင်ပျို့ မျက်လုံးလေးဝိုင်းသွားပြန်၏။

ဟုတ်သည်၊ အခန်းထဲကို ကိုကိုလေး တွဲပို့ကတည်းက အဝင်း တစ်ခါတည်းပါလာအောင် ရေခပ်ခဲ့ပေးပါလို့ ပြောခဲ့လို့ အဝင်း ရေခွက်လေးနဲ့ပါလာတာ။

ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလို ခေါင်းနားပမ်းကြီးသွားပေမယ့် ကင်းမောင်မောင်က 'ဟွန့်ခနဲ' အသံထွက်အောင် မဲ့သည်။ ပြီးတော့ ဟိုဘက်လှည့်သွားရင်း ပြုံး၏။

သူ့ရင်ထဲမှာ ဖြုတ်ခနဲကြွေဆင်းပျော်ဝင်သွားခဲ့သော ကြည်နူးခြင်းက ဘာနဲ့မှမတူ။ ထို့ပြင် နှုတ်ခမ်းလေး ဖိဖိတ်လိုက်တာကအစ ပေါ်သော ဝိုင်းစက်လှပသည့်ပါးချိုင့်လေးနှစ်ဖက်နှင့် မျက်နှာလေးက စိတ်မျက်ဝန်းထဲမှာ ဓာတ်ပုံရိုက်ယူလိုက်သလို ပါလာသည်။ သူ့ရင်ဘတ်ထဲက ရင်ခုန်သံတွေကို သူ ပြန်ကြားနေရသလိုပင်။

ရင်ခုန်သံကို တွေးမိလာတော့ ဒေဝီ မျက်နှာလေး ပေါ်လာ၏။

သေချာနေတာက ရင်ခုန်သံတွေကိုကြားလာရတိုင်း ဒီရင်ခုန်သံတွေက သူမနှင့် မသက်ဆိုင်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"မောင် မအိပ်သေးဘူးလား၊ ဒေဝီတောင် တစ်ရေးနိုးလာတာ"

"အိပ်တော့မယ်၊ စာဖတ်ပြီးအိပ်မလို့ဟာ.. မျက်လုံးကျယ်သွားတာနဲ့..."

သူ ထရပ်လိုက်တော့ ဒေဝီက ဖယ်ပေးသည်။

"သွားငြိမ်းအိပ်လေ၊ မျက်လုံးကျယ်သွားရင် ဒီတိုင်း မိုးလင်းသွားလိမ့်မယ်"

"အင်းပါ၊ မောင်ရော.."

"ရေအိမ် ခဏဝင်ပြီး အိပ်မယ်"

သူ ၎င်းကိုကြည့်လိုက်တော့ တစ်နာရီခွဲတော့မည်ဖြစ်၏။ ညတိုင်းလိုလို အိပ်မ ရဖြစ်နေတာ ကြာပြီ။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေလဲဆိုတာ သိပေမယ့် ဒီ့ထက်သေချာဖို့ အဖြေမရှာချင်။

အိပ်ခန်းရှေ့ရောက်တော့ ရေချိုးခန်း ခြေလှမ်းတွေက နှေးကွေးနေလျက်...၊ ရေချိုးခန်းရှေ့ကဖြတ်တော့ အထဲက ရေကျနေသံကို ကြားနေရသဖြင့် သူ နေရာမှာပဲ ရပ်ပစ်လိုက်၏။

နံ ဖွင့်နေတုန်းမှာ ရေသံရပ်သွား၏။ တံခါးက လက်နှစ်လုံးလောက်





နေသဖြင့် အထဲမှာ ရေချိုးနေတာ မဟုတ်နိုင်၊ ဒီအချိန် အိပ်ရာထပြီး မျက်နှာသစ်မယ့်လူလည်း မရှိ။

သိချင်စိတ်နှင့် သူ တံခါးကို တွန်းဖွင့်လိုက်၏။

"ဟင်..."

ပင်ဖြူ က ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားလျက် ဘယ်တော့မှ ဆုတ်အင်္ကျီမဝတ်တတ်သည့် သူမကိုယ်ပေါ်မှာ ဝတ်နေကျ ဘလောက်စ်လေးနဲ့ပဲဖြစ်၏။ ဒါပေမယ့် အင်္ကျီက ထဘီအဖြူပွင့်ပေါ်မှာ နက်မှောင်နေကာ မဟူရာရောင်ဆံနွယ်ရှည်တွေ ဖြန့်ချထားသဖြင့် ဖွေးနုသည့် မျက်နှာလေးနှင့် ရင်ဘတ်နုနုလေးကပဲ ထင်းနေသည်။

ပြီးတော့ သူမက မျက်နှာသစ်နေတာဖြစ်သည်။ သနပ်ခါးထူထူ ရှိတော့သော ပါးပြင်ဝင်းဝင်းလေးတွေက မှတ်နေ၏။ ရေသပ်ချရင်း ခဏ ဖိပွတ်နေသောကြောင့် နှာသီးဖျားလေးတွေနဲ့ နှုတ်ခမ်းသားလေးတွေမှာလည်း စိုရွှဲနေတော့သည်။

သူ ရပ်ကြည့်နေတာကိုမမြင်ဘဲ ပင်ဖြူ လွှတ်လွှတ်လပ်လပ်လေး နေတာကို အသံပေးဖို့ မေ့လျော့ကာ ဒီတိုင်းပဲ ဆက်ကြည့်နေမိသည်။

ပင်ဖြူသည် သေးကို တစ်ချက်မှ ငုံ့မကြည့်ဘဲ ရင်ဘတ်ရှေ့ကျလာသည့်ဆံပင်တွေကို ကျောနောက်ပို့ပစ်ကာ သူမ၏ဗိုက်ပူပူလေးကို ခုမှ ပင်ဖူးသလို ပွတ်သပ်ငုံ့ကြည့်၏။ ပြီးတော့ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်ကျလာကြသည်။ ချက် ချင်း သုတ်ပစ်ပြီး မျက်နှာသစ်ချပြန်၏။

ခုမှ ဒီလိုပဲငိုနေပြီး ဒီတိုင်းလုပ်နေခဲ့တာ တစ်ညလုံးလား..!

"ပင်ဖြူ"

"ရှင်.. ဟင်..."

ကိုကိုလေးဟုခေါ်သံကျတော့ ပျောက်ကွယ်သွားခဲ့ပြီး ထွက်ပြေးဖို့ ခြေလှမ်းပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး"

"ကိုကိုလေး.. ကျွန်မ..."

"ဒီအချိန်ကြီး ဘာအလုပ်ကိုအကြောင်းပြမလို့လဲ၊ မင်း အိပ် ဒီထဲ ရောက်နေတာမဟုတ်လား"

"ဟိုလေ.. ဟို ကျွန်မ သွားပါရစေ"

"ငါ စကားပြောစရာရှိလို့..."

"မနက်ကျမှပြောပါ ကိုကိုလေးရယ်၊ တစ်ယောက်ယောက် သွားရင် ဟို..."

"မင်းက ငါ့ကို ပြန်သင်ပေးနေတာလား"

"ဟင့်အင်း"

ကင်းမောင်မောင် မျက်နှာတင်းသွားသည်နှင့် ပင်ပျို လက်နှ စုံချကာ ခေါင်းငုံ့ပြီးသား ဖြစ်သွားခဲ့၏။

"ဘာဖြစ်လို့ ငိုနေတာလဲ"

"ကျွန်မ ငိုချင်လို့ပါ"

မသိလျှင် အရွဲ့တိုက်ဖြေသည်နှင့်တူ၏။ ကင်းမောင်မောင် နားလည်ပါသည်။ ရေစိုနေသည့် နဖူးဆံစပ်လေးတွေကို စိုက်ကြည့် ပြီးမှ မျက်နှာ လွှဲပစ်ရသည်။ ပြီးတော့ လက်နှစ်ဖက်ကို ဘောင်းဘီ တွေထဲ ထည့်လိုက်ရင်း...

"မင်း ဖြစ်ချင်တာပြော..၊ လိုချင်တာ.."

'ဘယ်ဟာမှမလိုချင်ပါဘူး' လို့ပြောချလိုက်တော့မှာတွေးမိကာ ကို ရှေ့မဆက်ဘဲရပ်လိုက်၏။

"မင်းအတွက် မင်း အပေါ်မှာ မှားခဲ့တဲ့ ငါက..."

"ကိုကိုလေး မမှားပါဘူး၊ ကျွန်မ မှားတာ"

"ဘာ"





ဒါကျတော့ ရွံ့နေတာလားဟုတွေးလိုက်မိသည်။ ပင်ပျို က မျက်ရည် ဖြည့်လျှမ်းသည့်မျက်ဝန်းတွေနှင့်မော့ကြည့်ပြီးမှ ပြန်ငုံ့ပစ်ကာ...

"ကျွန်မအဖေက ဆုံးမဖူးပါတယ်၊ ဒီ.. ဒီလိုပြဿနာမျိုးမှာ မိန်း ကလေးကမပါရင် ဘာမှမဖြစ်ဘူးတဲ့၊ ရပ်ထဲရွာထဲမှာ ဆိတ်ကွယ်ရာဆို တာ ရှားပါးတယ်တဲ့၊ ဘာဖြစ်ဖြစ် မိန်းကလေးက အနေအထိုင်ဆင်ခြင် ရမှာတဲ့..၊ အဲ.. အဲဒီညကလဲ ဘာဘ ရှိနေပါတယ်၊ ကျွန်မ အော်လိုက် ရင် ဘာဘ ဘယ်လိုမှ ကြည့်နေမှာမဟုတ်ဘူး"

"ဒါဆို ဘာ့ဖြစ်လို့ မအော်တာလဲ"

ပင်ပျို ဖျတ်ခနဲမော့ကြည့်၏။ ကင်းမောင်မောင် စိုက်ကြည့်နေ တော့ ပြန်ငုံ့သွားကာ...

"ကိုကိုလေးကို ကြောက်လို့..."

ကင်းမောင်မောင် အံကြိတ်လိုက်မိသည်။ မနေတတ်သလို မျက်နှာ လွှဲထားရင်းမှ...

"အဲဒီလိုအကြောင်းအမျိုးမျိုးနဲ့ အရှုံးပေးလိုက်ရတဲ့ မိန်းကလေး တွေ အများကြီးရှိမှာပါ၊ မင်းက မင်းကိုယ်မင်း အပြစ်တွေပုံချပြီး ဖြေ နိုင်အောင်ကြိုးစားတယ်၊ အဲဒါ ရလို့လား"

ပင်ပျို ငြိမ်နေ၏။ သူ ရှေ့တစ်လှမ်းတိုးလိုက်တော့ လန့်သွားသလို မော့ကြည့်သည်။ နောက်ထပ် ခြေလှမ်းများနှင့် သူမရှေ့ကိုရောက်လာ တော့ ပင်ပျို လက်လေးနှစ်ဖက်ပိုက်လိုက်ပြီး ခေါင်းငုံ့ထားတာ ဇက်ကျိုး တော့မတတ်...။

"ပင်ပျို.."

"ရှင်"

"မှားခဲ့တာက ငါပါ၊ ကလေးအပေါ်မှာ တာဝန်အရှိဆုံးပါလဲ သူ့ရဲ့အဖေပဲ၊ မင်းမှားခဲ့တာ ဘာမှမရှိဘူး၊ ငါ့ကိုပဲ တာဝန်တွေပေးစေချင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းတို့သားအမိ တစ်သက်လုံး စိတ်မကောင်း ဖြစ်မနေအောင် ငါ ကာ
မယ်၊ တစ်သက်လုံးအတွက် ယုံပါ၊ မင်းရဲ့အရှင်သခင်အနေနဲ့ ကြေ
နေတာတွေကိုဖယ်ပြီး ကလေးရဲ့အဖေတစ်ယောက်လို့ပဲမြင်၊ လိုအပ်
မှန်သမျှ ငါ့ကိုပြော၊ မွှင့်လင်းတာကို ငါ လိုချင်တယ် ပင်ပျို၊
ကြောက်နေတာတွေ ထားခဲ့လိုက်တော့''

''ဟင့်အင်း''

ခေါင်းခါငြင်းဆန်လိုက်ပြီး ပင်ပျို ဘာမှဆက်မပြောတော့ပါ။
တော့လည်း ပြောဆိုခြင်း၊ လှုပ်ရှားခြင်း ကင်းမဲ့စွာ ဒီတိုင်း အကြ
ရပ်နေပေး၏။

ကင်းမောင်မောင် စိုက်ကြည့်နေရင်း စိတ်ထဲမှာ မချင့်မရဲဖြ
ကာ ပင်ပျို ပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲ ဖိဆုပ်ပစ်လိုက်၏။

ထို့နောက် ရေစိုစိမ်းမြနေသည့် နှုတ်ခမ်းစပ်လေးကို နမ်းမလို့ မျက်
ငုံ့ကျလာပြီးမှ...

''ကျွတ်''

အသိတရားက 'မလုပ်နဲ့'ဟုအော်ဟစ်တားဆီးနေခဲ့၏။ သူ
ကို ကတိပေးခဲ့ပြီးပြီ။

''သွားတော့''

ပင်ပျိုသည် အကျဉ်းအကျပ်ကနေ လွတ်မြောက်သွားသလို
ရေ့ကနေ ချက်ချင်းပျောက်ကွယ်သွားလေသည်။ ကျန်ရစ်ခဲ့သည့်
ရင်ဘတ်ထဲမှာတော့ မပြီးနိုင်။

ဘဝဆက်တိုင်း စိတ်နဲ့ကိုယ် တွဲလျက် ရှင်သန်ခွင့်မရသောအဖြ
ဆိုးမှ ကင်းဝေးရပါလို၏။





## အခန်း (၂၄)

အချိန်ရာသီတွေ ဘယ်လိုပဲ ပြောင်းရွှေ့ခဲ့ပါစေ ပင်ပျိုသည် သမီး
ကြီးကို ရှောင်ရှားရင်း နောက်ဖေးစတိုဆောင်လေးမှာ တစ်ယောက်တည်း
ပျော်မွေ့စွာရှိနေဆဲဖြစ်သလို...

သမီးကြီး ကေသာ သည်လည်း အလယ်တန်းကျောင်းသူအရွယ်
ရောက်လာတဲ့အထိ 'မေပျို'လို့ခေါ်ပြီဆို တင်းပြီးသားမျက်နှာက ထူး
ခြားပျော့ပျောင်းသွားခဲ့တာမရှိ။

ကလေးအမြွှာနှစ်ယောက်မှာ အမေနှစ်ယောက်ဖြစ်လာတော့
ဖြူသနားက ရှိလာသည်။ ပင်ပျို ကတော့ ဘယ်တုန်းကမှ နေရာယူဖို့
ကြိုးစားခဲ့သူပါ။

''သမီးလေးတွေကို ကျွန်မပဲ ထိန်းပါရစေ၊ အမေလို့ လုံးဝ မသိစေ
ရပါဘူး၊ တကယ်ပါ၊ ကျွန်မကို ယုံပါ၊ ကလေးတွေကိုတော့ ထိန်းခွင့်ပေး
ပါ မမဒေဝီရယ်.. နော်..''

ကလေးတွေကို နိုတိုက်ခွင့်တော့မပြုနိုင်ဆိုသည့်စကားကို
ပြောခဲ့တုန်းကလည်း အထက်စီးကနေ အာဏာပြနေတာမျိုး
''ပင်ပျိုက မွေးတဲ့အမေ ဆိုပေမယ့် တို့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖီးလ်ကို လိုချင်တယ်၊ ကိုယ့်ရင်သွေးလေးတွေလို မွေးမြူချင်လို့ပါ
နို့ဘူးပဲ တိုက်မယ်နော်"

လို့ ချော့မော့တောင်းပန်တာမျိုး၊ နောက်ဆုံးမှာ ဒေဝီ့ကို 'မေမေ' ဟု ခေါ်စေခဲ့ပြီး ပင်ပျို့ကိုတော့ ဘယ်လိုခေါ်လို့မသတ်မှတ်ရက်ခဲ့ဘဲ မေပျို ဟု အဝင်းက မကြာခဏသုံးခဲ့သဖြင့် မေပျို လို့ တွင်ခဲ့ခြင်းဖြစ်၏။

"မီးငယ်လေးရေ.. ဟိုမှာ မေပျို လာနေပြီ၊ အင်္ကျီလေးချုပ်လာ တာ ကြည့်စမ်း၊ လှလိုက်တာ"

"မီးမီးတို့ရဲ့မေပျို က ပုံပြင်ပြောပြမယ်တဲ့"

စသဖြင့် အဝင်း က စပြီး ဤသို့ခေါ်ပြခဲ့တာဖြစ်သည်။ ပြီးတော့...

"မေပျို ဆိုတာလေးက နာမည်နဲ့လဲဆင်တယ်၊ မေမေထဲက တစ်လုံးလဲပါတယ်၊ နင်လဲ အမေပဲ ပင်ပျို၊ မေပျိုလို့တော့ ခေါ်ပါစေ ဟာ၊ မမဒေဝီကလဲ ကျေနပ်လို့ပြုံးနေတာပေါ့"

နှစ်ယောက်တည်းပြောနေကြတာကိုလည်း ဒေါ်ခင်သူဇာ က ကြား ခဲ့တာရှိ၏။ ထို့ကြောင့် မေပျို ဟု တွင်ခဲ့ခြင်းမှာ ကလေးနှစ်ယောက်စလုံး ကလည်း ချစ်ခဲ့ကြသည်။

သူတို့လေးတွေအမြင်မှာ ပင်ပျို က ကလေးထိန်းပေမယ့် သိုးမွေး ခြေစွပ်၊ ဦးထုပ်လှလှလေးတွေထိုးပြတတ်သည်၊ ဂါဝန်လှလှလေးတွေ လည်း ချုပ်ပေး၏။

ပင်ပျို က သိုးမွေးရော စက်ချုပ်ရော အားလုံး ရနေသဖြင့် ကလေး ဝီဝီ လိုချင်တာရနေသည့်သူကို ချစ်နေကြတာမျိုး...၊ ဒီထဲမှာ ပန်းကြိုက် တာချင်းတူသည့် အငယ်မ မျက်ဝန်း က ပင်ပျို နဲ့ ပို၍ အနီးကပ်ကြီးပြင်း ခဲ့တာဆိုလျှင် မမှားပေ။

ကင်းမောင်မောင်၏ ဒိုင်ယာရီနှင့် ပန္နည်းဟောင်းလေးတွေကို မဖတ် ရမီအထိ ကေသာ ကလည်း ပင်ပျို့ကို ချစ်ပါသည်။ နေ့လယ်ခင်းဖြစ်ဖြစ်





ဘက် စာကြည့်ချိန်မှာဖြစ်ဖြစ် မုန့်ပဲသရေစာတစ်ခုခုစားချင်ပြီဆို အဝင်း ပ်ပေးလည်းမရ၊ ဘယ်သူလုပ်ပေးတာဖြစ်ဖြစ် မကြိုက်တတ် ဘဲ ပျို့ကို အနားမရောက်ရောက်အောင်ခေါ်သည်။

မုန့်လုပ်ပေးပြီးလည်း ပြန်သွားတာ မကြိုက်။

"မေပျို က နောက်ဖေးကအိမ်ထဲမှာ ဘာဖြစ်လို့ပျော်နေတာလဲ၊ ါဒေါ်ဝင်းနဲ့အတူအိပ်တာဆိုပြီး ဟုတ်လည်းမဟုတ်ဘဲနဲ့၊ ဒေါ်ဒေါ်ဝင်း အိမ်ပေါ်မှာပဲအိပ်တာ"

ဆိုသည့် မေးခွန်းမျိုးတွလည်း မေး၏။

"မေပျို ကေသာနဲ့ လာအိပ်ပါလား၊ မေပျို့ကိုယ်က အမြဲတမ်း းနံ့လေးသင်းနေတော့ ကေသာ ဖက်အိပ်ချင်တယ်"

ဟု တောင်းဆိုခဲ့တာလည်း ရှိခဲ့ဖူးသည်။ ထိုအခါ ခေါင်းခါငြင်းဆန် း ပင်ပျို ကွယ်ရာမှာ မျက်ရည်ကျရှာသည်။ ဒါတွေဟာ ဘာမှမသိခဲ့ ဘဲ အေးချမ်းစွာဖြတ်သန်းခဲ့ကြတဲ့ ကာလ...၊

ဒိုင်ယာရီကိုဖတ်ခဲ့ပြီးသည့်နောက်မှာ ပြောင်းလဲသွားသည့် ကေသာ့ ကြ ဘယ်သူမှမယုံနိုင်၊ အံ့သြလောက်ပေသည်။

"ကေသာ့ရဲ့အဖေက အထူးကုသမားတော်ကြီး ဒေါက်တာ ဦးမောင် ာင်၊ မေမေ ဒေါက်တာဒေဝီခင်..၊ အဲဒါပဲ.. နောက်ထပ် ဘာကိုမှ သိအမှတ်မပြုဘူး၊ မလိုချင်ဘူး"

"မေမေ့ကို မကြင်နာခဲ့တဲ့ ဖေဖေ့ကိုလဲ ကေသာ နားမလည်ဘူး၊ လောက်ကွာခြားနေတဲ့ မိန်းမနှစ်ယောက်ကို မေမေ့ကိုထားပြီး မေပျို မိန်းမကိုမှ..."

ထိုစဉ်က မရိုက်ရက်ခဲ့သော သမီးကြီးရဲ့ကိုယ်ကို ဒေါသဖြစ်ဖြစ်နှင့် ိုင်ပေါက်ပစ်ခဲ့မိသေးသည်။ ကေသာ့ထံမှ လတ်ဆတ်သောအမုန်း သို့မှ စခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ ပြောတတ်လာတာက 'ဖေဖေ့ကို မုန်းတယ်' ဟု…

"ဘာမှမဟုတ်ဘူး၊ သမီးတို့ကို မခွဲနိုင်လို့ နေနေတာမဟုတ်…
ဖေဖေ့ကိုပြန်လိုချင်လို့၊ မေမေက ရောဂါသည်မှန်းသိလို့၊ တစ်နေ့နေ့…

မကြားရဲတဲ့သူက အော်ငေါက်ပစ်ရသည်။ ဘွားအဖြစ်သည့် ဒေါ်ခင်သူဇာမှာ မှဆိုးမဖြစ်ပေမယ့် ဒီသား၊ ဒီမြေးတွေနဲ့ပဲ စိတ်ဆင်း… ချမ်းသာရနှင့် ရှုပ်ထွေးခြင်းများစွာမှာ ချာလပတ်လည်နေခဲ့၏။

တကယ်တမ်း လူငယ်တွေမသိသည့်အဖြစ်တစ်ခုဟာ ဒေဝီသည် ကေသာတို့နှစ်ယောက် မွေးပြီးပြီးချင်း ကိုယ်ဝန်ရခဲ့ပေမယ့် ကိုယ်ဝန်… တာရော၊ ပျက်ကျခဲ့တာတွေရော ဘာမှ လူမသိခဲ့ဘဲ နေမကောင်း… ဆေးရုံတက်ရသည်ဟုသာ…၊

"မေမေက နှလုံးရောဂါရှိတယ်၊ အဲဒါကြောင့်…"

ကေသာကလည်း ပင်ပို့ကိုစွပ်စွဲတိုင်း ဒါကိုပဲ ခေါင်းစဉ်တပ်… ပင်ပို့ကိုယ်တိုင် ဒေဝီမှာ နှလုံးရောဂါကြောင့် ကိုယ်ဝန်ဆောင်လို့မရ… တွေ၊ ကိုယ်ဝန်ဆောင်ခဲ့ပေမယ့် ပျက်စီးခဲ့ရတာတွေ ဘာဆိုဘာမှမသိ… ခဲ့ပေ။

ဒါဟာ ဒေါ်ခင်သူဇာနှင့် ကင်းမောင်မောင်တို့သုံးယောက်ပဲ သိကြ… သည့်ကိစ္စတွေဖြစ်၏။ ပင်ပို့ ဘယ်တုန်းကစပြီး ဘယ်လောက်ထိ သည်… ခွင့်လွှတ်နေခဲ့သလဲဆိုတာကို မသိသော ကေသာ့ဘက်က ရိုင်းစိုင်းမှု… လည်း ပြောမကုန်နိုင်။

သားအဖသုံးယောက်၏အခြေအနေက ဒေဝီ ဆုံးသွားတော့မှ ပိုဆိုးလာသလိုပင်။ ရိုက်နှက်ဆုံးမဖြစ်တော့ ကိုယ်က ပင်ပို့ကို လိုချင်… လို့ဖြစ်သွား၏။ မဆုံးမဘဲနေလိုက်သည်နှင့် ကေသာ က မိုက်ရိုင်းရုံမက… ဘဲ စိန်ခေါ်သလိုစကားမျိုးတွေပါလာခဲ့သည်။

"လုပ်မနေနဲ့ မျက်ဝန်း၊ နှင် မျက်ဝန်း နော်၊ ငါက ကေသာ…





လှတာကာ ရဲ့ခေါင်းပေါ်က ကေသာ၊ ငါ့ဘဝက အမြဲတမ်းမြင့်နေရမယ်၊ ငါ့မေမေ က ကိုယ့်အိမ်ကအလုပ်သမား ဘယ်တော့မှမဖြစ်စေရဘူး၊ ဒါ ငါ့ဘဝ အတွက် သန္နိဋ္ဌာန်"

ကြားရတဲ့စကားတွေက နားမချမ်းသာ၊ သူ့မှာ အဖေ တစ်ယောက်၏ဆုံးမပဲ့ပြင်နိုင်ခြင်း၊ အခွင့်အာဏာတွေ ဘာမှမရှိခဲ့သည့်နောက်…၊

"သား… သားငယ်"

"ဖေဖေ"

"ဟင်"

ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးနေသည်။ လေးလံကိုက်ခဲနေသည့် ခေါင်းကို ထူမတ်လိုက်တော့ မျက်လုံးထဲမှာ ပုလင်းတွေ၊ ဖန်ခွက်တွေ၊ ပြီးတော့ အမြည်းပန်းကန်တွေနှင့် တကယ့်အရက်ဝိုင်း…၊

ဝိုင်း ဆိုပေမယ့် သူတစ်ယောက်တည်း တစ်ညလုံး နွှဲခဲ့တာဖြစ်၏။

"အား… ကျွတ် ကျွတ်"

"ဖေဖေ… ဖေဖေကလဲ ဘာဖြစ်လို့ အိပ်ရာမဝင်ဘဲ ဒီမှာ နေရတာလဲ"

မျက်ဝန်း က ငိုချင်နေသည့်အသံလေးနှင့်ပြောရင်း ဖအေဖြစ်သူကို ဆွဲထူပေးသည်။ ရှုပ်ပွနေသည့်အကျီအဝတ်အစားတို့ကို ပြုပြင်ပေးရင်း…

"ဖေဖေ ခေါင်းတွေကိုက်နေလားဟင်၊ ဘွားဘွား ဖေဖေ့အတွက် မျက်ဝန်းတို့ ဘာလုပ်ပေးရမလဲ၊ လုပ်ပါဦး"

"အေးပါ မြေးရယ်၊ ဘွားဘွား သွားလုပ်လိုက်မယ်၊ မြေးဖေဖေကို မျက်နှာသစ်၊ ရေမိုးချိုးဖို့ လုပ်ပေးလိုက်နော်"

"ဟုတ်"

ဒေါ်ခင်သူဇာ ထွက်သွားတော့ ကင်းမောင်မောင် က သူ့ဘာသာ ထ,ရပ်လိုက်ကာ…

"ရတယ် သမီးငယ်၊ သွား သွား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကရရမှာလဲ ဖေဖေကလဲ၊ ခေါင်းတွေကိုက်နေတယ်မဟုတ်လား၊ ခဏထိုင်နေပါ ဖေဖေရဲ့"

"ရပါတယ် သမီးရယ်၊ ဖေဖေ ခုလို အရက်သောက်နေရင် ဖေဖေ့ဆီမလာနဲ့နော်၊ မိဘက ဒီလိုပုံစံဖြစ်ပျက်နေတာ သားသမီးကို မမြင်စေချင်ဘူး"

"ဖေဖေရယ် မသင့်တော်တာကိုသိနေသားနဲ့ မသောက်ပါနဲ့တော့နော်၊ မေမေ ဆုံးသွားကတည်းက ဖေဖေ ခဏခဏသောက်နေတာ ကိုယ်တိုင် ဆရာဝန်ကြီးလုပ်နေပြီးတော့…"

မျက်ဝန်း သည် ဖအေကို ဒီ့ထက်လည်း မပြောရဲပါ။ ဘေးကနေ လက်ကိုဆွဲလိုက်လာရင်း လူကြီးလေသံလေးနှင့် တတ်သလောက် မှတ်သလောက်လေးကို တတွတ်တွတ်ပြောနေ၏။

"ဖေဖေ ဘာရိုက်ဖတ်စ်စားနိုင်လားဟင်၊ အခန်းထဲကို ပို့ပေးရမလား"

"ဖေဖေ ဘာမှမဖြစ်ဘူး သမီး၊ ရေချိုးပြီးထွက်ခဲ့မယ်၊ သမီး ဘွားဘွားကို သွားကူလိုက်"

"ဟုတ်"

ခုတိုင်းဆို မနက် လက်ဖက်ရည်ဝိုင်းမှာ တစ်ဦးချင်းစီရဲ့အကြိုက် အားလုံး ပြင်ဆင်ပြီးသား အဆင်သင့်။ ဒေဇီ ဆုံးသွားပြီးကာမှ ကေသာ ပြောဆိုထားတာတွေကြောင့် ပင်ပျို က ရောက်မလာတော့ပေ။

ဒါတောင် မိုးမလင်းခင် နောက်ဖေးတံခါးကနေဝင်လာပြီး ချက်ပြုတ်စီစဉ်ပေးပါသေးသည်။ ကေသာ က တမင်စောင့်ပြီး ပြောခဲ့တော့မှ…

"ကေသာ ပြောတာတွေက စွပ်စွဲတာပါဆိုရင် အိမ်ပေါ်မှာ လူမစုံတဲ့အချိန် မေပျို မလာပါနဲ့၊ ဖေဖေနဲ့ နှစ်ယောက်တည်းတွေ့ပြီး တောင်းဆိုဖို့တွေ၊ သနားခံဖို့တွေ မလုပ်ဘူးဆိုရင်ပေါ့…"





ထိုစကားပြောတော့ အဝင်း ရှေ့မှာပါ၊ ဟိုအရင် အစကတည်းက အကြောင်းတွေကိုသိထားခဲ့သဖြင့် အဝင်း ဘယ်လိုမှ စိတ်မကောင်းနိုင်ဘဲ ဒေါ်ခင်သူဇာကို ပြန်ပြောပြမိသည်။

"ကျွန်မက ကြားသုံးကြားဝင်တာမဟုတ်ပါဘူး မေမေကြီးရယ်၊ အလေး ငရဲကြီးမှာစိုးလို့ပါ"

ကေသာနဲ့လူကြီးတွေကြားမှာ မပြေလည်မှုတွေနည်းပါး၊အောင် ဘယ်လိုပဲထိန်းချုပ်ထားကြပါစေ ညီအစ်မနှစ်ယောက် စကားများကြပြီဆို အားလုံး ဘယ်သူမှမကြားဘဲမနေ။

ထို့ကြောင့် ကင်းမောင်မောင်သည် ညစာ စားသောက်ချိန်မှ လွဲလျှင် မိသားစု မျက်နှာချင်းမဆိုင်တော့ပေ။ စာကြည့်ခန်းထဲမှာ တစ်ညလုံးနေတတ်သလို အရက်သောက်ပြီဆို နားခန်းထဲမှာ တစ်ညလုံး…။

"ဟော… ဟိုမှာ မြေးတို့ဖေဖေ လာပြီ"

ကေသာ က လှည့်ကြည့်ပြီး မုန့်တစ်ခုကောက်စားပြီး မျက်ဝန်း က ကပျာကယာထကာ ကင်းမောင်မောင် ထိုင်နေကျခုံကို ဆွဲပေးပြီး…

"ဖေဖေ လာ ထိုင်"

လက်ကို ပြေးတွဲ၍ထိုင်စေပြီးမှ…

"ဖေဖေ ဒီမှာ ဘွားဘွားက ကော်ဖီကို သံပရာရည်လေးညှစ်ပေးထားတယ်၊ ဒီမှာ ပေါင်မုန့်…"

ပေါင်မုန့်လို့ပြောလိုက်ကာမှ ဒေါ်ခင်သူဇာ ပေါင်မုန့်ဆီ မျက်လုံးရောက်ကာ…

"ဟဲ့… ပေါင်မုန့်က ဒီတိုင်းကြီးပါလား"

မနက်တိုင်း ကော်ဖီတစ်ခွက်နှင့် ကြက်ဥပေါင်မုန့်ကြော်တစ်ချပ် ကင်းမောင်မောင် စားသည်။ ဒေါ်ခင်သူဇာ ကတော့ ထမင်းပူပူနဲ့ ငါးသားကြော်လေးတစ်ခုခုပါပဲ၊ လက်ဖက်ရည်ကော်ဖီကို တစ်ခါတလေမှပဲ



www.burmeseclassic.com

www.burmeseclassic.com



သောက်တဲ့သူ..၊

ကလေးတွေက နှစ်ယောက်စလုံး ကော်ဖီကြိုက်တာချင်း ဖအေ နှင့်တူသည်။ မုန့်ကျတော့ တစ်နေ့တစ်မျိုးစားကြတာမို့ သတ်မှတ်ချက် တော့မရှိကြပေ။

တစ်ခါတစ်ရံကျမှ မုန့်ဟင်းခါးဝယ်ပေးပါ၊ အုန်းနို့ခေါက်ဆွဲစားချင် တယ် ဆိုတာဖြစ်လာတတ်ကြ၏။ အမြဲတမ်း တစ်မျိုးတည်းစားနေ သည့် ကင်းမောင်မောင် အတွက်က ဒါ မရှိတော့ဘူးဆို မရှိမှန်း သိသာ နေခဲ့သည်။

"အဝင်း နင့်အစ်ကိုလေးအတွက်ရော.."

"ဟို.. မေမေကြီးအတွက် ထမင်းနောက်ကျနေတာနဲ့လေ..၊ ဟို.. ပြီးတော့ မီးငယ်လေးက..."

"တော်ပါပြီအေ၊ ညည်းတို့ကလဲ အလုပ်လုပ်ရင် ထောင့်မစေ့ပါဘူး၊ ဘယ်သူ့အတွက် ဘာလုပ်ရလုပ်ရ မနက် လေးနာရီခွဲကတည်းကဟာ ဒီအချိန်ဆို ပြီးနေရမှာပေါ့၊ ဘယ့်နှယ် ခုမှ စလုပ်တဲ့သူလဲမဟုတ်ဘူး၊ ဒါတွေကို ခုမှပြောနေရတာ..."

"မဟုတ်ပါဘူး မေမေကြီးရယ်၊ ဟိုလေ.. ခါတိုင်းလဲ အဝင်း လုပ် ထားတာကို ကိုကိုလေးက..."

"ဪ.. တော်ပါပြီ၊ ကဲ.. ကဲ..."

"ဘာလုပ်မလို့လဲ မေမေ"

"မေမေ လုပ်ပေးမယ်"

"ဟာ.. မဟုတ်တာ မေမေရာ၊ ကျွန်တော် ဆာရင် ဘာယူစားစား ရတာပဲဟာ၊ ကျွန်တော့်ကို ငရဲမပေးပါနဲ့"

ဒေါ်ခင်သူဇာ ထဖို့ပြင်၏။ ကင်းမောင်မောင်က ပျာပျာသလဲဆွဲထား သည်။ ဒါကို ကေသာ က မျက်ဝန်းလေးစွေကြည့်နေလျက်...





"ဖေဖေက မေဖို့ လုပ်ပေးတာမှ စားချင်တာ ဘွားဘွားရဲ၊ ဘယ်သူ လုပ်ပေးပေး အပိုပဲ"

"ကေသာ ကလဲဟာ..."

"မြေး ဒီလိုမပြောရဘူးလေ"

ကေသာ ပါးစပ်လေးပိတ်သွားပေမယ့် စူထော်နေသည့်နှုတ်ခမ်း လေးတွေက စုလုံးနေ၏။ မိခင်ဖြစ်သူ စိတ်ဆင်းရဲသွားမှာစိုးသည်မို့ ကင်းမောင်မောင် တစ်ချက်ပဲစိုက်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ ကော်ဖီနဲ့မုန့်တစ်ခုကို မစားချင်ဘဲမျိုချလိုက်ပြီး နေရာမှထသွားခဲ့၏။

"ကေသာ"

"ဘာလဲ"

"နင့်ကြောင့် အားလုံး စိတ်ဆင်းရဲနေကြရပြီ သိလား"

"ငါ ဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ၊ နင်က လူနဲ့စကားလုံးနဲ့မလိုက်ဘူး၊ ပူကြီးတွေ ရဲ့ အိမ်ထောင်ရေးထဲလဲပါ၊ လူမှုရေးထဲလဲပါ၊ ပြီးတော့ မေဖို့ကို..."

"မပြောနဲ့ အဲဒါ..."

ကေသာ က ဆောင့်ခနဲအော်လိုက်ပြီးမှ ဒေါ်ခင်သူဇာ ကြည့်နေတဲ့ ဆီ မျက်လုံးရောက် ဘာ...

"ကိုယ့်စည်းကိုယ့်ကမ်းနဲ့နေဖို့ပဲ ငါပြောတာ၊ မေဖို့ကို အိမ်ပေါ် လုံးဝမလာရဘူးလို့ပြောခဲ့လို့လား"

"ဒါပေမယ့် မြေးရယ်.. မြေး ပြောခဲ့တဲ့အကြောင်းအရာတွေက တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ကြဖို့ခက်တယ်၊ ပြီးတော့ ရန်ဖြစ်တယ်ဆိုတာ သားသမီးနဲ့မိဘကြားမှာ..."

"အဲဒီလို သဘောမထားခဲ့ကြဘဲ ပြောဆိုလာခဲ့ကြတာ ကေသာတို့ တစ်သက်လုံးပဲလေ၊ ခုကျမှ ငါ မိဘပဲဆိုပြီး သူ့ဘာသာ နေရာယူ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးနဲ့သူ နာနေတာ၊ နေတတ်သလိုနေဖို့ ကေသာ ပြောခဲ့တာ ရှင်းရှင်းလေး"

"အဲဒါပြောတာပေါ့၊ နင်က လူလေးကသေးသေး၊ စကားလုံးက လူပေါက်သတ်လို့ရတယ်"

"ဟဲ့.. စကားဆိုတာ ပြောစရာရှိမှပြောလို့ရတာ"

"နင်ကိုက ပြောစရာရှိရှိ မရှိရှိ ပြောတတ်လွန်းတယ်"

"တော်ကြတော့ မြေးတို့"

ဒေါ်ခင်သူဇာ ဟန့်တားလိုက်တော့ နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားကြသည်။ အဝင်းလည်း မျက်နှာမသာမယာနှင့်ထွက်သွားရှာသည်။ ဒေါ်ခင်သူဇာ လက်သုတ်ပဝါနှင့်ပါးစပ်ကိုသုတ်လိုက်ပြီး ပဝါကိုကိုင်ထား လျက်နှင့်လက်ချလိုက်ကာ...

"မြေးလေးကို ဘွားဘွား ပြောမယ် နားထောင်စမ်း၊ ဒီအိမ်ပေါ်မှာ ကြီးတဲ့သူစကားကို ငယ်တဲ့သူက ခေါင်းညိတ်နာခံကြတဲ့အကျင့် မြေးရဲ့ ဖေဖေနဲ့ အန်တီနှင်းတို့အထိ အရိုးစွဲခဲ့ကြတယ်၊ အခု မြေး ပြောဆိုဝေဖန်နေတဲ့ ရိုင်းစိုင်းတဲ့စကားတွေကို..."

"ကေသာ က မရိုင်းပါဘူး ဘွားဘွား၊ ဖေဖေနဲ့မေပျို့ကို..."

"အဲဒါကစပြီး ရိုင်းတာ"

တင်းမာခြင်းကို မမြင်ရခဲ့ဖူးသော ဒေါ်ခင်သူဇာ့မျက်နှာတင်းတင်း ကြောင့် ကေသာ အသံလေး တိခနဲ တိတ်ကျသွားကာ ခေါင်းလေးငုံ့၏။

"လူကြီးသူမ စကားပြောနေရင် ကိုယ် သဘောကျကျ မကျကျ ပြီးဆုံးအောင်ငြိမ်ပြီး နားထောင်ရတယ်၊ ကိုယ်ပြောချင် မေးချင်လာရင် ခွင့်တောင်းပြီးမှ မေးရပြောရတယ်၊ မြေးတို့ကို ဘွားဘွားတို့ အဲဒီလောက် မတင်းကျပ်ခဲ့ပါဘူး၊ ဒါပေမယ့် လူမှုရေးနယ်ပယ်မှာ ဝင်ဆံ့ခြင်း၊ မဝင်ဆံ့ခြင်းက အဲဒီကစတာပဲ မြေး၊ လူတစ်ယောက်ရဲ့အဆင့်အတန်းကို စကား







ပြောကြည့်တာနဲ့ အကဲခတ်လို့ရတယ်ဆိုတာ မြေး ကြားဖူးမှာပေါ့၊ စကား ပြောကြပြီဆိုရင် စိမ်းတဲ့သူဖြစ်ဖြစ်၊ ကျက်တဲ့သူဖြစ်ဖြစ် သူပြောပြီးမှ ကိုယ်ပြော၊ ဒါမှ စည်းကမ်းရှိတဲ့လူ၊ ခုနကလို ခွင့်တောင်းပြီးမှပြောတာ ဘာညာကျတော့ ဒါက သူ့နေရာနဲ့သူပေါ့၊ ဘယ်မှာဖြစ်ဖြစ် စကားကို သူများမပေါက်အောင်ပြောတတ်တာ သူများပြောနေတုန်း ဒေါသဖြစ်စရာ ရှိထဖြစ်၊ မေးချင်တာရှိရင် ဖြတ်မေး၊ ပြောရမယ်ဆိုရင် အရမ်းကို သဘော လွယ် စိတ်ဆတ်တဲ့လူမျိုး..."

ဒေါ်ခင်သူဇာ က စကားခဏရပ်ပြီး အကဲခတ်သေးသည်။ မြေး နှစ်ယောက်စလုံး ငြိမ်ဝပ်နာခံနေကြတာကိုမြင်မှ...

"လူမှုရေးစိတ်ဓာတ်ပြည့်ဝတဲ့လူက သည်းခံတတ်တယ်၊ ဟန် ဆောင်နိုင်တယ်၊ ဒီလိုဟန်ဆောင်တာမျိုးက မုသားသုံးတဲ့မာယာမျိုးနဲ့ မဆိုင်ဘူး၊ လူဆိုတာ ဖြစ်လာကတည်းက ဟန်ဆောင်တတ်တဲ့ပညာက ပါကိုပါလာတာနော်၊ 'တို့က ဟန်မဆောင်တတ်ဘူး' ဘာညာတွေပြော နေရင် အဲဒီလူ ကြွားတာ၊ ဘယ်သူမဆို ပြောလို့ရရင်ပြောတာပဲ၊ ပြောလို့ မရတဲ့နေရာ၊ ပြောလို့မဖြစ်တဲ့လူ၊ ဒါမျိုးကို ဟန်ဆောင်မထားရင် ဘာ တွေဖြစ်ကုန်မလဲ၊ အရူးတွေ ကြည့်ပါလား မြေးရဲ့..၊ မျိုသိပ်ရမှန်းမသိ ဘူး၊ ဟန်မဆောင်တတ်ဘူး၊ လူကောင်းတစ်ယောက်က လုံးဝကို ဟန် မဆောင်တတ်ဘူးဆိုရင် ဘယ်ဘဝရောက်သွားပြီလဲ တွေးကြည့်"

ကေသာ မျက်နှာလေး မှုန်ကုပ်ကုပ်နှင့်မော့လာ၏။

"ဘွားဘွား ပြောချင်တာက လူဆိုတာ အသက်အရွယ်ကြီးပြင်းလာ တာနဲ့အမျှ အသိဉာဏ်ပိုပြီးရင့်သန်ရမယ်၊ ပြောသင့်တဲ့စကား၊ မပြော သင့်တဲ့စကား ချင့်ချိန်စဉ်းစားနိုင်ရမယ်၊ ပြောနေရင်း စကားတွေက ဟိုရောက်ဒီရောက်ဖြစ်ကုန်ပြီ၊ သား.. အဲ.. မြေးရဲ့ဖေဖေအရေးကို စိတ်ညစ်နေတယ် မြေး၊ အခြေအနေ အချိန်အခါကို မြေး နားလည်ပါ၊



www.burmeseclassic.com

www.burmeseclassic.com

ယောဒီအိမ်မှာ မြေးနဲ့ကျမှ မိဘကို ပြန်လှန်မေးခွန်းထုတ်ဝံ့တဲ့အထိ စည်းခဲ့ ကမ်းမဲ့တွေဖြစ်ခဲ့ရတာ''

''ကေသာ ဘာပြောခဲ့မိလို့လဲ ဘွားဘွား''

အသည်းမာတတ်သူဟု အားလုံးက သတ်မှတ်ပေမယ့် ကေသာ မျက်ရည်တွေ ကျနေခဲ့၏။

''ဖေဖေ့ကို ကေသာလဲချစ်တာပဲ၊ ဖေဖေကသာ…''

''ကိုယ့်သားသမီးကိုမချစ်တဲ့မိဘ ရှိသလား မြေး''

''ဟိုတုန်းတည်းက မေမေလောက်မချစ်သလို ခပ်စိမ်းစိမ်းနေခဲ့တာပါ''

''မေမေ့လောက်မချစ်ဘူးလို့ပြောလိုက်တာလား မြေး၊ ဒေဝီက ပို ချစ်တယ်ပေါ့''

ကေသာ မျက်လွှာလေးချသွား၏။ ရှစ်တန်းကျောင်းသူဆိုပေမယ့် ညီအစ်မနှစ်ယောက်စလုံး ပိန်သွယ်သွယ်လေးတွေပဲဖြစ်သည်။

တို့ပြင် ဝင်ပျို့လိုပါးချိုင့်လေးနှစ်ဖက်က ကေသာ့မှာပဲ ပါ၏။ မျက်လွှာချထားပြီး နှုတ်ခမ်းလေးတွေကို ဖိပိတ်အံကြိတ်နေသဖြင့် ပါးချိုင့်လေးတွေထင်းနေတာကို ဒေါ်ခင်သူဇာက စိုက်ကြည့်၏။

''ဒေဝီက မိခင်းရင်းနဲ့မခြားအောင် ကောင်းခဲ့ပါတယ်၊ ဒါပေမယ့် မြေးရဲ့မေမေ မဟုတ်ဘူး၊ ထပ်ပြောချင်တာက ဒေဝီနဲ့ မြေးရဲ့ဖေဖေမှာ ဖေဖေက မြေးတို့ရဲ့သွေးအရင်း၊ အေး… မြေး မကြားချင်တဲ့စကားကို ပြန်ပြောရမယ်ဆိုရင်တော့ ဒေဝီ ဘယ်လောက်ချစ်တာကို ခံစားမိတယ် ဆိုရင် ပင်ပျို့ကိုထည့်စဉ်းစားပါ၊ မြေးတို့က အထိန်းတော်ကြီးလို တစ်ချိန် လုံး ဆိုးနွဲ့မှီခိုလာခဲ့ပေမယ့် သူကတော့ အမေလို့ မပြောရဲ၊ သမီးလို့ မခေါ်ရဲနဲ့ တစ်သက်လုံး ရှိုသိပ်ယုယခဲ့ရှာတာ၊ မြေးကို ပင်ပျို့ ပတ် သက်တာ ပြောဖို့ ဘွား မရည်ရွယ်ပါဘူး၊ အဓိကပြောချင်တာက မြေးတို့ ဖေဖေရှေ့မှာ မေပျို့နဲ့ပတ်သက်ပြီး ပုတ်ခတ်စွပ်စွဲတဲ့စကားမျိုးပြောတာ





ဆွ ဆင်ခြင်ပါ''

ဒေါ်ခင်သူဇာ ဆုပ်ကိုင်ထားဆဲလက်သုတ်ပဝါကို အသာလေးချ ထားလိုက်ပြီး နေရာမှထသည်။

''ဘွားဘွား''

ကေသာ က ဆတ်ခနဲထ,ရပ်ကာ…

''ဖေဖေက အရက်တွေသောက်ပြီး လွမ်းနေတာကျတော့ ဘွားဘွား အားမပေးနိုင်ဘဲနဲ့…''

''အဟွန်း''

ဒေါ်ခင်သူဇာ ကုလားထိုင်ခြေထောက်နှင့်လွတ်အောင် ဘေးထွက် လိုက်ပြီးမှ ပြန်လှည့်ကြည့်၍…

''အရက်သောက်တာကိုမပြောနဲ့ ပင်ပျို့ကို လက်ဆွဲခေါ်ထုတ်လာ ရင်တောင် တားခွင့်မရှိဘူး၊ အဲဒါ သူ လက်ထပ်ယူထားခဲ့တဲ့မိန်းမ''

အားလုံးကို သိတတ်နားလည်နေတဲ့အရွယ်ဆိုပေမယ့် အိမ်ထောင် ရေးနယ်ပယ်မှာ ဘယ်လိုအခွင့်အရေးတွေရှိနေတယ်၊ ဘယ်လိုပြောင်း လဲသွားတယ်ဆိုတာတွေတော့ နားမလည်နိုင်သေးပါ။

ကေသာ နှုတ်ခမ်းလေးစေ့လျက် ဘာမှမပြောတတ်ဘဲ ငေးကြည့် နေ၏။

''သားက မြေးတို့ကိုချစ်လို့ မြေးတို့ရဲ့စိတ်ချမ်းသာမှုအတွက် ဆင်ခြင် ခဲ့တယ်၊ သူ့ကိုယ်သူ အရက်သမားအဖြစ်ခံပြီး စိတ်ကိုမြှုပ်နှံခဲ့တယ်၊ ဒါက မိဘရဲ့မေတ္တာ၊ မိဘက အလျှော့ပေးတာကို မနိုင်လို့အရှုံးပေးတယ် ထင်ရင် မြေးရဲ့မှားယွင်းမှုဟာ ပြန်ပြီးတည့်မတ်နိုင်ဖို့ လွယ်ပါ့မလား''

မေးလိုက်ပေမယ့် ကေသာ မဖြေနိုင်တာကို အကြာကြီးမစောင့်ပါ။ ဒေါ်ခင်သူဇာသည် တင်းမာသောမျက်နှာနှင့် ခြေလှမ်းတွေလည်းကျဲနေသည်။

ဘွားဘွား ဒီလောက်ထိ စကားကြာကြာမပြောဖူးသလို ဒေါပြတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွသုံတွေပါနေတာလည်း မကြားခဲ့ဖူးပေ။ မျက်ဝန်းကိုယ်တိုင် အငေးသား လိုက်ကြည့်နေခဲ့မိ၏။

ကေသာသည် စားပွဲခွန်းကိုစိုက်ကြည့်လျက် မျက်ရည်ပေါက်ကြီး တွေ တာလိမ့်လိမ့် စီးကျနေ၏။ ရှိုက်သံလည်းမထွက်၊ စကားလည်းမပြော ဒီလိုကျတော့လည်း မျက်ဝန်း စိတ်မကောင်းနိုင်။

"ကေသာ.."

ခုံချင်းကပ်အောင်ဆွဲထိုင်လိုက်ပြီး ပခုံးလေးကိုဖက်ထားလိုက်ကာ—

"ဘွားဘွားက မုန်းလို့ပြောသွားတာမဟုတ်ပါဘူးဟာ၊ နင် ငရဲကြီး မှာ စိုးလို့ပါ၊ ဖေဖေက တကယ်လဲ သနားစရာကောင်းပါတယ်၊ မေမေ့ မေပျို့ကို..."

ကေသာ ဆတ်ခနဲမော့ကြည့်လိုက်သည်။ မျက်ဝန်း ကိုယ်လေး မတ်သွား၏။ စကားတွေလည်း ထင်ချောက်ကန်ကာ...

"မဟုတ်ပါဘူး၊ ငါပြောချင်တာက..."

"ပြောမနေနဲ့၊ ငါ ဖေဖေက မခေါ်လို့ ငိုချင်နေတာ၊ အဲဒီတစ်ယောက် ကို လုံးဝထည့်မပြောနဲ့၊ သူ့ကြောင့် ဖေဖေနဲ့ငါ ဒီလိုဖြစ်နေရတာ"

"စလာပြီ ကေသာရာ၊ မေပျို့က နင့်အသံကြားတိုင်း ပြေးနေရတဲ့ သူပါ၊ ခုလဲ မေပျို့ လုံးဝမလာတော့ဘူး"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ အခု စားရသောက်ရတာတွေ အဆင်ပြေလား"

ကေသာ ငြိမ်ကျသွား၏။ မျက်ဝန်းကလည်း ပြောနေရင်း ဒေါသ ပါလာလျက်...

"မပြောနဲ့ဆိုလဲ ပြောရမှာပဲ၊ တစ်အိမ်လုံးမှာ မေပျို့ ခြေရာလက်ရာ တွေချည်းပဲ၊ ဘိုးဘိုး ဆုံးသွားတဲ့အထိ မေပျို့မှ ဘိုးဘိုးအကြိုက် ပြုစု ပြုဝပ်လေးလုပ်တတ်တာဆိုတာ ငါတို့ကြားခဲ့ရသေးတယ်၊ နင်နဲ့ငါ







မေပျို့လက်ပေါ်မှာ ကြီးပြင်းခဲ့တာလေ၊ နင် အခု ညတိုင်း မအိပ်နိုင်ဘဲ တလိမ့်လိမ့်နဲ့..."

ခဏရပ်ပြီးကြည့်ပေမဲ့ ကေသာ ဘာမှမပြောသဖြင့် မျက်ဝန်း က ဆက်ပြော၏။

"ညဘက်ဆို ငါတို့အတွက် အချဉ်လေးလုပ်ပေး၊ အစပ်လေးလုပ် ပေးနဲ့ အားလုံးအတွက် ပြည့်စုံပြီဆိုမှ မေပျို့ သူ့အိမ်ကို ပြန်တာ၊ အဲဒီ နောက်ဖေးမှာ တစ်ယောက်တည်းသွားနေဖို့လဲ မေပျို့ကိုယ်တိုင် တောင်း ဆိုခဲ့တယ်ဆိုတာ နင် သိပြီးပြီ၊ ဒါကို ဘာဖြစ်လို့ မေပျို့ကိုမှ မုန်းနေရတာ လဲ၊ မဟုတ်ကဟုတ်ကတွေစွပ်စွဲပြီး ထင်သလိုပြောလိုက်သေးတယ်၊ အဲဒါ ငါတို့ရဲ့အမေ.."

"တော်ပြီ တော်ပြီ၊ နင် ငါ့ကို ဆရာမလုပ်နဲ့၊ ဟုတ်တယ်.. မေပျို့ ငါတို့အတွက် အရမ်းလိုအပ်တယ်၊ ဟိုတုန်းကလဲ မေပျို့ကို ငါတို့ ချစ်ခဲ့ တယ်၊ ဒါပေမယ့် ငါ လိုအပ်တာ မေမေ့နေရာ မဟုတ်ဘူး၊ ငါချစ်ခဲ့တာ အမေလိုသဘောနဲ့ မဟုတ်ဘူး"

"ဘာ မေမေ့နေရာလဲ၊ မေပျို့ကသာ နေရာပျောက်ခဲ့တာ၊ နင် အမေ ကိုမစော်ကားနဲ့"

"မစော်ကားစေချင်ရင် နင် ငါ့ရှေ့မှာ အဲဒီတစ်ယောက်အကြောင်း ဘာမှလာမပြောနဲ့၊ ဟွန်း.."

ခုံကို ဒုန်းခနဲမြည်အောင်ဆွဲဖယ်ပစ်လိုက်ပြီး မျက်ရည်ကို ဘယ်ညာ ပွတ်ဆွဲသုတ်၏။

ပြီးတော့ ထမင်းစားခန်းထဲကနေ ခြေဆောင့်ထွက်သွား၏။ တစ် ယောက်တည်းကျန်ခဲ့သူက မျက်ဝန်း ပဲဖြစ်၏။ မိသားစု လက်စုံ မနက် စာစားကြတိုင်း ဒီလိုအဆင်မပြေမှုတွေမဖြစ်ရအောင် ဘွားဘွားက အမြဲ ကမ်းထိန်းသိမ်းသည်၊ ဆုံးမစကားတွေလည်း စုံလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဘွားဘွားကိုယ်တိုင် အားလုံးကို မေ့သွားသည်ထင်၏။

"မျက်ဝန်းလေး"

အဝင်းက ပေါင်မုန့်ကြော်ပန်းကန်လေးကိုင်၍ မျက်နှာမသာမယာနှင့် လာချရင်း ထိုင်သည်။

"ဒေါ်ဒေါ်ဝင်းအပြစ်ပါပဲ ကလေးရယ်၊ ပြဿနာတွေထဖြစ်ရတာ ဒေါ်ဒေါ်ဝင်းကြောင့်…"

"မဟုတ်ပါဘူး ဒေါ်ဒေါ်ဝင်းကလဲ‥၊ ကေသာကလဲ အပြောဆိုးတာပါ၊ ဒီမှာ ဘာတွေဖြစ်ဖြစ် ဒေါ်ဒေါ်ဝင်း မေပျိုကို သွားမပြောနဲ့နော်"

"မပြောပါဘူး မျက်ဝန်းရယ်၊ ဒါပေမယ့် သူ အားလုံးကိုသိနေတာပါပဲ၊ ခုလဲ သူ့အခန်းလေးထဲမှာပဲ သူ့ဘာသာ ဖြစ်သလိုချက်ပြုတ်စားနေတာ"

မျက်ဝန်း လက်ဖက်ရည်ပန်းကန်လေး ကိုင်လျက်နှင့် ငေးနေ၏။ မေမေ ရှိနေတုန်းက ဖေဖေရယ်၊ မေမေရယ် တစ်ဖက်တစ်ချက် လက်ချွဲထားရတာ ဘာမှလိုလေသေးမရှိ။

ခုကျတော့ မေမေ သေဆုံးသွားခဲ့ပေမယ့် မေမေ ရှိနေသေးသည်။ ဖေဖေနဲ့မေမေ့ကို လက်တွဲမပျက် မှီခိုတွယ်တာနေလို့ ရနေပါလျက်နှင့် ကေသာ့ကြောင့် အားလုံးက အလွဲလွဲအချော်ချော်တွေ ဖြစ်နေခဲ့ရသည်။

ဒီအဆင်မပြေမှုတွေဟာ ဘယ်တော့များမှ ရပ်တန့်မှာလဲ…။





## အခန်း (၂၅)

"ဝါး"

"အမလေး"

"ဟား ဟား‥ မေပျို လန့်သွားပြီ၊ ပျော်လိုက်တာ"

"မျက်ဝန်းလေး"

သီကုံးနေသည့်ပန်းကုံးလေးကိုချထားပြီး ပင်ပျို ကပျာကယာ ထသည်။ အနားမှာ လက်ခုပ်တီးပြီး အားပါးတရရယ်နေသည့် မျက်ဝန်း လက်ခုံလေးနှစ်ဖက်ကို အမြတ်တနိုး ပွေ့ဆုပ်ကိုင်လိုက်ကာ…

"မီးလေး ဗိုက်ဆာလို့လားဟင်၊ မေပျိုဆီကို ဘာလာလုပ်တာလဲ"

"မေပျိုကလဲ သူတောင်မှ ကန်စွန်းရွက်ကြော်စားလိုက်၊ ငါးရံ့ခြောက်မီးဖုတ်လိုက်နဲ့ စားနေပြီးတော့…"

"ဒါပေမယ့် မီးငယ်စားချင်ရင် လက်သုပ် လုပ်ကျွေးစရာရှိတယ်၊ ဘာစားချင်လဲ"

မျက်ဝန်း က မဖြေပါ။ ကျောက်စိမ်းရောင်ပါတိတ်ဝတ်စုံလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လှုံ့ထုံးဖွဲ့ထားသော ရင်ဘတ်ပေါ်က ဆံနွယ်ရှည်တွေထိ ငေး
ငေးစိုက်စိုက်လေး ကြည့်နေရင်း…

"မေပျို့က အပျိုလေးအတိုင်းပဲနော်"

"ဟင် …"

"ဟုတ်တယ်၊ မေပျို့ က ဆင်းဆင်းရဲရဲ နေရပြီးတော့…"

"မေပျို့ မဆင်းရဲပါဘူး သမီးရယ်၊ ဘာမှ မပူမပင် မကြောင့်မကျ
နေရတာပါ၊ သမီးက ဘာပြောချင်တာလဲဟင်"

"မေပျို့မျက်နှာလေးမှာ ပူပင်သောက ဘာမှမရှိဘူး၊ ကေသာ
ပြော ဆိုနေတဲ့အချိန်မှာ မေပျို့ မျက်ရည်တွေ လည်နေတယ်၊ ကျန်တဲ့အချိ
တွေမှာ မေပျို့စိတ်ထဲမှာ အရမ်းဖြူစင်အေးချမ်းနေတယ်၊ အဲဒါ မေပျို့
မျက်နှာမှာ ပေါ်နေတယ်၊ တခြားမိန်းမတစ်ယောက်ဆိုရင် မေပျို့ နေရာ
မှာ ဘယ်လိုမှ ငြိမ်သက်အေးချမ်းစွာနေနိုင်မှာမဟုတ်ဘူး၊ အထူးသဖြ
ကိုယ့်သမီးတစ်ယောက်က ဒီလိုသဘောထားပြီးပြောဆိုနေတာတွေကို…

"သမီးရယ်.. မေပျို့ရင်ထဲမှာလဲ ခံစားရတာပါပဲ၊ ဒါပေမဲ့
မိဘရဲ့မျက်ရည်တစ်စက်ဟာ သားသမီးအတွက် ဆင်းရဲခြင်းပဲ၊ သမီးလေး
အပြစ်ဖြစ်မှာစိုးလို့ ပြန်ပြီးသိမ်းဆည်းခဲ့ရတဲ့မျက်ရည်တွေ မေပျို့ရင်ထဲ
မှာ အများကြီးပေါ့"

"မေပျို့"

မျက်ဝန်း က ပင့်ပျို့ခါးလေးကိုသိမ်းဖက်ထားလိုက်ပြီး ရင်ခွင်ထဲ
ကိုဝင်သည်။

"ဖေဖေက မေပျို့ကို သိပ်ချစ်တဲ့တာဆို၊ ခုလဲ ဖေဖေ ချစ်နေတာကို
မျက်ဝန်း တို့သိတယ်၊ မေပျို့ က…"

"အို.. မဟုတ်တာ သမီးရယ်၊ မေပျို့ ဒီလိုနေတာတောင်မှ သမီးပြီ
စိတ်ဆင်းရဲနေရတာ၊ ဘာတွေ ပြောနေတာလဲကွယ်၊ နောက်ကို ဒီစကား





မျိုးတွေ မပြောနဲ့နော်၊ သမီးတို့က အရမ်းကိုငယ်ပါသေးတယ်"

"ငယ်ပေမယ့်လဲ ဘွားဘွားတို့ ဖေဖေတို့ ပြောဆိုနေကြတဲ့ အဖြစ်
အပျက်အကြောင်းအရာတွေအားလုံးကို မျက်ဝန်းတို့ ကြားနေရတယ်
လေ၊ ပြီးတော့ ဒါ မျက်ဝန်းတို့ရဲ့မိသားစုအရေးအခင်း မဟုတ်ဘူးလား၊
ဖေဖေနဲ့မေမေ ပြန်ပေါင်းဖို့အတွက်…"

"အမ်လေး ဘယ်လိုကြီးခေါ်လိုက်တာလဲ သမီးရယ်၊ နောက်ကို
ဒီလို မခေါ်ပါနဲ့၊ မေပျို့ပဲ ခေါ်ပါ၊ မေပျို့ တောင်းပန်ပါတယ် သမီးရယ်"

အဆိပ်အတောက်ရှိတဲ့သတ္တဝါတစ်ကောင်ကောင်ကို မြင်လိုက်ရ
သလို ပင်ပျို့ လန့်ဖျပ်ထိတ်ပျာသွားတာကို မျက်ဝန်းက နှုတ်ခမ်းရှုစူလေး
နှင့် စိုက်ကြည့်နေ၏။

"သမီး"

ပြီးတော့မှ ကိုယ့်ပုံစံကိုသတိရသွားကာ ပင်ပျို့ က တံတွေးမျိုချ
လိုက်ရင်း ဖြေသိမ့်ပြုံးပြရင်းဖြင့်…

"သမီးရယ် ဟိုလေ.. မေပျို့ကို နားလည်ပါနော်၊ သမီးလို့ခေါ်တာ
တောင် သူများတွေရှေ့မှာ မေပျို့ မခေါ်ရဲဘူး၊ သမီးရဲ့အစ်မ ကြားသွား
ရင်လဲ တစ်မျိုးမြင်စရာတွေဖြစ်ကုန်မှာ၊ မေပျို့လေ တတ်နိုင်ရင် ဒီမှာ
မနေချင်တော့ဘူး၊ မနေတော့ဖို့လဲ ဆုံးဖြတ်ခဲ့ဖူးတယ်၊ ဒါပေမယ့်…"

"ဘွားဘွားက ခွင့်မပြုဘူးမဟုတ်လား၊ ကေသာ ကလဲ အထင်မြင်
လွဲနေတုန်းမို့လို့ပါ၊ ဒီအိမ်မှာ မေပျို့ကို အားလုံးက ချစ်ကြတယ်"

ပင်ပျို့ ဘာမှပြန်မပြောဘဲ ခေါင်းခါပစ်၏။ အဝါရောင်ဂါဝန်နှင့်
စတော့ကင်အနက်လေးဝတ်ထားသည့် သမီးတစ်ကိုယ်လုံးကို နူးညံ့
မြတ်နိုးစွာကြည့်နေရင်း…

"ဟုတ်ပါတယ် ချစ်ကြပါတယ်၊ ဒါပေမယ့်…"

ရင်ထဲမှာသိနေတာကို ဘယ်လိုအဆင်ပြေအောင် ပြောရမှန်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးချစ်ခဲ့ကြတာက ပင်ပျို့ ဆိုတဲ့မိန်းကလေးတစ်ယောက်ရှိခြင်းဖြ ဒီအိမ်မှာ လိုအပ်ချက် တော်တော်များများ ပြည့်စုံနေစေခဲ့လို့ဖြစ်မှာပါ။

သူမသည် စာကြီးပေကြီးတတ်ကျွမ်းသူတွေလို အပြောအဟော အရေးအသားတွေ မကြွယ်ခဲ့ပေမယ့် နာကျင်ခံစားတတ်သည့် လူသား တစ်ဦး၊ ဖြစ်သည်။

ဟိုတုန်းက နှင်းမမ ပြောခဲ့သည့်စကားတစ်ခွန်းအတွက် နောင် ဒီလို ဘယ်တော့မှဖြစ်မလာစေရဆိုသည့် နင့်သည်းသောခံစားချက်ဆ ရင်ထဲမှာ ရှိခဲ့ပြီးသား…။

“ဒါကတော့ ကြောက်ခဲ့တဲ့ခံတတ်ခံ ရှိခဲ့တာကိုး၊ သူဌေးသား ပညာ တတ် ရုပ်ချောတစ်ယောက်ကို မမက်မောပါဘူးဆိုတဲ့မိန်းမ ရှိမလား အိမ်ဖော်လိုမိန်းကလေးတစ်ယောက်က မလိုချင်ပါဘူးပြောတာများ ကျွမ်းကျိန်ပြောလဲ သူ ကျမ်းစူးခံနိုင်လို့ပဲ၊ သူ့ကိုယ်သူ ဘာထင်နေလဲ မသိဘူး၊ မေမေပဲ သူ ပြောသမျှကိုသနားနေရတာနဲ့ စာနာရတာနဲ့ နှင်း ကတော့ အစက သနားစိတ်လေးဝင်ဖူးတာတောင်မှ သူ မောင်မောင် ကို ကြဲစည်လိုက်ကတည်းက လုံးဝကိုမရှိတော့တာ၊ မှုယာမာယာတွေ များတတ်လိုက်တာ ရွံ့ဖို့ကောင်းတယ်”

ဒီစကားစုတွေဟာ မကြာခဏကြားခဲ့ရရင်း ရင်ထဲမှာ ကျောက်စာ ထုဆစ်ထားခဲ့သလို ထင်ကျန်ရစ်ခဲ့တာ ဖြစ်သည်။ ဘယ်သူ ဘယ်လိုထင် ထင် ကိုယ့်ရင်ထဲကအသံကို ကိုယ့်နားက ကြားနေရသည်။

ကိုကိုလေးအပေါ်မှာ သူမ ဘယ်သောအခါမှ တပ်မက်စိတ်မဖြစ်ခဲ့ ပါ။ ဘဝမျက်အောင် ဒုက္ခတွေပေးခဲ့တာကိုလည်း ဒီယောက်ျားကြောင့် လို့ ခံပြင်းဒေါသထွက်ခြင်း မဖြစ်ခဲ့မိပေ။

ဘာဖြစ်လို့လဲဆိုလျှင် ကိုယ်သာလျှင် ချူဝင်တိုးတဲ့ သမင်ပျို့ တစ် ကောင်ပါ။





ဦးချိုမှာ ငြိမိပြီဆိုကာမှ ဘယ်နွယ်ကြိုးက လာရစ်နေသလဲဆိုပြီး ဘာကို အပြစ်ရှာရမလဲ…။

ပင်ပျို့ ဆိုတဲ့ မိန်းမ နုံခဲ့အခဲ့ပေမယ့် သည်းခံခွင့်လွှတ်နိုင်စွမ်းတော့ ရှိခဲ့ပါသည်။ ကိုကိုလေး အပါအဝင် ဒီအိမ်သားအားလုံးအပေါ်မှာ ဟို တုန်းကလည်း ကျေးဇူးရှင်တွေလို့ သတ်မှတ်ခဲ့သည်။ သမီးလေးတွေကို စောင့်ရှောက်ပေးခဲ့ကြတော့လည်း ကယ်တင်ရှင်တွေအဖြစ် မြင်ထားခဲ့၏။

ထို့ကြောင့် မမပင်းကိုရော မေမေကြီးကိုရော ပြောပြခဲ့ဖူးသေးသည်။

“သမီးလေးတွေကို ကျွန်မ မပိုင်ဆိုင်ရပေမယ့် ကလေးတွေနဲ့အတူ ကူနေခွင့်ရတယ်၊ ကျွန်မတို့သားအမိရဲ့ဘဝကို လုံခြုံမှုပေးခဲ့တဲ့မိသားစု တွေပါ၊ ပြီးတော့ ကျွန်မ ကြောက်ရွံ့ခဲ့တဲ့ အိမ်ထောင်သည်ဆိုတဲ့ ဘဝက နေ လွတ်မြောက်ခဲ့ရတယ်”

“ဖြစ်ရလေဟယ်…၊ ကလေးမွေးခဲ့ရတာကိုများ…”

မမဝင်း ကတော့ တအံ့တသြ ပြောခဲ့ဖူးသည်။ ရှေ့ဆက် ဘာပြော ချင်သလဲဆိုတာကိုတော့မသိပါ။ ဒါပေမယ့် ကိုကိုလေးအပေါ်မှာ အမြဲ တမ်းထားခဲ့တဲ့ ကိုယ့်ရဲ့သဘောထားကို မေမေကြီးနဲ့ မမဝင်းတို့ နား လည်သွားခဲ့ကြသည်။

မမကြီးတောင်မှ အလည်ရောက်လာတိုင်း ‘ပင်ပျို့ နေကောင်း လား’ လို့တော့ နှုတ်ဆက်ဖော်ရခဲ့ပါ၏။ ဒါဆို တစ်အိမ်လုံးထဲမှာ ကောသာ တစ်ယောက်ပဲ နားလည်လွဲမှားနေခဲ့သည်လား…၊

“ဆက်ပြောလေ မေမေ”

“ဟင်…”

ခရီးလွန်နေသည့်အတွေးတို့က ‘မေမေ’ ဆိုသည့်ခေါ်သံကြောင့် လူကို ရိုက်ပုတ်ပစ်လိုက်သလိုပင်။

“မေမေလို့ ထပ်မခေါ်ပါနဲ့ သမီးရယ် နော်၊ သမီးကြီးနဲ့မေပျို့



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ဘာမှ ထပ်မဖြစ်ပါရစေနဲ့၊ ဟို.. သမီး.. သမီးလေး အခု ဘာလာလုပ်တာလဲဟင်"

"ဘာဖြစ်လို့လဲ မေမေရဲ့..၊ ဒါ မေမေ့အိမ်ထဲမှာမှ မဟုတ်တာ ခရေပင်ရိပ်မှာပဲဥစ္စာ..."

"ဒါပေမယ့်..."

"မေမေက သမီးတို့ကို မချစ်လို့လားဟင်..."

"ဟင်..."

ပင်ပျို ရင်ထဲမှာနင့်သွားသည်။ သူမပုံစံက ဤသို့ဖြစ်သွားခဲ့သည်လား၊ ဒါပေမယ့် ဖြစ်လည်းဖြစ်ထိုက်နေပါ၏။ သူမဟာ မွေးထုတ်ခဲ့ရသည့်မိခင်မှန်ပေမယ့် မိခင်တစ်ယောက်၏ အကြင်နာယုယမှုမျိုးကို မပြရဲခဲ့ပါ။

သားသမီးရယ်လို့ တယုတယ ပြောဆိုဆက်ဆံဖို့ အခွင့်အရေး လည်း သူမမှာ မရှိ။

မရှိတာက သူများမပေးလို့မဟုတ်ဘဲ ကိုယ်တိုင်က သမီးလေးတွေ ကောင်းစားရေးအတွက် ကျေကျေနပ်နပ် ပေးဆပ်ခဲ့တာဖြစ်သည်။ ဒီဖေး ခွန်းကို ဖြေဖို့ သူမမှာ အကြောင်းပြချက် မရှိ။

"မေမေ"

နောက်ထပ်ခေါ်လိုက်ခြင်းကို ပင်ပျို အသံတိတ်နားထောင်ရင်း ငေးနေခဲ့၏။ မျက်ဝန်း က ဖက်ထားရာကနေ လက်တွေကိုဖယ်ချလိုက်ပြီး မျက်နှာကိုမော့ကြည့်၏။

"မေမေလို့ပဲ မျက်ဝန်း ခေါ်ပါရစေ၊ ကေသာ ဘယ်လိုပဲပြသနာ ရှာရှာ မေမေ့ကို..."

"သမီး.. မေပျိုလေ..."

"ဟင့်အင်း.. မေမေပဲ"





"မေပျို ပြောတာကို နားထောင်ပါဦး သမီးရယ်"

"ဟင့်အင်း မထောင်တော့ဘူး၊ သမီး မေမေ့ကိုချစ်တယ်၊ သမီးတို့မှာ မေမေ မသေဘူး၊ မေမေ အမြဲတမ်းရှိနေတယ်၊ ခေါ်မှာပဲ၊ မေမေ ဘာပြောပြော ခေါ်မယ်"

နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီး ခေါင်းကို ဘယ်ညာရမ်းရှု ဖွတ်တရွတ် ပြောသည်။

ခပ်မြင့်မြင့်မှာ နှစ်ဖက်ခွဲစည်းထားသည့်ဆံပင်ရှည်လေးတွေ မျက်နှာ ပေါ်မှာ ရိုက်ပုတ်ကုန်တဲ့အထိ ကလေးငယ်လေးလို စိတ်ကောက်ပြ ကာ...

"ဘွားဘွားကလဲ ပြောတယ်၊ မွေးတို့မေမေပဲဟာ.. ခေါ်ပေါ့တဲ့၊ မေပျို ကတော့ လက်ခံမှာမဟုတ်ဘူး ထင်တယ်တဲ့၊ မရဘူး ခံရမှာပဲ၊ သမီးတို့မှာ အမေခေါ်စရာမရှိတဲ့ဘဝကိုကျတော့ မေမေ က ကြည့်နေရက် လို့လား၊ ခေါ်မှာပဲ"

ပြောနေရင်း မျက်ရည်တွေကျကာ ပြေးထွက်သွားလေသည်။ သမီး လို့ခေါ်လိုက်မိပေမယ့် အသံကျယ်သွားမှာစိုးကာ လည်ချောင်းဝမှာပဲ ပျောက်ကွယ်သွားခဲ့၏။

သို့သော် ရင်ထဲမှာ 'သမီး'ခေါ်သံတွေပွဲတင်ထပ်လျက် မျက်ရည် တွေ ဝေ့တက်လာခဲ့သည်။

"သမီးတို့ဟာ မေမေ့သမီးဖြစ်တာထက် ဒေါက်တာဒေဝီခင်ရဲ့သမီး အဖြစ်နဲ့ပဲ ထာဝရရှင်သန်တာ အကောင်းဆုံးပေါ့ သမီးရယ်"

အသံတိတ်စကားတွေ ဆိုရင်း...


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဖေဖေ"

"ဟင်.. ဘာလဲ သမီး"

ဖတ်လက်စစာအုပ်ကို စာအုပ်ထူလေးညှပ်ထား၍ ပိတ်လိုက်ပြီး ကင်းမောင်မောင်က လှည့်ကြည့်၏။

"ဖေဖေ့ ညောင်းနေလားဟင်၊ သမီး နှိပ်ပေးချင်လို့..."

"မညောင်းပါဘူး သမီးရယ်၊ သမီး စာဖတ်နေတာမဟုတ်လား"

"ဖတ်လို့ ပြီးသွားပြီ"

ကင်းမောင်မောင် ခပ်လျော့လျော့ လှဲနေသည့် ဒရင်းမ်ဘက်ဘေးမှာ မျက်ဝန်း က ဒူးတုပ်လေးထိုင်နေလျက် ဆင်းထားသည့်ခြေထောက် တစ်ဖက်ပေါ်မှာလည်း လက်နှစ်ဖက်စလုံး တင်ထားသေးသည်။

ဒါပေမယ့် နှိပ်ပေးတာမဟုတ်ဘဲ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် တစ်ခုခုပြောမလို့ နည်းလမ်းရှာနေသလိုမျိုး၊ ကင်းမောင်မောင်က စိုးမိုးကြည့်၍...

"သမီး ဘာပြောစရာရှိလို့လဲ"





"အဟွန်း.. ဟိုလေ..."

ပြောရခက်ကာ ခြေထောက်ကို ကိုယ်လေးပါပါအောင် ကျကျနန ဖိနှိပ်ပေးလိုက်ရင်း အရှိန်ယူ၏။ ပြီးမှ...

"ဖေဖေ.."

"အင်း.. ပြော"

"ဘွားဘွားကို သမီး ပြောပြီးပြီ"

"ဘာလဲ သမီး"

"ဟိုလေ.. မေတို့ကို မေမေလို့ ခေါ်တော့မယ်လို့..."

ကင်းမောင်မောင် မျက်နှာကွက်ခနဲပျက်၏။ မျက်ဝန်း က ခြေသလုံးပေါ်မှာလက်တင်ထားပေမယ့် နှိပ်ပေးနေတာမှာ အားမပါတော့ဘဲ ဖအေဖြစ်သူကို အကဲခတ်သည်။

"အဲဒါ ဘွားဘွားက ပြောတယ်၊ မြေးတို့မေမေပဲ ခေါ်ပေါ့တဲ့"

ကင်းမောင်မောင် က မျက်ဝန်းတွေ ဘေးကိုရွှေ့ဖယ်သွားလျက် ဘာမှမပြောပေ။

"ဖေဖေ"

ကင်းမောင်မောင် က မထူးဘဲ သက်ပြင်းရှိုက်လိုက်လျက်...

"ပင်ပျို့ဆီ သမီး ရောက်ခဲ့ပြီမဟုတ်လား"

"ဟုတ်.."

"သူက ဘာတဲ့လဲ"

မျက်ဝန်း မျက်နှာလေးပျက်သွားပြီး ရုတ်တရက်မဖြေနိုင်။ ကင်းမောင်မောင် က နားလည်၏။

"သမီးကြီးကြောင့် သူ လက်ခံမှာမဟုတ်ဘူး၊ သမီး ခေါ်ကြည့်တာ မရခဲ့ဘူးမို့လား"

မျက်ဝန်း က ခေါင်းလေးညိတ်ပြီး ဘာမှမဖြေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းပဲ ရှိကြပါစေတော့ သမီးရယ်၊ ထားလိုက်ပါ၊ အခု သမီးတို့ အမေအရင်းကို သိနေပြီမဟုတ်လား၊ ကိုယ့်မျက်စိအောက်မှာပဲ ရှိနေတာ လဲမြင်နေတယ်၊ ကျေနပ်လိုက်ပါ"

"မကျေနပ်ဘူး ဖေဖေ၊ မေပျို့ကို သမီး ချစ်တယ်၊ အမေမှန်း သိတော့ ပိုချစ်သွားတယ်၊ ကိုယ့်အမေကိုမြင်နေသားနဲ့ မေမေလို့မခေါ်ရဘူးလား၊ အမေကို မေပျို့လို့ခေါ်ခဲ့ရတာ မသိခင်က အပြစ်မရှိပေမယ့် သိနေကာမှ ဆက်ခေါ်နေရင် ငရဲမကြီးဘူးလား"

"မှန်တော့မှန်တယ် သမီး၊ ဒါပေမယ့် ကွယ်လွန်သွားတဲ့ သမီးတို့ မေမေရဲ့ဂုဏ်သိက္ခာလဲရှိတယ်"

"မေမေ့မှာ အစကတည်းက ဂုဏ်သိက္ခာတွေ တနင့်တပိုးကြီး ရှိပါတယ် ဖေဖေ၊ နောက်ပိုင်းမင်းသမီးကြီး ခြေကျိုးနေလို့ ကန့်လန့်ကာနောက်ကွယ်မှာ ရောက်နေရပေမယ့် မင်းသမီးတိုင်း ငိုချင်းမချတတ်တော့ ခြေကျိုးလျက်နဲ့ပဲ နောက်ကွယ်ကနေ လည်ချောင်းနာအောင် အော်ငိုပေးရပါတယ်၊ ပရိသတ်ရှေ့မှာ သရုပ်ပြနေတဲ့သူဟာ တစ်ယောက်၊ တကယ်အော် တကယ်ငိုနေရတာက တစ်ယောက်ပါ"

"သမီး.."

ကိုယ့်သမီးလေး အသက်ငယ်ငယ်ရယ်ပါ၊ ဒီစကားတွေ ပြောတတ်နေသလား...၊ အံ့ဩစိတ်နှင့် ရုတ်တရက် စကားထောက်ဖို့တောင် မေ့နေခဲ့၏။ –

"သမီးတို့ လူ့လောကထဲကို ရောက်ခွင့်ရခဲ့တာ၊ ရှင်သန်နိုင်ခွင့်ပေးခဲ့တာ ရင်ခွင်က နှစ်ခုပေမယ့် အစကနေ ခုချိန်ထိ ရှိနေခဲ့တဲ့ရင်ခွင်က အတုမှမဟုတ်ဘဲ"

"မိဘကျေးဇူးတွေ ရွတ်ပြနေရင်တော့ မဆုံးနိုင်ဘူးပေါ့ သမီးရယ်၊ ဒါပေမယ့် ဖေဖေတို့ရဲ့မိသားစုထဲမှာ ဖြစ်ခဲ့တဲ့ပြဿနာက..."





"အဲဒါတွေ သမီး မသိချင်ဘူး ဖေဖေ၊ မေမေ့ကို ဖေဖေ အရမ်းချစ်တယ်ဆို..."

"ဟင်.."

"ခုချိန်ထိ ဖေဖေ ချစ်နေတာပဲ မဟုတ်လား"

"... ... ..."

"ပြောပါ ဖေဖေ၊ ဖေဖေကိုယ်တိုင်က မေမေ့ကို အဆင့်အတန်း..

"ဘာတွေပြောနေတာလဲ သမီးရယ်"

"ဒါဆိုရင်လဲ အားလုံး နေသားတကျပြန်ဖြစ်သွားအောင် မေမေ့ကို ပြန်လက်ထပ်လိုက်ပါ ဖေဖေရယ်"

ကင်းမောင်မောင် မျက်နှာမှာ အတိတ်ဟောင်းက ဒဏ်ရာတွေပါ ပေါ်လာခဲ့၏။ ဟိုအစကနေ ခုချိန်ထိ ပင်ပျို့ကို သူ စကားအေးဆေး ပြောလို့မရခဲ့ပေ။

မဖြစ်နိုင်ကြသည့်အခြေအနေတွေမှာလည်း သူမက ခံစားချက်မဲ့စွာ နောက်ဆုတ်ခဲ့သည်။ ဖြစ်နိုင်ပါပြီလို့ လူကြီးတွေကိုယ်တိုင် အခြေအနေကို လက်ခံပေးခဲ့ကြတော့လည်း သူမက ခေါင်းခါ၏။

ခုချိန်မှာ အားလုံး နားလည်လိုက်ကြတာက သူမဟာ မချစ်တတ်သောမိန်းမ...၊

"ဘွားဘွားကလဲ မတားတော့ဘူးတဲ့၊ မေပျို့ဘက်က သည်းခံလာခဲ့တာတွေကိုလဲ သိတယ်တဲ့၊ ကောသာနဲ့ အဆင်ပြေသွားကြရင် ပြီးတာပါပဲဦး"

မျက်ဝန်း က 'တဲ့'ပေါင်းများစွာနှင့်ပြောပြီးမှ...

"သမီးတို့က ခုမှ ကလေးသာသာအရွယ်တွေပါ ဖေဖေရယ်၊ ဟိုလေ.. ကောသာ ခုလိုဆိုးနေတာကလဲ ဖေဖေ ခွင့်လွှတ်နေလို့ပါ၊ တစ်သက်လုံးက ချစ်ကြောက်ရိုသေခဲ့တဲ့ ဖေဖေ့ကို..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် သမီးကြီး စိတ်မချမ်းသာအောင် မေမေ မလုပ်ချင်အေ့"

လဲ၊ "သမီးကြီး စိတ်ချမ်းသာသွားပြီဆိုတော့ သားက ပျော်နေနိုင်လို့လား"

ဒေါ်ခင်သူဇာ ဝင်လာတော့ မျက်ဝန်း ဝမ်းသာအားရဖြစ်သွားသည်။ တော်းမောင်မောင် က ခပ်လျှောလျှော ထိုင်နေရာကနေ ခြေချထိုင်လိုက်၏။ ဘူး ဒေါ်ခင်သူဇာ က စာကြည့်စားပွဲခုံမှာ အသာဝင်ထိုင်ကာ…

"မြေး… ဒေါ်ဒေါ်ဝင်းကို သွားကူလိုက်ဦး၊ ခေါင်းအုံးစွပ်တွေပြန်ချုပ်နေတာ အပ်ပေါက်ထိုးလို့ကို မပြီးတော့ဘူး"

"ဟုတ်"

ဘွားဘွား ဘာဖြစ်လို့ နှင်လွှတ်တာမှန်း မျက်ဝန်း က နားလည်သည်။ ထို့ကြောင့် ခေါင်းညိတ်ပြီး ကပျာကယာ ထ,ထွက်လာခဲ့သည်။ ဒေါ်ခင်သူဇာ က သားဖြစ်သူကို ကြင်နာစွာ ကြည့်လိုက်ပြီး…

"မေမေ နားလည်ပါတယ် သားရယ်၊ ပင်ဖျိုကို သား ဘယ်လောက် မြတ်နိုးတယ်ဆိုတာ…၊ ပြီးတော့ မြေးကေသာက မကြည်ဖြူဘူး၊ ပင်ဖျို ကိုယ်တိုင်က ရှောင်နေတယ်"

"အဲဒါတွေ မပြောပါနဲ့တော့ မေမေ"

"မပြောလို့ ဘယ်ရမလဲ သားရဲ့…၊ ဒေဝီ ဆုံးသွားတာ ဘယ်လောက်ကြာပြီလဲ၊ ဒါပေမယ့် သား ခုချိန်ထိ အရက်တွေသောက်နေတုန်း၊ လူတိုင်းက မိန်းမဆုံးသွားလို့ ခံစားနေရှာတာလို့ထင်ပေမယ့် မေမေကတော့ သိနေတယ်၊ သား ဒေဝီ ကြောင့် မဟုတ်ပါဘူး"

"ကျွန်တော် တစ်ခါတလေပဲ သောက်တာပါ မေမေ"

"နိုင်ငံခြားပြန်သမားတော်ကြီးတစ်ယောက်က ဆေးထိုးအပ် တစ်ဖက်၊ ပုလင်းတစ်ဖက်နဲ့ဖြစ်နေတာက မေမေ့မျက်လုံးထဲမှာ ကန့်လန့်ကြီး ဖြစ်နေတယ်၊ ကလေးကို ကလေးအရာမှာပဲထားပြီး သား ဆန္ဒရှိသလို ဆုံးဖြတ်လိုက်စေချင်တယ်၊ ပြီးတော့ ဒါ နောက်ထပ် အိမ်ထောင်သစ်ထူတဲ့ကိစ္စလဲမဟုတ်ဘူး၊ အားလုံး တအုံ့နွေးနွေးနဲ့စိတ်ညစ်နေကြရမယ့်အစား ရင်ဆိုင်စရာရှိတာ ရင်ဆိုင်ကြရုံပဲ"

ရင်ထဲမှာ တကယ် ဒီတိုင်းပဲ ဖြမ်းစေချင်ပါပြီ၊ တစ်နေ့တစ်နေ့ ဒီ သားရဲ့နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့နှင့်မျက်နှာကိုမြင်တိုင်း စိတ်မချမ်းသာနေရတာ မခံစားချင်တော့ပေ။

ငိုချင်စိတ်ပေါက်လာသည့်အခါများဆို ဘာတွေဖြစ်နေနေ လှည့်မကြည့်ဘဲ နေလိုက်ချင်၏။ ဒီမှာ ဒီလိုတွေဖြစ်ပျက်နေတာကို ပင်ဖျိုဆိုသည့် ရာဇဝင်ထဲကမိန်းကလေးတစ်ယောက်ကတော့ သိတောင်သိရဲ့လား…၊

ဟိုအရင်ကဆို သား အိမ်မှာမရှိသည့်အချိန်တိုင်း အိမ်ပေါ်မှာ သူ ရှိနေခဲ့သည်၊ အဝင်းနဲ့အတူတူ အားလုံး လုပ်ကိုင်ပေးသွားတတ်၏။

ဒီနောက်ပိုင်းကျတော့ မြေးက မနှစ်မြို့သည်မို့ မြေး မရှိသည့် အချိန်တွေကျမှ လာသည်။ ဒီနေ့မနက်ဖြန်တိုင်းမှာတော့ လုံးဝ ပေါ်မလာတော့ပါ။ အဝင်း ကတော့ ပင်ဖျိုလည်း ငိုရှာပါသည်တဲ့…၊ ဒေါ်ခင်သူဇာ သိပ်မယုံချင်။

ဒီဇာတ်လမ်း စကတည်းကိုက သဘာဝမကျတာတွေနဲ့စခဲ့တာ ဖြစ်၏။ 'ကျွန်မ ကိုကိုလေးကို စိတ်နဲ့တောင်မပြစ်မှားပါဘူး' လို့ လက်ကာခေါင်းခါငြင်းတာတွေမှာ ပုံပြောကောင်းတဲ့ကောင်မလေးလို့ ရယ်စရာတွေဖြစ်ခဲ့ပြီး ခုကျတော့ နေပဲနေနိုင်လွန်းတဲ့မိန်းမတစ်ယောက်အဖြစ် ရာဇဝင်ထဲကိုပဲ ပြန်ပို့ဖို့ကောင်းနေတော့သည်။

သူမသည် ကင်းမောင်မောင် ဆိုသော ဥစ္စာပေါ ရုပ်ချော ယောကျ်ားတစ်ယောက်ကို အင်မတန် ရိုသေလေးစားခဲ့သည်မှလွဲ၍…

"အပွန်း… ပင်ဖျိုနဲ့ပေါင်းဖို့ မေမေ ပြောတာလား"





www.burmeseclassic.com

www.burmeseclassic.com

အတွေးတို့က ကင်းမောင်မောင်၏ မဲ့ရွဲ့စကားသံကြောင့် ပျက်
ကင်းမောင်မောင်သည် ဒေါခင်သူဇာကဲ့သို့သော အတွေးတူချားနှင့်
တရီ ပြုံးလိုက်ကာ…

“ပင်ပို့ က ကျွန်တော့်ကို ဘယ်တုန်းကမှ…”

“နေဦး သား၊ သူ ဘယ်ပိုသဘောထားထား မြေးတို့ရဲ့အ
ဖြစ် နေသရွေ့ မင်းလက်ထပ်ထားတဲ့ဇနီးမယားဆိုတာကို မေ့ထားလို့
ဘူး၊ အဲဒီတော့ သား စိတ်ချမ်းသာမှုကို ဦးစားပေးလိုက်ပါ၊ ပင်ပို့ရဲ့
မြေးရဲ့သဘော ဒါတွေကို ဒုတိယထားလိုက်ရင် ရပြီလို့ မေမေ ထင်တယ်”

ကင်းမောင်မောင်က အပေါ်စီးကနေမြင်နေရသည့် ခြံထဲမြင်ကွင်း
ကို ငုံ့မိုးကြည့်၍ မျက်ခုံးတွေ တွန့်ကုတ်ကျနေတဲ့အထိ စူးစိုက်စဉ်းစားသည်။

အနီးဆုံးအရာတွေဟာ အဝေးဆုံးမှာပဲ ဖြစ်နေခဲ့လျက်…။





## အခန်း (၂၇)

“အထဲမှာ မေပို့ ရှိသလား ဒေါ်ဒေါ်ဝင်း”

“ရှိတယ်”

မေးတာက အဝင်း ကိုပေမယ့် အမောကကောရောက်လာပြီး ဖြေ
လိုက်သူက မျက်ဝန်း ဖြစ်သည်။

“ဘွားဘွားခေါ်လို့ ခုနကမှ ဝင်သွားတာ၊ ဘာလုပ်မလို့လဲ”

အဖြစ်သည်းနေသည့် မျက်ဝန်းကို ကေသာ က အောက်မေးဖျား
လေးကို တမင်မဲ့ရွဲ့လှုပ်ပြီး စိုက်ကြည့်၍…

“ဘာလဲ၊ မေးတာတောင် မမေးရတော့ဘူးလား”

“မေးရပါတယ်၊ ဒါပေမယ့် ပြောစရာရှိရင် လူမှန်းသူမှန်းမသိပြော
တတ်လွန်းလို့ နင့်ကိုပဲ ကြောက်နေရတယ်လေ”

“အဟွန်း… ကိုယ်မှန်နေရင် ကြောက်ဖို့မလိုပါဘူး”

အဝင်းလည်း ထွက်သွားဖို့ပြင်ပြီးမှ ကလေးနှစ်ယောက်ကို ဒီနား
မှာ ဒီတိုင်း လွှတ်ပေးခဲ့လို့ ဖြစ်မဖြစ်တွေးမိပြီး မသွားဖြစ်ဘဲရှိလျက်…

“ကေသာလေး ဘာလိုချင်လို့လဲဟင်”

မေးလိုက်တုန်းမှာ အထဲကနေ ပင်ပို့ ထွက်လာ၏။

“ကေသာ…”



www.burmeseclassic.com

www.burmeseclassic.com



ပင်ပျို မျက်နှာဖြူနုနုမှာ ရဲခနဲ စွန်းထင်သွားခဲ့သလိုပင်။ ပြီးတော့ ဖျတ်ခနဲ ခေါင်းငုံ့ပစ်လိုက်ပြီး ခြေလှမ်းပြင်လျှင်...

"မေပျို.."

"ဟင်"

ကေသာ က ခေါ်လိုက်တော့ မျက်ဝန်းကိုယ်လေး ဆတ်ခနဲဖြစ်သွား၏။ အဝင်းလည်း လန့်သွားသည်။ ကေသာ ကတော့ ပင်ပျို တစ်ကိုယ်လုံးကိုပဲ စိုက်ကြည့်၍...

"ဖေဖေ မရှိတဲ့အချိန်တောင်မှ မလာဘဲနေတာ မေပျို က ကေသာ ကို စိတ်ဆိုးကြောင်းပြလိုက်တာလား"

"အို.. မဟုတ်တာ သမီး ကေသာရယ်"

သမီး ခေါ်မိခြင်းကို လန့်ဖျပ်ကာ နှုတ်ခမ်းကို လက်နဲ့တောင် ပိတ်မိတဲ့အဖြစ်။ ပြီးမှ ပင်ပျို ခေါင်းခါလိုက်ကာ..

"မဟုတ်ပါဘူး ကေသာလေးရယ်၊ ဒါပေမယ့်လေ သွားလာ ဝင်ထွက်နေရင်း တိုက်ဆိုင်မှုတွေဖြစ်လာမှာကိုတော့ ကြောက်တယ်၊ အဲဒါကြောင့်ပါ"

"ဒါကတော့ မေပျို က ကြည့်နေလေ"

"ကေသာ.."

မျက်ဝန်း က ရိုင်းစိုင်းသည့်စကားကို တားဖို့ သတိပေး၏။ ကေသာ က မိုက်ကြည့်ကြည့်ပြီး မဲ့ကာ...

"ငါပြောချင်တာက အခု အိမ်မှာ လိုအပ်ချက်ပေါင်းများစွာ ဖြစ်နေတာ ငါ့ကြောင့်လို့ ခေါင်းစဉ်တပ်ခံထားရတယ်လေ၊ ငါ့ဘက်က ဒါ မကြိုက်ဘူး၊ ဒီအချိန် မလာပါနဲ့လို့ပြောခဲ့တာ သူ့ကို တိုက်ပိတ်အမိန့်ချလိုက်တာမှမဟုတ်တာ"

"နင် တော်တော်မိုက်ရိုင်းပါလား ကေသာ"





"ပြောတတ်တဲ့အတိုင်း ပြောတာပဲ"

"ရတယ် သမီး၊ ကေသာ ပြောပါစေ"

ပင်ပျို က မျက်ဝန်း ကို မပြောဖို့ လက်ဖျားလေးကို ဖိဆုပ်ကိုင်ထားလိုက်၍...

"ပြောလေ ကေသာ၊ အခု မေပျို ဘာလုပ်ပေးရမလဲ"

"အခု မဟုတ်ဘူး၊ အိမ်မှာ အရင်လိုပဲ ဝင်ထွက်လုပ်ကိုင်ပေးဖို့လေ၊ ဒါပေမယ့် ဖေဖေ ရှိနေတဲ့အချိန်မှာတော့ မေပျို မရှိနဲ့ပေါ့"

ပင်ပျို က ကျေနပ်သည့်အပြုံးလေးနှင့် ခေါင်းညိတ်၏။ ထိုအခါ ကေသာ့မျက်ဝန်းတွေက ပင်ပျို့ပါးနှစ်ဖက်ပေါ်က ပါးချိုင့်လေးနှစ်ဖက်ဆီ စူးစိုက်သွားလေသည်။

မေပျို့ကို ချစ်ခဲ့ရတာ ဒီပါးချိုင့်လေးတွေကို မြင်ရတိုင်းပါပဲ၊ ပခုံးကနေ တင်းခနဲဖက်၊ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်နမ်း...၊

မေပျို 'အမလေး သမီးရယ် ဖြည်းဖြည်းလုပ်ပါ' လို့ အော်သံလေးကြားမှ ဖြေဖို့သတိရသည်။ စကားပြောနေရင်းလည်း ထင်းခနဲ၊ လက်ခနဲ ချိုင့်ခွက်ဝင်သွားတတ်သည့်ပါးချိုင့်လေးတွေကို ငေးတိုင်းမဝ၊ ပွေ့ဖက်နမ်းလိုက်တိုင်းပဲ မွှေးနေတတ်သည့်ကိုယ်သင်းနံ့လေးကလည်း ငြီးငွေ့သွားချင်စရာမရှိ။

ဖေဖေ့ဒိုင်ယာရီကို ဖတ်ပြီးကာမှ မေမေဆုံးသွားသည့်အဖြစ်တွေကို တိုက်ဆိုင်ကာ မေပျို့ကို သူမ မုန်းခဲ့သည်။ ဖေဖေနဲ့ဇာတ်ကြောင်းတွေကို အစအဆုံးသိလိုက်ရခြင်းနှင့်အတူ သူမတို့ညီအစ်မဟာ မေပျို့ရင်သွေးတွေဆိုတာကို ဘယ်လိုမှ လက်မခံနိုင်။

တကယ်တော့ လက်မခံနိုင်ခဲ့သည့်အကြောင်းအရာတချို့က ရှိပါသည်၊ မေပျို့ကို မခေါ်မပြောရဘဲ အနေကြာလာလို့ ရင်ထဲမှာ မကျေနပ်ချက်ပေါင်းများစွာ အုံဖွဲ့လာခဲ့တာက တခြား၊ သူမ ဘာတွေဖြစ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။

မေပျို ပြန်သွားသည်နှင့် မျက်ဝန်း က ကေသာ့ဘေးကို ထပ်ထိုင်လိုက်ကာ…

“နင် မေပျိုကို ဒီထက်နိုင်ဖို့နည်းလမ်းတွေ ရှိနေသေးလား ကေသာဟင်…၊ ဟိုတုန်းကလည်း ကိုယ့်မိဘ အဒေါ်သားရင်းလို လက်ထပ်တတီး နေခဲ့ကြတာ၊ ပြောရမယ်ဆိုရင် မေမေက လူမမာဖြစ်နေတဲ့အချိန်က များတာ၊ ငါတို့ မေပျိုလက်ပေါ်မှာပဲ ကြီးပြင်းခဲ့တာမဟုတ်ဘူးလား ဖေဖေနဲ့မေပျို…”

“ဖေဖေနဲ့မေပျို ဟိုတုန်းက အဲဒီလိုအဖြစ်တွေရှိခဲ့တယ်ဆိုတာ ငါလက်ခံလို့မရဘူး မျက်ဝန်း၊ ငါ့စိတ်ထဲမှာ ဖေဖေက တခြား၊ မေပျိုက သပ်သပ်ကြီး…”

“ဒါပေါ့၊ နင်က ဂုဏ်မောက်နေတဲ့မိန်းမပဲ”

ညီအစ်မ ရန်ဖြစ်ဖို့စလာတော့ အဝင်း အနားကနေရှောင်ထွက်လာခဲ့သည်။ မဖြစ်ခင်တားဖို့ပဲ သူ တတ်နိုင်သည်။ ဖြစ်လာပြီဆိုရင် ကိုယ်က အလုပ်သမား…၊

ကေသာ က အဝင်းကိုလှည့်ကြည့်ပြီးမှ မျက်ဝန်း ဘက် ပြန်လှည့်ကာ…

“နင် ပြောသလိုမဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ ဖေဖေနဲ့မေမေရဲ့ ခိုင်မြဲတဲ့အသိုက်အမြုံလေးထဲကို မေပျို က ဖျက်ဆီးဖို့သက်သက်ပေါ်လာတာ၊ အဲဒီလိုပဲမြင်တယ်၊ ဖေဖေ့အသက်နဲ့ သူ့အသက်ကို ကြည့်ပါဦး”

“မေပျို က ငယ်ပေမယ့် အများကြီးတော့မကွာဘူးလို့ ဘွား ပြောသားပဲ”

“အဲဒီလိုမဟုတ်ဘဲနဲ့ နင် ယှဉ်ကြည့်စမ်းပါ၊ မေပျို က နုနုဖတ်ဖတ် ရွှံ့ရွှံ့လေး၊ ဖေဖေ့ကို သူ့ရဲ့အလှအပတွေနဲ့…”





“မဟုတ်ဘူး မြေး၊ မေပျို့မှာ ထူးခြားတဲ့အလှအပ မရှိဘူး၊ ဆွဲဆောင်နိုင်လောက်တဲ့အလှပိုင်ရှင်လဲမဟုတ်ပါဘူး”

အခန်းတံခါးဝမှာ ဒေါ်ခင်သူဇာ ရောက်လာသည်။ ကလေးတွေကို မေပျိုလို့ခေါ်အောင် သင်ပေးကြရင်း အိမ်သားအားလုံး ပါးစပ်ထဲမှာ ‘ပင်ပျို’ဆိုတဲ့နာမည်လေးတောင် ပျောက်သလိုလို ဖြစ်နေ၏။ ကေသာတို့နှစ်ယောက် ပြောနေသည့်တချို့တစ်ဝက်ကို ကြားလိုက်သည့် ဒေါ်ခင်သူဇာသည် အခန်းရှေ့ထိ လျှောက်ထွက်လာကာ…

“စိတ်ရင်းကောင်းတဲ့သူ လှတယ်ဆိုတာ စာဆိုရှိခဲ့တာမဟုတ်ဘူး မြေးရဲ့…၊ မြေးတို့ရဲ့မေပျို့ကို ကြည့် …၊ သူဟာ မိန့်ဖျော့ဖျော့ ဖြူနုနုပုံလေးရှိပေမယ့် မလှပါဘူး၊ မော်ကြွားခြင်းလဲမရှိဘူး၊ ဘွားပြောတဲ့ မော်ကြွားခြင်းဆိုတာ မြေးတို့ သိပ်နားလည်မှာမဟုတ်ဘူး၊ ပြောရမယ်ဆိုရင် ဒေဝီနဲ့မြေးတို့ဖေဖေရဲ့အိမ်ထောင်ရေးရှိခဲ့ပုံကို မြေးတို့ သိခဲ့ပြီပဲ၊ အဲဒါကို ပြန်ပြီး ယှဉ်ကြည့်လိုက်ပါ၊ ဒေဝီက သားရဲ့ဇနီးအဖြစ် အနားမှာနေခွင့်ရပေမယ့် သားက မချစ်ခဲ့ဘူး၊ ပင်ပျို ကတော့ မျက်နှာငယ်စွာရှောင်ပေးခဲ့ရတဲ့ဘက်က၊ ဒါပေမယ့် သား သိပ်ချစ်ခဲ့တယ်၊ ချစ်တဲ့အကြောင်းလဲ ပြောခဲ့ဖူးမှာပေါ့၊ ပင်ပျို က ဒီယောကျ်ား ငါ့ကိုချစ်နေတာပါဆိုပြီး ဘယ်တုန်းကမှ ဒေဝီကို အနိုင်ယူဖို့မကြိုးစားခဲ့ဘူး”

‘ချစ်တာကို ချစ်နေတာပါလားလို့ မခံစားတတ်တဲ့မိန်းမ’ ဆိုသည့်စကားကိုတော့ သား ဒီနားမှာရှိနေလျှင် ဖြည့်စွက်ပြောလိမ့်မည်ထင်သည်။

“မြေးက မေပျို့သဘောကို နားမလည်လို့ တလွဲထင်နေတာပါ၊ တကယ်သိလာတဲ့အခါ ဘွားတို့လိုပဲ ပါးစပ်အဟောင်းသားဖြစ်ပြီး ဒီမိန်းမ ဒါမျိုးပါလားလို့ အားလုံး နားလည်သလို မြေး အံ့သြသွားမှာ၊ ပင်ပျို က ဖြူစင်တဲ့သူပါကွယ်”

ကေသာ က နှုတ်ခမ်းလေးကို တမင်ဖိပိတ်ထားသည်နှင့် ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်နေ၏။

"ခုတော့လေ ဖနိုးကို စည်းရုံးလို့မရတဲ့အထဲမှာ သမီးဖြစ်သူ ကန့်ကွက်နေတော့ မြေးတို့ဖေဖေ ဘယ်လောက်စိတ်ညစ်နေရသလဲ"

"ဖေဖေက မေပျိုကို ပြန်ပေါင်းချင်နေပြီပေါ့၊ ဟုတ်လား ဘွား"

"မေးရက်တယ် မြေးရယ်၊ သူ ချစ်လို့လက်ထပ်ခဲ့တဲ့ မိန်းမ တစ်ယောက်ကို…"

"မဟုတ်ဘူး၊ မေပျို့ ပြောတော့ သူ အနေအထိုင်မတတ်လို့ မှားခဲ့တာ၊ အားလုံးက ပြီးခဲ့ပါပြီတဲ့၊ ဒါကို ဖေဖေက ကယ်တင်ထားခဲ့တဲ့ ကျေးဇူးရှင်တဲ့"

ကေသာ့ စကားကြောင့် ဒေါ်ခင်သူဇာက ပြုံးသည်။

"အဖြေက အဲဒါပဲ မြေးရဲ့…၊ မြေးတို့ အရွယ်မရောက်ကြသေးပေမယ့် ခံစားချက်လေးတွေ ဖြစ်တတ်နေပါပြီ၊ ဒီအဖြစ်တွေကို မပြောချင်ပေမယ့် မြေးတို့ နားလည်ဖို့က ပြောမှဖြစ်မှာ"

"ပြောပါ ဘွားဘွား၊ ကျွန်မနဲ့က သိချင်ပါတယ်"

"အေး… ပင်ပျိုက္က ဘွားတို့ထက် အခြေအနေ နိမ့်ကျပေမယ့် တခြားမိန်းကလေးတွေလို သူ့ငွေသားကို စိတ်ကူးမျှော်လင့်ပြီး မခွတ်ခင်က ညွှတ်ချင်နေတာမျိုးမဟုတ်ဘူး၊ သူ အနေအထိုင်မတတ်လို့ပဲ တာက သူတစ်ဖက်သားကို အပြစ်မမြင်တတ်တဲ့ဉာဉ်လေးပါ၊ ဒါကြောင့် သူ့ကိုယ်သူပဲ အပြစ်ပုံချခဲ့တာ၊ အဖြစ်မှန်က မြေးတို့ဖေဖေက စပြီး ပင်ပျိုကို သဘောကျနေခဲ့တာ"

မြေးနှစ်ယောက်စလုံး ငြိမ်သက်နေတာကို တစ်ချက် အကဲခတ်ပြီးမှ…

"ဒါတွေက သူ့ရဲ့ဒိုင်ယာရီကို ဒေဝီ တွေ့သွားလို့ ဖတ်ရပြီးမှ မေမေ တို့လဲ သိရတာပါ၊ အစတုန်းကတော့ ဘယ်သူမှ မထင်မှတ်မယုံကြည်နိုင်





လောက်အောင် မျက်စိရှုပ် နားရှုပ်ဖြစ်ခဲ့ကြတာလေ"

ဒေဝီ့မျက်ရည်တွေကိုမြင်ရတော့ ဒေါ်ခင်သူဇာ အားနာသနားစိတ်တွေဖြစ်လိုက်တာမှ ထိုစဉ်က မနေတတ် မထိုင်တတ်ဖြစ်ခဲ့ရပုံများ ပြန်လည်း မပြောတတ်တော့ပါ။

"ခုမှ ရှင်းသွားတာပေမယ့် ဒေဝီ ရိပ်မိနေခဲ့တာ ကြာပြီ မေမေ၊ သူ ဒေဝီ့နားကို လုံးဝမကပ်ဘူး၊ တစ်ခန်း တစ်အိပ်ရာတည်းမှာ အတူရှိနေခဲ့တဲ့မိန်းမကို လုံးဝ မတို့မထိဘဲ ဘယ်ကိုမှလှမ်းဆွတ်တမ်းတနေပုံ မရှိအောင် သူ နေတတ်ခဲ့ပေမယ့် ဒေဝီကိုယ်တိုင် သူ့စိတ် ဘယ်ရောက်နေတာကို သေချာမဖတ်နိုင်ပေမယ့်ပေါ့နော်…၊

ဒေဝီ သိတယ်၊ မဖြစ်နိုင်မှန်း တွေးမိတာတောင် သူ ပင်ပျိုကိုချစ်နေတာများလားလို့ အမြဲ တွေးမိတယ်၊ တဖြည်းဖြည်း ခိုင်မာလာတဲ့ အကြောင်းတွေကိုတော့ မပြောချင်တော့ပါဘူး၊ ဒေဝီလေ ကိုယ်ဝန် လိုချင်တဲ့အဖြစ်ကိုတောင်မှ သူ့ကို အသနားခံပြီး…"

ဒီစကားတွေထိ ဒေါ်ခင်သူဇာ ဆက်လက်နားမထောင်နိုင်တော့ဘဲ စကားဖြတ်၍ ချော့မော့လိုက်ရသည်။ ချော့လိုက်ကာမှ ဒေဝီ ရှိုက်ကြီးတငင် ငို၏။

"သူက သူ့ရင်ဘတ်တစ်ခုလုံး ဒိုင်ယာရီထဲမှာထည့်နှစ်ပြီး ဘယ်သူမှ မရိပ်မိအောင် တစ်သက်လုံး ဖုံးဖိသွားဖို့ ကြိုးစားခဲ့တာ"တဲ့။

ဒါတွေပြောစဉ်ကလည်း ဒေဝီ့ခမျာ လူမမာပါ၊ နှလုံးရောဂါသည် ဘဝနှင့် ဘွဲ့ရပြီး အလုပ်မလုပ်နိုင်။ ယောက်ျားရှိလျက်နှင့် ကလေးမရခဲ့။

နောက်ထပ် သားအိမ်ရောဂါ ရခဲ့တာကတော့ သူမရဲ့ကံကြမ္မာသာ။ အကြောင်းစုံတို့ပြောပြလိုက်ပြီး ဒေါ်ခင်သူဇာ မျက်ရည်ဝဲနေရှာသည်။

"တကယ်တော့ လူတိုင်းဟာ ကိုယ့်ဘဝနဲ့ကိုယ် သတ္တဝါတစ်ခုက တစ်ခုပါ၊ ဒေဝီ့ကို သနားပေမယ့် သူ့ရဲ့ကံကြမ္မာက ဒီလိုရှိခဲ့တာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



သားက ဒေဝီ့ကို လက်မထပ်ခင်ကရော လက်ထပ်ပြီးတဲ့နောက် အဲ·· ဆုံးသွားတဲ့အထိပေါ့၊ လုံးဝ မချစ်ခဲ့ဘူး"

"မေမေက ဘာဖြစ်လို့ ဖေဖေ့ကို အဲဒီလောက်သည်းခံနေရတာလဲ"

"ချစ်လို့ဖြစ်မှာပေါ့ မြေးရယ်၊ လက်မထပ်ခင်ကတည်းက မြေးတို့ အန်တီနှင်းက သူ့မောင် နေထိုင်ဆက်ဆံပုံကြောင့် အားနာပြီး ဒါကို ဖွင့်ပြောဖူးတယ်၊ ပြောပေမယ့် ဒေဝီက ကျေနပ်တယ်၊ အမြဲတမ်း တစ်ဖက်သတ်ချစ်သွားရလဲ ကံတရားပါပဲတဲ့၊ အတူတူနေကြတဲ့အခါ နားလည်ကြင်နာမှုတွေရှိလာအောင် သူ ကြိုးစားမယ်တဲ့၊ ဖြစ်လာတာ ဖြစ်မလာတာကိုတော့ ဘယ်သူမှမတတ်နိုင်ဘူးလေ၊ အားလုံးထဲမှာ အေးချမ်းနေခဲ့တာက ပင်ပျိုပဲ၊ သူ့ကို ဘယ်သူ ဘယ်လောက်ချစ်နေ စွဲလမ်းနေသလဲ၊ ဘယ်သူတွေ ဘာဖြစ်နေသလဲ သူ ဘာမှနားမစွင့်ဘူး၊ ဒီကိုယ်ဝန်ကြောင့် သူ ဘဝပျက်မတတ်ခံစားနေရတာကို အားလုံး စီစဉ်ပေးလိုက်လို့ ကျေးဇူးတင်သွားတယ်၊ ကလေးတွေနဲ့ အတူနေခွင့်ရမယ်ဆိုလို့ သားနဲ့ဒေဝီရဲ့သမီးတွေအဖြစ် ကျေကျေနပ်နပ်ပေးတယ်၊ ဒါပဲ"

ဒီစကားမှာ ကေသာက မျက်နှာလေးမော့လာကာ···

"သမီးတို့ကို ကိုယ်ဝန်ရှိတော့ ဖေဖေ့ကို မေပျိုက မပြောဘူးလား"

"မြေး ဒိုင်ယာရီ ဖတ်လိုက်တယ်မဟုတ်လား"

ကေသာ မျက်နှာလွှဲသွား၏။

"ရှုပ်ကုန်တာ အဲဒါပဲ မြေးရဲ့··၊ မမြင်အပ် မကြားအပ်တာဟာ မမြင်တာ မကြားတာပဲ ကောင်းတယ်၊ မြေးက ဒိုင်ယာရီကို ခိုးဖတ်လိုက်တော့ အဖြစ်ကိုပဲသိတယ်၊ အကြောင်းကိုမသိလိုက်ဘူး"

ဒိုင်ယာရီထဲမှာ 'ဘဝပျက်ခဲ့ပြီး ခေါင်းခါနေတဲ့မိန်းမ' ဆိုသည့် စာကြောင်းကို မင်နီသားထား၏။ ဒီစာကြောင်းကို ခုမှပဲ တကယ်နားလည်တာပါ၊ ဒါပေမယ့် ကေသာ ပါးစပ်ပိတ်နေလိုက်သည်။





"သားကို လက်ညှိုးထိုးဖို့နေနေသာသာ အားလုံးက ဝိုင်းမေးနေတဲ့ကြားကနေ ဒီကိုယ်ဝန်နဲ့ အိမ်ကထွက်သွားပါ့မယ် ဖွတ်လုပ်လို့ မနည်းတားကြရတာ၊ သား ရောက်လာပြီး သူ့ကိုယ်ဝန်ပါလို့ပြောတာလဲ မဟုတ်ပါဘူး၊ မဆိုင်ပါဘူးလို့ပဲ ခေါင်းခါနေတယ်၊ တကယ်တော့ ပင်ပျိုဟာ သိပ်ကိုကျေးဇူးတင်ထိုက်ပါတယ် မြေးရယ်၊ မရနိုင်တာကိုတမ်းတရင်း ဒေဝီ စိတ်ဆင်းရဲခဲ့ရပေမယ့် ဘဝတစ်ခုစီနဲ့ ခံစားချက်ကိုယ်စီက သူ့အကန့်နဲ့သူ ရှိခဲ့တာ၊ ဒေဝီ့ကို သေစေအောင်လုပ်ခဲ့တာ ပင်ပျိုလဲမဟုတ်ဘူး၊ သားလဲမဟုတ်ဘူး၊ အချစ်စိတ်ကြောင့် ရူးနေကြတာ"

မျက်ဝန်းက တံတွေးတစ်ချက် မျိုချလိုက်ပြီး···

"ဒါဆိုရင် မေမေက ဖေဖေ့ကို အရမ်းချစ်ပြီး ဖေဖေက မေပျိုကိုပဲ ချစ်ခဲ့တယ်၊ မေပျိုက ဘာမှခေါင်းထဲမထည့်ဘဲ နောက်ဖေးအိမ်မှာ အေးအေးချမ်းချမ်းပဲနေခဲ့တယ်၊ ဒီလိုပေါ့နော်"

"ဟုတ်တယ် မြေး"

ဒေါ်ခင်သုဓာက မျက်ဝန်း မေးတာကို ဖြေ၍ ကေသာ့ကိုပဲ ကြည့်ကာ···

"မြေး စိတ်အေးအေးထားပြီးတွေးကြည့်ပါ၊ မိဘကို စိတ်ချမ်းသာစေခြင်းဟာ သားကောင်းသမီး ပီသခြင်းပဲကွယ့်"

ဒါပဲပြောပြီး နှုတ်မဆက်ဘဲ ပြန်လှည့်ဝင်သွား၏။ ကေသာ မျက်မှောင်ကြုတ်ပြီး မလှုပ်မယှက်ရပ်နေတာကိုကြည့်ကာ မျက်ဝန်းကလည်း အသံမပေးဘဲ အနားကခွာခဲ့သည်။

နှုတ်တရှုတ်မှန်းဖို့မကြိုးစားဘူးဆိုရင်တော့ ကျေသင့်ပါပြီ၊ ပြေပါစေတော့·····။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ညီအစ်မနှစ်ယောက်၏လက်ထဲမှာ အဝေးကြည့်မှန်ဘီလူးက ဟိုဘက်ရောက် ဒီဘက်ရောက်။

"ပေးစမ်းပါ၊ နင် အဲဒီတစ်ယောက်ကိုပဲ လှမ်းမြင်လိုက်တိုင်း မှန်ဘီလူးကို မချတော့ဘူး၊ အသက်က တော်တော်ကြီးမယ့်ပုံပဲ"

ကေသာက မျက်ဝန်း လက်ထဲကို မှန်ဘီလူး ဆောင့်အောင့်ထည့်ပြီး ခါးထောက်၏။

"အံမာ.. ငါက ပိုးပန်းနေတယ်များမှတ်လို့လား"

"ချောလို့ကြည့်တာမဟုတ်ဘူးလား၊ နင်ပဲ လက်ဖျားတခါခါနဲ့.."

"ဟဲ့.. အဲဒါက အသက်ကြီးပုံပေါက်နေသားနဲ့ ချောနေလို့၊ ဘာညာသာရကာစိတ်နဲ့ မဟုတ်ဘူး"

"မဟုတ်ရင်လဲ ခဏနေစမ်းပါ၊ ဒီမှာကြည့်နေတုန်း"

အိပ်ခန်းထဲကနေ မှန်ဘီလူးရဲ့မြင်ကွင်းက သိပ်မကောင်း။ ဝရံတာထွက်ကြည့်လျှင် အဝင်း ဘုရားပန်းလဲနေတာနှင့် တိုးနိုင်သလို မြင်ချင်မှလည်း မြင်ရမည်။

မျက်ဝန်းက လှုပ်ရှားနေသည့်ပုံရိပ်ကို အနီးကပ် ဆွဲယူကြည့်၏။ အရပ်က ခြောက်ပေကျော်နိုင်၏။ ဖေဖေ့အရပ်လောက်ပဲရှိကာ ဖေဖေ့လိုပဲ ဗိုက်သားရှပ်ရှပ်နှင့် ပခုံးနှစ်ဖက်ချလျှောက်ပုံက ကြည့်ကောင်း၏။





အရပ်ရှည်သလောက် အသားဖြူဖြူမှာ မျက်ခုံးနှစ်ဖက် ထင်းနေ၏။

"ဟုတ်တယ် ကေသာ၊ ချောတော့တော်တော်ချောတယ်၊ ဒါပေမယ့် ဖေဖေတို့အသက်နီးပါးရှိနိုင်တယ်၊ တော်တော်လဲငယ်နိုင်သေးတယ်ဟ၊ ဘာပဲဖြစ်ဖြစ် ငါတို့ ဒီလိုခိုးကြောင်ခိုးဝှက်ကြည့်တာ မတင့်တယ်ဘူးထင်တယ်၊ အဖေလောက်ကြီးကို..."

"ရှယ်တူဖြစ်နေရင်ရော ငါတို့က ကြည့်နေစရာလားဟ၊ ချောလို့ကြည့်တာ ဘာဖြစ်လဲ၊ ရိုးရိုးသားသားဟာကို..၊ ဟယ်.. ဟိုမှာ..."

ပြောရင်း ကြည့်လိုက်စဉ် မြင်ကွင်းထဲမှာ မေပျို့ ပုံရိပ်လေး ဝင်လာ၏။

"ဘာလဲ၊ ဘာလုပ်ပြလို့လဲ၊ ငါတို့ကြည့်နေတာကို မြင်သွားပြီလား"

"မဟုတ်ပါဘူး နင်ကလဲ..၊ ဟိုမှာ မေပျို့.. မေပျို့ကို ဟိုလူကြီး သေချာကြည့်ပြီး အနားကပ်ဖို့တိုးသွားနေတယ်"

"ဟင်... တွားသွားနေတယ်၊ လေးဖက်ထောက်ကြီးလား"

"ဟား.. နင် နားလေးနေလား၊ တိုးသွားနေတာ၊ အနားရောက်အောင် ရှေ့တိုးသွားနေတာ"

"ဟင်.."

မျက်ဝန်း မျက်လုံးလေးဝိုင်းသွားတော့ ကေသာ က လက်ကို ဖျတ်ခနဲဆွဲလိုက်ကာ..

"လာ.. ဘာတွေလုပ်ကြမှာလဲ၊ ငါတို့ သွားကြမယ်"

"သွားကြည့်မယ်"

"သူတို့ပြောတာတွေ ကြားရတဲ့နေရာအထိ၊ လာပါ.. လုံးဝ မသိစေရဘူး"

သူတို့ ခြံထဲကိုပြေးဆင်းခဲ့ကြတော့ နောက်ဖေးထောင့်နားထိ ရောက်အောင် တိုက်ပွဲဝင်စစ်သားတွေလို တိုပြေးကပ်၊ ဒီပြေးခိုနှင့် မောလိုက်သည့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ကျမှ မေဖျို က လှနေလိုက်တာ'ဟု မဲ့ရွဲ့ပြောသည့် ကောသာလေးက ဘာကို ဒေါသထွက်နေသည်မသိ။

မေဖျိုသည် မဝတ်စဖူး ပန်းရင့်ရောင်စပို့ရှပ်လက်တိုလေးနှင့် ထဘီအနက်ကိုဝတ်ထားကာ ဒူးခေါက်ကွေးနားထိရှည်သည့် ဆံကေသာတို့ကို ဖြန့်ချထား၏။

ခေါင်းလျှော်ထားတာမို့ ရေသုတ်ပြီးဖြစ်သလို ဖြန့်ချထားမှန်းသိသာပေမယ့် ဆံပင်နဲ့နားရွက်ကြားမှာ ရွက်စိမ်းလေးတွေပါသည့် စံပယ်ပွင့်ခိုင်လေးကို ထိုးသိပ်ညှပ်ထားတော့ နုဖျိုသည့်အလှက ကဗျာဆန်သွား၏။

နှင်းဆီအိုးတွေကို ပေါင်းနုတ်ပေးနေရင်း တလှုပ်လှုပ်နှင့် ခြံစပ်ကို ရောက်သွားပုံပေါ်ကာ ခြံစည်းရိုးမှာတင်နေသည့် နွယ်ပင်တချို့ကို ဆွဲသပ်ချနေသည်။

"ညီမ·· ညီမက ပင်ဖျို မို့လားဟင်"

"ရှင်"

အသံကြားသည်နှင့် မျက်နှာရှေ့မှာ ဘွားခနဲပေါ်လာတော့ ပင်ဖျို လန့်သွား၏။ မေးရိုးကားကား၊ နှုတ်ခမ်းရဲရဲနှင့် မျက်နှာကို မြင်လိုက်သည်နှင့် ဖျတ်ခနဲဆို ဧဝေဧဝါသတိရသွားသည်။

စဉ်းစားလိုက်တော့ တန်းပေါ်လာ၏။

"ရှင်·· ဟို····"

"တို့က ဒေါက်တာ·· အဲ·· မင်းနဲ့ဆုံခဲ့တုန်းက ကျောင်းသားပဲပေါ့၊ နေသိခ် လေ"

"အင်း မှတ်မိပြီ၊ အစ်ကိုသိခ်"

"ဟာ·· ဝမ်းသာလိုက်တာကွာ၊ မင်း ဟိုဘက်က နှင်းဆီပင်တွေထဲမှာရှိနေကတည်းက တို့ မြင်တယ်၊ ခေါ်လိုက်ရင် မဟုတ်မှာလဲစိုးတာနဲ့··"

ပင်ဖျို မျက်နှာလေးပျက်သွားကာ ကိုယ့်ဘဝကို သတိရသွား၏။





နေသိခ်တို့က ချမ်းသာသည့်မျိုးနွယ်စုတွေ ဖြစ်သည်။ အဖွားနှင့်သူ့နောက်က တိုက်ကြီးဆီ မျက်လုံးက ရောက်သွားသေးသည်။

ဟိုတုန်းက ပင်ဖျိုတို့ရဲ့ဘေးကအိမ်မှာ သူငယ်ချင်းနောက်လိုက်လာသည့် နေသိခ်နှင့် ခင်မင်ခဲ့ကြခြင်းဖြစ်သည်။

"ညီမလေးက ဆံပင်တွေ တအားလှတာပဲနော်၊ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

ပင်ဖျို ကျောင်းထွက်လိုက်ရသည့်အချိန်လေးမှာ စားဖို့သောက်ဖို့ပါ အခက်အခဲဖြစ်လာသောကြောင့် နောက်ဖေးခြံလေးထဲမှာစိုက်ထားသည့် ချဉ်ပေါင်ပင်တွေ၊ မုန့်ညင်းပင်တွေကို အိမ်ရှေ့မှာ ခုံလေးချ၍ရောင်းခဲ့ရ၏။

နေသိခ်က ဟိုဘက်အိမ်ကနေ လှမ်းလှမ်းကြည့်တာကိုမြင်သည်။ ဒါပေမယ့် ပင်ဖျိုအတွက်က မြင်ရင်မြင်တယ် မှတ်ရုံသာ၊ ဘာလို့ကြည့်နေတာကိုကျတော့ အမှတ်တမဲ့နှင့်မတွေးဖြစ်။

အနားရောက်လာပြီး စကားစမြည်ပြောကာမှ ဒီယောက်ျား ချောချောသန့်သန့်ဆိုတော့ ဒီရပ်ကွက်ထဲကမဖြစ်နိုင်ဟုတွေးမိတာလေးရှိ၏။

ကျောင်းပိတ်ရက်လေးမို့လို့ သူငယ်ချင်းဆီလာလည်တာဟု နေသိခ်က သူ့ကိုယ်သူမိတ်ဆက်ကာ ရင်းနှီးဖို့ကြိုးစားသည်။ ကျောင်းဆက်မနေရရှာသည့် ပင်ဖျိုကို သနားစိတ်နှင့် သစ်ပင်တွေ ရေလောင်း၊ ဆိုင်လေးမှာလာထိုင်ပေးတတ်တာတွေဖြစ်ခဲ့၏။

"မင်းကို ကျောင်းပြန်တက်စေချင်လိုက်တာ၊ ဆွေမျိုးတွေထဲက ပြေလည်တဲ့လူ မရှိဘူးလား၊ ပညာသင်ဖို့အတွက် အောက်ကျပြောသင့်ရင် ပြောရတာပဲ၊ ပြီးတော့ မင်းမှာ အဖေက ဒုတိယတမဟုတ်လား၊ တကယ်ဒုက္ခရောက်နေတာမြင်ရင် ကူညီမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း"

အစတည်းက ပင်ပျို က စကားမကြွယ်ပေ။ သူစိမ်းယောက်ျား တစ်ယောက်နှင့်စကားပြောနေရခြင်းဆိုတာကို သတိရတော့ ခေါင်းညိတ် ခေါင်းခါပဲဖြစ်သွားရတဲ့အထိ။

ထပ်သိရတာက နေသိမ်တို့က ဒိတ်ဒိတ်ကျဲသူဌေးတွေတဲ့၊ ကိုယ့် စိတ်ထဲမှာ ဘာမှဖြစ်မသွားပေမယ့် ဟိုကလာစ၊ ဒီကလာစနှင့် အပျိုဖော် ဝင်စမှာတည်းက ပင်ပျို ဘာမှမဟုတ်ဘဲ နာမည်ကြီးသွားသည်။

နောက်ဆုံး လုံးဝမလာတော့ဖို့ မြွှာမိတာမှ...

"တို့က ဖေဖေ့ကိုတောင် ဖုန်းဆက်ထားပြီးပြီ၊ ၈ တန်းအရမ်းတော်ပြီး ကျောင်းမတက်နိုင်တဲ့ကောင်မလေးရှိတယ်၊ ကျောင်းထားပေးပါလို့ ခွင့် တောင်းထားတာ၊ တကယ်လို့ ဖေဖေက အိုခေ ဆိုရင် မင်းကို တို့ကိုယ် တိုင် စာသင်ပေးမှာ" တဲ့။

သိပ်ကြာလိုက်ခင်မှာ ကားလှလှကြီးတစ်စီး ဆိုက်ရောက်လာခဲ့ပြီး နေသိမ် ပါသွားလိုက်တာ ပင်ပျိုကိုတောင် နှုတ်မဆက်သွားခဲ့ပေ။

အဖြစ်တို့က ဤသို့ရှိခဲ့ပါ၏။ နှစ်ယောက်စလုံး မှတ်မိသွားကြပြီး အပြုံးတွေဖလှယ်ချိန်မှာ သူကလည်း ကိုယ့်နောက်ကို ကြည့်၊ ကိုယ်က လည်း သူ့နောက်ကို ကြည့်မိ...၊

"ပင်ပျို ဒီနေရာက်နေတာ ကြာပြီလားဟင်၊ အရမ်းအံ့သြတာပဲကွာ၊ ဆံပင်တွေကလဲ အရင်ကအတိုင်းပဲ၊ ပြီးတော့ မင်းမျက်နှာမှာ တည်ငြိမ် မှုတွေနဲ့ ပိုလှနေတယ်"

"ဒီရောက်နေတာက ကျွန်မနဲ့ ဘာမှမပတ်သက်တဲ့အကြောင်းနဲ့ပါ"

"ဘာပဲဖြစ်ဖြစ် မင်းပုံစံမြင်တာနဲ့ ဘယ်လိုအခြေအနေနဲ့ နေရတယ် ဆိုတာ သိသာတယ်၊ ဒါနဲ့ တစ်မျိုးမထင်ဘူးဆိုရင် မေးပါရစေ"

"ဟုတ်.. မေးပါ"





"မင်း အိမ်ထောင်တွေ ဘာတွေ ကျနေပြီလား"

ပင်ပျို တစ်ချက်တော့တုံ့ဆိုင်းသွားမိ၏။ ဒါပေမယ့် သူ့မစိတ်ထဲမှာ လုံးက အရိုးခံအတိုင်းမို့ ခေါင်းညိတ်ပြရင်း...

"ဟုတ်ကဲ့"

"ဒီကလူပေါ့"

"ဟင့်အင်း၊ ဟို.. ကျွန်မကို သွားခွင့်ပြုပါဦး အလုပ်ရှိသေးလို့"

"ပင်ပျို"

စကားဖြတ်ပြီး လှည့်ထွက်လိုက်ပေမယ့် ကမန်းကတန်းခေါ်သံ ကြောင့် ကျောခိုင်းပြီးမှ ပြန်လှည့်ကြည့်ရဖြန်သည်။

"မင်း တို့အပေါ်မှာ စိမ်းသွားသလိုပဲနော်၊ ဒီအိမ်ကတို့အိမ်ပဲ၊ ဖေဖေ နှစ်ယောက်တည်းနေတာ၊ အကူအညီလိုရင် အချိန်မရွေး လာလို့ ရတယ်၊ ခဏနေပါဦး၊ ဟိုလေ.. ဖေဖေ့ကိုလဲ မင်းနဲ့တွေ့စေချင်တယ်၊ တစ်ချိန်က ကျွန်တော် ပြောတဲ့ကောင်မလေးက သူပဲလို့ပြလိုက်ရင် ခုမ်းကို အံ့သြအထင်ကြီးသွားမှာ"

ပင်ပျို က ပွင့်လင်းသည့်အပြုံးလေးနှင့် ကြည့်လိုက်ကာ...

"အံ့သြသွားတာဖြစ်ချင်ဖြစ်မှာ၊ အထင်ကြီးစရာတော့မရှိသေးပါဘူး ကိုသိမ်ရယ်၊ ခုဆို ပိုဆိုးရင် ဆိုးသွားနိုင်တယ်၊ ကျွန်မက..."

"သူက ကျွန်တော့်ဇနီးပါ၊ ဒေါက်တာတို့ အရင်က သိခဲ့ကြတာ ထင်တယ်"

"ကိုကိုလေး.."

"ဒေါက်တာမောင်မောင်"

ပင်ပျိုတို့ အံ့သြသွားကြသလို ခပ်လှမ်းလှမ်းကနေ ချောင်းကြည့် ကြသည့် ကေသာတို့လည်း မျက်ခုံးတွေ ပင့်တက်သွားကြ၏။

"ဖေဖေနဲ့ ဟိုဘက်ကလူ သိတယ်ထင်တယ်နော်၊ ဆရာ[illegible]နဲ့ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့…”

“အင်း·· ဖေဖေ တို့ ဆင်းလာတော့ မရောက်သေးဘူးဟ၊ မှာ ပြန့်လာပြီး ခြံထဲကို တန်းထွက်လာတာဖြစ်မယ်”

ကေသာက ဝေဖန်သည်၊ မျက်ဝန်းက ခေါင်းညိတ်၏။ ကိုယ့်ကိုမြင် မှာစိုးလို့ တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ ကပ်ညပ်နေအောင်ကျဲ့ ထားရသည်။

ယောက်ျားနှစ်ယောက်ကြားထဲမှာ မေပျို့ မျက်လုံးလေးပြူးနေတာ ကို ကေသာ က စိုက်ကြည့်နေ၏။ အစ်ကိုသိန်း ဆိုသူနှင့် မေပျို့ ဘယ် လိုပတ်သက်မှန်းမသိသော်လည်း ရည်းစားဟောင်းတွေဖြစ်ခဲ့ပုံတော့မရှိ တာ သေချာသည်။

ဖေဖေကလည်း ဒါကိုမြင်လို့လာတာမဟုတ်ဘဲ လာရင်းနဲ့ မြင်သွား တာပဲဖြစ်နိုင်၏။ နှစ်ယောက်စလုံး မျက်နှာတွေပျက်နေသော်လည်း လူကြီးလူကောင်းပီသစွာ အမူအရာတွေတော့ မပျက်။

“ဪ·· ကျွန်တော် ဆေးရုံမှာကြားမိတော့ ဒေါက်တာဒေဝီခင် နဲ့…”

“ဟုတ်ပါတယ်၊ သူ ဆုံးသွားပြီ”

“ဆုံးသွားပြီ”

သိပ်မကြာသေးတာကိုတွေးမိပုံနှင့် နေသိန်း က နှုတ်ခမ်းလေးလှုပ် ရုံလေးရေရွတ်ရင်း မျက်မှောင်ကြုတ်မပြေ။ ထို့ပြင် မရင်းနှီးသော ပင်ပျို့ မျက်နှာကိုလည်း အကဲခတ်နေဆဲ…

“ခွင့်ပြုပါဦးခင်ဗျာ”

“ဪ·· ဟုတ်ကဲ့ပါ ကိုမောင်မောင်၊ ကျွန်တော် ဟိုဘက်မှာ နေတာပါ၊ တစ်ခါလောက်တော့ ဒင်နာဖိတ်ကျွေးချင်ပါတယ်”

“ဟုတ်ကဲ့၊ ကျွန်တော်လဲ ဖိတ်ကျွေးပါဦးမယ်”





စကားကိုမပြောဘဲ ဖြတ်ချပစ်ခဲ့ပြီး ကင်းမောင်မောင်က ပင်ပျို့ တက်ကလေးကို ဆွဲထွက်လာခဲ့၏။

နေသိန်း ကတော့ အံ့ဩနေဆဲမျက်နှာနှင့် ရှုပ်ထွေးခြင်းကို ခုပဲ တက်မေးလိုက်ချင်သလို၊ နေရာမှာပဲ ရပ်ကြည့်ငေးရင်းကျန်ရစ်ခဲ့သည်။

“ကျွန်မ သွားပါရစေ”

“ဘာ”

ကိုင်ထားသည့်လက်ကို ရုန်းပစ်လိုက်ပြီး ပင်ပျို့ က ခြေလှမ်းရပ်ပစ်၏။

“မင်း ဒီအချိန် ခြံထဲမှာရှိနေတတ်တယ်ထင်လို့ ငါ အိမ်ပေါ်မတက် ဘဲ ထွက်လိုက်လာတာ၊ ဒေါက်တာနေသိန်းနဲ့ ဘယ်လို သိသွားကြတာလဲ”

စစ်မေးသံနှင့်မတူပေမယ့် စူးရဲသည့်မျက်လုံးတွေကို ပင်ပျို့ က ကြည့်၏။ ပြီးတော့ သူမေးတာကိုမဖြေဘဲ…

“ကိုကိုလေး အစ်ကိုသိန်းကို ဘယ်လိုပြောလိုက်တာလဲဟင်၊ ကေသာ သိသွားရင်…”

“ဘာ·· အစ်ကိုသိန်း ဟုတ်လား၊ ပင်ပျို့… သူနဲ့မင်းနဲ့…”

ငယ်ချစ်ဟောင်းတွေလားလို့ မေးမလို့ပေမယ့် မမေးဖြစ်။ နေသိန်း က သူ့လိုပဲ အထူးကုဆေးရုံကြီးတွေမှာ ထိုင်တာဖြစ်သည်။

ငယ်ချစ်ဟောင်းဖြစ်ဖို့ဆိုတာ အသက်အရွယ်မတူသည့်အချက်နှင့် ချေဖျက်ဖယ်ထုတ်လိုက်ချင်ပေမယ့် သူတောင်မှ ချစ်ခဲ့မိသေးတာ…၊

တစ်ယောက်နဲ့တစ်ယောက် တစ်ယောက်က မေးတာကို တစ် ယောက်က ဂရုမစိုက်နိုင်ဘဲ အပြန်အလှန်တွေ မေးနေဖြစ်ကြပြီး အဖြေ သည်းမရ။

“ပင်ပျို့·· မင်း ငါမေးတာကိုဖြေ”

“ကိုကိုလေး ဘာမှမမေးရသေးတာ ကျွန်မက ဘာဖြေရမှာလဲ”

“နေသိန်း ကို မေးနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘာသား ပန်းပင်တွေရေလောင်းနေတာပါ၊ သူ့ စကားလာပြောတာ"

"ခုမှ စကားလာပြောတဲ့ပုံမဟုတ်ဘူး၊ ဘယ်တုန်းက သိနေတာလဲ"

"ကျွန်မ ဒီကို ရောက်မလာခင်ကပဲ၊ ကြာပါပြီ၊ ကျွန်မ ဗိုက်ဆာနေပြီ သွားတော့မယ်နော်"

ဟိုကြည့် ဒီကြည့်ဖြစ်သွားပုံကြောင့် ကေသာ မြင်မှာစိုးနေတာမှန်း သူသိလိုက်သည်။

"နေဦး"

သူ တားလိုက်တော့ စိတ်ညစ်သည့်မျက်နှာလေးနှင့် ပြန်ကြည့်၏။ လူ ဘယ်လောက်ပင်ပန်းလာသလဲ၊ ဘယ်လိုဖောတွေနဲ့ အပန်းမဖြေနိုင်ဘဲ ဒီနားရောက်လာသလဲ။

သူမ ဘာမှဂရုစိုက်မိပုံမရှိ၊ တားလိုက်ရတာတွေများတော့လည်း သည်မိန်းမကို ဆွဲကိုင်ပေါက်ပစ်ချင်သည်။

"မင်းကို ငါ ပြောစရာရှိတယ် ပင်ပျို၊ ဒီနေရာမှာ မနေချင်ရင် ညကျ အိမ်ပေါ်ကို လာခဲ့"

"ဟင်..."

ပင်ပျို ဟင်ခနဲဖြစ်သွားပေမယ့် ကင်းမောင်မောင်က လှည့်ထွက်သွားပြီဖြစ်၏။

အိမ်ပေါ်ကို...။ ပင်ပျိုသည် ဆံနွယ်ဖျားတို့ တလွင့်လွင့်လှုပ်ခတ်နေသည့်အတိုင်း စိတ်တွေ ယောက်ယက်ခတ် ကျန်ရစ်၏။





## အခန်း (၂၉)

ဖြစ်ချင်ရာဖြစ်ပါစေ၊ ညဘက်ကြီးတော့ စကားသွားပြောဖို့မဖြစ်ပါ။ ကိုကိုလေးကိုကြောက်ပေမယ့် သမီးလေး အထင်မြင်လွဲပြီး ဒေါသတွေ ထွက်နေရမှာကို စိုးရိမ်မိသည်။

ဘယ်နေ့ ဒေါသတွေနဲ့ ကိုကိုလေး ခေါ်ဆူဦးမလဲဆိုတာ စောင့်နေပေမယ့် နောက်နေ့တွေမှာ ဘာသံမှထွက်မလာခဲ့တော့ပါ။

"အမလေး ဖြည်းဖြည်းလုပ်ပါ ပင်ပျိုရယ်၊ နောက်က ကျွဲအုပ်ကြီးလိုက်နေလို့ ပြေးတဲ့အတိုင်းပဲ၊ ထမင်းဝိုင်းလေးတော့ ပြင်ခဲ့ပါဦး"

"မဖြစ်ဖူး မမဝင်း၊ ဒီနေ့ အပြင်သွားလည်ကြပေမယ့် နောက်နေ့မှာ ပြဿနာတစ်ခုခု ကြားရနိုင်တယ်၊ ကျွန်မ သမီးရဲ့ကွယ်ရာမှာ ခိုးချောင်ခိုးဝှက်လာပြီး ဟိုဟာလုပ်တယ်၊ ဒီဟာလုပ်တယ် အပြောမခံချင်ဘူး"

ပင်ပျို က အလုပ်ပြီးတာနှင့် ပြန်ဆင်းဖို့ ခြေလှမ်းပြင်၏။ အဝင်းကလည်း မပြန်ဖြစ်အောင်တားနေတာ မပြီးနိုင်။

"နင့်ကို ကေသာကလဲ အရင်လိုပဲ ဝင်ထွက်စေချင်ပါတယ်တဲ့ဟယ်၊ သူ့အဖေကိုပဲ.."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်ပြောတာပါ၊ ကိုကိုလေးကလဲ ဟိုနေ့ကမလာတဲ့[illegible]နဲ့ ခေါ်ဟယ်ဆူဟယ်တွေလုပ်ဦးမှာ၊ အဲဒါကို သမီး မြင်ရင်…"

"ပင်ပျို…"

အဝင်းက စိတ်ပျက်လက်ပျက်နှင့် ကိုင်ထားသည့် တို့စရာပန်း[illegible]ကို စားပွဲပေါ် အသံမြည်အောင်ချပစ်၏။ ပြီးတော့ ပင်ပျို့လက်[illegible]လေးကို အားမလိုအားမရ ဆောင့်ဆွဲလိုက်ကာ…

"ကိုကိုလေး ဘာတွေဖြစ်နေလဲ နင်သိလား"

"ဟင့်အင်း"

"နင့်ကို စကားပြောချင်တယ်ဆိုတာရော ဘာတွေပြောနိုင်လဲ [illegible]လား"

"မသိဘူး"

"ကောင်းတယ်"

အဝင်း မျက်နှာရှုံ့မဲ့သွား၏။ ဟန်ဆောင်နေတာမဟုတ်မှန်းသိလျှ[illegible]နှင့် 'ဟုတ်ရဲ့လား' ဆိုသည့် သံသယနှင့်ကြည့်မိသည်။ ပင်ပျို သ[illegible]အဖြူရောင်ဝတ်စုံပေါ်မှာ တစ်ပတ်လျှိုဆံထုံးလေးနှင့် ရိုးစင်းစွာရှိလျ[illegible]သံသယဝင်ရက်စရာလည်းမရှိ။

"ဟုတ်သေးရဲ့လား ပင်ပျိုရယ်၊ နင် ကလေးလဲမဟုတ်တော့ပါဘူ[illegible]ကလေးအမေလဲဖြစ်နေပြီ၊ ဘာဖြစ်လို့ ဟိုတုန်းကထက် နည်းနည်းလေး[illegible]ဗိုမသိရတာလဲ"

"သိပါတယ် မမဝင်းရယ်၊ ကိုကိုလေး အရမ်းစိတ်ညစ်နေတာလေ"

"အင်း"

"မမဒေဝီကက ဆုံး၊ သမီးလေးနဲ့အဆင်မပြေနဲ့…"

"လွဲပြီ"

"အဲဒါတွေ ကျွန်မသိတယ်၊ မေမေကြီးကလဲ ခုတစ်လော ကျွန်မ[illegible]





ကို သိပ်တော်င်မလာတော့ဘူး၊ မမဒေဝီ ရှိတုန်းကမှ…"

"အစကနေ အဆုံးထိ တစ်ခုမှကို မမှန်ဘူး ပင်ပျို၊ မမဒေဝီ ရှိတုန်းက နင့်ဆီကို လာနေတာ၊ နင် နစ်နာထားတဲ့အတွက် စိတ်မကောင်းလို့ ဝတ္တရားကျေချင်တာမျိုး၊ အခု လာမကြည့်တာက နင့်ကို အားပေးချင်တဲ့ဂရုစိုက်မှုတွေ ပြဖို့မှမလိုတော့တာ၊ နင့်ကို ကိုကိုလေးနဲ့…"

"အို… မဟုတ်တာ… မမဝင်းကလဲ…"

"ဟုတ်တယ်၊ ငါ့ရှေ့မှာပဲ ကိုကိုလေးနဲ့ပြောနေကြတာ၊ ကိုကိုလေး နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာသိရဲ့သားနဲ့ ပင်ပျိုရယ်…၊ နင် တာကိုကြောက်ရွံ့နောက်တွန့်နေတာလဲ၊ ဒီတစ်ခါ ထပ်ပြီး ကိုကိုလေး ပြောလာရင် မငြင်းနဲ့တော့နော်"

ဘာမှမပြောဖြစ်ခဲ့ပေမယ့် ခေါင်းတော့ခါခဲ့မိတယ်ထင်သည်။ အိပ်ရာထဲရောက်တဲ့အထိ မမဝင်းရဲ့စကားတွေက နှောင့်ယှက်နေခဲ့ကြသည်။

ကိုကိုလေး စကားလာပြောတိုင်း ဟိုတုန်းတည်းက သူမ ကြာရှည်နားမထောင်ရဲခဲ့ပါ၊ မမဒေဝီ မဆုံးခင်က တစ်မျိုး၊ ခုတော့ သမီးလေးက အထင်မြင်လွဲနေပြန်သည်။

ကိုကိုလေး ဘာတွေပြောချင်နေမှန်း မသိပေမယ့် နှစ်ယောက် မဝံ့တတ်ရပ်၍ စကားပြောခွင့်မရှိသော ကိုကိုလေးနဲ့ကိုယ့်ရဲ့အနေအထားကိုပဲ ခေါင်းထဲမှာစွဲနေသည်။ ဒါကြောင့် ရှောင်ရှားလာခဲ့ရတာ ဒီနေ့ထိပါ။

သူမသည် ကိုကိုလေးလိုလူနှင့် လက်မှတ်ထိုး လက်ထပ်ဖြစ်ခဲ့ရတာဟာ သမီးလေးတွေရဲ့ဘဝအတွက် မဟာတံတိုင်းကြီးတစ်ခု တည်ဆောက်ခဲ့ခြင်းသာဖြစ်လျက် ချစ်ခင်နှစ်သက်မြတ်နိုးစွာ ရွှေနဲ့ရွှေသား ဂဟေထားခဲ့ကြတာလည်းမဟုတ်။

ဒီအကြောင်းတွေကို ပြန်တွေးမိတိုင်း စိတ်ညစ်ခြင်းတွေသာ တ[illegible]ရစ်ဖာတ်လေသည်။



www.burmeseclassic.com

အနိမ့်အမြင့် မညီညာတဲ့ သူမ ကိုကိုလေးလိုလူနဲ့မှ ဘာ[...] လက်ထပ်ဖြစ်ခဲ့တာလဲ..။

ဘယ်သောအခါမှ ကြည်နူးမှုမဖြစ်ခဲ့ဖူးသော ဒီအခွေးဖြင့် [...] တမ်း ထိတ်လန့်စိတ်ပျက်ခြင်းတွေသာ ဖြစ်ရပါသည်ဆိုလျှင် ယုံ[...] မလား။

မျက်ဝန်းတို့သည် သန်းခေါင်တိုင်တဲ့အထိ အပြုံးသားရှိနေ[...] ပင်ပို့ ဆိုသည့်မိန်းမကို သူမ တစ်ခုခု စီရင်ပစ်လိုက်ချင်စိတ်တွေပင်[...] ၏။

ဒါပေမယ့်...



## အခန်း (၁၀)

"ဒေါ်ဒေါ်ဝင်း.. ဒေါ်ဒေါ်ဝင်း ဆို..."

"ဟင်.. ကေသာ..."

ဒေါ်ဒေါ်ဝင်း ရောက်မလာဘဲ ပင်ပို့ကို မြင်လိုက်သဖြင့် ကေသာ့ မျက်နှာလေး စူပုပ်ပုပ်ဖြစ်သွား၏။

"ဒေါ်ဒေါ်ဝင်း မရှိဘူး ကေသာလေးရဲ့..၊ ဘာနိုင်းမလို့လဲဟင်၊ မေပို့ကိုနိုင်းလေ"

"ညက ဒီမှာ အင်္ကျီသီနိုင်းထားတာကို ဘယ်လိုလုပ်ပစ်လိုက်လဲ မသိဘူး၊ ချိုင်းက ကျွပ်လိုက်တာ၊ ဒီမှာကြည့်ဦး"

အင်္ကျီ အဝါရောင်လေးကို လက်နှစ်ဖက်မြှောက်ပြပြီး ကေသာက ဆောင့်အောင့် ပစ်ချ၏။ ပင်ပို့ က ပြန်လိုက်ကောက်ကာ...

"မေပို့ ပြန်ဖြေပြီး ချုပ်လိုက်မယ်နော်၊ မမဝင်းက မျက်လုံး သိပ်မကောင်းဘူး၊ ညဘက်ဆိုတော့ ဘယ်ချုပ်နိုင်မလဲ ကလေးရယ်၊ အခု ဒါ ဝတ်မှာလား"

"မဝတ်တော့ဘူး၊ အဲဒါကြီး နောက်မှပဲ ချုပ်တော့၊ ကေသာ စားဖို့ တစ်ခုခုသွားလုပ်ပေး"

"ကေသာ ဘာမှမစားရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲဖြစ်သွားသည့် မေပျို့မျက်နှာလေးကြောင့် ဒေါသစိတ်တွေဖြစ်နေရင်းကနေ ငိုချင်သွား၏။ စားတော့စားနေတာပဲ၊ ဘာမှ ဟုတ်ပတ်တိမစားဖြစ်တဲ့ ဒီလိုနဲ့ပြီးခဲ့ရတာတွေများပြီဆိုတာ ကေသာ မပြောနိုင်။

ခုနောက်ပိုင်းမှာ မေပျို့ ပြန်ရောက်လာပြီး ချက်ပြုတ်ပေးတာ မှန်သည်။ ဒါပေမယ့် ဟိုတုန်းကလို မေပျို့ မီးဖိုချောင်ထဲဝင်နေပြီဆို မျက်ရည်နဲ့သူမ မေပျို့ဘေးကနေဆွဲ၊ နောက်ကနေဖက်နှင့် လုံးထွေး ချက်ပြုတ်ရင်းဖြစ်လာတဲ့ဟင်းတွေလောက်စားရတာ အရသာမရှိ။

ဖြစ်နေရသည့် မကျေနပ်ချက်တွေထဲမှာ ဒါတွေလည်း ပါသည်။ ထမင်းစားခန်းထဲဝင်ပြီဆို စားရတာ စိတ်တိုင်းမကျ၊ အင်္ကျီတွေချုပ်ဆိုင်ပြေးအပ်ပြီး ဝတ်ကြည့်တိုင်းလည်း ဒေါသထွက်သည်။

ဟင်းတွေက စားမကောင်းလို့မဟုတ်ပါ၊ အင်္ကျီတွေကလည်း သူ့အတိုင်းနဲ့သူတော့ လှနေတာပင်၊ ဒါပေမယ့် လိုနေတာက ဘာမှန်းမသိ။

မေပျို့ စက်ခုံပေါ်မှာထိုင်နေပြီဆို အနားမှာသွားပြီး ဖြတ်စလေးတွေကောက်ကိုင်၊ ကြယ်သီးလေးတွေဖွကြည့်နှင့် ကျောင်းပြန်လာတိုင်း အချိန်တွေအားလုံးက အဓိပ္ပာယ်ရှိနေခဲ့သည်။

ထမင်းစားခန်းဝင်သွားပြီဆိုလည်း 'ဗိုက်ဆာလာပြီ၊ မေပျို့ သိတယ်' ဟု သမင်လည်ပြန်ကြည့်ပြီးပြောတတ်သော အပြုံးမျက်နှာလေး…၊

မေပျို့ နောက်လှည့်ကြည့်ပြီး သွားလေးတွေပေါ်အောင်ပြုံးသည့် အပြုံးတစ်ချက်သည် ထိုအပြုံးမှမဟုတ်လျှင် ဘာကိုကြည့်လို့မှ အဓားထိုး မြေဖျောက်လို့မရအောင် ရင်ထဲမှာ ကျန်ရစ်၏။

ပါးချိုင့်လေးတွေ လင်းလက်နေကြသော ဆွဲငင်မှုလေလား…၊

ထိုအခါ မေမေ စွဲလမ်းနေတယ်ဆိုတာ ဒါတွေကြောင့်ဟု သတိရပြန်ကာ မေပျို့ကို မုန်းမိ၏။

သူမ ရင်ထဲမှာ သတိရတမ်းတခြင်းနှင့် မုန်းတီးခြင်းက ဘယ်အချိန်





အခါက ပိုများနေသည်တော့မသိ၊ ခုချိန်မှာ မေပျို့ သူမရှေ့ကိုရောက်နေခြင်းနှင့်ပတ်သက်၍…

"ကေသာလေး၊ ရော့… ဒီမှာ သံပရာရည်ချိုချိုလေး မေပျို့ ဖျော်ခဲ့တယ်၊ အဆာပြေ ခဏသောက်ထားနော်၊ မေပျို့ စားစရာ အမြန်ဆုံးလုပ်ပေးမယ်"

သံပရာရည်ခွက်လေး လက်ထဲထည့်ပေးပြီး ပြန်ထွက်သွားတော့ မေပျို့ စကားနည်းသွားတာကို သတိထားမိပြန်သည်။ ခါတိုင်းဆို 'နို့တွေ ဘာတွေသောက်ရင် အဆာပြေမဖြစ်ဘဲ ဗိုက်ပြည့်သွားမှာစိုးလို့ သမီးလေးရဲ့…၊ အစာမရှိတဲ့အချိန်မှာ အရမ်းချဉ်တာကြီးကျတော့လဲ မကောင်းဘူး" ဘာညာ…၊ ကေသာတို့ အထွန့်တက်ကြည့်တိုင်း ဘယ်လိုမှမရအောင် စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ပြီးတော့ ပြောသေးသည် 'မေပျို့က လူမမာနဲ့ နှစ်ပေါင်းများစွာနေလာခဲ့တာ၊ စားစရာတွေ ဘယ်လိုစားရတယ်၊ ဘယ်လိုလုပ်ရတယ်ဆိုတာ သိတယ်နော်၊ ဆရာ ပြန်မလုပ်နဲ့' တဲ့။

ကေသာ သံပရာရည်သောက်ရင်း မေပျို့ နောက်က တကောက်ကောက်လိုက်နေချင်သည့်စိတ်တွေဖြစ်နေမိခဲ့၏။ ညကပဲ မျက်ဝန်း က ပြောသေးသည်။

"ငါတို့ ခုတစ်လော အရမ်းဖျင်းဖို့ကောင်းတာပဲနော်၊ ဟိုတုန်းကဆို ဘိုးဘိုးကြီးဆီသွားလိုက်၊ မေပျို့ဆီပြေးလိုက်နဲ့" တဲ့။

မေပျို့နဲ့ ဒီလိုပုံစံဆုံရတာကို မျက်ဝန်း က ပိုခံစားရမှာပါ။ သူနဲ့ ဘာမှဖြစ်တာမှမဟုတ်တာ။ ဒါပေမယ့် နင့်ကြောင့်လို့လည်း အပြစ်မတင်ပေ။ မေမေဆိုရင် အရက်ပေါ့ ခဏခဏသောက်နေတတ်ပြီး ဘွားဘွားမျော သက်ပြင်းတချချနှင့်…

ဆိုးတယ်ဆိုပေမယ့်လည်း အားလုံးထဲမှာ အထီးကျန်ခံနေလာရတဲ့အခါ ဆိုးခွင့်ရနေပေမယ့်လည်း မပျော်နိုင်တော့ပေ။ ဒေါ်ကြည်မယ်



www.burmeseclassic.com

www.burmeseclassic.com

ဆို အကုန်လုံးက ဗီတိုင်းပဲလို့ ထင်ရသည်။ မတူဘူးဆိုသည့် အသီး
သွမ ရင်ထဲမှာ သီးသန့်ဖြစ်ထွန်းနေတာဖြစ်၏။

သံပရာရည်မကုန်ခင်မှာ ဖုန်းသံမြည်လာ၏။ ခဏနှင့် ပျောက်ပျ...
တော့ တစ်ယောက်ယောက်ကိုင်လိုက်ပုံပေါ်ကာ...

''ကေသာလေး.. သမီးရေ..''

''ရှင်.. ဒေါ်ဒေါ်ဝင်း.. ကေသာ ဝရန်တာမှာ''

ဒေါ်ဒေါ်ဝင်းက ဝရန်တာတံခါးနားထိရောက်လာပြီး...

''မေမေကြီးဆီက ဖုန်းလာတယ်''

''ဟုတ်''

ကေသာ ဖုန်းခွက်ကိုင်လျက်နှင့် ပြေးသွားလိုက်မိသည်။ ဘွားဘွား
နဲ့မျက်ဝန်းတို့ အန်တီနှင်း ပို့လိုက်သည့် လက်ဆောင်ပစ္စည်းတွေ ...
ထုတ်ကြသည်။ ညတည်းက ချောင်းတွေဆိုးနေလို့ မနက်က ကျောင်း
မလိုက်နိုင်။ ထို့ကြောင့် ဘွားဘွား အပြင်သွားတော့ အိမ်မှာရှိနေသည့်...
က လိုက်ခွင့်ရသွား၏။

အန်တီနှင်း ပို့လိုက်သည့်လက်ဆောင်ကို 'ငါလာမှ ဖွင့်ကြည့်ရ
နော်' လို့တောင် ကျိန်းထားခဲ့ပါသေးသည်။ ခုတော့ ဘွားဘွား ဖုန်းဆက်
တာနှင့် ကေသာ ပျော်သွား၏။

''ဒေါ်ဒေါ်ဝင်းရေ ဘွားဘွားတို့ ပစ္စည်းမထုတ်ရသေးဘူးတဲ့၊ ကေသာ
ကိုလိုက်ခဲ့တဲ့ သိလား၊ ဒရိုင်ဘာကို ကားထုတ်ခိုင်းထားပါဦး၊ ပြီးရင်
ဒေါ်ဒေါ်ဝင်း ကေသာ့ကို အင်္ကျီရွေးပေးဦးနော်၊ ကေသာ ရေ ခဏ
ပြေးချိုးမယ်''

''အေး အေး''

ဆိုသည့် စကားသံကိုမစောင့်ဘဲ ကေသာ ရေချိုးခန်းထဲရောက်
သွား၏။ ပြန်ထွက်လာတော့ ထင်ထားသည့်အတိုင်း ဗီရိုရှေ့မှာ မေပျို့





...ယ်ပါ၊ ထုတ်ပေးထားတာကိုပဲ ကေသာ အသံတိတ် ကောက်ဝတ်
...ိုက်သည်။ ဆံပင်တွေကို ဟိုသပ်ဒီသပ် ဖြီးနေတုန်း ပင်ပျို့ အနားရောက်
...ာကာ...

''မေပျို့ ဆံပင်လေးလုပ်ပေးမယ်နော်''ဟုပြော၍ သေချာဖြီးပေး၏။
...းတော့ ရွေးထုတ်ထားသည့် ကလစ်ရောင်စုံလေးနှစ်စုံကို တစ်ဖက်
...တစ်ချက်မှာ လှအောင်ထိုးပေး၏။

ကေသာ မျက်နှာကို စူပွပွလေးလုပ်ထားပြီး ငြိမ်နေလိုက်သည်။
...ဝန်အပြာရောင်လေးကို အပြာရင့်ရောင်စတော့ကင်လေးနှင့် အင်္ကျီ
...င်ဘာတ်မှာ ရောင်စုံဖဲပွင့်ကြီးပါသဖြင့် ထိုအရောင်စပ်တွေပါသည့်
...ရောင်စုံကလစ်နှင့်လိုက်ဖက်နေ၏။

ဖိနပ်စီးတာက အစ ဘာမှရွေးဖယ်နေဖို့မလိုအောင် ခေါင်းဖျားကနေ
...ခြေဖျားအထိ မေပျို့ က ခဏအတွင်းမှာ အားလုံး အဆင်သင့်လုပ်ထား
...ပေးနိုင်သည်။

သူက ငါ့အမေတဲ့..၊ မဟုတ်ပါဘူး..၊

လှုပ်ရှားမှုတွေထဲကနေ စိတ်က ဟိုရောက်ဒီရောက်တွေဖြစ်ကျန်
...သည်။ ငါ့အမေဆိုတော့ ဖေဖေ့ကိုလိုချင်လို့ ငါ့တို့ကို မျက်နှာလိုမျက်နှာ
...ရလုပ်နေတာ မဟုတ်ဘူးပေါ့။

သိပြီးသားတွေကိုပဲ ထပ်ကာထပ်ကာတွေးရင်း စိတ်က ကြည်နူးခြင်း
...ကိုဖြစ်လိုက်၊ မကျေနပ်ခြင်းတွေ ပြောင်းသွားလိုက်၊ ပေးဆပ်သူ၏ နှလုံးသား
ထဲမှာတော့ အမြဲတမ်း အေးချမ်းနေသည်လား။

မေပျို့မျက်နှာလေးမှာ နုသစ်လုပနေခြင်းတွေ ဟိုတုန်းကလို
မပျောက်မပျက် ရှိနေခဲ့၏။

ကေသာ ဘယ်လိုပဲ ပြောင်းလဲနေပါစေ ဒီနေ့ ကေသာနှင့်အတူ...
သည့် ဟိုတုန်းကလိုနေရာလေးတွေကို ဝင်ခွင့်ရလိုက်ခြင်းကြောင့် ပင်ပျို့


www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နေခဲ့၏။

"အားလုံး ပြီးသွားပြီ မမဝင်း၊ ကလေးအင်္ကျီလေး ပြင်ဖို့ရှိလို့ ကျွန်မ သွားမယ်နော်"

မီးဖိုခန်းထဲဝင်လာပြီး အဝင်း က မျက်လုံးဝေ့ကြည့်ကာ...

"အဲဒါကြောင့်လဲ အားလုံးက တစ်ပျို့တည်းပျို့နေကြတာထင်တယ်၊ ဟင်းချက်ရင် ဟင်းကမွှေးတယ်၊ အင်္ကျီတွေကိုင်ရင် ပင်ပျိုကိုင်တဲ့အင်္ကျီ က လှတယ်၊ ဒီတိုင်း မျက်နှာချင်းဆိုင်စကားပြောနေရင် ပန်းနုလေးတွေ သင်းနေတယ်၊ ငါ့ညီမလေးက ကုသိုလ်ကိုက ထူးပါတယ်"

"မဟုတ်တာ မမဝင်းရယ်"

ကုသိုလ်ထူးတယ်ဆိုတာကတော့ မဖြစ်နိုင်ပါ။ ကိုယ့်အဖြစ်ကိုတွေး မိပြီး ပင်ပျို မျက်နှာလေး ငယ်သွား၏။

"ဒါကတော့ သူတော်ကောင်းများဟာ ခံစရာရှိတဲ့ဝဋ်ကြွေးကို အရင် ကုန်အောင်ဆပ်တယ်၊ ဝဋ်ကြွေးပြေမှ ချမ်းသာတဲ့ဘဝကိုကူးကြတယ်တဲ့၊ [illegible]လေးလဲ အခု ဝဋ်ကြွေးတွေခံပြီးခဲ့ပြီ၊ စံရတော့မှာပေါ့ကွယ်၊ ကေသာ [illegible]းကလဲ သိပ်မကြည်လင်ပေမယ့် နောက်ကျရင် နားလည်သွားမှာပါ"

နားထောင်နေရင်း ကိုကိုလေးနဲ့ကိစ္စတွေ ပါလာမှာစိုးကာ မေပျို ခေါင်းညိတ်ရင်း ခြေလှမ်းပြင်၏။

"ခဏနေပါဦး၊ ငါ့ကို ငါးကင်လုပ်ပေးခဲ့စမ်းပါ"

"ဘာလုပ်ဖို့လဲ"

"ကိုကိုလေး ပြန်ရောက်နေတယ်"

"ဟင်.."

ထုံးစံအတိုင်း ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသည်။ ဆယ်ကျော်သက် ရင်ခုန်သံမျိုး မဟုတ်ပါ။ ကြောက်လန့်စွာ မြည်ဟီးသံဖြစ်၏။

"ကေသာ ထွက်သွားပြီးမှလားဟင်"





"ဟုတ်တယ်၊ ခုနကမှပါ၊ လုပ်ပါဟာ.. သူ ကြိုက်တဲ့ပုံစံ ငါ လုံးဝကို မလုပ်တတ်လို့ပါ"

ပင်ပျိုကမှ ချိုချဉ်စပ် အားလုံးကို ကိုကိုလေးအကြိုက် သိတာဖြစ်သည်။ ပင်ပျို လုံးဝမလာတဲ့ရက်တွေမှာများ ဘာနိုင်းနိုင်း၊ ဘာလုပ်ပေး ပေး ရှေ့ရောက်သွားတာနှင့် ငုံ့ကြည့်ပြီး မျက်နှာလွှဲသွားတတ်သည်။

မကောင်းဘူးလို့လည်းမပြော၊ မစားဘူးလို့လည်း မပြောပါ။ ဒါပေမယ့် လက်ရာမဖျက်ထားရစ်ခဲ့ခြင်းဖြင့် လုပ်ပေးသူရင်ကို ထိခိုက်စေခဲ့သည်။

ဒါကို ပင်ပျို ကလည်း သိပါသည်။ ဟိုတုန်းကဆို ကိုယ့်အပေါ်မှာ ကျေနပ်မှုရှိကြတာ ဂုဏ်ယူစရာပင်။ ခုကျတော့ အားလုံး ကိုယ်ပါမှဖြစ် နေတာဟာ ဖြစ်မှုကြီးတစ်ခုလို...၊

စက်ချုပ်နေရင်း စိတ်က မဖြစ်စဖူး ပူလွင့်နေခဲ့၏။ ကေသာ ရင်ထဲ မှာ ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လိုရှေ့ဆက်ဖို့ရှိနေသလဲ...။

"ပင်ပျို.."

"ဟင် ဘာလဲ မမဝင်း"

တံခါးက စေ့ထားတာမို့ အဝင်း က ခေါင်းတန်းဝင်လာကာ...

"ကိုကိုလေး ဖျားနေတယ်ဟ၊ ငါးကင်လုပ်နိုင်းတာ အရက်နဲ့မြည်းဖို့ ထင်တယ်၊ စားပွဲပေါ်မှာ ပုလင်းကြီးထောင်ထားတာ ပြူးပြဲနေတာပဲ"

"အဲ.. အဲဒါ ကျွန်မ ဘာတတ်နိုင်မှာလဲ မမဝင်းရယ်"

"တတ်နိုင်မှာပါ ပင်ပျိုရယ်၊ မေမေကြီး ပြောနေတာ ငါ ကြားဖူး တယ်၊ ဗိုက်ထဲမှာ အစာမရှိဘဲ အရက်တွေသောက်နေတာ မင်း သေသွား လိမ့်မယ် တဲ့၊ ခုလဲ ထမင်းစားချိန်ကြီးမှာ မစားဘဲနဲ့ သောက်တော့မှာ"

"သူလဲ ဆရာဝန်ပဲ မမဝင်းရယ်.."

"ဆရာဝန်တွေက ပိုပြီးဆုံးမရခက်တယ် တဲ့၊ ဟိုတစ်နေ့ကဆိုရင် မိန်းမရှိလို့ မိန်းမစကားနားထောင်မလားတွေးကြည့်တော့လဲမပြော၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှုးချင်ပါပြီဆိုပြီးတော့လေ..၊ လာပါဟာ ထမင်းပွဲလေးပြင်ထားပြီးတော့ နင် သွားခေါ်လိုက်ပါ၊ နော်.. လာပါဟာ"

"ဒါဆို မမဝင်း သွားခေါ်လေ၊ ကျွန်မ ပြင်ဆင်ထားမယ်"

"ဖြစ်ရလေ ပင်ဖျိုရယ်၊ ဘာလဲ.. ငါ့ကို ကိုင်ပေါက်လွှတ်လိုက်အောင်လား"

နောက်ဆုံး လက်ကိုပါဆွဲခေါ်လာမှ ပင်ဖျို ခေါင်းကုတ် ရှုံ့မဲ့လျက်ပါလာ၏။

"ကိုကိုလေးအတွက် နင်ချက်ထားတာတွေ ငါ ပြင်ထားလိုက်မယ်၊ နင် ပါအောင်ခေါ်နော်၊ ဆေးသောက်နေတာ ငါတွေ့လို့ပါ၊ တကယ် နေလို့မကောင်းတာ၊ ငါ ညာမပြောဘူး"

တတွတ်တွတ်မှာရင်း အဝင်း ရှုံ့ရှုံ့မဲ့မဲ့နှင့်...

"ကတည်း.. ကိုယ့်ယောက်ျားကို ထမင်းစားဖို့ခေါ်တာများ ပြောပြလိုက်ရတာ ဒီမှာ ပါးစပ်က အမြှုပ်ထွက်နေပြီ" ဟု ညည်းတွား၏။

ယောက်ျားလို့မသတ်မှတ်ခဲ့သူမှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်...၊

ပင်ဖျို ကိုကိုလေးအိပ်ခန်းရှေ့မှာ ခြေစုံရပ်၍ တံခါးခေါက်ဖို့ပြင်လိုက်၊ ပါးစပ်ပြင်လိုက်နှင့် ရှတ်တရက် ဘာမှလည်းမလုပ်ဖြစ်။

ဒါပေမယ့် အပြင်ကလူတွေ ပြန်ရောက်လာမှဆို ပိုဆိုးကုန်မှာကို တွေးမိပြီး တံခါးခေါက်လိုက်၏။

"ခေါက်.. ခေါက်"

"ကိုကိုလေး.."

"........."

"ကိုကိုလေး"

အထဲမှာ မည်သည့်လှုပ်ရှားကိုပြန်သံမှမကြားလိုက်ရဘဲ တံခါးပွင့်သွား၏။





"ပင်ဖျို ဘာလုပ်ဖို့လဲ"

ကိုကိုလေး မျက်နှာက နဂိုအတိုင်းပေမယ့် မျက်လုံးတွေက နီနေသည်။ ပင်ဖျိုက ထိုမျက်လုံးတွေကို မရဲတရဲကြည့်၍...

"ကိုကိုလေး အိပ်နေတာလားဟင်၊ ဟို..."

"မအိပ်ပါဘူး၊ ခေါင်းတွေကိုက်နေလို့ ဆေးသောက်ပြီးမှိန်းနေတာ၊ မင်းကို အဝင်း လွှတ်လိုက်တာလား"

"ဟုတ်.. အဲ.. မဟုတ်.. ဟို..."

"ပြောပါ၊ ဘယ်သူလွှတ်လို့ပဲလာလာ မင်း ရောက်လာတာကို ဝမ်းသာပါတယ်၊ ဘာကိစ္စလဲ"

"ဟို..."

အထဲကို လှမ်းကြည့်လိုက်တာကို မသိမသာ လှုပ်ရှားဖို့မေ့သွား၏။ ကင်းမောင်မောင်က ပင်ဖျို ကြည့်လိုက်သည့်အတိုင်း စားပွဲပေါ်တင်ထားသည့်အရက်ပုလင်းဆီ ပြန်ငဲ့ကြည့်သည်။ ပြီးမှ...

"မင်း ခဏ အထဲဝင်ပါလား"

"ရှင်.."

"စကားပြောစရာရှိလို့ပါ၊ ငါ အရက်မသောက်ရသေးပါဘူး"

"အရက်တွေက မသောက်ပါနဲ့ ကိုကိုလေးရယ်၊ အခု ကိုကိုလေး ထမင်းစားဖို့ ကျွန်မ လာခေါ်တာ"

"မင်းနဲ့အတူတူလား"

"ရှင်.."

တရှင်ရှင်နှင့် ခဏခဏ မျက်လုံးပြူးသွားရှာသည့်မျက်နှာလေးကို ငေးမိုးကြည့်၍ ကင်းမောင်မောင်က ပြုံးသည်။

"ခဏလောက်ဝင်ပါ"

"ဟို.. ကျွန်မ..."



www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲ"

ပင်ပျို့ လက်ဖဝါးလေးကို ထပ်ဆုပ်၍ အထဲဆွဲသွင်းကာ တံခါး ပြန်ပိတ်လိုက်၏။ ပင်ပျို့သည် အလန့်တကြားဖြစ်ကာ ပြန်လှည့်ပြေး တော့မတတ်ဖြစ်သွားပြီးမှ ဣန္ဒြေပြန်ဆောင်၏။

"ကိုကိုလေး အပြင်ထွက်ခဲ့ပါလားဟင်၊ ဟိုလေ‥ သမီးလေးတွေ ပြန်ရောက်လာရင် ဒီအခန်းထဲမှာ…"

"ဘာဖြစ်လို့လဲ၊ မင်းက ငါ့မိန်းမပဲ"

"ကိုကိုလေးရယ် ကျွန်မတို့ရဲ့အခြေအနေကိုလဲသိသားနဲ့…"

"အဲဒီအခြေအနေက မင်း ဖန်တီးနေတာပါ၊ ရုတ်တရက် လက်မခံ နိုင်သေးတာပဲရှိတယ်၊ သမီး ကေသာက မင်းကိုချစ်တယ်၊ သူ့အဖေနဲ့ အမေ ပေါင်းသင်းသွားတဲ့ကိစ္စကို ဘယ်သားသမီးက ဖျက်ဆီးမှာလဲ"

"ဟင့်အင်း"

ဒါတွေပဲ ထပ်ထပ်ပြောနေရတော့ ပြောလည်းမပြောချင်တော့ပါ။ ပင်ပျို့မျက်ဝန်းတွေ တံခါးဆီကိုပဲရောက်ကာ စိတ်ထဲမှာချောက်ချားနေ တာက ကေသာတို့ ပြန်လာတော့မည်။

"မင်းကို ပြစရာရှိတယ်"

ပြောပြီး ကင်းမောင်မောင်က အိပ်ရာဘေးကိုလျှောက်သွားသည်။ သူ ပြန်လှည့်ကြည့်လိုက်တော့ ပြုံးပြုံးခံရမှာစိုးကာ ပင်ပျို့က လိုက်လျှောက် သွားရ၏။

"မှင်ကြည့်"

အပြာရောင်ကတ္တီပါဘူးလှလှလေးကို စားပွဲခုံမှာချပြ၏။ ပြီးတော့ ဒိုင်ယာရီစာအုပ်အညိုရောင်လေးကို ဘေးမှာချပြကာ…

"ဒီစာအုပ်ကို သူတို့ ငါမသိအောင်ယူဖတ်ပြီး ငါ့ရင်ထဲကသမိုင်းကို ဖော်ထုတ်သွားကြတာ"





မမဒေဝီ ပြောသွားတာလည်း ကြားဖူးသည်။ သမီးကြီး ဆော်ဟစ် နေလို့လည်း သိပြီးပါပြီ။ ဒိုင်ယာရီစာအုပ်ကို ပင်ပျို့ မလှန်ရဲပါ။ ကတ္တီပါဘူး လေးကိုတော့ မရဲတရဲ ဖွင့်လိုက်မိသည်။

ဟင်…၊

အထဲမှာ ဝိတောက်ပန်းခြောက်တွေရယ်၊ အင်္ကျီကြယ်သီးလေး တစ်လုံးရယ်၊ ပြီးတော့ အပြာရောင်စာရွက်ခေါက်လေးရယ်…၊

"စာရွက်ကို ယူဖတ်"

"ဟင့်အင်း"

ပင်ပျို့ တစ်ကိုယ်လုံး ကတုန်ကယင်ကြီးဖြစ်လာ၏။ ကြယ်သီးနဲ့ ပန်းရာဝင်ကိုသိလိုက်ကာ စာရွက်ခေါက်က ကိုကိုလေးနဲ့ပဲ ဆိုင်လိမ့် မည်။ ပင်ပျို့ ကတ္တီပါဘူးကိုပြန်ပိတ်ဖို့ကြိုးစားတော့ ကင်းမောင်မောင်က လက်ကိုဆွဲထားကာ စာရွက်ခေါက်ကို သူပဲယူပြီး လက်ထဲ ထည့်ပေး၏။

"ဖတ်ကြည့်"

'သိပ်ချစ်တယ် ပင်ပျို့…'

ပင်ပျို့ရင်ထဲမှာ ဒိန်းခနဲ ပစ်ဆောင့်၏။ ကိုယ့်ဘေးမှာ လူတစ်ယောက် ထိုးရပ်နေခြင်းကြောင့် 'ချစ်တယ်' ဆိုသည့်စကားက လူကို ကိုင်မြှောက် မြှင့်ပစ်လိုက်သလို ကြီးမားကျယ်ပြန့်သွားခဲ့သည်။

"ဒီစာရွက်လေး ငါ ထည့်လိုက်တာ ကြာတော့ကြာပြီပေမယ့် ဝိတောက်ပန်းတွေလောက် သက်တမ်းမရင့်ဘူး၊ အချစ်ဆိုတာ ရင်ခုန်သံ ဖြစ်လာတိုင်းဖြစ်တာမဟုတ်ဘူး၊ မင်းနဲ့ညကလေးကို တွေးတွေးပြီး ရင်ခုန်သံဖြစ်လာတိုင်း အစားထိုးကြည့်ဖို့ ကြိုးစားဖူးတယ်၊ မရခဲ့ဘူး မင်းကို ငါ သိပ်ချစ်နေပြီဆိုတာ သေချာနေမှ စိတ်ချလက်ချ အပြည့်အဝ ထည့်ထားတာ၊ ဒေဝီနဲ့လက်ထပ်တော့လဲ ဒီအခန်းမှာ နှစ်ယောက်အိပ်ခန်း လုပ်ပေးဖို့ မေမေ ပြောတယ်၊ ကိုယ့် လက်မခံခဲ့ဘူး၊ ဒီအခန်း ဒီအခန်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအိပ်ရာမှာ မင်းတစ်ယောက်ပဲ…"

"ကိုကိုလေး…"

ပင်ပျို ဒူးတွေပါတုန်လာသဖြင့် ထွက်ပြေးသွားဖို့ အတင်းပြန်လှည့်သည်။ ကင်းမောင်မောင်က စားပွဲစွန်းကို လက်နှစ်ဖက်ခွဲထောက်လိုက်သဖြင့် ရင်ခွင်ထဲမှာ ပင်ပျို ပိတ်မိသွား၏။

"ကိုကိုလေးရယ်… ကျွန်မ အဲဒါတွေမသိဘူး၊ ဒီလို နှစ်ယောက်တည်းလဲမနေရဲလို့၊ ဖယ်ပေးပါ"

"မဖယ်နိုင်ဘူး ပင်ပျို၊ မင်းမှာ ခံစားချက် ဘာမှမရှိဘဲဖြစ်နေတာ ဒီတိုင်း ထိုင်စောင့်နေရင် ဆံပင်တွေဖြူ သွားတွေကျိုးတာတောင် မင်းရဲ့အချစ်တို့ ငါ ရဖို့မလွယ်ဘူး"

"ကျွန်မလေ…"

"ဟုတ်တယ်၊ ကျွန်မပဲ ဆုံးဖြတ်ဖို့လိုတာ၊ မင်း ရင်ခုန်တတ်မှ ဆုံး ဖြတ်ချက်တွေ ဖြစ်လာမှာဆိုတော့…"

"ဟင့်အင်း… အို…"

နောက်ကနေ ပင်ပျိုလက်ဖမိုးနုနုလေးတွေကိုပါ ထပ်ဆုပ်ထားသိမ်းဖက်ထားလိုက်သဖြင့် လက်ပိုက်အချုပ်ခံလိုက်ရသလိုဖြစ်သွား၏။

"ကိုကိုလေး…"

"ချစ်တယ် ပင်ပျို၊ မင်းကို ထိကိုင်မိတိုင်း ရင်ခုန်လာတဲ့ခံစားချက်မျိုး ကိုယ် ဘယ်မိန်းမဆီကမှမရဘူး၊ ကိုယ့်ဘေးမှာရှိသင့်ဆုံးမိန်းမဟာ မင်း ရှောင်မပြေးနဲ့တော့နော်"

ပင်ပျို မျက်လုံးစုံမှိတ်ကာ နှုတ်ခမ်းသားလေးတွေကိုလည်း ပိကိုက်ထားမိ၏။ ဒါပေမယ့် တစ်ကိုယ်လုံးသည် လေထဲမှာ မြောက်ပါလွင့်မျောနေသကဲ့သို့ ကိုယ့်ကိုယ်ကိုယ် မတ်တတ်ရပ်နေသည်လို့ပင်မထင်။

ကိုကိုလေးရင်ခွင်ထဲမှာ နောက်ပြန်မှီလဲရင်း သတိလစ်နေပြီထင်၏





ထိုပြင် မျက်နှာချင်းဆိုင်လှည့်ယူပြီး ဒုက္ခပေးတော့ ပင်ပျို ကန္တာရှုတ်လေသည်။

"ကိုယ့်ကို ပြုံးပြစမ်းပါ"

"ဟင့်အင်း"

"ခဏပဲကွာ"

"ဟင့်အင်း"

"ပြုံးရမှာလေးကို တွန့်တိုတာလား"

"ကိုကိုလေးကလဲ… ဟင့်အင်း"

ကိုကိုလေး လှစ်ခနဲပြုံးလိုက်တာကိုမြင်လိုက်ရပြီး တစ်လောကလုံး ကမောက်ကမတွေ ဖြစ်ကုန်ပြီလား၊ ကိုယ်တစ်ယောက်တည်း ကမ္ဘာပြိုတာလားမသိ။

သူ့ရင်ခွင်ထဲမှာ တစ်ပတ်လျှိုထုံးဖွဲ့ထားသည့်ခံစားမှုကသာတွေ ပြိုကျကုန်၏။ ပြီးတော့ ပြောသေးသည်၊ 'နမ်းတာလေးတောင်မှ' တဲ့…။

ဘာတွေ လိုချင်သေးလို့လဲ…၊

ကိုယ့်အိမ်လေးဆီ ပြန်ပြေးခဲ့ရင်း စည်တီးသလို တဒိန်းဒိန်းတုန်ခါလှုပ်ခုန်နေသည့်ရင်ဘတ်ကို ပြန်စမ်းကြည့်မိသည်။ ကိုကိုလေး တမ်းတနေတဲ့ရင်ခုန်သံဆိုတာ ဘယ်လိုအမျိုးအစားလဲ…၊

သူမမှာတော့ ရင်တွေရော တစ်ကိုယ်လုံးရော တုန်ခါအေးစက်လျက်…၊ ရင်ခုန်သံဆိုတာကို ဘယ်က အစရှာရမှန်းပင် မသိတော့ပါ။

တမ်းတဖို့ဆိုတာထက် နောက်ထပ်ရင်ခုန်သံကို မကြားရဲတော့ခြင်းသည်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မောလိုက်တာ"

"ဘာဖြစ်လို့လဲ၊ နိုးချောင်နိုးဝှက် နေရလို့လား"

"အေးနော်၊ နိုးချောင်နိုးဝှက် လှုပ်ရှားရတာများ မရိုးသားမှုက ဒဏ်ခတ်တာဖြစ်မယ်၊ ချွေးတွေထွက်ပြီး တစ်ခါတည်း မောဟိုက်လာတာပဲ"

ကေသာနှင့်မျက်ဝန်းတို့ ခြံစည်းရိုးတစ်လျှောက်မှာ ဖွဖွလေး လျှောက်ရင်း လှည့်ကြားတော့ ကိုယ့်ဘာသာခြံထဲမှာ လမ်းလျှောက်နေသလိုလို၊ လူကွယ်သွားတော့ လည်ပင်းရှည်၊ မျက်လုံးကစားကြည့်··၊

"တွေ့လား"

"မတွေ့ဘူး"

"ငါပြောသားပဲ၊ ဘယ်သူမှ လုပ်ို မရှိပါဘူးဆို"

"ဒါဆို ဒီဆရာဝန်က လူယုံကြီးပေါ့"

"ဘယ်သိမလဲ"

ဒေါက်တာနေသိန်၏အရွယ်ပွတ်ကို စိတ်ဝင်စားနေသူက ကေသာပဲ ဖြစ်၏။ စုံစမ်းကြည့်လို့ လေ့လာလိုက်တော့ တံခါးစောင့်တဲ့လူက ခပ်ငယ်ငယ်ပဲဖြစ်ပြီး စကားမပြောတတ်။





ခြံထဲမှာ သရက်ပင်ကြီးတွေပဲရှိပြီး ဘာပန်းပင်မှလည်းမရှိ။ မာလီလည်း ထားတာမတွေ့။ ထို့ကြောင့် ညီအစ်မနှစ်ယောက် လက်တို့ပြီး အထဲကို အနီးကပ်ဆုံး မြင်နိုင်လောက်သည့်ခြံစပ်နေရာမှာ အလုပ်မရှိအလုပ်ရှာ၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေခဲ့ကြတာ ဘယ်နှစ်ခေါက်ရှိပြီလဲမသိ။

"သူ့အဖေပဲရှိတယ်လို့ မေပျို ပြောသွားတာပဲဟာ၊ ခုလဲ မိန်းမနဲ့တူတာဆိုလို့ ဘာတစ်ခုမှလဲမတွေ့ဘူး"

"ပိုသေချာအောင် ခဏ စောင့်ကြည့်ဦးမယ်၊ ဒီနေ့ ဒါကိုသိရမှ··၊ နောက်နေ့မှဆို ဘွားဘွားတို့ ဒေါ်ဒေါ်ဝင်းတို့က မျက်စိအောက်ကပျောက်သွားတာနဲ့ ခေါ်ပြီ"

"ဒေါ်ဒေါ်ဝင်း ကလဲ ရွှေပုဇွန်ကိုသွားတာ ခဏကြာရင် ပြန်လာမှာ၊ ဘွားဘွားဆီက ဖုန်းလာနေရင်လဲ···"

"အိမ်ပေါ်မှာ မေပျို ရှိသားပဲ"

ပြန်လှည့်ချင်လို့ မျက်ဝန်းက စကားတွေ အစရှာသည်။ ကေသာက ခွဲနဘဲနှင့် လည်ပင်းရှည်နေတုန်း။

"နေပါဦး ကေသာရဲ၊ ဒီလူကြီး မိန်းမ ရှိမရှိကို မေပျိုကတောင် မသိချင်ဘူး၊ နင်က ရိုးမှရိုးရဲ့လား"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ နေသိန်ဆိုတဲ့လူကြီးက အသက်ကြီးတာတစ်ခုပဲရှိတာ၊ ရုပ်ရှင်မင်းသား ကျနေတာပဲ"

"ဖေဖေ့ထက် ပိုမချောဘူး မျက်ဝန်း၊ အပိုတွေမပြောနဲ့"

"တူတော့မတူပါဘူးဟာ၊ ဖေဖေက မေပျိုကိုမရလို့ ဟိုတုန်းကတည်းက သောကတွေနဲ့လုံးထွေးရှင်သန်ခဲ့ရတာ၊ ခုလဲ ကေသာ ယက္ခကြောင့်···"

"မျက်ဝန်း နော်·· ငါ ပိတ်ထုလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဖေဖေနဲ့မေပျို ပေါင်းဖို့ကို နင်ပဲ ဘီလူးတစ်ယောက်လို သောင်းကျန်းတားဆီးနေတာ၊ မိဘတွေက မနိုင်လို့မဟုတ်ဘူး မယ်မင်းကြီးမ၊ အလျှော့ပေးနေကြတာ၊ ငါကဖြင့် ဖေဖေတို့လိုများ နှင့်ထိုးထည့်ကိုမတွက်ဘူး၊ မေပျိုကိုယ်တိုင်က ဖေဖေ့ကိုပေါင်းဖို့ ငြင်းနေလို့မဟုတ်လို့ကတော့ တစ်ခန်းထဲထည့်ပိတ်ပြီး နှစ်ရက်၊သုံးရက် ထားလိုက်မှာ"

"အံမယ်·· ဒါ သားသမီးပြောတဲ့စကားလား"

"နင်ကရော သားသမီးလို နေခဲ့လို့လား၊ ဘွားဘွားတို့က သဘောတူနေတာတောင်မှ···"

"အန်တီနှင်းကရော သဘောတူမယ် နင်ထင်လား၊ မသေချာလို့ ဘွားဘွားကိုယ်တိုင်တောင်မှ ဖုန်းဆက်အသိမပေးရဲဘူး၊ ငါ့ကို ဂရုစိုက်အလိုလိုက်ပြီး ဒီကိစ္စမဖြစ်တာမဟုတ်ဘူး၊ အန်တီနှင်းဆီက တစ်ခါလိုနေလို့···"

ကေသာ ကလည်း စကားတတ်သည်။

မျက်ဝန်းက ဟိုတုန်းကတည်းက ကေသာ့ကိုအရှုံးပေးနေကျမို့ ဘာတော့မှ အနိုင်နဲ့ပိုင်းလိုက်ရသည်မရှိ။

ကေသာ က ရှေ့က၊ မျက်ဝန်း က နောက်မကျတကျလေး တစ်လှမ်းချင်းလှမ်းရင်း ခြံဝင်း၏အောက်ခြေသစ်ရွက်ခြောက်တွေ၊ အမှိုက်တွေ ပွထနေတာကို တိုးတိုက်လျှောက်နေခဲ့ကြသည်။

မျက်လုံးတွေက အောက်မှာမရှိဘဲ ဟိုဘက်တိုက်ကြီးဆီ ဝေ့လိုက်ဟိုရောက်လိုက် ဒီရောက်လိုက်။

"ကဲ·· ငါတော့ ခြေထောက်တွေ ပွန်းပဲ့လှပြီ၊ တစ်ပတ်ပြည့်အောင်ပြန်ပတ်ဦးမှာဆိုရင် နင့်ဟာနင်ပဲ လုပ်တော့"

ရှော့ပင်နံလေးနှင့် ခြေထောက်ကိုငုံ့ကြည့်ပြီး မျက်ဝန်းက လည်





မြှောက်သွား၏။ ကေသာ က လည်ပင်းရှည်ကြည့်ကာ···

"ဟဲ့·· အထဲမှာ မိန်းမတော်ပုံကြီးတော့ ရှိတယ်ဟ၊ သူ့မှာ မိန်းမရှိဖူးတာ သေချာပြီ"

"ဘယ်မှာလဲ"

မျက်ဝန်း က ခြေဖျားလေးထောက်၍ နေရာရွှေ့ကြည့်သည်။ တိတ်ဆိတ်နေသည့်တိုက်ကြီး၏ လပ်နေသောပြတင်းတစ်ချပ်ကနေ လှမ်းမြင်တာကို စူးစိုက်ကြည့်လျှင်···

"ကေသာ အစုတ်ပလုတ်မ၊ အဲဒါ ဓာတ်ပုံမဟုတ်ဘူး၊ ကိုတ်ဝင်းစလက်ရဲ့ ပိုစတာ"

"ဟာ·· မဟုတ်တာ"

"ဟုတ်ပါတယ်ဆိုမှ ကေသာရယ်၊ နေပါဦး·· နင်က မေပျိုတို့ ဒီလူကြီးနဲ့ ဘာညာငြိသွားမှာ တော်တော်ကို စိုးရိမ်နေတာ ဘာဖြစ်လို့လဲ၊ ဒါမှမဟုတ် ငြိကိုငြိစေချင်လို့ ငြိနိုင်တဲ့အချက်ကို ခြေရာခံနေတာလား"

"ဟား·· ငြိတာတွေချင်းကို ရှုပ်နေတာပဲ၊ ငါက ငါတို့မိသားစု အရှက်သိက္ခာကျမယ့်ဖြစ်ရပ်မျိုး ဖြစ်စေချင်ပါ့မလား၊ တော်တော်ခြေတဲ့ဦးနှောက်"

"ဒါဆိုလဲ အခု ဒီမှာ မိန်းမ မရှိဘူးလို့ဖြစ်နိုင်ခြေ ရှစ်ဆယ်ရာခိုင်နှုန်းရှိနေပြီ၊ နင်လဲ မေပျိုနဲ့ ဖေဖေ့ကို မညားစေချင်ဘူးမဟုတ်လား၊ သူတို့ချင်း ရိုးသားစွာငြိပြီး ညားသွားကြလဲ···"

"မျက်ဝန်း··"

"ဘာတုံး"

"နင် တကယ် မေပျိုနဲ့ ဒီလူကြီးကို ညားပါစေသဘောထားလား"

"နင့်ကိုနင် ပြန်မေးစမ်းပါ၊ နင် မေပျိုကို ဖေဖေနဲ့မညားစေချင်ဘူးဆိုမယ့် သူများနောက်ပါသွားမှာ အသေကြောက်နေတာမဟုတ်လား ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မဟုတ်ဘူးဆိုရင်တော့…"

"အား"

"ဟင်‥ ဘာဖြစ်တာလဲ"

"မသိဘူး၊ နာလိုက်တာ မီးစကြီးနဲ့ထိုးလိုက်သလိုပဲ၊ အမလေး သေပါပြီ"

အော်လည်းအော်လျက် ကေသာ ကွေးကောက်ပြိုကျသွား၏။ မျက်ဝန်းလည်း ဘာဖြစ်မှန်းမသိတော့။ မျက်လုံးအပြူးသားနှင့် ဟိုကြည့်ဒီကြည့်ရှာ၏။

"ဟယ်‥ မြွေ‥ မြွေ ကွက်တိကွက်ကျားကြီး၊ မေပျို‥ မေပျိုရေ လုပ်ပါဦး"

"အား"

"မေပျိုရေ…"

မျက်ဝန်း အသံပြာအောင်အော်ရင်း ခုန်ပေါက်နေ၏။

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပုံက ခုန်ပေါက်ထွက်လာသလိုပင်…။

"မျက်ဝန်း‥ သမီး ဘာဖြစ်တာလဲ၊ ကေသာ ဘာဖြစ်တာလဲဟင်"

"မြွေကိုက်သွားတာ၊ လုပ်‥ လုပ်ပါဦး၊ မြွေက ဟိုထဲဝင်သွားပြီ မေပျိုရဲ့‥"

မျက်ဝန်း ရှိုက်ကြီးတငင်ငိုကြွေးလျက် အသံမထွက်နိုင်တော့ဘဲ ချွေးသီးချွေးပေါက်ကြီးတွေကျနေသည့် ကေသာ့ကို လက်ညှိုးထိုးပြရင်း ရှိုက်ငိုသည်။

ပင်ပျို ထိတ်လန့်တုန်လှုပ်သွား၏။ သားသမီးဆိုသည့်အသိတစ်ချက်က တုန်လှုပ်ခြင်းထဲမှာ မျောပါမသွားခဲ့ဘဲ ဆုံးရှုံးမခံနိုင်သည့်အောက်မှာ မားမားမတ်မတ်ရပ်သည်။





"မကြောက်နဲ့ သမီး‥ မကြောက်နဲ့၊ မျက်ဝန်းလေး မေပျိုကို တုတ်အရှည်တစ်ချောင်း သွားယူပေး၊ ကြိုးပါ ယူခဲ့နော်"

"ဟုတ်"

မျက်ဝန်း ပြေးထွက်သွားခဲ့ပြီး နောက်ကို ဘာမှပြန်မကြည့်မိတော့ပေ။ ဒါပေမယ့် မေမေ့ကို ဖုန်းဆက်ဖို့ သတိရ၏။ ဘာက အရေးကြီးမှန်း သိတော့သိပေမယ့် မေမေ့ကို အရင်ဖုန်းဆက်လိုက်သည်။ ပြီးမှ ပြေးထွက်ခဲ့မိသည်။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ကေသာ အသက်အားက သီသီလေးလွတ်သွားခဲ့၏။ မြွေကိုက်ခံရတာက တစ်ယောက်တည်းဖြစ်ပေမယ့် လူနာက နှစ်ယောက်ဖြစ်နေခြင်းသည်…

"တိတ်လေ မြေးရဲ့…၊ မြေး ဘာမှမဖြစ်တော့ဘူး၊ အဲဒါ ဘွားဘွား အပြစ်ပါကွယ်၊ ပင်ဖျိုက သစ်ပင်ပန်းပင်တွေကို ဝါသနာပါတော့ ခြံထဲမှာ သူ့ဘာသာ စိတ်ပြေလက်ပျောက်နေပါစေဆိုပြီး မာလီမထားခဲ့မိဘူး မိန်းကလေးက ပန်းပင်ပဲ စိုက်မှာပေါ့၊ ခြံတစ်ခြံလုံးကို ဘယ်ရှင်းနိုင်ပါ့မလဲ၊ အမှိုက်ရှိလို့ မြွေရင်တာ"

ပြောနေရင်း ဒေါ်ခင်သူဇာ မျက်ရည်ကျသည်။ တကယ်တော့ ပင်ဖျိုကို ငဲ့ညာတဲ့စိတ်ပါ။ နောက်ဖေးမှာ အိမ်တွင်းပုန်းနေလွန်းလို့ ခြံထဲမှာ သူ့ဟာသူ ပန်းပင်ပျိုး၊ ပန်းခူးတာလောက်တော့ ရှိဦးမှလို့ ထင်ခဲ့မိသည်။

ပြီးတော့ ခြံထဲမှာ သိပ်ရှုပ်တဲ့နေရာလည်းမရှိပေ။ ခြံစပ်စပ်ချောင်ကျကျနေရာမှာကျတော့ အမှိုက်ရှိနေလိမ့်မည်။ ကေသာ က မြွေကိုက်ခံရသည့်ခြေထောက်တစ်ဖက်မှာ ထုံကျဉ်နေဆဲဖြစ်လျက် နှစ်နာရီစော၌ သတိပြန်ရ၏။





ပင်ဖျို ကတော့ သတိရတာတောင် ဂါယော်င်ကာတမ်းတွေ ပြောနေဆဲ…။

"မေဖျို သက်သာပြီလား ဘွားဘွား"

"သက်သာပြီ မြေး၊ မြေးရဲ့ဖေဖေ ခုနကပဲ သွားစောင့်နေတာ"

ကေသာသည် မျက်ဝန်းထောင့်မှာပြည့်သိပ်လာသည့်မျက်ရည်တွေကို မျက်လုံးမှိတ်၍ ဖိသိပ်ချလိုက်ရင်း…

"မဟုတ်ရင် ကေသာ သေမှာ ဘွားဘွားရဲ့"

"အို… မပြောကောင်းတာ မြေးလေးရယ်"

"ဟုတ်တယ်၊ ကေသာ မျက်လုံးတွေတောင်မှုန်ဝါးလာပြီ၊ တစ်ကိုယ်လုံး ထုံကျဉ်နေသလို သတိလစ်ချင်လာတာ"

ကေသာ က ပက်လက်ကလေးကနေ ပြောလိုက်ပ် ရှိုက်လိုက်နှင့်…

"အဲဒါ မေ… မေဖျို က ဒဏ်ရာကို ပါးစပ်နဲ့ အဆိပ်တွေ စုပ်တာ"

ဘုရား… ဘုရား…၊ ဒေါ်ခင်သူဇာ မျက်လုံးတွေမှိတ်လိုက်ကာ အသံတိတ် ဘုရားတမိ၏။ ဒီအဖြစ်ကို တစ်ယောက်က ထပ်ပြောတိုင်း တစ်ခါ နှလုံးသွေးရပ်ချင်သည်။

မြွေကိုက်လျှင် ဘယ်လိုပြုစုထားရမည်ဆိုတာလောက်တော့ ပင်ဖျို သိနေသည်။ ဒါပေမယ့် အိမ်မှာ လူကြီးတွေမရှိတော့ ပူပန်စိတ်နှင့် ပျာယာခတ်ကာ လုပ်မိလုပ်ရာတွေ လုပ်ပစ်လိုက်ခြင်းဖြစ်သည်။ အိမ်မှာ အရေးပေါ်လိုအပ်လျှင် သုံးစွဲနိုင်သည့်ဆေးဝါးတွေ၊ ထိုးဆေးမျိုးစုံ ရှိပေမယ့် ပင်ဖျို ဘာမှမတတ်နိုင်ရှာ။

တွေးရင်း စိတ်မကောင်းရင်းနှင့် ကလေးအသက်ကို သူမ တတ်နိုင်သလိုကယ်တင်ခဲ့ရှာသော ပင်ဖျို မျက်နှာလေးကို ကြည့်မိတိုင်း ညှိုးငိုချင်၏။

"ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကေသာ နေကောင်းပါပြီ၊ ဘာဖြစ်လို့ငိုနေတာလဲဟင်၊ ခြေထောက်ကြောင့်လား…၊ ကေသာ့ခြေထောက် အကောင်းတိုင်း ပြန်မဖြစ်တော့ဘူးလား"

"မဟုတ်ပါဘူး မြေးလေးရယ်၊ မြေးခြေထောက် တစ်ပတ်လောက် ဆေးကုလိုက်ရင် ပြန်ကောင်းလာမှာပါ၊ ဘွားဘွားလေ·· ပင်ပို့အတွက်…"

"ဟင်·· မေပို့ ဘာဖြစ်လို့လဲ"

ကေသာ အိပ်ရာထဲကနေ ဆတ်ခနဲကျိုးထ၏။

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်တော့ပါဘူး မြေးရယ်"

ဒေါ်ခင်သူဇာက အတင်းပြန်လှဲစေကာ…

"ညနေဆို ဆေးရုံက ဆင်းကြရမှာ၊ အိမ်ရောက်မှ မေပို့နဲ့ တွေ့နော်၊ မြေး နေကောင်းအောင်နေ"

ရှင်းပြပေမယ့် ကေသာက ဒေါ်ခင်သူဇာ့မျက်ရည်တွေကို သံသယ တွေ ရှိနေဆဲ။ မေပို့ ဒဏ်ရာကို ပါးစပ်နှင့်စုပ်နေတာ သူမ သိနေသည်။ အကြာ ကြီးပဲ သိနေပြီးမှ ကိုယ့်ကိုယ်ကို မေ့လျော့သွားခဲ့တာဖြစ်၏။

ဒီအဆိပ်တွေကြောင့် မေပို့ တစ်ခုခု ဖြစ်ပြီလား…။

"ဘွားဘွား မေပို့ကို ကေသာ ခု တွေ့ပါရစေ"

"ယုံပါ မြေးရယ်၊ ဟော·· ဟိုမှာ မြေးတို့လာပြီ"

မျက်ဝန်းနဲ့အဝင်းတို့ ရောက်လာကြကာ…

"ကေသာ"

မျက်ဝန်း က ကေသာ့ကိုပြေးဖက်ပြီး နဖူးကိုရော ပါးလေးတွေကိုရော ဘယ်ပြန်ညာပြန် နမ်း၏။

"စိတ်ပူလိုက်ရတာ ကေသာရယ်၊ ခုမှပဲ…၊ သိလား ငါမှာ ငိုလိုက်ရတာ"





"မေပို့ကို တွေ့ခဲ့လား၊ မေပို့ရော··"

"ခုပဲ မေပို့ဆီကပြန်လာတာ၊ ကောင်းသွားပြီဟ၊ မေပို့လဲ အတိုက် မခံရပေမယ့် တော်တော် ကုလိုက်ရတယ်တဲ့"

"မြေး…"

ဒေါ်ခင်သူဇာ မပြောစေချင်လို့ တားသည်။ မျက်ဝန်းက သိလျှက်နှင့်…

"ဘာဖြစ်လို့လဲ ဘွားဘွားရဲ့··၊ နေကောင်းသွားပြီဥစ္စာ၊ မေပို့က အဆိပ်တွေကို ထွေးတော့ထွေးပေမယ့် အစာအိမ်ထဲ တော်တော်ရောက်သွားတာတဲ့"

"ဟင်·· ငါ မေပို့နဲ့သွားတွေ့မယ်"

"အို·· နေဦး၊ မြေး ထလို့မရသေးဘူးလေ"

"မရသေးဘူး ကေသာ၊ မေပို့ က စကားကောင်းကောင်းမပြောနိုင်သေးလို့ ဖေဖေကိုယ်တိုင် ထိုင်စောင့်နေရတာ"

"ဩော်·· ခက်တော့တာပဲ"

ဒေါ်ခင်သူဇာ ထုတ်ဖော်ညည်းမိတော့သည်။ ပိတ်ကာမှပွင့်လင်းနေသဖြင့် ကေသာ ရှိုက်ကြီးတငင်ငိုနေတာကို ခက်ခဲပင်ပန်းစွာချော့နေရ၏။

ကုန်စင်အောင်ပြောပြီးနေမှ မျက်ဝန်း ကိုယ့်ပါးစပ်ကိုပြန်ပိတ်ကာ…

"သူ မေပို့အတွက် အဲဒီလောက်စိတ်ပူနေမှန်းမှမသိတာ"ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဟင့်အင်း… ကျွန်မ နောက်ဖေးအိမ်မှာပဲနေမယ်"

ပင်ဖျို့ ခုတင်ပေါ်မှာထိုင်နေရင်း ခုပဲဆင်းသွားတော့မလိုဖြစ်တော့ ဒေါ်ခင်သူဇာက မြူးလိုက်ကာ…

"နေကောင်းအောင်တော့ နေလိုက်ပါဦး သမီးရယ်၊ သမီးကို သား ကိုယ်တိုင် ဒီအခန်းထဲ ပွေ့ယူလာတာ"

"ဟုတ်ပါတယ်၊ ကျွန်မ ကိုကိုလေးကို မပြောရဲလို့ပါ၊ ခု…"

"ခုလဲ နေလိုက်ပါကွယ်၊ သမီးက ကိုယ့်သဘောနဲ့ကိုယ်ပေဖယ့် တစ်ချိန်တုန်းကလဲ အန်တီတို့ဘက်က အမှားတွေဖြစ်ခဲ့ဖူးတော့ သား ပြန်လာရင် ထပ်ပြီး အထင်မြင်လွဲစရာတွေ မဖြစ်စေချင်ဘူး"

ဆေးရုံကဆင်းခဲ့ကြပြီး နိုင်ငံခြားသွားဖို့ကိစ္စတွေနှင့်စကားပြောရင်း ကင်းမောင်မောင်က ဒေါက်တာဦးဖေဝင်းနဲ့ ပါသွားသည်။

အဝင်းနဲ့မျက်ဝန်းတို့လည်း ကောသာ အခန်းကိုပြေးလိုက်၊ ပင်ဖျို့ဆီ လာလိုက်နှင့် လူမမာနစ်ယောက်အတွက် စိတ်မော လူမောတွေဖြစ်နေ ခဲ့ကြ၏။





ကင်းမောင်မောင် အိပ်ခန်းထဲမှာ မနေရဲဖြစ်နေသော ပင်ဖျို့ ပြဿနာကိုတော့ ဒေါ်ခင်သူဇာပဲ ဒိုင်ခံရှင်းရတော့သည်။

"ဒီအိပ်ခန်းက သားငယ် လူပျိုတုန်းက အိပ်ခန်း"

ပင်ဖျို့ သိပါသည်။ ကိုကိုလေး စကားတွေကို ပြန်ကြားပြီး မျက်နှာ ပူသလိုဖြစ်လာသဖြင့် ငုံ့ထားလိုက်မိသည်။ ဒေါ်ခင်သူဇာ က ထိုင်ရာက နေထသွားပြီး စာကြည့်စားပွဲနားမှာ မတ်တတ်ရပ်လျက် ဟိုဒီ လိုက်ငေး ကြည့်ကာ…

"သူ လက်ထပ်ပြီးကတည်းက လုံးဝပိတ်ထားတာလေ၊ သူကလွဲပြီး တခြားလူ မဝင်ရဘူးလို့ တားမြစ်တော့ ဒီအိပ်ခန်းက အားလုံး စိတ်ဝင်စား ကြတဲ့ လျှို့ဝှက်ချက်တွေနဲ့အခန်းကြီးဖြစ်သွားတာပေါ့၊ အန်တီကိုယ်တိုင် ဒီအိပ်ခန်းကို မင်္ဂလာအိပ်ခန်းပြင်ဖို့လုပ်သေးတာ သမီးရဲ့…၊ သူ ခါးခါး သီးသီးတားတာကို လုံးဝကိုနားမလည်နိုင်ဘူး၊ အပေါ်ထပ်မှာ သေသပ် ကျယ်ဝန်းတဲ့အခန်းပိုလဲမရှိတော့ နောက်ထပ်အရှေ့ပေါ်အိပ်ခန်း ထုပ်ဖွဲ့ လိုက်ရတယ်၊ သူ ဒီအိပ်ခန်းကို တစ်ယောက်တည်းဝင်တယ်၊ တစ်ခါ တလေ ညအိပ်တယ်၊ အဲဒီတော့ ဒီနေရာကို အမိက စိတ်ဝင်စားတဲ့သူက အဒီ ဖြစ်လာတာပေါ့၊ နောက် ဒေဝီကျွန်းမာရေးနဲ့ မိဘနှစ်ပါး ရဲဆက်ဆံ ရေးကို စိတ်ဝင်စားနေတဲ့ ကောသာလေးက ဒုတိယ"

ဒေါ်ခင်သူဇာ က ပင်ဖျို့ကို ချစ်စနိုးမျက်ဝန်းများနှင့် ငုံ့မိုးကြည့်လိုက်၊ အိပ်ခန်းထဲမှာပဲ အကြည့်တွေ ဟိုရောက်ဒီရောက်နှင့်…

"သူ သမီးကို ဒီအခန်းထဲ လာထည့်သွင်းတာ သူ့အတွက် အဓိပ္ပာယ် တွေရှိနေတယ်၊ သမီး ဘဝရဲ့အဓိပ္ပာယ်ကလဲ ကိုယ့်လင်ကိုယ့်သားနဲ့ သိုက်သိုက်ဝန်းဝန်းနေထိုင်နိုင်ခြင်းပဲလေ၊ အဲဒါကြောင့် အဆင်ပြေပြေ တာကို ခက်အောင်မလုပ်ပါနဲ့"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.. ကေ သာ.."

ကေသာသည် မျက်ဝန်း ဖက်ထားသည့်နေရာကနေ ခြေထောက်လေးထော့နင်းနင်းလျက် အခန်းထဲကို ဝင်လာ၏။ ပြီးတော့ ပင်ဖျိုဘေးမှာ ထိုင်ချလိုက်ကာ မျက်နှာကိုမမြင်ဖူးခဲ့သလို ငေးစိုက်ကြည့်သည်။

"မေ.. မေ.."

"ကေသာ.. သမီးလေးရယ်..."

လက်ဖဝါးလေးကို ထပ်ဆုပ်လိုက်မိရင်း မျက်ရည် အရင်ကျသူက ပင်ဖျို ဖြစ်၏။ ကေသာသည် ပင်ဖျိုလက်လေးကို ဆွဲယူကာ ရင်ခွင်ထဲမှာ ဖိကပ်ပိုက်ထားလိုက်ရင်း...

"ကေသာ့ကို ခွင့်လွှတ်ပါ ကေသာ သိပါပြီ မေမေ၊ မေမေ့ကို ကေသာ ချစ်တယ်"

"သမီးလေး.."

ကေသာ က ပင်ဖျိုရင်ခွင်ထဲတိုးဝင်ကာ တအားသိမ်းကျုံးဖက်ထားကြားထဲကနေ အဝင်းက အခန်းဝမှာ ခြေစုံရပ်ရင်း မျက်ရည်ဝေနေ၏။ ခေါင်ခင်သူကကတော့ ခေါင်းတညိတ်ညိတ်နှင့် အပြင်ထွက်သွားလေသည်။

"မေမေ့ကိုလေ ကေသာ ဟိုတုန်းကရော ခုရော နောက်ရော ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး၊ သူဌေးသမီး ပညာတတ်မိဘတွေရဲ့သားသမီးဖြစ်မှ ဂုဏ်ရှိတယ်လို့ စွဲမှတ်ခဲ့တဲ့ သမီးရဲ့စိတ်ရိုင်းတွေကြောင့် ပြောမိဆိုမိခဲ့ပါတယ်၊ ကေသာ ရိုင်းစိုင်းခဲ့ပါတယ်၊ ကေသာ့ကို ခွင့်လွှတ်ပါ မေမေရယ်.. နော်"

"ခွင့်လွှတ်ပါတယ် သမီးရယ်၊ သမီးလေးကို မေမေ အမြဲတမ်း နားလည်တယ်၊ သမီး လိုချင်တဲ့မိဘမျိုး မဖြစ်နိုင်ခဲ့တဲ့ မေမေ့ဘဝကိုပဲ..."

"မဟုတ်ဘူး မေမေ၊ မေမေ ဘဝမလှခဲ့ပေမယ့် မေမေ့ကို သိတဲ့လူတိုင်းက ချစ်တယ်၊ မေမေအေဝိုလို မုန်းသင့်တဲ့လူကတောင် မုန်းမရဲ





တဲ့ မေမေပါ၊ အဲဒါကိုလဲ သိရက်နဲ့ ကေသာ ဂုဏ်ပကာသနမက်နေခဲ့တာ သိလား"

ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေရင်း မျက်ရည်ကျ၏။ တစ်သက်လုံးမှာ ပင်ဖျို ဒီနေ့လောက် သာယာကြည်နူးရတာ မရှိ၊ မျက်ဝန်း က တစ်ဖက်ကနေ လာထိုင်ပြီး ပါးကို နမ်း၏။

ပြီးတော့ မရဲတရဲလေး အသံနိမ့်၍...

"မေမေနဲ့မေမေ အတူတူနေကြတော့နော်"

"ဟင်..."

"ဟုတ်ပါတယ် မေမေ၊ တကယ်ဆို ကေသာ ဒါတွေကို နားလည်နေပါတယ်၊ မေမေ တခြားမိန်းမတစ်ယောက်နဲ့ ပါသွားတာကို လက်မခံနိုင်သလို မေမေ့ကိုလဲ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ နောက်ပြီးတော့လေ မေမေ့ကိုလဲ သနားဖို့ကောင်းပါတယ် မေမေရယ်..."

သနားစရာကောင်းသည်တဲ့လား..၊ ကိုကိုလေးကို တစ်သက်လုံး ကြောက်ရွံ့ရှိသေလာခဲ့တဲ့အရှိန်နဲ့ခုထိ မျက်နှာကို စေ့စေ့မကြည့်ရဲခဲ့တာ ဘယ်လို သနားကြည့်ရမလဲ။

"မုန်းလာတယ် သမီးရေ၊ ရှော့..."

"ဘွားဘွား ပေး"

ကေသာ က မျက်ရည်တွေကို ပွတ်ဆွဲသုတ်လိုက်ရင်း ဖုန်းကို ကပျာကယာ လှမ်းယူသည်။ ပြီးတော့ ပင်ဖျိုလက်ထဲထည့်ကာ...

"မေမေ့ကို စိတ်ဆင်းရဲအောင် မေမေ ဘာမှမပြောနဲ့နော်"

"ဟလို"

"ပင်ဖျို နေကောင်းလား"

"ဟုတ်"

"အခု အနားမှာ ဘယ်သူတွေရှိနေလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သမီးတို့ရှိတယ် ကိုကိုလေး၊ ပြောမလို့လားဟင်"

"မေမေ့ကို မေးပြီးပြီ၊ သမီး နေကောင်းလို့ မင်းရဲ့ဘေးကိုတောင် ရောက်နေပြီတဲ့၊ ဘယ်လိုလဲ၊ စိတ်ချမ်းသာသွားပြီလား"

"………"

"ပင်ပျို"

"ရှင်"

"အဲဒီမှာပဲ နေရမယ်"

"ရှင်"

"ကြားတယ်နော်"

"ရှင်.. ဟို…"

"ကိုယ် ပင်ပန်းနေပြီကွ၊ ဒါပေမဲ့ ပြန်လို့မရသေးဘူး၊ နည်းနည်း နောက်ကျမှာ၊ ကိုယ်ပြန်လာရင် စိတ်ညစ်စရာတွေမကြားချင်ဘူးနော်"

"ရှင်…"

"ရှင်တွေကျန်သေးရင် စုထား၊ ကိုယ်ပြန်လာမှဆက်'ရှင်'.. အိုကေနော်"

ညီအစ်မနှစ်ယောက် အတင်းကပ်နားထောင်နေကြသဖြင့် ဟိုဘက်က ပြောတာအားလုံးကို ကြားသွား၏။ မျက်ဝန်း က ခိုးခိုးခစ်ခစ်ရယ်လျက်…

"ဖေဖေနဲ့မေမေ စကားပြောနေကြတာ ရုပ်ရှင်ထဲကချစ်သူတွေ ကျီစယ်နေတဲ့အတိုင်းပဲ"

"အို.. သမီးကလဲ.."

မျက်ဝန်း က စ,နေသလောက် ကေသာ က ဆံပင်ရှည်ကြီးတွေ ဒီတိုင်းဖြန့်လျက်သားနှင့် ပုံ့ပုံ့လေးထိုင်နေသည့် ပင်ပျို့ကို ချစ်မဝသည့် အကြည့်များနှင့် ငေးနေခဲ့၏။





"ဖေဖေက မေမေ့ကိုချစ်တာ အရမ်းသိသာတာပဲ"

"ဟုတ်တယ်၊ မေမေကကျတော့ အပျိုဖျန်းလေးနဲ့တူတယ်"

ကေသာ က ပြောလိုက်ပြီး ပင်ပျို့ပန်းတစ်ဖက်မှာ မေးဖျားလေး ဖေးတင်ကာ…

"ဖေဖေရယ်.. မေမေရယ်.. သမီးတို့တွေ အတူတူနေကြတော့ မယ်နော်"

ပင်ပျို ခေါင်းညိတ်ဖို့ကို စဉ်းစားနေဆဲ…..



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အိပ်ပို့မဟုတ်ဘဲနှင့် ညာစားပြီး မေးအနဲ ဘယ်လိုအိပ်ပျော်သွားမှန်း မသိ။ နှုးပြင်မှာ အေးခနဲ ထိတွေ့မှုတစ်ခုဖြစ်သွားကာ မျက်လုံးတွေပွင့်သွားရ၏။

"ဆော်ရီး"

"ကိုကိုလေး ပြန်ရောက်နေပြီ"

ရေချိုးပြီးစလို ခပ်မှန်မှန်ဖြူဝင်းနေသည့်မျက်နှာချောချောက မြင်နေကျလို မှန်ကုပ်နေတာမဟုတ်ဘဲ မျက်ဝန်းတွေက ရယ်မြူးရိပ် များနှင့် နှုတ်ခမ်းတွေမှာ ပြုံးယောင်သမ်းလျက်…

"သမီးကိုလဲ ဝင်ကြည့်ပြီးပြီ၊ ရေလဲချိုးပြီးပြီ၊ မင်းကို ခေါ်တစ်လုံး ထိုးရမှာ နောက်ကျနေလို့ နှိုးလိုက်တာ၊ ချက်ချင်း နိုးသွားတယ်နော်၊ မနိုး သေးရင်…"

"ကိုကိုလေးကလဲ…"

"လှုပ်နိုးရမယ်လေ၊ ကိုယ် ဘာပြောလို့လဲ"

'ငါ'ကနေ 'ကိုယ်'ဖြစ်သွားသည့်အသုံးအနှုန်းမှာ မျက်နှာက ပြုံးနေသဖြင့် ဝင်ဖျို ရင်ထဲမှာ ပူရှိန်းရှိန်းတော့ ဖြစ်သွားခဲ့၏။





ထို့ပြင် ဘေးမှာ အိခနဲထိုင်ချလိုက်တော့ ပင်ဖျို ဘေးကိုရွှေ့ရလို လို၊ ခုတင်ပေါ်က ဆင်းလိုက်ချင်စိတ်တွေလည်းဖြစ်ကာ ဘာလုပ်ရမှန်း မသိဘဲ လက်လေးဝိုက်ထားမိသည်။

"ပင်ဖျို"

"ရှင်"

"ဆံပင်တွေဖြန့်ချထားတာ ရှာတီတ်မလေးလိုပဲ"

"အဲ… အဲဒါ…"

"နေပါစေ"

ပင်ဖျို ကပိုကရိုပြေကျနေသည့်ဆံပင်တွေကို စုသိမ်းမလို့လုပ်တော့ ကင်းမောင်မောင်က လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်ပြီး…

"ခေါင်းထဲမှာ ကြည်ကြည်လင်လင်ရှိရဲ့လား"

"ဟုတ်"

"လမ်းလျှောက်ကြည့်သေးလား၊ မူးတာတို့ မျက်လုံးကြည့်ရတာ အားမရတာတို့ပေါ့ အားလုံး အရင်လို ရှိရဲ့လား"

"ဟုတ်ကဲ့"

"ကိုယ့်ကို လက်ခံမှာလားဟင်"

"ဟုတ်…၊ ဟင်…"

"အပွန်း… အိုခေနော်၊ ဖြေပြီးပြီ"

"အို… ကိုကိုလေး…"

"ပြင်ပြောခွင့်မပြုနိုင်ဘူး"

ကင်းမောင်မောင်က ပင်ဖျိုပခုံးလေးကိုဖက်ထားလိုက်ပြီး ဆံနွယ် ရှည်တွေကို တယုတယ ဖွတ်သပ်ထိကပ်ရင်း…

"ကိုယ် နိုင်ငံခြားသွားရဘော့မှာ"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့ မကြာပါဘူး၊ တစ်နှစ်တည်းပဲ၊ ဒါပေမယ့် မသွားလဲ ရတယ်၊ ကိုယ်ကတော့ သွားချင်လို့ ကြိုးစားခဲ့တာပဲလေ၊ မင်း ခွင့်ပြုမယ် လို့လဲထင်တယ်၊ ဘယ်လိုလဲ"

"ကျွန်မက ဘာပြောရမှာလဲ ကိုကိုလေးရယ်၊ ဟိုတုန်းကတည်းက..."

"ပင်ပျို.."

"........."

သူ ပခုံးကို တင်းခနဲဆွဲဖျစ်လိုက်တော့ ပင်ပျို လန့်သွား၏။

"ဟိုတုန်းက ဘယ်သူ့ကိစ္စ ဘာအကြောင်းမှ ကိုယ် မကြားချင်ဘူး အခု မင်းက ကိုယ့်မိန်းမ၊ ကိုယ်ကိုလဲ မင်းပိုင်တယ်၊ မင်းဆိုးတာနဲ့တာ ကိုယ့်အပေါ်မှာ အမှားတစ်ခုခု ကျူးလွန်မိတာ အားလုံးကို ကိုယ်လိုလား တယ် နားလည်လား၊ မင်း ဖြူစင်တာကို မြတ်နိုးတယ်၊ ဒါပေမယ့် မိုး လွန်းတော့ စိတ်မချဘူး၊ တစ်လောကလုံးမှာ မင်းရဲ့ဘေးမှာ ကိုယ် တစ်ယောက်တည်း ရှိနေခွင့်ရမှာမဟုတ်ဘူး၊ အဲဒီတော့ သူများ တိုက်ခိုက် တာချည်းပဲခံနေတာတွေ ထားခဲ့လိုက်တော့၊ မင်းဘက်က ဆိုးဖို့တွေဖြင့် စမ်း၊ ဆိုးခွင့်ပေးမယ်၊ ကိုယ်ပြောတာ နားလည်လား"

"ကျွန်မကို ကိုကိုလေးက ဘာခိုင်းနေတာလဲဟင်၊ ကျွန်မ နားလည် အောင်ပြောပေးပါ"

သေစမ်း၊ မြတ်နိုးသည့်စိတ်က မချင့်မရဲ မွှေ့ဖက်မိခြင်းသို့ရောက် ကာ...

"ဒီတိုင်းပဲ ထားလိုက်တော့ ပင်ပျို၊ နေပါစေတော့"

မျက်နှာလေးကို မော့ယူလိုက်ပြီး မက်မောမြတ်နိုးစွာ နမ်းနေမိစဉ် ပင်ပျို ဆိုသည့် သူမ၏မျက်နှာလေးသည် သနပ်ခါးလိမ်းထားတာ ဟုတ်တုတ် မဟုတ်တုတ် မိတ်ကပ်ပေါင်ဒါနှင့်မဆိုင်သော မွှေးရနံ့သော က အမြဲရှိနေတတ်၏။ ထို့ပြင် ပန်းရနံ့ထုံသော သူမ၏ကိုယ်သင်းနံ့သ





"နှုတ်ခမ်းလေး ပိုက်ထားရသလိုပဲနော်.. မွှေးနေတာပဲ၊ ဘာမုန့် ပန်းထားတာလဲ"

မျက်နှာလေးသာမက လည်တိုင်နနကနေ ဆံပင်တွေကိုပါ နမ်း သည်။

ဒီတိုင်း နေလိုက်တော့ဖို့ စိတ်ကူးမိသော်လည်း ပင်ပျို ဘယ်လိုမှ မနေတတ်တော့ဘဲ သူ့ နမ်းသမျှကို ရှောင်တိမ်းနေမိလေသည်။

"ကိုကိုလေး../ ဟို... ကိုကိုလေး ဆေးထိုးပေးမလို့ဆို..."

"မင်း လန့်ဖျပ်ချွေးပြန်ပြီး တစ်ခါတည်း နေကောင်းသွားအောင် ကုပေးနေတာလေ၊ မကောင်းသေးဘူးလား"

"ကျွန်မ အဲဒီလိုကြီး..."

"ရတယ်"

"အို..."

ပင်ပျိုကိုယ်လေး ခေါင်းအုံးပေါ်ကို အသာလေးလဲကျသွား၏။ ထို့ နောက်မှာ ကင်းမောင်မောင်၏မျက်နှာ စီးမိုးပါလာလျက်...

"ပြောပါဦး၊ ကိုယ် နိုင်ငံခြားသွားနေရင် မင်း ပျော်မှာလား၊ နည်း နည်းပါးပါး လွမ်းပေးနိုင်မလား"

ပါးကိုနမ်းလိုက်၊ နှာခေါင်းချင်း ထိကပ်သွားလိုက်နှင့် နှုတ်ခမ်းချင်း မထိတထိ ကပ်လာတော့ ပင်ပျို တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားသည်။

ထိုအခါကျမှ ဘယ်ဘက်ရင်အုံဆီက ပင့်သက်ရှိုက်သံတစ်ချက်ကို ခပ်ပြင်းပြင်းကြားလိုက်ရ၏။

"ပြောလေ"

"ကျွန်မ အရမ်းရှက်တာပဲ၊ ကိုကိုလေး ဖယ်ပါ"

ကင်းမောင်မောင် က ဟွန့်ခနဲရယ်လိုက်ပြီး ပင်ပျို ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ညမီးရောင်သည် နေ့နှင့်ည မကွဲလောက်အောင် ဖွေးဖွေးလှုပ်နေပေမယ့် သူမ မျက်လုံးထဲမှာ ရောင်စုံမီးလုံးကြီးလည်နေ သလို စိမ်းသွားလိုက် နီသွားလိုက်…။

ပြီးတော့ မိုက်ခနဲ မည်းမှောင်သွားကာ ရင်ထဲမှာ လှုပ်ခနဲအေးသွားတာတွေ…၊

ဘာမှန်းမသိသောခံစားချက်တို့ကြောင့် မျက်ရည်က အလိုအလျောက် ထွက်ကျခြင်းသို့ ရောက်၏။

"ကိုယ့်ကို စကားရဲရဲပြောပါ ပင်ဖျို၊ မင်း ဘာတွေကြောက်နေတာလဲ၊ ကိုယ့်ရင်ထဲမှာ မင်းရဲ့တန်ဖိုးက ဘယ်လိုဖြစ်ပစ္စည်း၊ ဘယ်လိုမိန်းကလေးမျိုးနဲ့မှ နှိုင်းယှဉ်လို့မရဘူး၊ အဲဒါကို ယုံစမ်းပါ၊ ပြီးတော့ ဒီအိပ်ရာပေါ်မှာ ကိုယ် မင်းနဲ့ကလွဲပြီး နောက်ထပ် ဘယ်မိန်းမနဲ့မှ အုံးစက်ရာ အတူမခွဲဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ ဆုံးဖြတ်ချက်အတိုင်းတည်အောင်လဲ ကိုယ် နေခဲ့တယ်၊ အဲဒါ မင်းကို တန်ဖိုးထားလွန်းလို့ပါ၊ ယုံရဲ့လား"

ပင်ဖျို ကိုကိုလေးမျက်နှာကို ငေးသွားမိသည်။ ကိုကိုလေးက ငုံ့မိုးကြည့်နေရင်း နှုတ်ခမ်းလွှာလေးကို ဖျတ်ခနဲ နမ်း၏။

"မင်းကို ချစ်တယ်၊ သေချာပြီးရင်း သေချာခဲ့ပေမယ့် နီးဖို့က ဝေးသထက် ဝေးခဲ့တယ်၊ ခုလို ကိုယ် စွတ်တရွတ် မကြိုးစားရင် အခြေအနေ အခွင့်အလမ်းတွေ ဘယ်လောက်ရှိရှိ မင်းကိုပိုင်ဆိုင်ရဖို့က ဖြစ်လာမှာမဟုတ်ဘူး၊ အဲဒါရော နားလည်ရဲ့လား"

သူ မေးတာတွေ တစ်ခုမှမဖြေပေမယ့် ကိုကိုလေးက စိတ်ဆိုးပုံလည်း မပြခဲ့ပါ။

ပြောနေရင်း ပင်ဖျို့မျက်နှာလေးကို နေရာလပ်မကျန်အောင် ငုံ့နမ်းတတ်တာတွေကြောင့် နှည့်သက်ဝင်ခြင်းက ရင်ထဲထိ ကူးစက်လာခဲ့၏။





ထိုအခါ ရှက်လွန်း ကြောက်လွန်းခြင်းက အနည်းငယ် နောက်ဆုတ်သွားသည်ထင်၏။

ကိုကိုလေး၏အင်္ကျီရင်ဘတ်ပေါ်မှာ လက်ကလေး နှစ်ဖက် ယှက်တင်ထားခြင်းကနေ လက်ဖဝါးနုနုတို့သည် ခိုင်ကျည်သော မေးရိုးနှစ်ဖက်ဆီ မထိတထိ ရောက်ခဲ့သည်။

ထိုလက်မှတို့ကို ကိုကိုလေးက ပြန်၍ဆုပ်ကိုင်ကာ…

"ကိုယ့်ကိုချစ်နိုင်လား"

"………"

"နိုင်ငံခြားသွားဖို့က သိပ်မလိုတော့ဘူးကွ၊ မသွားသေးခင် မင်းနဲ့ ကိုယ့် ချစ်ချစ်ခင်ခင် နေသွားချင်တယ်၊ စိတ်ချလက်ချ ထွက်ခွာခြင်းနဲ့ အပြန်မှာ ဘယ်လိုကြည်နူးစရာတွေရှိနေမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ပေါ့၊ ကိုယ်ပြန်လာတဲ့အထိ မင်း ကိုယ့်ကို အရမ်းရိုသေလေးစားပြီး ဒီ့ထက် မပိုနိုင်တဲ့ကြောက်ရွံ့မှုတွေနဲ့တော့ ကြိုဆိုပါနဲ့၊ မကြိုဘူးမိုလား၊ ဟော့…ပြောလေ"

"ဟုတ်"

"တွေ့လား"

"အင်း… ဟိုလေ… ကြောက်တာကတော့…"

"မင်းကို ကိုယ် မာန်မဲရိုက်နှက်ဖူးလို့လား"

"မသိဘူး၊ ဒါပေမယ့် ခုထိ ကြောက်နေတုန်းပဲ"

"ဘာကိုလဲ"

"ကိုကိုလေး ရှေ့ကိုရောက်ရင်"

"မရဘူး၊ လိုတာထက် အရမ်းကို ပိုလွန်းနေတာ မဖြစ်ဘူး၊ မနေ့ကလဲ အီးမေးလ်ပို့လိုက်တယ်၊ သူ ရောက်တဲ့အခါ နောက်ထပ်ကလေး ပြန်ခေါင်ပေးမယ်တဲ့၊ သူများတွေအမြင်မှာ နောက်အိမ်ထောင်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့မြင်မယ်၊ ပင်ပို့လဲ တင့်တယ်သွားမယ်တဲ့"

"အို.. အဲဒီလိုတော့မလုပ်ပါနဲ့ ကိုကိုလေးရယ်၊ သမီးလေးတွေ သိက္ခာကျကုန်မှာပေါ့၊ ပြီးတော့ ကိုကိုလေးက သမားတော်ကြီး တစ်ယောက်ပါ၊ ကျွန်မကို အားလုံးက အိမ်ဖော်လို့ပဲ..."

"မင်းကို ဟိုတုန်းကတည်းက မေမေက အဲဒီလိုဆက်ဆံခဲ့တာလား"

"နေရာဆိုတာ ပေးတဲ့လူကပေးပေမယ့် မတန်မရာမှာ မထိုင်ကောင်းပါဘူး ကိုကိုလေးရယ်၊ ကျွန်မကိုယ်ကျွန်မ..."

"မင်းက အမြဲတမ်းမြင့်မြတ်တဲ့မိန်းမပါ"

"ဒါပေမယ့် ကိုကိုလေးနဲ့ လက်ထပ်မွဲကျင်းပပြီး အတူနေဖို့အထိ တော့ မလုပ်ဝါနဲ့နော်"

ကင်းမောင်မောင် က ပြုံးသည်။

ခေါင်းအုံးထက်မှာ ပုံခမည်းနက် နေသောဆံနွယ်တွေကို မက်မော မြတ်နိုးစွာဆွဲကိုင်နေပြီးမှ...

"မေမေနဲ့မမကတောင် တို့အားလုံး အဆင်ပြေစိတ်ချမ်းသာဖို့က ပတ်ဝန်းကျင်ထက် အရေးကြီးတယ်လို့ ပြောကြတယ်၊ သမီးကလဲ မင်းကို သိပ်ချစ်ခဲ့တဲ့ကလေးပါ ပင်ပို့ရယ်၊ မင်းမှာ ဘာဖြစ်လို့ လိုချင်လောဘ နည်းနည်းလေးတောင် မရှိရတာလဲ၊ ကိုယ် ငယ်ငယ်တုန်းက တိဗက်လား မားကြီးတစ်ယောက်ကို ဖေဖေ မြန်မာပြည်မြောက်ပိုင်းကပြန်လာတော့ ခေါ်လာတယ်၊ သူလဲ မင်းလိုပဲ..၊ သူ့သားသမီးတွေက နိုင်ငံပေါင်းစုံမှာ ရာထူးဒီဂရီတွေ အမြင့်တွေနဲ့ သူ့ကိုလဲ ဒီလိုပဲနေဖို့ခေါ်တယ်၊ သူ မလိုက် ဘဲနဲ့ တောထဲမှာပဲ နေတယ်လေ"

"ဘာဘာနဲ့ ဘာဖြစ်လို့တွေ့တာလဲ"

"ဖေဖေက သမားတော်ကြီးဝိသတာယ်ကွ၊ နိုင်ငံတော်ကပေးတဲ့ဘွဲ့ ကိုလဲ ယူတယ်၊ နိုင်ငံခြားမှာလဲ ဘွဲ့တွေသွားယူခဲ့တယ်၊ တိုင်းရင်းဆေးဝါး





ကိုလဲ ဝါသနာကြီးတယ်၊ အဲဒီလိုနဲ့ ဟိုအကြောင်း ဒီအကြောင်းနဲ့ ဆုံမြင် ကြတာပေါ့"

ကင်းမောင်မောင်က ခွေဝိုက်ပြန့်ကျနေသည့် ပင်ပို့ဆံပင်တွေကို ကုန်အောင်မဖယ်ဘဲ ဆံပင်တွေပေါ်မှာ အသာလေး ပက်လက်လှန် လှဲချ လိုက်၏။

ပြီးတော့ ပင်ပို့လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ရင်ဘတ် ပေါ်မှာတင်၍...

"သူ ပြောဖူးတာကို သတိရလို့ပါ၊ စကြဝဠာလောက်ရှိတဲ့ သဘာဝ စိန်ရိုင်းတုံးကြီးကြောင့် ခုနစ်ပြည်ထောင် စစ်ခင်းခဲ့ကြတယ်တဲ့၊ စစ်က မပြီးသေးဘဲ စိန်ရိုင်းတုံးက သဘာဝဒဏ်ထိပြီး ပွဲစဉ်ကွဲထွက်ကုန်တယ် တဲ့"

ပြောနေတာကိုနားထောင်ရင် စိတ်ဝင်စားလာတော့ ပင်ပို့ က လှဲနေ ရာကနေ လက်လေးထောင်၍ထသည်။ ကင်းမောင်မောင်က ဆံပင်တွေကို ကြွဖယ်ပေးကာ ပင်ပို့ကို ဘယ်ဘက်လက်မောင်းပေါ်မှာ ခေါင်းလေး တင်စေ၏။

ထို့နောက် သူ ဒီဘက်ကို စောင်းလိုက်သည့်အခါ ရင်ချင်းကပ်လျက် ဖြစ်သွားလျက် ခါးလေးကိုသိမ်းဖက်ထားလိုက်သဖြင့် ပင်ပို့ သူ့ရင်ခွင် ထဲမှာ သေးသေးလေးဖြစ်သွားသလိုပင်...၊

"ပြောလေ ကိုကိုလေး"

"အင်း.. သိချင်လာရင် မေးတာကိုပြောမကြိုက်တာနော်၊ အဲဒါ မှတ်ထား၊ ကိုယ်မေးရင် ဒီတစ်ခါ မင်း ရှောင်ထွက်လို့မရဘူး"

ပင်ပို့ လှစ်ခနဲရယ်လိုက်တာလေးကိုမြင်လိုက်သဖြင့် ကင်းမောင် မောင်က မေးဖျားလေးကိုဆွဲမော့ကာ...

"ရင်ခွင်ထဲအတင်းဝင်ပြီး မျက်နှာကို ဝှက်မထားနဲ့၊ ဒီလိုင်းနေ"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ် ထုတ်မပြောရဲသေးပေမယ့် 'သူပဲ အမိန့်တွေပေးနေတာ၊ ဒီက ဟင့်အင်းလုပ်ခဲ့ဖူးလို့လား' ဟု စိတ်ထဲမှာတော့ ပြောဖြစ်ခဲ့သည်။

"ဒီလိုကွာ..၊ စိန့်ရှိင်းတုံးတွေက ရောက်ချင်ရာရောက်သွားကြတော့ ရေသဖန်းသီးကနေ မွေးလာပြီး လူတွေထဲမှာမနေတဲ့ မင်းသားလေးဆီကိုလဲ ရောက်သွားတယ်တဲ့"

"မင်းသားလေး ဟုတ်လား"

"ဒါက ပုံပြင်ထဲမှာ မင်းသားလေးဆိုတော့ မင်းသားပေါ့၊ အပြင်မှာဆို သူနဲ့လူတွေအကြောင်းတွေရှိလာဦးမယ်၊ အားလုံးရဲ့ပစ်ပယ်ခံ ဘာညာတွေလဲရှိချင်ရှိနိုင်တယ်၊ အရပ်စကားနဲ့ပြောရင် လူပေလူတေလေး ဖြစ်ဖို့လဲရှိတယ်ကွာ"

"သြော်.. နားလည်ပြီ၊ ဟုတ်ကဲ့.. ဟုတ်"

"အင်း.. အဲဒီကောင်လေးကတော့ စိန့်တုံးတွေလက်နေတာကို သဘောကျပြီး ခေါင်းအုံးလုပ်အိပ်တယ်၊ ဖိနပ်သောက် လုပ်ပြီး မီးဖိုမှာ ထားတယ်"

"ဟယ်.. နှမြောစရာကြီး၊ သူက စိန့်တုံးတွေမှန်း လုံးဝ မသိလို့ပေါ့နော်"

"ဟုတ်တယ်၊ မင်းလိုလေ"

"ရှင်.."

ကိုယ့်ဘက်လှည့်လာကာမှ ကိုယ့်ကိုပြောချင်တဲ့ဥပမာမှန်း ပင်မျိုးသဘောပေါက်တော့သည်။

"မင်းနဲ့ ဥပမာတူတာကိုပြောချင်တာ၊ ကိုယ့်ကိုယ်ကိုယ် ဘာမှ မဟုတ်တဲ့လူလို့တွေးပြီး သိမ်ငယ်နေမှုနဲ့ ကိုယ် ပွေ့ပိုက်ထားတာတွေကို ကျောက်ခဲသလဲတွေလား၊ စိန့်တုံးရွှေတုံးတွေလား မစမ်းစစ်ဘူး၊ သိရဲ့သားနဲ့ မလိုချင်တာဖြစ်စေ၊ မသိလို့ လောဘမရှိတာဖြစ်ဖြစ် အရာရာတိုင်း





မှာ တန်ဖိုးအလိုက် ဂုဏ်သမာဓိတွေရှိနေမယ် ပင်မျိုး၊ အဲဒါကို သဘောထားရမယ်၊ မင်းကို အားလုံးက ချစ်ကြတယ်၊ မေတ္တာထားကြတယ်၊ အဓိကတော့ သူများအတွက် မရှိမဖြစ်တန်ဖိုးကြီးဖြစ်နေတဲ့ရတနာကို မင်း ပိုင်ဆိုင်ခဲ့တာ၊ ကိုယ်က ကိုယ့်အချစ်ရဲ့ ဒီဂရီကို တိုင်းတာပြပြီး ဂုဏ်ဖော်ချင်တာ မဟုတ်ဘူး၊ ကိုယ့်အချစ်ကလဲ တန်ဖိုးရယ်..အတိုင်းအတာရယ်ကို ဘာမှ ခေါင်းထဲမထည့်တဲ့မပိုင်ဆိုင်ချင်သူဆီမှာမှ ပျော်နေခဲ့တာပါ"

"ကိုကိုလေးရယ်.. ကျွန်မ ကိုကိုလေးပြောသလောက်တော့ မဟုတ်ပါဘူး"

"အင်း.. ဒါဆို ပြော"

"ဒီ..ဒီလိုပါ၊ အားလုံးက စေတနာထားကြတာကို ကျွန်မ သိတယ်"

"ကိုယ်ချစ်နေတာကိုပဲ မသိချင်ယောင်ဆောင်နေခဲ့တာလား"

"အဲဒီလို မဟုတ်ဘူး ကိုကိုလေး၊ ဟို.. ဟို ကျွန်မ ကိုကိုလေးကို ကြောက်တာပဲသိတယ်၊ တကယ်.. ဘာမှကို ရှေ့ဆက်မတွေးရဲဘူး၊ ခုချိန်ထိလေ..."

"ဟာ.. ဒါတော့မရဘူး ပင်မျိုး၊ အခု မင်းကို ကိုယ် ပွေ့ပိုက်ထားတာ ခဏသာယာချင်တာမျိုးနဲ့မဟုတ်ဘူးနော်၊ မမ ရောက်လာရင် ညစ်ပွဲအခမ်းအနားလုပ်မှာ၊ ဒါကတော့ ကိုယ် နိုင်ငံခြားမသွားခင်လဲဖြစ်နိုင်သလို နောက်တစ်နှစ်ကြာမှလဲဖြစ်နိုင်တယ်၊ မမ ရောက်လာမယ့်အချိန်ပဲ"

"ကိုကိုလေး နိုင်ငံခြားကပြန်လာမှပဲကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမဒေဝီ ဆုံးတာလဲ သိပ်မကြာသေးဘူးဆိုတော့..."

"နောက်ထပ် နှစ်ဝေါင်း ဘယ်လောက်ကြာအောင်စောင့်ရမှာလဲကွာ၊ မင်းက နှမြောပုံပေမယ့် ကိုယ့်အသက်က မင်းကိုချစ်ရှင်းသားရဲ့လောက်အောင် နောက်ထပ် ကြာကြာကြည့်ပျော်ရှုပျော်ချင်တော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလေးက ချောပါတယ်"

"ဟုတ်လို့လားကွာ"

"ဟုတ်တယ်"

ပင်ပျို ဘာစိတ်ကူးတွေပေါက်သွားမှန်းမသိဘဲ ကိုကိုလေးမျက်နှာကို ရဲရဲတင်းတင်း မော့ကြည့်လိုက်မိသည်။ ကိုကိုလေးရဲ့ ပြုံးနေတဲ့မျက်နှာဟာ သူမမျက်လုံးထဲမှာတော့ ဟိုတုန်းကလိုပဲ ချောမွေ့မပျက်ရှိဆဲပါ။

"ကိုကိုလေးက နှုတ်ခမ်းမွှေးတွေမှမရိတ်တာ၊ မနက်ကျရင် ကျွန်မရိတ်ပေးမယ်နော်"

"မရိတ်ပါဘူး ခုမှ ပြောဖော်ရတဲ့မိန်းမကို ဒဏ်ခတ်ရဦးမယ်"

"ဟင်.. ဘယ်သူ့ကိုလဲဟင်"

"ကိုယ့်မှာ မိန်းမတွေ ဘယ်နှစ်ယောက်တောင်ရှိနေလို့လဲ၊ မေးပုံက..."

"ကျွန်မကို.."

ဒဏ်ခတ်မယ်ပြောလိုက်တာကို တကယ်ပဲ ထိုင်ထ နားရွက်ဆွဲရတော့မယ့်လူလို ပင်ပျို ဖြစ်သွားပုံလေးက ရယ်ဖို့လည်းကောင်းပါသည်။ စိတ်ပျက်လွန်းလို့ ကျွတ်ခနဲပင် စုတ်သပ်မိလေသည်။

"ပင်ပျို"

"ရှင်"

"မင်း ကိုယ့်ကို မင်းယောက်ျားလို့ ဘယ်တော့သတ်မှတ်မလဲ"

"ကိုကိုလေးကလဲ အဲဒီလိုကြီးမေးရင် ကျွန်မ မဖြေတတ်ဘူး"

"အချိန်မရွေး ကြောက်နေရမှန်းတော့ သိလား"

"အဲဒါက..."

"ဒါဆို မင်းကို ကင်းမောင်မောင် ဆိုတဲ့ ဟိုတုန်းကကောင် အမိန့်ပေးမယ်၊ ဒီလိုနေ..."





"ဟင်..."

"မျက်လုံးတွေမှိတ်လိုက်"

"ဟုတ်"

စောင်းနေသည့်ကိုယ်ကို သူက ပခုံးနှစ်ဖက်ကနေ ဖိချလိုက်တော့ ခေါင်းအုံးပေါ်မှာ ပင်ပျို ပက်လက်ကလေး ပြန်ဖြစ်၏။

မျက်လုံးမှိတ်ပါ ဆိုတော့ နောက်နေတာလား၊ ကိုကိုလေး ဒေါသထွက်သွားပြီး တကယ်အမိန့်ပေးနေတာလား ခွဲခြားမရရှင်းနဲ့မဲ မှိတ်လိုက်ရပြန်သည်။

"ပြောမယ်နော်၊ တစ်ကိုယ်လုံးမှာ ကြောက်နေတာတွေ တွေးနေတာတွေ အားလုံး ဖျောက်ပြီး ဘာမှမဟုတ်ဘူးလို့ထားလိုက်"

"ကိုကိုလေးပဲ..."

"ဟော့.. ဘာမှဆင်ခြေမပေးဖို့လဲ အမိန့်ပေးတယ်၊ ခုကစပြီး နိုင်းသလိုပဲ လုပ်"

"ဟုတ်"

"ရှန်းရင်းဆန့်ခတ်လှုပ်ရှားမှုတွေမလုပ်ရဘူး၊ မျက်နှာကို ဟိုလွှဲဒီလွှဲ လုံးဝ မလုပ်ရဘူး၊ ဒီတိုင်းနေ၊ ဟုတ်ပြီး၊ မျက်လုံးမဖွင့်နဲ့ ငြိမ်ငြိမ်လေး.. နော်"

ပင်ပျို မျက်နှာဝင်းဝင်းလေးကို ငုံ့မိုးငေးရင်း သူ ပြုံးလိုက်မိသည်။

ချစ်စရာကောင်းလိုက်တာ ပင်ပျိုရယ်...၊ အသက်သုံးဆယ်လောက် မိန်းမတစ်ယောက်ဟာ အပျိုပေါက်စလေးတစ်ယောက်လို စိတ်ရောလူရော နုသစ်လတ်ဆတ်နေလိုက်တာ ဒီလောက်ထိပါပဲဆိုရင် ဘယ်သူယုံမှာလဲ။

အတင်းဖိပိတ်ထားသည့်မျက်ဝန်းထောင့်တွေမှာ မျက်ရည်ပြားလေးတွေ လှုပ်ခတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလှလှလေးကို မနေတတ်၊ မထိုင်တတ် ဖိကပ်ထားတော့ ပါးပြင်မှာ ပါးချိုင့်လေးတွေက ထင်းနေ၏။

မဟူရာ ပိုးသားဆံနွယ်တွေကို အနက်ရောင်ကတ္တီပါကော်ဇောကဲ့သို့ ဖြန့်ခင်းလျက် သူမကို တဆတ်ဆတ် လှိုက်ခုန်နေသည့် သူ့ရင်ခုန်သံများက လက်ညှိုးထိုးနေကြသည်။

သူမဟာ မင်းရဲ့နတ်သမီးလေးပဲ.. တဲ့...။

ကိုယ်ထင်ရင် ခုတင်ရွှေနန်းတဲ့ ပင်ပျို၊ ဘာမှမဟုတ်လောက်ပါဘူး လို့ မင်းကို သူများတွေက ပြောချင်ပြောလိမ့်မယ်။

ကိုယ့်မျက်လုံးထဲမှာတော့ မင်းထက် လှတာမရှိဘူး။

ပင်ပျို ကြာမြင့်စွာ မျက်လုံးမှိတ်ထားရင်း ကိုယ့်ရဲ့မေးဖျားနားမှာ ကိုကိုလေးရဲ့ထွက်သက်လေငွေ့နွေးက စည်းချက်မှန်မှန် ထိခတ်ကျီစယ်နေသဖြင့် ကြာလေ အနေရခက်လာလေ။

ကိုယ့်မျက်နှာကို ဘယ်လောက်ထိ နီးကပ်စွာစိုက်ကြည့်နေသည်လဲ...။

"ကိုကိုလေး.."

"ဟင်"

"ဘာလုပ်နေတာလဲဟင်၊ ကျွန်မ.. ကျွန်မ မျက်လုံးဖွင့်ချင်လို့"

"မင်းကို အမိန့်ပေးနေတာလေ၊ ကိုယ် ဖွင့်ဆိုမှဖွင့်ရမယ်"

"ဒါ.. ဒါဆို ဘာလုပ်ဦးမှာလဲ၊ ကိုကိုလေး ပြောလေ"

"ဒီတိုင်းပဲ မင်း ကိုယ့်ရင်ခွင်ထဲမှာ တစ်ညလုံးနေရမှာ"

"ရှင်..."

"ဟာ.. ဟော့.. မျက်လုံးဖွင့်ဖို့ မကြိုးစားနဲ့နော်"

"ကို.. ကိုကိုလေး.. ကလဲ..."

"မင်းပဲ ကိုယ့်ကို အမြဲတမ်းကြောက်နေတယ်ဆို"





"အဲဒါ ဟုတ်.. ဟို.. ကိုကိုလေး စိတ်ဆိုးသွားတာလားဟင်၊ ကျွန်မ မပြောတတ်လို့ပါ"

"ပြန်တောင်းပန်တာလား၊ ဒါဆို ဖြေ.. ကိုယ့်ကိုချစ်လား"

"ရှင်..."

"မင်းရဲ့ယောကျ်ားတစ်ယောက်လို မြတ်နိုးအားကိုးပြီး ချစ်တာမျိုး..."

"ကိုကိုလေး.."

"မေးတာကိုဖြေ"

"ကျွန်မက..."

"ချစ်လား"

"ကိုကိုလေးကလဲ မျက်လုံးဖွင့်ပါရစေ"

"မရဘူး၊ မေးတာဖြေပြီးမှ..."

ချစ်တယ်ဆိုသည့်စကားတစ်ခွန်းမှလွဲ၍ ခုချိန်မှာ အားလုံးကို ဘယ်နှစ်ခေါက်ဖြစ်ဖြစ်ရွတ်ပြနိုင်သည်၊ ချစ်တယ်ဆိုတာကို မဖြေရဲ။

ရှုံ့မဲ့မဲ့ ဖိပိတ်ထားသည့်နှုတ်ခမ်းလေးကို စိုက်ကြည့်ပြီး မြတ်နိုးစွာ နမ်းလိုက်မိ၏။

ပြီးတော့ ပါးပြင်နုနုလေးကို **တယုတယ** ပွတ်သပ်၍...

"မဖြေရဲဘူးလား၊ အဲဒါ **မင်း သိရဲ့လား** ပင်ပျို၊ မင်း ရှက်တတ်နေပြီ"

"ဟင်..."

"ဟုတ်တယ်၊ မင်း **ကိုယ့်ကိုချစ်နိုင်ဖို့** ခွန်အားတွေရှိနေပြီ၊ ကိုယ် ဝမ်းသာလိုက်တာကွာ"

ပြောပြီး သူ ပင်ပျို့နှုတ်ခမ်းလေးကို ကြာရှည်သောအနမ်းများနှင့် သိမ်းပိုက်ထားခဲ့ပြီး...

"ချောက်"

တစ်ခန်းလုံး မှောင်ကျသွားကာ...



www.burmeseclassic.com

www.burmeseclassic.com



“မင်း မျက်လုံးဖွင့်လို့ရပြီ”

ပင်ယို မျက်လုံးဖွင့်ခွင့်ရလိုက်သည်။

ဒါပေမယ့် ကိုယ့်ကိုယ်ကို မျက်လုံးဖွင့်ပြီးပြီလား၊ မဖွင့်ရသေးဘူးလား ဘာမှန်းတောင်မသိတော့ပါ။

အကောင်းတိုင်းဘဝတနေ ခွဲ့အနားမကြားပြီးတော့ ကြောင်တောင်ကန်း…၊

ဘဝတစ်ပါးမှာ သူမသည် ထိတ်လန့်ကြောက်ရွံ့ရင်းကနေ ကြည်နူးလှိုက်ရင်ခုန်သွားမိလေသလား…၊

အချစ်နှင့်သူမ အကွာအဝေး ဘယ်လောက်မှာ ရှိနေမလဲ…။

ဝရိသတ်အတွက်

ထာဝရ



www.burmeseclassic.com